www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၉၈၀၄၉၅၀၅၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၇၄၀၅၀၆

□

ထုတ်ဝေသူ

ဦးတင့်လွင် (မြ-၃၅၂၃)

သော်ကလာစဉ်

၆၀၅၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

□

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးမောင်မောင်လွင် (မြ-၀၂၃၅၀) ကဝိရတနာပုံနှိပ်တိုက်၊

အမှတ်-၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

□

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ။

တန်ဖိုး - ၅၀ ကျပ်၊ အုပ်ရေ - ၅၀၀

အရှေ့ဓိမောင်

Image Art Work Film Group

## မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ပြဿနာကျော်တင့် | ဘသက်ဆွေ | ၇ |
| ၂။ | နူးညံ့သောအလွှာပါးဖြင့် စည်းခြားထားသောအရာကို | ဇော်လွင်ဦး | ၂၆ |
| ၃။ | ဝက်ပါ | မြရတီ | ၅၉ |
| ၄။ | ဆင်ရိုင်းမောင်မောင်နှင့် လူကုန်ကူးမှု | မောင်မောင် (မြန်မာပြည်) | ၁၄၁ |
| ၅။ | လက်တွေ့သဘော | ပိုင်စိုး | ၁၈၉ |
| ၆။ | THE ENEMY (ရန်သူတော်ကြီး) | ကျော်စွာသိုက် | ၂၀၉ |


www.burmeseclassic.com

www.burmeseclassic.com



# ပြုယန္ဒရကျော်တင်း

ဘသက်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

## ပြုသနာကျော်

ကျော်ဟင့်သည် ခါးပိုက်နှိုက်ဖြစ်သည်။ ခါးပိုက်နှိုက်မှုဖြင့် ထောင်ထဲသို့ ၃ ကြိမ်ဝင်ခဲ့ဖူးသည်။ ထို့ကြောင့် သူ့ကို လက်ထောက်ကျော်တင့်ဟု ထောင်ထဲတွင် အသိများကြသည်။

ယခုကဲ့သို့ စံပြထောင်ခေတ်မရောက်မီ ပုံစံထောင်ခေတ်က ဆိုလျှင် ထောင်တစ်ကြိမ်ကျခဲ့ပြီး နောက်တစ်ကြိမ်ကျလာလျှင် သံလက်ကောက်တစ်ကွင်း တပ်ဆင်ပေးထားသည်။ သုံးကြိမ်ဆိုလျှင် နှစ်ကွင်း၊ လေးကြိမ်ဆိုလျှင် သုံးကွင်း စသည်ဖြင့် အကြိမ်အရေအတွက်ထက် တစ်ကွင်းလျော့၍ သံလက်ကောက်များ ဝတ်ဆင်ပေးထားသည်။

ထောင်ကြမ်းပိုးမှန်း သိစေလို၍ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု စံပြထောင်မှ သံလက်ကောက် မဝတ်ရတော့ပါ။ လေးလံသောလက်ကောက်ကြောင့် ညဥ်းဆုပ္ပရောက်နေခြင်း၊ မလွတ်လပ်ခြင်း၊ အသံမြည်ခြင်းကြောင့် လက်ကောက်စနစ်ကို မကျင့်သုံးတော့ခြင်း ဖြစ်ပါသည်။ သို့သော် လက်ကောက်တည်းဟူသော ဝေါဟာရမှာ ကျန်ရှိနေဆဲဖြစ်ပါသည်။

ထို့ကြောင့် ထောင်ထဲသို့ သုံးကြိမ်ရောက်ခဲ့ဖူးသော ကျော်တင့်ကို လက်ကောက်အဖြစ် အထူးဝိသေသ ပြုထားခြင်းဖြစ်သည်။

သို့သော် လေးကြိမ်မြောက် သုံးလေးကြိမ်မြောက် သူ ထောင်ထဲဝင်လာခြင်းကမူ အဆောင်မှူးဖြစ်သော ကျွန်တော့်အဖို့ နားခေါင်းရှုံ့ချင်စရာ ဖြစ်နေပါသည်။ ခါးပိုက်နှိုက်မှုဖြင့် မဟုတ်ဘဲ ခိုးမှုဖြင့် ဝင်လာခြင်းကြောင့်ဖြစ်သည်။

သူ ရောက်လာစဉ်က ကျွန်တော်မသိပါ။ ထောင်ထဲရောက်ပြီးမှ လောင်းကစားမှုကျူးလွန်သဖြင့် ဒုတိယထောင်မှူးနှင့်အဖွဲ့က ဖမ်းဆီးခြင်း ရုံးတင်ခြင်းကြောင့် ကျွန်တော်ရှေ့မှောက် ကျော်တင့်ရောက်လာခြင်းဖြစ်သည်။

အသက်သုံးဆယ်မျှပင်မရှိသေး။ အသားလတ်လတ် အရပ်ပြတ်ပြတ် နှာတံပေါ်ပေါ် မျက်လုံးနက်နက် နှုတ်ခမ်းပိပိ



အကြည့်က မှင်သေသေ အဝတ်အစားက သပ်သပ်ရပ်ရပ် ခြုံ၍ကြည့်လိုက်လျှင် သူ့အသွင်သည် သူ့ခါးပိုက်နှိုက်အလုပ်များကို အထောက်အကူပြုနေသည်။ ထိုလောကတွင် လုပ်သက်ရှည်မည်ဟု ကျွန်တော် ယုံခဲ့သည်။

ယခုတော့ ဒီအကောင် သူခိုးဖြစ်နေပြီး ...

"ဟကောင် ကျော်တင့် ... မင်း ဘယ်တုန်းက ပြန်ဝင်လာ

မှန်း ငါ သိရပါလား ... ပုံစံအပြည့်ဖြင့် ရယ်နေသောမိတ်ဆွေ

ဟောင်းကို တအံ့တဩ နှုတ်ဆက်လိုက်ရပါသည်။

"ဆရာ့ကို ဒုက္ခပေးသလိုဖြစ်နေမှာမို့ လာမတွေ့တာပါ

ဆရာ... "

"နေပါဦး ... မင်း အခုလိုဝင်လာတာက ခိုးမှုနဲ့နော် ...

ဘာလဲ ခါးပိုက်နှိုက်တာ မစားသာလို့လား ... "

ကျွန်တော်က ရုံးတင်သောစာအုပ်မှ ကျော်တင့်၏ ထောင်ဝင်နံပါတ်နှင့် ပုဒ်မကိုကြည့်ပြီး မေးလိုက်ခြင်း ဖြစ်၏။

"မဟုတ်ပါဘူး ဆရာ ... အခြေနေဖြစ်သွားတာပါ... သူက

မလုံမလဲဖြေသည်။

အခုကော ...

သူ မဖြေရှာပါ။ စိုးရွံ့ဟန်ဖြင့် ခေါင်းငုံ့ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အကြည့်က ဝါဒါရဲဦးကျော်ထံရောက်မှ အကျိုးအကြောင်း သိရတော့သည်။

"ဒီကောင်ကျော်တင့် မင်္ဂလာဆောင်မှာ လောင်းကစားလုပ်တယ်ဆရာ ... သက်သေအကြံနဲ့လုပ်တာပါ ... ဟိုကောင်တိုးမောင်ဆီက အဝတ်အစားတွေ အကုန်ချွတ်ဖို့ လုပ်တာပါ... "

"တိုးမောင်ဆိုတာ ... "

ကျွန်တော် မေးရပြန်သည်။

"ပုံစံအခန်းထဲမှာပါ ... အသစ်ပါဆရာ လေဘာတောင် မကိုင်ရသေးဘူး ... "

ကျွန်တော်အကြည့်သည် စားပွဲပေါ်တွင်တင်ထားသော ကျွတ်ကျွတ်အိတ်နှင့် အဝတ်ထုပ်မှတစ်ဆင့် ကျော်တင့်ဆီ ရောက်သွားရသည်။

ကျော်တင့် ခေါင်းငုံ့ထားဆဲပါ။

ကျွန်တော် သက်ပြင်းရှိုက်ဖြစ်သွားသည်။

တာဝန်မှူးတာဝန်ကို ဟိုနေ့က ယူထားရသဖြင့် များလှစွာသော အလုပ်တို့က ကျွန်တော့်အား စောင့်ကြိုနေသည်။

ကျော်တင့်အား ရုံးတင်ရန်ကိစ္စ ဆောင်ရွက်ရမည်



ဆိုလျှင် အနည်းဆုံး နှစ်နာရီမျှကြာမည်။ ထောင်ပိုင်ကြီးတို့က အလုပ်ရှုပ်နေချိန်ဆိုလျှင် နေ့ဝက်မျှ ကြာတတ်သေးသည်။

"ငါ ဒီနေ့တော့ မအားသေးဘူး ... ကျော်တင့်ကို တိုက်ထဲခဏသွင်းထားလိုက်ပါကွာ ... "

"ပုံစံနဲ့လား ဆရာ ... "

ဝါဒါရဲဦးကျော်အမေးကြောင့် ကျော်တင့်မှာ မျက်လုံးပြူးမျက်ဆံပြူးနှင့် ကျွန်တော်အား ခေါင်းမော့၍ကြည့်ရှုသည်။ ပုံစံဖြင့်သာ တိုက်ထဲဝင်ရလျှင် မသက်သာကြောင်း သူသိထားပြီး ဖြစ်သည်။

"ပြစ်ဒဏ်မှ မသတ်မှတ်ရသေးတာပဲကွာ ... ယာယီအချုပ်ပေါ့ ... တိုက်ထောင်မှူးဦးမောင်မောင်သန်းကိုပြောကွာ ... ဒီကောင်ကို သီးသန့်ခန်းထဲမှာ တစ်ယောက်တည်း ထားပေးပါလို့ ... အခန်းလွတ်မရှိရင် လူအနည်းဆုံးရှိတဲ့ အခန်းမှာ ထားပေးဖို့ပြောကွာ ... ဟောဒီအဝတ်ထုပ်ကိုလည်း တိုးမောင်ကို ခေါ်ပေးလိုက် ... ကဲ ... သွားတော့ ... "

ဝါဒါရဲဦးကျော် အလေးပြုပြီးထွက်သွားသည်။ သူ့နောက်မှာတော့ ခေါင်းငိုက်စိုက်ဖြင့် ကျော်တင့်မှာလိုက်ပါသွားရှာ... ဤမျှသာဖြစ်သည်။

www.burmeseclassic.com



ကာလအားဖြင့် တစ်ပတ်မျှကြာသွားသည်။

ဆိုလိုသည်မှာ ထိုအချိန်မှစ၍ ကျော်တင့်ကို မေ့ထားလိုက်ခြင်းဖြစ်သည်။ မည်မျှအထိ မေ့လျော့နေခဲ့သနည်းဆိုလျှင် တိုက်လှိုထောင်မှူး ဦးမောင်မောင်သန်းကိုယ်တိုင် သူ ထပ်မံသိရှိရသော အကြောင်းအရာများကို ပြောပြတော့မှ ကျော်တင့်ကို ကျွန်တော် ပြန်သတိရခြင်း ဖြစ်ပါသည်။

ပြဿနာပါလားဟု ရင်ထဲမှာ ရေရွတ်မိခဲ့သည်။

ဤတစ်ကြိမ်တွင်တော့ ကျွန်တော့်ရုံးခန်းတွင်မဟုတ် ဦးမောင်မောင်သန်းနှင့် လိုက်ပါသွားခဲ့ရပြီး တိုက်ရုံးခန်းတွင် နေရာယူပြီးမှ ကျော်တင့်နှင့်တိုးနီကို ခေါ်ထုတ်ရခြင်းဖြစ်သည်။

ကျွန်တော် ကျော်တင့်ကို တိုက်ထဲထည့်နိုင်းစဉ်က သီးသန့်ခန်းသို့မဟုတ် လူအနည်းဆုံး အခန်းတွင် ထားစိုင်းသည်။ သို့သော် ဦးမောင်မောင်သန်းက အခန်းအလွတ်မရှိသဖြင့် တိုးနီ တစ်ယောက်တည်းသာရှိသော တိုက်ခန်းထဲသို့ ကျော်တင့်အား ထားခဲ့ခြင်းဖြစ်သည်။

နှစ်ရက်အကြာတွင် တိုးနီနှင့်ကျော်တင့် ရင်းနှီးသည်။

သုံးရက်အကြာတွင် ရှာနီးချုပ်စပ်မှန်း သိလာကြသည်။ ငါးရက်အကြာတွင် သူ့အမှုကိုယ့်အမှု ပြောဖြစ်သည်။

ခြောက်ရက်အကြာတွင် ဦးမောင်မောင်သန်းထံ ရှင်ဖွင့်ဖြစ်ကြသည်။

“ယခုတော့ ရှေ့မှောက်ရောက်နေကြပြီ။

ဤတွင် စဉ်းစားစရာများစွာရှိလာသည်။ အကျဉ်းသားတို့မည်သည် ဥပဒေဝန်ထမ်း၊ တရားရေးဝန်ထမ်း၊ အာဏာပိုင် ကျွန်တော်တို့လို အမှုထမ်းအရာထမ်းထံ သူတို့ပြစ်မှုအမှန်ကို ဖွင့်ပြောခဲလှသည်။ အချို့ဆိုလျှင် သူတို့ကို အကာအကွယ် ပြုပေးမည့် ရှေ့နေရှေ့ရပ် အကျိုးဆောင်များကိုပင် အမှန်ကို ဖွင့်မပြောပြတတ်ချေ။

ထောင်ထဲရောက်လာမှ အကျဉ်းသားအချင်းချင်း ရင်းနှီးမှုကို အခြေခံ၍ အတွင်းကို ခြေဖျားထောက်ကာ ဂုဏ်မြောက်စွာ ရင်ဖွင့်တတ်ကြသည်။

ထောင်မှူးလုစ်သက် ရစပြုလာသော ကျွန်တော်ကလည်း စဉ်းစားစရာများကို တွေ့ခဲ့ပြီးဖြစ်သည်။

ထို့ကြောင့် ကျော်တင့်နှင့် တိုးနီကို လူခွဲပြီး စစ်ခဲ့သည်။

ကျော်တင့် ဖွင့်ဟဝန်ခံပုံက ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေ့က ကျွန်တော်အလုပ်မဖြစ်ဘူး ဆရာ ... ညပိုင်းရောက်တော့ စိတ်ညစ်ညစ်နဲ့ အရက်ဝင်သောက်ဖြစ်တယ်... ပိုက်ဆံကလည်း ကုန်နေပြီ ... အိမ်ပြန်ဖို့ကားခ လေးကျပ်ပဲကျန်တော့တယ် ... ဘာလုပ်ရမှန်း မသိတော့ဘူး ... အဲဒီညမှာပဲ ကျွန်တော်တစ်ဖက်က နွားနို့ကုလားကြီးက အနီဝယ်သောက်နေတယ် ... ငွေစက္ကူတွေ တစ်ထပ်ကြီးထဲက ထုတ်ထုတ်ပေးနေတာလည်း တွေ့ခဲ့တယ် ... သူ သိပ်မူးနေတာကိုလည်း သိရော၊ သူ အပြင်ထွက်တော့ ကျွန်တော်နောက်ယောင်ခံလိုက်သွားတယ် ... ချောင်ကျကျ မှောင်ရိပ်အောက်လည်းရောက်ရော တုတ်တစ်ချောင်းနဲ့ ကောက်ရိုက်ပြီး၊ သူ့ မေ့လဲအသွားမှာ ပါသမျှငွေတွေအားလုံးကို ကျွန်တော်ယူခဲ့တယ်ဆရာ ... များတော့အများကြီးပဲ ... ဒါပေမယ့် ဘယ်လောက်မှန်းတော့ မသိဘူး ... "

"အဲဒီတော့ ... "

ကျွန်တော်က သူ့စကားရှည်ကြီးကို ဖြတ်စေလိုသဖြင့် ဝင်မေးလိုက်သည်။

"ကျွန်တော်လည်း ဝမ်းသာအားရ တချိုးထဲ လစ်လာတာ မြောင်းကြီးထိပ်လည်းရောက်ရော ဝဋ်လည်တော့တာပဲ



ဆရာ ... နောက်ကနေပြီး ကျွန်တော့်ခေါင်းကို ရိုက်ထည့်လိုက်တာ တစ်ချီတည်းမေ့သွားရော ဆိုပါတော့ ... သန်းခေါင်ကျော်မှ မိုးရွာချတာနဲ့ ကျွန်တော် ပြန်သတိရလာတော့ နည်းတဲ့ဒဏ်ရာကြီးမဟုတ်ဘူး ဆရာ ... သွေးတွေကလည်း သိပ်ထွက်နေတယ် ...ငွေကတော့ ပြောင်သလင်းခါသွားပြီ တစ်ကျပ်တောင် မကျန်တော့ဘူး ... အဲဒီညမှာပဲ ဆေးရုံကြီး အရေးပေါ်ဌာနကတစ်ဆင့် တက်ပြီးကုသလိုက်တာ သုံးရက်ကြာမှ ဆင်းရတယ် ... ဆေးရုံကြီးအမှာ မှတ်တမ်းရှိပါလိမ့်မယ် ... ကျွန်တော် မလိမ်ပါဘူး ... စုံစမ်းကြည့်ပါ ... "

"မယုံမေးကြည့်ပါဆိုသော်လည်း ကျွန်တော် တစ်ကယ်မယုံရဲသေးပါ ... "

တိုးနီ ရင်ဖွင့်ပုံကလည်း တစ်မျိုးပင် ...

"အဲဒီညက ကျွန်တော် ကမ်းနားလမ်းကတက်အလာ ကားစီးစရာပိုက်ဆံမရှိလို့ အထက်လမ်းကိုအလျှောက် မြောင်းကြီးထိပ်မှာ ဂျင်ဂျားကင်ဝတ်ထားတဲ့ လူတစ်ယောက် ငွေတွေ အိတ်ထဲထိုးထည့်နေတာ တွေ့ရတယ် ... သူကလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြတ် တိတ်ဆိတ်ပြီး မှောင်မည်းနေတော့ ချက်ချင်းပဲ အကြံရပြီး နောက်ကနေ အုတ်ခဲပိုင်းနဲ့ထုပစ်လိုက်တာ ငြိမ်ကျသွားတာပဲ … သူ့အိတ်ထဲက ငွေအကုန်ယူပြီး ထွက်ပြေးတာပေါ့ … ။"

"လွှတ်ရေလားကွ … တိုးနီ … "

ကျွန်တော် ဖြတ်မေးလိုက်သည်။

"ဘယ်လွှတ်ပါ့မလဲ ဆရာ … ကင်းသမားတွေက တွေ့သွားပြီး ကျွန်တော့်ကိုဖမ်းချုပ်၊ ရဲစခန်းကို ပို့တော့တာပဲ … ကျွန်တော်ရိုက်ခဲ့တဲ့လူ သေပြီလို့လည်း တိုင်ချက်ဖွင့်တယ်… သူတို့ တွေ့ခဲ့တာက သွေးသံရဲရဲနှင့် ကျွန်တော်ရိုက်ခဲ့တဲ့ကောင်က မလှုပ်တော့ဘူးလေ … ကျွန်တော်ကိုယ်တိုင်လည်း သေပြီလို့ထင်ခဲ့တာ … အဲဒီညက ရဲစခန်းမှာလည်း အတော်အလုပ်များနေကြတယ် ဆရာ … နောက်ပြီး မိုးလည်းအကြီးအကျယ်ရွာချနေတော့ မိုးစဲမှပဲ အခင်းဖြစ်တဲ့နေရာကအလောင်းကို သွားကြည့်ဖြစ်တယ် … အချိန်ကသန်းခေါင်ကျော်နေပြီ … "

"တွေ့ကြရေလား … "



ကျွန်တော် စိတ်စောစွာဖြင့် မေးဖြစ်ပြန်သည်။

"မတွေ့တော့ဘူး ဆရာ … သွေးတွေနဲ့ အုတ်ခဲကျိုးပဲတွေ့လို့ ယူလာခဲ့ကြတယ် … အလောင်းကတော့ အားသန်တဲ့ရေမြောင်းစီးကြောင်းထဲ မျောသွားပြီလို့ ယူဆကြတယ် … သွေးစွန်းတဲ့အုတ်ခဲလည်း တွေ့တယ်ဆိုတော့ အမှုကထင်ရှားနေပြီ … ဒါပေမယ့် အလောင်းရှာမတွေ့တဲ့အတွက် လူသတ်မှုဖြစ်ပေမယ့် တရားသူကြီးကလည်း သက်သက်ညှာညှာ အပြစ်ပေးပါတယ် … သုံးနှစ်ပါဆရာ … "

"ဪ … မင်းအိတ်ထဲမှာ ငွေဘယ်လောက် တွေ့တယ်လို့ရဲစခန်းမှာ တင်ပြထားသလဲ … "

ရုတ်တရက် သတိရလိုက်သဖြင့် ကျွန်တော် ဖြတ်လိုက်ရသည်။

"၁၁၁၄ကျပ် (တစ်ထောင့်တစ်ရာလေးဆယ့်ငါးကျပ်) ပါဆရာ … "

"မင်းဟာကလည်း တိကျလှချည့်လား … "

"ဟုတ်ပါတယ်ဆရာ … ရခဲ့တာအကုန်ပါပဲ … အဲဒီတုန်းက ကျွန်တော့်မှာ ငွေဆိုလို့ တစ်ပြားတစ်ချပ်မှ မပါလာဘူးလေ

www.burmeseclassic.com



ဆရာ ... ကျွန်တော့်ကို ကယ်ပါဦးဆရာ ... ကျွန်တော် ဘက်လိုက်တဲ့လူကို ကျွန်တော်ကိုယ်တိုင် ပြုစုနေရပါ ဆရာ ... ကျွန်တော်လူသတ်တာ မဟုတ်ပါဘူးဆရာ ...

သူစကားဆုံးသောအခါ သူ့ကို တိုက်ထဲပြန်သွင်း ထားလိုက်ရတော့သည်။

ယခုအဖြစ်သည် နည်းနည်းစဉ်းစားစရာကောင်း များများကြီး ဆင်ခြင်စရာများ တွေ့နေရသည်။

ယခုအခါ သူတို့ချင်းက ညီရင်းအစ်ကိုတမျှ ရင်း နေကြပြီးဆိုတော့၊ စနစ်တကျသော ဆင်ကွက်လည်းဖြစ်နိုင်သည်

တကယ်ဟုတ်မှန်သည်ဆိုလျှင်တော့ သူတို့အ နစ်နာရှာချေမည်။

နောက်ဆုံးတွင် ကျွန်တော်ကိုယ်တိုင် မဆုံးဖြတ် တော့သဖြင့် ထောင်ပိုင်ကြီးထံ တင်ပြရတော့သည်။ ဤတွင်လည်း ကျွန်တော့်တာဝန်သာလျှင် ဖြစ်လာရပြန်သည်။

သက်ဆိုင်ရာ တရားရုံးများဆီသို့ အကြောင်းကြား စေပြီး အမှုကို ပြန်လည်ကြားနာစေသည်အထိ အလုပ်ရှုပ်ကုန် သည်။



ဒုစရိုက်မှုသည် ကောင်းကျိုးမပြုသလို အမှန်တရား သည်လည်း ကြာကြာဖုံးကွယ်၍မရခဲ့ပါ။ အချိန်တန်လျှင် ဘွားခနဲ ပေါ်လာတတ်တာမျိုး ရှိတတ်ပါသည်။

တိုးနီ၏ လူသတ်မှုကို သက်ဆိုင်ရာက စနစ်တကျ ပြန်လည်စီစစ် ကြားနာသည်။ အခြားမြို့နယ်တွင် အမှုဖွင့်ထားဖူး သော ရိုက်နှက်လုယက်မှုအတွက် နီကုလားကြီးကို ခေါ်စစ်ရသည် အထိဖြစ်လာသည်။

သည်တော့မှ အမှုမှန်ပေါ်လာ၏။

နီကုလားကြီးသည် ထိုညက နွားနို့ဒိုင်မှ ငွေတစ် ထောင်ရခဲ့၏။ သူ့အိတ်ထဲတွင် ငွေတစ်ရာငါးဆယ်တိတိ ရှိနေခဲ့ ခြင်း စုစုပေါင်း တစ်ထောင့်တစ်ရာငါးဆယ်တိတိ၊ အရက်ဆိုင်တွင် သုံးလိုက်ရသည်က လေးဆယ်ကျပ်တိတိ။ ထို့ကြောင့် သူ့ငွေ တစ်ထောင့်တစ်ရာ့တစ်ဆယ်တိတိ အရိုက်လုခံခဲ့ရပါကြောင်း။ ထပ်ပြည်သူ့ရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့ပြီးဖြစ်သည်။

သို့သော် ကြားလူဖြစ်သော ကျော်တင့်က ရိုက်လုပြီး ကုန်ယူခဲ့သော်လည်း အရေအတွက် အတိအကျကိုမသိ။ သူ့ အိတ်ထဲမှ သူ့ကိုယ်ပိုင် လေးကျပ်ပါ ပါသွားသည်ကိုတော့ ဖွင့်ပြော

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

တတိယလူဖြစ်သော တိုးနီမှာ စုစုပေါင်း ငွေမည်မျ
ရှိကြောင်း ရဲက သူ့တွင်ရှိကြောင်း အတိအကျမပြောနိုင်၊ ရုံးတင်
တော့မှ သူ့ထံမှ စုစုပေါင်း တစ်ထောင့်တစ်ရာတစ်ဆယ့်လေးကျပ်
ရရှိကြောင်း သူသိခဲ့ရသည်။

ဤသို့ဖြင့် ကျော်တင်နှင့် တိုးနီတို့သည် မြို့နယ်
တရားရုံးတစ်ခုဆီသို့ ရမန်ကြီးလေးပတ် တစ်လနီးပါးမျှ သံခြေချင်း
ခတ်၍ ရုံးထုတ်ခံရပြီးပါမှ အမှုမှာ ပြီးပြတ်သွားခဲ့သည်။

တိုးနီမှာ လူသတ်မှုမှ လွတ်သွားသည်။ မှားယွင်း
ဖြင့် ပိတ်လိုက်သည်။

သို့သော် ...

သူသည် ကျော်တင်အား ရိုက်လုမှုဖြင့် တစ်ဖက်
တွင် တရားခံဖြစ်နေသည်။ အလွန်ညှာတာတတ်သော တရား
အဖွဲ့ဝင်များက တိုးနီကို (လူသတ်မှုကြောင့် ပြစ်ဒဏ်တစ်နှစ်ခွဲ ခံ
ရပြီးဖြစ်၍လည်း ထင်ပါသည်) တရားသေလွှတ်လိုက်သည်။

နောက်ဆုံးလူ ကျော်တင်မှာ ခိုးမှုအပြင် လုယက်
ပါ ထပ်တိုးသည်။ မြို့နယ်တရားရုံးတစ်ခုစီဖြစ်သဖြင့် ပြစ်ဒဏ်တ



ပေါင်းတည်း ခံစားခွင့်မရ၊ ငွေများ ပြန်ရပြီးဖြစ်သော နိုကုလားကြီး
ကလည်း ကျေအေးလိုသောဆန္ဒ ရှိသည်ဆို၏။

သို့သော် တပ်ထားသောပုဒ်မက ကျေအေး၍မရ။

ထို့ကြောင့် တရားရုံးအဖွဲ့ဝင်များက သက်ညှာစွာ
ဖြင့် ပြစ်ဒဏ်၆လသာ ပေးခဲ့သည်။

ကျော်တင့်ထံသို့ တိုးနီ ထောင်ဝင်စာမှန်မှန်လာပါ
သည်။ ကျွန်တော်၏ထောင်မှူး လုပ်သက်တစ်လျှောက်တွင် မိမိက
ရိုက်သတ်လိုက်ရသောသူကို ရိုက်သတ်သူ တရားခံက လိုလေသေး
မရှိ လာရောက်ပြုစုပံ့ပိုးသောအဖြစ်ကို ဤတစ်ကြိမ်သာ ကြုံရဖူး
ပါသည်။

ထို့ကြောင့် သတိရသည့်အခါတိုင်း ပြုံးဖြစ်ခဲ့သည်။

ကျော်တင့် ထောင်မှအပြီးလွတ်သောနေ့တွင်၊
ကျွန်တော်အား လာကန်တော့သည်။ ထိုစဉ်က ကျွန်တော်က သူ့
ကို မှတ်မှတ်ရရ ဆုံးမစကား ပြောပြလိုက်ရပါသည်။

"ဟကောင် ... ကျော်တင့် ... လူသာ လာချင်လာပါ ...
ပြဿနာခေါ်ပြီး မလာပါနဲ့ ...ရင်မဟူ ပါမလာရင်အကောင်း
ဆုံးပဲကွ ..."

www.burmeseclassic.com

www.burmeseclassic.com



သူထောင်မှလွတ်သွားသောအခါ သူ့ကိုယ်စား ထောင်ထဲတွင် နာမည်တစ်လုံး ထားရစ်ခဲ့ပါသည်။

"ပြဿနာ ကျော်တင့် ... ဟူ၍ ... "

ဘသက်ဆွေ

ဇော်ကျှင်ဦး

## နူးညံ့သောအလွှာပါးဖြင့် စည်းခြားထားသောအရာကို



www.burmeseclassic.com

www.burmeseclassic.com



## နူးညံ့သောအလျှာပါးဖြင့် ညည်းငြူးထားသောအရာကို

ကျွန်တော် ရီဝေဝေယစ်မူးစွာဖြင့် အာရုံအသိများ နိုးကြားလာပါသည်။ လေးလံနေသော မျက်လုံးအစုံကို မဖွင့်ချင်ဖွင့်ချင်ဖြင့် ဖွင့်ကြည့်မိပါသည်။ ပတ်ဝန်းကျင်အသစ် ဖြစ်ပါသည်။ ကျွန်တော့်၏နံဘေးတွင် သောကမျက်နှာများနှင့် ကျွန်တော့်၏ မိသားစုဝင်များကို စုံစုံညီညီကို တွေ့လိုက်ရပါသည်။ ကျွန်တော့်ဇနီး၊ ကျွန်တော့်သမီးနှင့် ကျွန်တော့ညီ၊ ပြီးတော့ ကျွန်တော့်မေမေ၊ ကျွန်တော်တစ်ယောက် ဆေးရုံဆေးခန်းတစ်ခုခုကို ရောက်နေပြီဖြစ်ကြောင်း သိလာသည့် အသိအာရုံနှင့်အတူ ဖြစ်ခဲ့သည့် အဖြစ်အပျက်ကိုလည်း ပြန်လည် သတိရလိုက်မိပါသည်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကားတိုက်မှုဖြစ်ခဲ့သည့်အကြောင်းကိုလည်း အာရုံတွင် ထင်ထင်ရှားရှား မှတ်မိသွားပါပြီ။

"ကိုကို သတိကောင်းကောင်းရပြီနော် … "

"သား သတိရပြီနော် … "

စသည့် စိုးရိမ်မှုရောစွက်နေသည့် ဝမ်းသာမှုစကားသံတို့ကို ကျွန်တော်အပြုံးဖြင့် တုံ့ပြန်လိုက်ပါသည်။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေပါသည်။ အသက်အန္တရာယ် ဖြစ်စေနိုင်လောက်အောင် ထိခိုက်မှု မရှိခဲ့ဟု တွေးမိသဖြင့် စိတ်သက်သာရာ ရလာသဖြင့် လူးလွန့်လှုပ်ရှားလိုက်ရာ … ။

"ကိုကို မထနဲ့ဦးလေ … "

ကျွန်တော့်ဇနီး၏ စိုးရိမ်တကြီး တားဆီးမှုနှင့်အတူ ကျွန်တော့်၏ ညာလက်ကို သတိထား မိသွားပါသည်။ 'အို' ကျွန်တော့်ညာလက်သည် လက်ကောက်ဝတ်မှစ၍ မရှိတော့ပါလား … ကျွန်တော်၏ကားဘေးတွင် ရိပ်ခနဲဝင်လာသော ကားတစ်စီး၏ ပုံရိပ်ကို ပြန်လည် မြင်တွေးမိလာပါသည်။

"ကိုကို့လက်က ကားနှစ်စီးကြားညပ်ပြီး ကြေသွားလို့ ဖြတ်လိုက်ရတာယ်ကိုကို … ဒါပေမဲ့ ကျန်တဲ့အင်္ဂါအစိတ်အပိုင်း အားလုံး ကောင်းတယ်တဲ့ … ကိုကို ဘာမှမစိုးရိမ်နဲ့နော်…



တော်သေးတယ် … အသက်အန္တရာယ်ထိခိုက်အောင် ဘာမှ မဖြစ်ခဲ့လို့ … "

အားပေးစကား အသီးသီးကြားတွင် လဲလျောင်းစွာဖြင့် တစ်ဦးစီကို အပြုံးဖြင့်သာ တုံ့ပြန်လိုက်မိသည်။ အတွေးထဲတွင်လည်း သူတို့ပြောသကဲ့သို့ အသက်ဆုံးရှုံးတာနဲ့စာရင် လက်ကလေး တစ်ဖက် ပြတ်သွားတာ မဖြစ်လောက်ပါဘူးဟု ကိုယ်တိုင်အားပေးရင်း ကျေနပ်လိုက်မိပါသည်။

နောက်တစ်နေ့ အိပ်ယာမှ နိုးထချိန်တွင် ခေါင်းထဲတွင် ကြည်လင်လန်းဆန်းစွာ ရှိနေပါသည်။ ခုတင်ဘေးတွင် ကျွန်တော့်ဇနီး၊ ကျွန်တော့်သမီးနှင့်အတူ မျက်နှာစိမ်းအမျိုးသမီး နှစ်ဦးကိုပါ တွေ့လိုက်ရပါသည်။

"ကိုကို … သူက ကိုကို့ကားနဲ့ accident ဖြစ်ခဲ့တဲ့သူ … မနွယ်တဲ့ … အန်တီက မနွယ်ရဲ့ မေမေ … "

"ဪ … "

"ကျွန်မ တောင်းပန်ပါတယ် … တော်တော်လည်း စိတ်မကောင်းဖြစ်ရပါတယ် … " ကျွန်မရဲ့ တောင်းပန်ပါတယ်ဆိုတဲ့ စကားနဲ့ ဘယ်လိုမှ ကျေနိုင်စရာ ဖြေသိမ့်စရာမရှိမှန်းသိပေမဲ့ … တောင်းပန်ပါတယ်ဆိုတဲ့ စကားကိုတော့ ပြော

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုပါရှင် ... ”

“ဟုတ်ကဲ့ ... accident ဆိုတာ ကားမောင်းတဲ့လူတိုင်း ဖြစ်နိုင်ပါတယ် ... ဖြစ်ချိန်တန်လို့ ဖြစ်တယ်ဆိုတဲ့ သဘောထားလိုက်ပါမယ် ... ”

“တကယ်ပါရှင် ... ကျွန်မ ယူကြုံးမရ တော်တော်လေးဖြစ်နေရပါတယ် ... ”

အမျိုးသမီးသည် တော်တော်လေး စိတ်ထိခိုက်စွာဖြင့် ပြောရှာပါသည်။

“ကိစ္စမရှိပါဘူး ... ပြန်လည်ဖြေသိမ့်ပေးရင်း ... ယာဉ်တိုက်မှုအတွက် ကျွန်တော့်အက်က ဘာမှမဖြစ်စေရပါဘူး ... ”

“အို ... ဒါအတွက်ပြောတာ မဟုတ်ပါဘူးရှင် ... ကျွန်မရဲ့ အမှားအတွက် ကျွန်မအပြစ်ခံဖို့ အသင့်ပါရှင် ... ”

“ကျွန်တော် စကားပြောမှားသွားပါတယ် ... ကျွန်တော်ဆိုလိုတဲ့ သဘောက အဲဒီလို မဟုတ်ပါဘူး ... ဟို

“ကျွန်မ သဘောပေါက်ပါတယ် ... ကိုမိုးဇော်ရဲ့ စေတနာကိုလေ ... ”

“ကဲပါသမီးရယ် ... မောင်မိုးဇော် စိတ်ပင်ပန်းနေပါပြီ ... အန်တီတို့အနေနဲ့လည်း မောင်မိုးဇော်တို့ဆီက ဒီစကား



ကြားလိုက်ရလို့ ပိုပြီးတောင် ယူကြုံးမရ ဖြစ်နေပါသေးတယ်... ”

စကားဝိုင်းသည် ပြုံးသနားကင်းစွာဖြင့် အဆုံးသတ်

မနွယ်တို့သားအမိနှစ်ယောက် ပြန်သွားပါသည်။ ကျွန်တော့်ဇနီး

သမီးနှစ်ယောက်သာ ကျန်ခဲ့ချိန်တွင် ...

“မနွယ်တို့က တော်ရှာပါတယ် ... မလိုပါဘူး ပြောတဲ့ကြားထဲက ကုန်ကျစားရိတ်ကို သူတို့ စိတ်ချမ်းသာအောင် ယူပါဆိုပြီး ဖွတ်အတင်းပေးတယ် ... ပြီးတော့ ... ကိုကို့ရဲ့လက်ဖြတ်ပစ်ရတာနဲ့ သူတို့ရဲ့ငွေကြေးတန်ဖိုးက ဘယ်လိုမှ နှိုင်းလို့မရတဲ့ တန်ဖိုးပါပဲ ... သူရဲ့ ယူကြုံးမရဖြစ်နေတဲ့ စိတ်သောကကို နည်းနည်းလေးပဲဖြစ်ဖြစ် လက်ခံပါဆိုပြီး တောင်းပန်ရှာတယ် ... ”

“အေးလေ ... ဖြစ်ခဲ့ပြီးပြီပ ... ကိုယ့်ရဲ့ဝဋ်ကြွေးလို့ပဲ သဘောထားရတော့မှာပေါ့ ... ”

“ကိုကမို ဘာမှအားမငယ်နဲ့နော် ... ”

“ကျွန်တော် ညင်သာစွာပြုံး၍ ခေါင်းညိတ်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရိုတက်၍ သုံးရက်မြောက်နေ့တွင် ...

"ကိုကို ဝမ်းသာစရာတစ်ခု ပြောရဦးမယ် ... "

"ဘာပါလိမ့် ... "

"ကိုကို ပြတ်သွားတဲ့လက်အစား တခြားလက်နဲ့ အစားထိုးလို့ရမယ်တဲ့ ... ကိုကို သဘောတူလားဟင် ... "

"တွေ့ဖူးပါတယ် ... ညှပ်နဲ့လက်တုတို့ ညှပ်မပါဘဲ လက်ပုံစံနဲ့ လက်တုတို့လေ ... ဘာထူးတော့မှာလဲ သွယ်ရယ် ..."

"အဲလိုမဟုတ်ဘူး ကိုကိုရဲ့ ... တကယ့်လက်၊ ဟို ကိုကိုရယ် ကိုယ်အင်္ဂါလှူထားတဲ့လူရဲ့ လက်နဲ့ အစားထိုးရမှာ ... ပြီးရင် ပုံမှန်အတိုင်းပဲ ကိုကို့စိတ်ကြိုက် လှုပ်ရှားလို့ရတယ်တဲ့"

"တကယ်လားဟင် ... "



"တကယ်ပေါ့ ... အဲဒါ ကိုကို သဘောတူ မတူ မေးကြည့်တာ ... ဒီကိစ္စကို အကောင်းအဲထည်ဖော်ပေးတာလည်း မနွယ်ပဲလေ ... "

"ဟင်း ... ဟင်း ... သူလည်း တော်တော် စိတ်မကောင်းဖြစ်နေပုံရတယ် ... တော်တော် တာဝန်ကျေရှာပါတယ်"

"ဟုတ်တယ်ကိုကို ... တကယ်တော်ရှာတာပါ ... ကဲ ... ကိုကို သဘောတူတယ်ဆိုရင် ခုပဲ သွားပြီး စီစဥ်လိုက်မယ်"

ကျွန်တော့်ဇနီးသွယ် အပြင်ထွက်သွားပါသည်။

လက်အစားထိုးကုသမှုနှင့်ပတ်သက်၍ အများက ဝမ်းသာအားရ ထောက်ခံကြသကဲ့သို့ ကျွန်တော်လည်း လိုလိုလားလားရှိပါသည်။ ဆန့်ကျင်စားရိတ်ကို မမှုပါ။ အဓိက ကျွန်တော် ကိုယ်အင်္ဂါအစိတ်အပိုင်း ပြည့်ပြည့်စုံစုံ ပြန်ဖြစ်ဖို့ အရေးကြီးသည် မဟုတ်ပါလား။ အဆုံးတွက်ထားပြီးသား အင်္ဂါအစိတ်အပိုင်းကို ပြန်လည်ဖြည့်ဆည်းနိုင်တယ်ဆိုတာ ကျွန်တော့်အတွက် မဟာဆုလာဒ်တစ်ခုပင် ဖြစ်ပါတော့သည်။

သို့နှင့်ပင် ကျွန်တော့်အတွက် လက်အစားထိုးကုသမှု ပြုလုပ်ရန် ပညာရှင် ဆရာဝန်ကြီးများနှင့် ကျွန်တော့်မိသားစု အပြင် မနွယ်ကိုပါ ဆွေးနွေးတိုင်ပင်ခြင်းဖြင့် ပျာပန်းခတ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ရှိရပါသည်။

ယင်းအစားထိုးကုသမှု ပြုလုပ်ဖြစ်သွားပါသည်။ ဆေးရုံတွင်ပင် ဆက်လက်နေထိုင်ရပါသည်။ နှစ်လလုံးလုံး ဆေးရုံတွင်ပင် ရှိနေရပါသည်။ ဆရာဝန်ကြီးများကလည်း ကျွန်တော့် case ကို အထူး စိတ်ဝင်စားနေကြပါသည်။ သူတို့၏ အတွေ့အကြုံအရ ခွဲစိတ်ကုသမှု အောင်မြင်ဖို့ရာ အားသာကြောင်း ပြောပြသဖြင့် ကျွန်တော်လည်းဝမ်းသာမိပါသည်။ ဆရာဝန်ကြီးများ၏ သတ်မှတ်သောရက်တွင် ကျွန်တော်နှင့်အတူ အားလုံးကပင် စိတ်ဝင်တစားဝိုင်းအုံကြည့်ရှုနေကြပါသည်။ ကျွန်တော့်မိသားစု၊ မန္တလေးတို့သားအမိနှင့် ခွဲစိတ်ကုသပေးသော ဆရာဝန်များအပြင် လေ့လာကြည့်ရှုလိုသော ဆရာဝန်များပါ ကျွန်တော့်နဘေးတွင် ဝိုင်းအုံခဲ့နေပါသည်။

"ကဲ … ပတ်တီးဖြေပေးပြီးရင် ကျွန်တော်တို့ အောင်စာရင်းကြည့်ကြရအောင် … ကိုမိုးဇော် ကျွန်တော်ပြောတဲ့အတိုင်းပဲ လုပ်မယ်နော် … ဘာမှ ပိုမလုပ်နဲ့ … ကဲ … ကိုမိုးဇော် မျက်စိမှိတ်ထားပြီး ငြိမ်ငြိမ်လေးနေပြီးရင် ကျွန်တော်မေးတာကိုဖြေ … "

ကျွန်တော်၏မူလဘယ်လက်ရော ကုသခံညာလက်ရောကို ကျွန်တော်၏ ပေါင်နှစ်ဖက်ပေါ်တွင် လက်ဝါးဖြန့်၍ တင်



ထားရပါသည်။ ထို့နောက် …

"ကဲ … မျက်စိမှိတ်ထားပါ … ဟုတ်ပြီ … ကိုမိုးဇော်ကို ကျွန်တော် ဘောပင်လေးနဲ့တို့မယ် … ထိလား မထိဘူးလားဖြေ … ဟုတ်လား"

"ထိလား"

ကျွန်တော်မူလလက်ဝါးကို ထိ၍မေးပါသည်။

"ထိတယ် … "

"ဒါရော … "

"မထိဘူး … "

"ဒါရော … "

"ထိတယ် … "

"ဟုတ်ပြီး … "

"ဒါရော … "

"ဆရာ … ဆရာ … "

"ဘာလဲ ကိုမိုးဇော် … "

"ကျွန်တော့်ညာလက်ဖဝါးကို ထိတာ…ထိတာ…ကျွန်တော်သိတယ်ဆရာ … ကျွန်တော့်ကိုထိတာ … ကျွန်တော်သိတယ် … "

www.burmeseclassic.com

www.burmeseclassic.com



"Vein တွေက အခြေအနေကောင်းတယ် ... ဆရာဝန်ကြီးက ပြောလိုက်ရာ ...

"ဟေး ... "

"ဖြောင်း ... ဖြောင်း ... "

ဆေးရုံထဲတွင် ဆူညံသွားပါသည်။ ဆူညံသံတွေကြားထဲမှ ဆရာဝန်ကြီးက ...

"ကိုမိုးဇော် ဘာမှမလှုပ်နဲ့ဦး ... မလှုပ်နဲ့ဦး ... မျက်စိဖွင့်လို့ရပြီ ... "

ကျွန်တော်ဘေးတွင် အပြုံးကိုယ်စီကို မြင်နေရပါသည်။ လက်မထောင်ပြ၍ အောင်မြင်ခြင်းသင်္ကေတပြနေသော ဂျူတီကုတ်နှင့် ကျွန်တော်မသိသော ဆရာဝန်များကိုလည်း မြင်ရပါသည်။ ကျွန်တော် ပျော်နေပါသည်။

"ကဲ ... ကိုမိုးဇော် ... ကျွန်တော်ပြောမယ် ... ဟောဒီ လက်ချောင်းလေးတွေကို ဖြေးဖြေးချင်းကွေးကြည့်စမ်း"

ကျွန်တော် လက်ချောင်းများကို ကွေးကြည့်ပါသည်။ စက်ရုပ်တစ်ရုပ်အား အမိန့်ပေးလိုက်သလို လက်ချောင်းများသည် တစ်ပြိုင်နက်မကွေးဘဲ တစ်ချောင်းချင်းကွေးချင်သလို နှေးကွေးစွာ ကွေး၍သွားပါသည်။



"နာသလား ... "

"ဟင့်အင်း ... "

"အိုကေပြီ ... "

ဆရာဝန်ကြီး၏ အိုကေပြီဆိုသည့် စကားအဆုံးတွင် အားလုံး ပျော်ရွှင်စွာဖြင့် အသံမျိုးစုံ ထွက်ပေါ်လာကြပါတော့သည်။ မည်သို့ဆိုစေ ကျွန်တော် အပျော်ကိုတော့ မီမည်မထင်။ ဆေးရုံတက်ခါစက ...

"သွားပြီ ... ပုဆိုးလည်း ဝတ်လို့မရတော့ဘူး ... ဘောင်းဘီရှည်နဲ့ပဲ စခန်းသွားရတော့မယ် ... ဘုရားရှိခိုးရင်တောင် လက်ဝါးစောင်း ထောင်ပြနေသလို ဖြစ်နေပြီ ... "

စသည်ဖြင့် အားငယ်သွားမိ ဝမ်းနည်းသွားမိ ဝမ်းနည်းမိခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။ အခုတော့ ဝမ်းသာလိုက်သည်ဖြစ်ခြင်း။ သူများတွေ စိတ်ချမ်းသာအောင် အပူရှပ်နဲ့ ဟန်လုပ်ပြနေခဲ့ရခြင်း ဖြစ်ပါသည်။ လက်တစ်ဖက်လုံး ဆုံးရှုံးခဲ့သည်ပဲ စိတ်ဓာတ်မကျဘဲ နေပါ့မလား။ ယခုတော့ဖြင့် အတိုင်းထက်အလွန်ပင် ဝမ်းသာကြည်နူးမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြန်၍ပေးရန် တောင်းပါသည်။ ကျွန်တော်က မပေးသောအခါ ဖွတ်အတင်းဆွဲဖြုတ်၍ ပြန်ယူသွားပါသည်။ ကျွန်တော်အော်ဟစ်နေစဉ်တွင်ပင် လန့်နိုးခဲ့ရပါသည်။ ထိုကတည်းက စိတ်မသန့်ဖြစ်ခဲ့ရသော်လည်း ဆေးရုံတွင်နေစဉ် ထိုတစ်ကြိမ်သာ အိပ်မက်ခဲ့၍ မေ့မေ့ပျောက်ပျောက် ဖြစ်ခဲ့ရပါသည်။ သို့သော်လည်း ယခုပြန်၍ မက်လာပါသည်။ ထို့ကြောင့် မည်သူ့ကိုမျှ ထုတ်ဖော်ပြောမနေတော့ဘဲ အန္တရာယ်ကင်း ဆွမ်းကျွေး၍ စိတ်ထဲမှ ထိုပုဂ္ဂိုလ်ကို ရည်စူးကာ အမျှအတမ်းဝေခဲ့ပါသည်။ သို့သော်လည်း ထိုအိပ်မက်သည် လုံးဝ ပျောက်ကွယ်မသွားဘဲ ရံဖန်ရံခါ ချောက်လှန့်ဆဲဖြစ်ပါသည်။ စိတ်အစွဲ လွန်ကဲ၍ ဖြစ်မည်ထင်ပါသည်။ မည်သို့ဖြစ်စေ ထို 'လက်' ကို ကျွန်တော့်၏ 'လက်'ဟု လက်ခံ၍ ယခုချိန်ထိ မရသေးခဲ့ပါ။ စိတ်သည် ဆန်းကြယ်လှပါသည်။

ရံဖန်ရံခါ အမိပွာယ်မဲ့စွာဖြင့် ကိုယ့်လက်နှစ်ဖက်ကို ယှဉ်ကြည့်မိသောအခါ အစားထိုးလက်သည် သိသာစွာ ဖြူနေသည်။ လက်ချောင်းများကို ယှဉ်ကြည့်သောအခါတွင်လည်း ကျွန်တော့်လက်ချောင်းက တုတ်တုတ်ခိုင်ခိုင်၊ ထိုလက်က ချွန်ချွန်သွယ်သွယ်နှင့်မို့ ကွာခြားလှသည်။ ဆိုခဲ့သလိုပဲ မည်သို့မျှ ကိုယ့်လက်ပါဟူ၍ ခံစား၍မရ။ ထို့ထက်ပို၍ ဖြစ်ရသည်မှာ လင်မယားနှစ်ကိုယ်



ကျွန်တော် လူကောင်းတစ်ယောက်ကဲ့သို့ ဖြစ်သွားပါပြီ။ လုပ်ငန်းခွင်သို့လည်း ပုံမှန်ဝင်ရောက်နေပါပြီ။ သို့သော် ယခင်ကကဲ့သို့ ပုံမှန်မဟုတ်သော စိတ်ခံစားမှုတစ်ခု ဖိစီးခံနေရသည်ကို မည်သူမျှမသိပါ။ အစားထိုးလက်နှင့် ပတ်သက်၍ ကျွန်တော့်တွင် စိတ်ဝေဒနာတစ်ခု စွဲကပ်လာပါသည်။ စွဲကပ်ရသည့် အကြောင်းများကို ပြောပြလျှင် ကျွန်တော့်ကို အပြစ်များတင်ကြလေများလား၊ အတွေးကြီးလွန်းသူဟု သမုတ်လေများလားဟု စိုးရိမ်သဖြင့် မည်သူ့ကိုမျှ ပြောမပြဖြစ်ခဲ့ပါ။

ကျွန်တော့်လက်အစားထိုးကုသနေခိုက်တွင်ပင် အိပ်မက်ဆိုးမက်ပါသည်။ ပုံရိပ်မပီပြင်သော လူတစ်ယောက်ရောက်လာပြီး ကျွန်တော့်တွင် တပ်ဆင်ထားသော လက်မှာ သူ့လက်ဖြစ်

www.burmeseclassic.com



ကြည်နူးစဉ် ထိုလက်ဖြင့် ကိုင်တွယ်မိသည်ကို သတိထားမိလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော့်ဇနီး၏ကိုယ်ပေါ်တွင် ကျက်စားနေသော ကျွန်တော့်၏ထိုလက်ကို လျှင်မြန်စွာ ရုတ်သိမ်းမိသည်အထိ ဖြစ်ရသည်။ ကျွန်တော့်ဇနီးက ယုယုယယဖြင့် ကိုင်တွယ်လာလျှင်လည်း စိတ်ထဲတွင် ထိုလက်ကို သဝန်တိုမိသည်။

"ငါစားတဲ့အဟာရနဲ့ ငါ့သွေးသားတွေနဲ့ လည်ပတ်နေတဲ့ ငါ့ခန္ဓာကိုယ်က အစိတ်အပိုင်းပဲလေ ... ဘာလို့ သဝန်တိုရတာလဲ ..."

ဟု ကိုယ့်ကိုယ်ကို ဖြေသိမ့်သော်လည်း မရဘဲနှင့် မသိစိတ်နှင့် သိစိတ်တို့၏ ပဋိပက္ခကြောင့် လင်မယားကိစ္စတွင်လည်း စိတ်အနှောင့်အယှက် (မိမိဘာသာမိမိ) ဖြစ်နေ၍ စိတ်ဒုက္ခဖြစ်ရသည်ချည်းပင်။

စိတ်၏ဆန်းပြားမှုကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားရပါသည်။ ထိုလက်သည် ကျွန်တော်အတွက် လွန်စွာမှ အသုံးဝင်ပါသည်။ လက်နှစ်ဖက်ပြုလုပ်မှ ရနိုင်သည့်ကိစ္စမျိုးကို လက်တစ်ဖက်တည်းနဲ့ လုပ်ကိုင်ရသည်မှာ တော်တော်အဆင်မပြေဖြစ်ကြောင်းကို ဆေးရုံတက်နေစဉ် ကာလတိုလေးမှာပင် စိတ်ပင်ပန်းကြီးစွာ ကြုံတွေ့ရသည်မို့ ထိုလက်ကို လိုလိုလားလား လက်ခံသင့်ကြောင်း တွေးမိပါသည်။ ထိုပယက်ကလေးကို ကျေးဇူးတင်မိသော်လည်း ကျွန်တော်၏လက်ဟု ခံစားရသော အတွေးဆိုးကို မည်သို့နားလည်ရမည်မသိ ဖြစ်မိပါသည်။



ကျွန်တော်၏ခံစားမှုကို မသိသော ကျွန်တော့်၏ဇနီးသွယ်က ...

"ကိုကို့လက်ကလေး ဖြူဖြူသွယ်သွယ်လေးနဲ့ မိုက်တယ်"

ဟု အပြောင်အပျက်စကားလေးနှင့် တယုတယကိုင်၍ ကျွန်တော့်ကို နှစ်သိမ့်စဉ်က ဒေါသတကြီး ပြန်လည်ရုပ်သိမ်းမိသည်အထိ ကျွန်တော် အငြှိုးကြီးမားခဲ့မိပါသည်။ အကယ်၍များသစ်သားလက်တုတပ်မိရင်ကော ထိုသို့စိတ်မျိုး ဖြစ်ပေါ်မည်လားဟု ဝေဝေဝါးဝါး အတွေးများဖြင့် ခေါင်းရှုပ်ခဲ့ရပါသည်။

ကျွန်တော်၏ ကြောင်စီစီနိုင်သော အတွေးမျှင်များကို ချေဖျက်နိုင်ရန်အတွက် တရားသဘောဖြင့် ဆင်ခြင်ကြည့်ပါသည်။

"သုံးဆယ်နှစ်ကောဋ္ဌာသဖြင့် ဖွဲ့စည်းထားသော ခန္ဓာကိုယ်ကြီးကို စိတ်ပိုင်းခွဲဖြာကြည့်စမ်းပါ ... မိုးဇော်ဆိုတာ ဘာမှာလဲ ... မင်း ဘာဖြစ်လို့ အတ္တလွန်ကဲနေရတာလဲ ... မင်းမိန်းမကို သည်လက်နဲ့ ထိနေကိုင်နေတာရော သည်

www.burmeseclassic.com



လက်ပိုင်ရှင်ဟာ သိမှာလား … ခံစားရမှာလား စဉ်းစား ကြည့်စမ်း … ”

စသည်ဖြင့် အတ္တလွန်ကဲသောစိတ်ကို ချွန်းအုပ်ကြည့်ပါသည်။ သက်သာလာသလို ရှိသော်လည်း အောင်းနေသော ငုတ်နေသော သဝန်တိုစိတ်သည် ထ၍ထ၍ ကျွန်တော့်ကို နှိပ်စက်ပါသည်။ စိတ်၊ စိတ် ထိုစိတ်သည် ဆန်းပြားလှပါသည်။

ခပ်ကြောင်ကြောင်အတွေးဖြင့် ထိုလက်ကို အသုံးမပြုဘဲ နေထိုင်လုပ်ကိုင်ကြည့်ပါသည်။ တော်တော် ဒုက္ခရောက်ပါသည်။ ရှိနေရင်သာ မသိသာသော်လည်း လက်တစ်ဖက်မရှိသော ဒုက္ခ တကယ်ကို ကြီးမားလှပါသည်။ ကိုယ်အင်္ဂါမစုံသူတို့၏ ဒုက္ခကိုလည်း စာနာမိပါသည်။ ထိုလက်ပိုင်ရှင်သည် ကျွန်တော်၏ကျေးဇူးရှင် ဖြစ်ပါသည်။ သိသိကြီးနှင့် သဝန်တိုစိတ်ပွားများနေသည့် ကျွန်တော့်အဖြစ်က တကယ့်စိတ်ရောဂါ။

တစ်ခါတွင်လည်း ရှိသေးသည်။ ကျွန်တော့်သမီး (အပျိုပေါက်အရွယ်)ဖြင့် သားအဖနှစ်ယောက် စလိုက်နောက်လိုက်ဖြင့် လုပ်ရင်း သမီး၏ ပါးနှစ်ဖက်ကို ကျွန်တော့်၏ လက်နှစ်ဖက်ဖြင့် ပွတ်သပ်ကျီစယ်မိသည်။ ထိုလက်သည် တစိမ်းတရံစာ၏ လက်ဖြစ်လားဟူ၍ အတွေးဝင်လာသဖြင့် ပါးနနထက်ပေါ်မှ ရုတ်ခြည်းခါ



ရင်း ဒေါသကြီးစွာဖြင့် ထိုလက်ကို ကြည့်မိသည်အထိ ဖြစ်ခဲ့ရပါသည်။

ကောင်းကျိုးပေးသော၊ အထောက်အကူပြုသော ကဏ္ဍမှ မမြင်နိုင်ဘဲ၊ လက်ပိုင်ရှင်ကို ကျေးဇူးမတင်မိဘဲ ထိုလက်ကို သဝန်တိုစိတ်များသာ ဝင်နေမိပါသည်။ အစက သည်လိုမှန်းသိရင် အစားမထိုးဘဲ ပုံသွင်းလက်တုကိုပဲ တပ်လိုက်ပါရဲ့ ဟူ၍လည်း တွေးလားတွေးမိရဲ့ဖြင့် စိတ်ဆင်းရဲနေရပါသည်။

ထိုသို့ တစ်ယောက်တည်း သောကဖန်တီးနေချိန်တွင် ကျွန်တော်နှင့်ကာ တိုက်မိခဲ့သော မနွယ်တစ်ယောက်သည်လည်း ‘လက်’ကိစ္စကို အကြောင်းပြု၍ ကျွန်တော်နှင့် ရင်းနှီးကျွမ်းဝင်မှု ရခဲ့ပါသည်။ မနွယ်သည် ကျွန်တော်နှင့်မကြာခဏဆုံလေတိုင်း လက်ကိုကြည့်၍ ယှဲ့ယှဲ့လေးပြုံးရှာပါသည်။ ထိုအခါတွင်မတော့ ကျွန်တော့်သဝန်တိုစိတ်သည် မည်သည့်ဒေသသို့ ရောက်နေသည်မသိ။ မနွယ်၏အပြုံးကို ကျေကျေနပ်နပ် လက်ခံမိပါသည်။ တစ်နေ့တွင် အလုပ်ခွင်ရှိရာသို့ မနွယ်ရောက်လာပြီး …

“လမ်းကြုံလို့ဝင်လာတာပါ … နေကောင်းလား … ”

“ဟုတ်ကဲ့ … ကျွန်တော်လည်း သတိရနေတာ”

မည်သို့မည်ပုံ ထိုစကား ထွက်သွားရသည်မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား ... "

"ဟင်း ... ဟင်း ... ကျွန်တော် မညာတတ်ပါဘူး ... "

"အပြင်သွားလို့ရမလား ... "

"ရပါတယ် ... ကျွန်တော်လည်း အလုပ်တွေ လုပ်ပြီးချင်ပြီ"

မနွယ်နှင့်ကျွန်တော် အပြင်သို့ တစ်ခါမှ မထွက်ဘူးပါ။ မည်သည့်အကြောင်းကိစ္စကြောင့် ခေါ်မှန်းမသိသော်လည်း ကျွန်တော် ပျော်နေမိပါသည်။ 'ဘာကြောင့်ပျော်တာလဲ ... ' ကိုယ့်ကိုယ့်ကို ဆန်းစစ်ကြည့်မိသော်လည်း အဖြေမရပါ။ မနွယ် ကျွန်တော့်ဆီ ဝင်ထွက်နေသည်မှာ ထို 'လက်'ကြောင့် ဖြစ်မှန်း ကျွန်တော်သိပါသည်။ မည်သို့ဖြစ်စေ ထိုအခိုက်အတန့်ကာလလေးတွင် မတော့ ထို'လက်'အပေါ်၌ ငြူစူမှု ကင်းမဲ့နေပြန်သည်။

ကျွန်တော့်ကို သူဝင်္ကာရှိ ခြံဝင်းတစ်ခုထဲသို့ သူမ၏ ကားဖြင့် ဦးဆောင်၍ ခေါ်သွားပါသည်။ ခြံတံခါးရှေ့မှ ကားဟွန်းသံ ပေးလိုက်သောအခါ အမျိုးသားကြီးတစ်ယောက် တံခါးလာဖွင့်ပေးပါသည်။ ကိုယ့်ဝင်းကိုယ့်ခြံနှင့် နေကြသော ရပ်ကွက်ဖြစ်၍ တိတ်ဆိတ်ငြိမ်သက်လှပါသည်။ မနွယ်တို့၏ အိမ်ပဲလား၊ တိုက်နှင့်ခြံ၏ တန်ဖိုးသည် လွန်စွာကြီးမားလှကြောင်း အကဲခတ်ရင်းဖြင့် အိမ်ထဲသို့ ရောက်မှန်းမသိ ရောက်ခဲ့ပါသည်။



"ထိုင် ကိုမိုးဇော်"

"ဘာသောက်မလဲ ... အပူလား ... အအေးလား ... "

"အဆင်ပြေရာပဲ လုပ်ပါ ... မနွယ်"

"အားလုံးအဆင်ပြေပါတယ် ... ဘီယာသောက်ချင်လည်း ရတယ် ... သံဘူးတွေရှိတယ် ... အားမနာနဲ့ ... "

"ကျေးဇူးတင်ပါတယ် ... ကျွန်တော် ကော်ဖီမစ်ဝလိန်းဆို ရင် အဆင်ပြေပါပြီ ... "

"ခဏနော် ... ကျွန်မကိုယ်တိုင် ဖျော်ရမှာ မကြာပါဘူး ..."

ပြောရင်းဖြင့် ဂျီဟတ်တုအသံလွှင့်အစီအစဉ်ကို ဖွင့်ပေးခဲ့ပါသည်။ ရီမုကွန်းထရိုးကို ချပေးရင်း 'ကြိုက်တဲ့လိုင်းကြည့်'ဟု ပြောသွားပါသည်။ ကျွန်တော့်ကို မနွယ် မည်သည့်အကြောင်းကြောင့် ခေါ်လာရသလဲဆိုသည့် အတွေးက ခေါင်းထဲ ရောက်လာပြန်ပါသည်။ ထူးဆန်းသည်။ သာမန်အကြောင်းကိစ္စတော့ မဟုတ်နိုင်၊ တီဗွီဖန်သားပေါ်မှ အရုပ်များနှင့် ထွက်ပေါ်လာသော အသံသည် ကျွန်တော့်အာရုံမှ လျှံထွက်သွားသည်။ ကျွန်တော့်အာရုံထဲတွင် မနွယ်နှင့်ပတ်သက်သော အတွေးအာရုံများဖြင့် ပြည့်နေသည့်အတွက် တခြားအာရုံများကို ခံစားမရ ဖြစ်နေပါသည်။ မနွယ်ပြန်ရောက်လာပါပြီ ...

www.burmeseclassic.com

www.burmeseclassic.com



"အချိန်ရတယ် မဟုတ်လား ... ကဲ ... ကော်ဖီသောက်ရင်း စကားပြောကြတာပေါ့ ... "

"မနွယ်က ကျွန်တော့်ကို ... ဘာတွေများ ပြောစရာရှိလဲ... အင်း ... ကျွန်တော် ဘာအကူအညီပေးရမလဲ ... "

မနွယ်က ပြုံးနေပါသည်။

"ကျွန်မ စကားတွေပြောချင်တယ် ... အေးအေးဆေးဆေး ပြောချင်လို့ ဒီအိမ်ကို ခေါ်လာတာ ... ဒါ ကျွန်မတို့အိမ်ပါပဲ ... ဒါပေမဲ့ ရံဖန်ရံခါပဲ လာတယ် ... ကျွန်မ စကားမပြောတတ်ဘူး ... အစီအစဉ်ကျတာတွေ မကျတာတွေ ဖြစ်နေရင် ... ကိုမိုးဇော် နားရှုပ်သွားမှာစိုးလို့ ... ဘယ်က စပြောရရင် ကောင်းမလဲဆိုပြီး စဉ်းစားနေတာ"

ကျွန်တော် ပို၍ စိတ်ဝင်စားသွားပါသည်။

"ကိုမိုးဇော်လက်က အဆင်ပြေရဲ့လား ... "

"ပြေပါတယ် ... ကိုက်ခြင်းနာခြင်း မရှိပါဘူး ... အလေးအပင်တွေ ဘာတွေတော့ 'မ'တာပြုတာ မလုပ်ဖြစ်အောင် သတိလေးထားရတာပေါ့ ... ဒါက ပြဿနာမဟုတ်ပါဘူး... ပြဿနာက ... "

ကျွန်တော် စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ပစ်လိုက်ပါသည်။



"ဘာပြောမလို့လဲ ... ပြောလေ ... ကိုမိုးဇော်"

"ပြောရင် ... မနွယ် ကျွန်တော့်ကို လှောင်လိမ့်မယ် ... ထားပါ ... အခု ကျွန်တော့်ကိုခေါ်လာတာ မနွယ် ကျွန်တော့်ကို ပြောစရာရှိလို့ ခေါ်လာတာမဟုတ်လား ... "

"ပြောပါ ... အဲဒီ'လက်'ကိစ္စကို ကျွန်မ စိတ်မကောင်းဖြစ်နေရတာ ... ဘာများ ပြဿနာရှိလို့လဲ ... "

ကျွန်တော် ပြောသင့်မပြောသင့် စဉ်းစားနေပါသည်။ ကျွန်တော့်၏ ဖွဲလမ်းမှု လွှမ်းမိုး၍ ခံစားရသော စိတ်ဝေဒနာသို့ ကျွန်တော်လည်း တစ်ဦးတစ်ယောက်ယောက်ကို ရင်ဖွင့်ချင်နေခြင်းသည်မှာအမှန်၊ သို့သော်လည်း ...

"ကဲ ... ပြောပါ ... ကျွန်တော့်ကိစ္စထားပါ ... မနွယ် ဘာတိုင်ပင်စရာရှိလဲ ပြော ... "

"ဟင့်အင်း ... မရဘူး ... ကိုမိုးဇော် ပြော ... နွယ် အရမ်းသိချင်တယ် ... "

သူမ၏ စွတ်အတင်း ကန့်ကယ ပူဆာသော အမူအရာနှင့် လေသံလေးသည် ကျွန်တော့်အတွက် မည်သို့မျှ ငြင်းဆန်နိုင်စွမ်း မရှိတော့၍ ...

www.burmeseclassic.com

"ကျွန်တော့်ကို လှောင်ချင်လည်းလှောင်ပါ ... အတွက်ကြီး တယ် ... အစွဲအလမ်းကြီးတယ်လို့ သတ်မှတ်ချင်လည်း သတ်မှတ်ပါ ... အခုပြောမယ့်စကားတွေဟာ မနွယ်ကို အပြစ်တင်ချင်တဲ့ စိတ်နဲ့ ပြောမှာလည်း မဟုတ်ပါဘူး ... အဲဒါလေးတော့ နားလည်ပေးပါ... ကျွန်တော့်ကို အစားထိုး တပ်ဆင်ပေးထားတဲ့ သည်လက်ဟာ ကျွန်တော့်ရဲ့ ကိုယ် အင်္ဂါအစိတ်အပိုင်းတစ်ခုအနေနဲ့ တာဝန်ကျေစွာလုပ်ဆောင် ပေးနေပါပြီ ... ဒါပေမဲ့ ကျွန်တော့်'လက်' လို့ ခံစားမရဘဲ ဖြစ်နေတယ် ..."

စသည်ဖြင့် ကျွန်တော် ခံစားရပုံများကို အသေးစိတ် ပြောပြနေမိပါသည်။ ကျွန်တော် စကားပြောနေစဉ်ဝယ် မနွယ်သည် စိတ်ဝင်တစား နားထောင်နေပါသည်။ ကျွန်တော်၏စကား အပေါ် မှာ ပိုမိုပြီး အာရုံရစေရန် တီဗွီကို ပိတ်လိုက်ပါသည်။ ကျွန်တော် လည်း ပြောလက်စဖြင့် ကျွန်တော့်ခံစားမှုကို လိုလိုချင်ချင် ရင်ဖွင့် နေမိသကဲ့သို့ မနွယ်တစ်ယောက်သည်လည်း မျက်လုံးတွင် အရည် များ လဲ့လာသည်ထိ ကျွန်တော့်အပေါ်တွင် တစ်နည်းအားဖြင့် ကျွန်တော့်ခံစားမှုအပေါ်တွင် နားလည်ခံစားမိကြောင်း ကျွန်တော် သိရှိလိုက်ပါသည်။



ကျွန်တော်စကား ဆုံးသွားပါပြီ၊ အခန်းထဲတွင် ခေတ္တမျှ လုံးဝ ငြိမ်သက်သွားပါသည်။

"ကိုမိုးဇော်...ကျွန်မမှာလည်းရင်ဖွင့်စရာရှိပါတယ်..."

ပြောပြီး စားပွဲပေါ်တွင် အဆင်သင့်ရှိနေသော ဘူး သေးတစ်ခုကို ဖွင့်ကာ ...

"ကျွန်မကို တစ်မျိုးမထင်နဲ့နော် ... ကျွန်မရင်ထဲက အစိုင် အခဲလေးတွေကို ချေချင်လို့ ... ကိုမိုးဇော်လိုပဲပေါ့ ... "

ပြောပြောဆိုဆိုဖြင့်ပင် ကျွန်တော်၏ အစားထိုး ထားသောလက်ကိုယူ၍ လက်သူကြွယ်လက်ချောင်းတွင် စိန် လက်စွပ်လေးတစ်ကွင်း လာ၍စွပ်ပေးပါသည်။ ဘာသဘောလဲ။ ဒီလိုကျေနပ်အောင် နှစ်သိမ့်ပေးနေတာလား။ လျော်ကြေးလား။

ဟု တွေးမိပါသည်။

"ကိုမိုးဇော် ... နွယ့်မှာလေ ... စေ့စပ်ထားတဲ့ချစ်သူရှိခဲ့ တယ် ... လူငယ်ချင်းမေတ္တာမျှပြီးမှ လူကြီးတွေကို ဖွင့်ပြော တာ ... လူကြီးတွေလည်း သဘောတူကြ[illegible]တယ် ... သူ့ နာမည်က ကျော်သူရတဲ့ ... ဒေါက်တာကျော်သူရပေါ့နော် အပြည့်အစုံပြောရရင်၊ ကျွန်မတို့နှစ်ယောက် စေ့စပ်ပွဲလုပ် တယ် ... သုံးလကြာရင် လက်ထပ်မယ် ... လက်ထပ်ပြီး ရင် နေဖို့ဆိုပြီး သည်အိမ်ဝယ်ထားတာ ... ဒါပေမဲ့ ကိုမိုး

www.burmeseclassic.com

www.burmeseclassic.com



ဓော်ရယ် ... ”

နွယ်၏အသံသည် ရှိုက်သံစွက်လာပါသည်။

“ကျွန်မနဲ့သူ ချေစပ်ပြီးလို့ တစ်လလောက်အကြာမှာပဲ သူ ဟာ ဦးနှောက်အမှေးပါးရောင်တဲ့ ရောဂါနဲ့ ဆေးရုံတက်ရ တယ် ... အစပိုင်းတော့ သာမန်လောက်ပဲ ထင်ခဲ့မိတာ ... ဒါပေမဲ့ တစ်ရက်မှာ အခြေအနေဖောက်လာတယ် ... မနွယ် အမြန်လာခဲ့ပါဆိုပြီး ... သူ့မိသားစုက ဖုန်းနဲ့လှမ်းခေါ်တယ် လေ ... အဲဒါနဲ့ နွယ်လည်း ကမန်းကတန်းနဲ့ ထွက်လာခဲ့ တယ် ... လမ်းမှာတွင် လက်ကိုင်ဖုန်းထဲကို ဖုန်းဝင်လာပြီး မျှော်လင့်ချက်မရှိသလောက်ဘဲဆိုတဲ့ အကြောင်းကြားမှုကို ရလိုက်တယ်လေ ... အဲဒီမှာတင် နွယ် ... ကိုမိုးဇော်ရဲ့ ကားကို ဘေးကနေဝင်ပြီး တိုက်ခိုက်မိလိုက်တာပါပဲ ... ”

“အို ... ဖြစ်မှဖြစ်ရလေနွယ်ရယ် ... ”

“အခု ... ကိုမိုးဇော်ကို စွပ်ပေးလိုက်တဲ့လက်စွပ်က ... မော[illegible] လက်စွပ်ပါ ... ပြီးတော့လေ ... ”

မနွယ်စကားပြောရပ်ရင်းဖြင့် ကျွန်တော်၏ ညာ လက်ကို ဖြေးညင်းစွာ ပွတ်သပ်ကိုင်တွယ်ရင်း ...

“ကိုမိုးဇော်ရဲ့ စွဲလမ်းခြင်းလွဲမှားမှုကို ကျွန်မ ‘နွယ်’ ဆိုတဲ့ သူက မလှောင်ရက်ပါဘူးရှင် ... ”



“ကိုမိုးဇော် ... ”

“ဗျာ ... ”

“ကျွန်မလည်း စွဲလမ်းမှုတွေနဲ့ ရှုးနေတဲ့သူပါ ... ကျွန်မ ရင် ဖွင့်ချင်နေတာကြာပါပြီ ... သည်လက်ကလေး ကိုမိုးဇော် ကို အစားထိုးပေးထားခဲ့တဲ့ လက်ဟာလေ မောင်ရဲ့လက် ပါ ... ”

“ဗျာ ... ”

“ဟုတ်တယ် ... ကိုမိုးဇော် ... မောင်က ... ဆရာဝန်ပီသ စွာနဲ့ သူ့ရဲ့ခန္ဓာကိုယ်ကို မသေခင်ကတည်းက လှူဒါန်းခဲ့ တယ် ... အဲဒီမှာတင် တိုက်တိုက်ဆိုင်ဆိုင် ကိုမိုးဇော်နဲ့နွယ် **accident** ဖြစ်ပြီး မောင့်လက်က ကိုမိုးဇော်ဆီ ရောက်ခဲ့ ပြီလေ ... နွယ် မကြာခဏ ကိုမိုးဇော်ဆီ ရောက်လာတာ ဟာ မောင့်ရဲ့ လက်ကလေးကို မြင်ချင်လို့ပါ ... အခု လက် စွပ်ကလေးနဲ့ဆိုတော့ ... မောင်မှမောင်ပါပဲ ... သည်နေ့ ခြောက်လပြည့်ပြီ ... ကျွန်မ ငိုချင်လွန်းလို့ပါ ... မထင်မှတ် ဘဲ ကိုမိုးဇော်ရဲ့ ခံစားမှုကို သိလိုက်ရတဲ့အခါ အံ့အားသင့် သွားတယ် ... သိလား ... ကိုမိုးဇော်က ... သည်အစားထိုး လက်ကို ကိုမိုးဇော်ရဲ့လက် ကိုမိုးဇော်ရဲ့ကိုယ်အင်္ဂါအစိတ် အပိုင်းတစ်ခုလို့ လက်မခံသေးဘူး ... အဲဒီလိုပဲ ... နွယ်

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့လည်း သည်လက်ကလေးဟာ မောင့်ရဲ့လက်လို့ပဲ ယူဆတယ် … နှယ်တို့နှစ်ယောက်ရဲ့ ခွဲလမ်းမှုဟာ လွဲမှားနေသလားဟင် … နှယ်လေ အဲဒီ ခွဲလမ်းမှုကြောင့် ကိုမိုးဇော်ကို ရင်းနှီးခင်မင်မိတယ် … ပြီးတော့ … မောင့်ရဲ့လက်ကလေးကို ကိုမိုးဇော်ကို ခင်မင်ချင်စရာကောင်းတဲ့လူရဲ့လက်ထဲ အပ်လိုက်ရလို့ ကျွန်မ ဝမ်းသာမိတယ် … ”

“နှယ်ရယ် … ”

“ကိုမိုးဇော် … နှယ့်ကို နားလည်ပါနော် … ကျွန်မကိုလေ အဲသည့်လက်ကလေးနဲ့ … ဆံပင်လေးတွေကို သပ်ပေးပါ… ပါးကလေးတွေကို ပွတ်ပေးပါ … နှုတ်ခမ်းလေးတွေကို တို့ပေးပါ … ”

ဟုပြောရင်း ထိုလက်ဖြင့် သူမ၏ဆံနွယ်များ ပါးနုနှင့် စိုစွတ်နေသော မျက်ရည်စများကို သူမကိုယ်တိုင် ကိုင်တွယ်ယူငင်၍ ပွတ်သပ်ရင်း ငိုပါသည်။ စကားများ အဆက်မပြတ်ပြောရင်း ‘မောင်ရယ်’ ‘မောင်ရယ်’ ဟု တတွတ်တွတ် ရွတ်ဆိုနေရှာပါသည်။

ကျွန်တော်၏နှလုံးသွေးများ ဆူပွက်လာပါသည်၊ နှယ်၏ခန္ဓာကိုယ် အနှံ့အပြားကို ထိတွေ့နေသည်မှာ ထိုလက်ဖြစ်ပါသည်။ ကျွန်တော် စဉ်းစားမိသွားပါသည်၊ အမှန်တရား အမှန်တရား



ကိုတွေ့ပြီ၊ ကျွန်တော်၏ ‘လက်’ မဟုတ်ဟု ခံယူထားသော ကျွန်တော်သည် ထို‘လက်’နှင့် ထိတွေ့မိသော အတွေ့အထိကို ကိုယ်နဲ့မဆိုင်သလိုဘဲ နေလိုက်ပါတော့လား။ သာယာမှုမဖြစ်ဘဲ နေပါတော့လား။ အခုတော့ မဟုတ်ပြီ၊ ကျွန်တော့်နှလုံးသွေးများ ဆူပွက်နေပြီ။ ထိုလက်မှတစ်ဆင့် စီးဆင်းလာသော သာယာကြည်နူးမှုများသည် ကျွန်တော်၏ အသိခံစားမှုအာရုံထဲသို့ အဆက်မပြတ် ဝင်ရောက်နေချေပြီ။ ထို‘လက်’သည် ကျွန်တော့်လက်ဖြစ်သည်။ ကျွန်တော်ရဲ့ အင်္ဂါအစိတ်အပိုင်းစစ်စစ် ဖြစ်နေကြောင်း ကျွန်တော် သဘောပေါက်ပါပြီ။ နှယ်ကား ငိုကောင်းဆဲ၊ ရှိုက်ကောင်းဆဲ၊ ဆန္ဒရှိလေသမျှ ထိုလက်ဖြင့် ကိုယ်တိုင်ယူငင် ကိုင်တွယ်ဆဲ၊ တဖြည်းဖြည်းနှင့် အရှိန်မြင့်လာသော ခံစားမှုသည် ထိုလက်၊ ဤလက်ရွေး၍ အသိတရားကို မတားဆီးနိုင်တော့ပါ … ။

တင်းရင်းစွာ အပြန်အလှန် ပွေ့ဖက်ရင်းဖြင့် စကားသံများ၏နေရာတွင် ရင်ခုန်သံများက အစားထိုးဝင်ရောက်လာပါသည်။ ငိုသံ၊ ရှိုက်သံများ ငြိမ်သက်သွားပါပြီ။ တင်းရင်းစွာ ပွေ့ဖက်ထားသော ကျွန်တော်၏ လက်အစုံကို သူ ငြင်းဆန်ရန်မေ့နေပြီလား၊ နှယ်တစ်ယောက် သူမကို ဖက်တွယ်နေသော လက်သည် ခည်သူ၏လက် ဖြစ်သည်ဟု ဆန်းစစ်နေပါသေးရဲ့လား။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ မဆန်းစစ်နိုင်တော့ပြီ၊ ဆန်းစစ်စရာလည်း လိုမည်မထင်တော့။ ထိသည်၊ သိသည်၊ ခံစားသည်။ မခြောက်သေးသော မျက်ရည်စများဖြင့် ကျွန်တော့်ကို ကြည့်နေသော မနွယ်၏ မျက်ဝန်းအစုံကို ကြည့်ရင်း စိတ်ထဲတွင် မေးမြန်းနေမိသည်။ စောစောက အစွဲအလန်းကြီးတယ်လို့ ပြောခဲ့ကြတဲ့ ကျွန်တော်တို့နှစ်ယောက်ရဲ့ စကားက တကယ်လားဟင်၊ တကယ်ပြောတာပါနော်။ မနွယ်ဟူ၍ အတွေးထဲတွင် အဖော်စပ်ကြည့်မိသည်။ လက်တွေ့တွင်မူကား တုန်ရီမောဟိုက်သောအသံဖြင့် ...

"နွယ် ... ကျွန်တော်သိပြီ ... ကျွန်တော်လက်ခံသွားပြီ ...
ဒါတွေဟာ ကျွန်တော့်လက်တွေ ... ကျွန်တော့်လက်တွေ...
ဟုတ်တယ်နော် မနွယ် ... ဟုတ်တယ်နော် ... "

ကမ္ဘာ့ရှူးထိုးဖြင့် မနွယ်ကိုမေးနေမိပါသည်။ မနွယ်ထံမှ တုံ့ပြန်လာမည့်အဖြေကိုလည်း သိချင်နေပါပြီ။ မနွယ်၏ နှုတ်ခမ်းအစုံမှ စကားလေး မပွင့်တပွင့် ထွက်လာပါသည်။ ထိုစကားကတော့ ... ။

ဇော်လွင်ဦး




www.burmeseclassic.com

www.burmeseclassic.com



## တက်ပါ

ခု ကျွန်မကိုယ်ကျွန်မ သိတယ် ... ဒါပေမဲ့ ချက်ချင်းပဲ ပတ်ဝန်းကျင်အခြေအနေကြောင့် ကျွန်မကိုယ်ကျွန်မ ဇဝေဇဝါနဲ့ဝေတိမ်တောင်ဖြစ်သွားတယ် ... ကျွန်မ'မိမိလှိုင်'ပါ။ တကယ်ပါ... အဖေနာမည်က ဦးကျော်မြင့်ကွန်း (ကွယ်လွန်)နဲ့ အမေဒေါ် ချစ်ချစ်တို့က မွေးခဲ့တဲ့ တစ်ဦးတည်းသောသမီးပါ ... နေတာက ရန်ကုန်ပြည် ကားလမ်းပေါ်က 'အိုးသည်ကုန်'ဆိုတဲ့မြို့ကလေးမှာ နေပါတယ် ... ဒါပေမဲ့ ကျွန်မတို့ဟာ အိုးသည်ကုန်းသူ၊ အိုးလုပ်ကုန်သားတွေ မဟုတ်ပါဘူး ... ကျွန်မတို့ဇာတ်က အိုးသည်ကုန်း နောက်ဆက်က 'ဖက်ဆွတ်'ဆိုတဲ့ရွာပါ ... အဖေနဲ့အမေဟာ အဲဒီရွာမှာပဲ အိမ်ထောင်ကျကြတယ် ... နောက်တော့ အဲဒီရွာကနေ

www.burmeseclassic.com

အိုးသည်ကုန်းကို ပြောင်းလာကြတယ် ... အဖေတို့ခေတ်က တစ်ဖက်နိုင်ငံက ပစ္စည်းတွေကို သယ်ပြီး ကုန်ကူးတဲ့ခေတ်ပါ ... ဒီတော့ အဖေလည်း အများမိုးခါးရေ သောက်ကြတဲ့အတိုင်း မှောင်ခိုကုန်ကူးပြီး အသက်မွေးဝမ်းကျောင်းပြုခဲ့ပါတယ် ... ။

ကျွန်မ မှတ်မိပါတယ် ... ကျွန်မ ဆယ်နှစ်သမီးလောက်မှာ အဖေနှလုံးရောဂါနဲ့ ရုတ်တရက် ကွယ်လွန်သွားပါတယ်... အဲဒီတုန်းက မေမေ့အသက်က သုံးဆယ့်ငါးနှစ်လောက်ရှိ မယ်ထင်ပါတယ် ... ကျွန်မ ဆယ်တန်းအောင်တဲ့နှစ် ဆယ့်ရှစ်နှစ်သမီးအရွယ်ရောက်မှ မေမေက နောက်အိမ်ထောင်ပြုပါတယ် ... အိမ်ထောင်ပြုချိန် မေမေ့အသက်က လေးဆယ်ကျော် ... မေမေ့ရဲ့ နောက်အိမ်ထောင်က မေမေ့ထက် အသက်နည်းနည်းငယ်တယ်... အိုးသည်ကုန်းမြို့က ကျွန်မတို့နေတဲ့ ဇီဇဝါဆိုတဲ့ လမ်းသွယ်က ထွက်လိုက်ရင် ရန်ကုန်ပြည်လမ်းမကြီးကို တွေ့ရပါတယ် ... ဘူတာရုံနဲ့ မနီးမဝေး ရန်ကုန်–ပြည်လမ်းမကြီး တစ်နေရာမှာ အဝေးပြေးကားတွေကို ဆီပြည့်ပေးတဲ့ ဓာတ်ဆီဆိုင်တစ်ဆိုင် ရှိပါတယ် ... အဲဒီဓာတ်ဆီဆိုင်မှာ မေမေ့နောက်အိမ်ထောင်က ဆိုင်မန်နေဂျာလုပ်ပါတယ် ... နာမည်က ကိုစိုးလတ်တဲ့ ... ကျွန်မက 'ကိုလတ်ကြီး' လို့ ခေါ်ပါတယ် ... အသက်က လေးဆယ်မပြည့်တပြည့် ... ။



ကျွန်မ ဘာမှားလို့လဲ ... အဲဒါ 'မိမိလှိုင်' လို့ခေါ်တဲ့ ကျွန်မရဲ့ ဘဝတစ်စိတ်ဒေသ၊ ဒါပေမဲ့ သူတို့က ပြီးတော့ မယ်မယ်ကြီးလို့ အားလုံးကခေါ်ကြတဲ့ မိန်းမကြီးက ... ။

မီးလေးနန်းမြမွန် သတိထားပါကွယ် ... အားလုံးက သွန်မြောက်ခဲ့ပါပြီ ... အားလုံးဟာ ပြီးဆုံးသွားပါပြီ၊ သားကြီးစိုင်းနှ ကောင်းရာသုဂတိ လားပါစေလို့သာ ဆုတောင်းပါတော့ ... လို့ ကျွန်မနားကိုကပ်ပြီး တတွတ်တွတ်ပြောနေတယ် ... မယ်မယ်ကြီးနာမည်က ဒေါ်နန်းကြာရဲ့လို့ ခေါ်တယ်ဆိုတာလည်း သိရတယ်၊ နောက်တော့ ခုနကပြောတဲ့ စိုင်းနန္ဒဆိုတဲ့လူရဲ့ညီ စိုင်းဖေယျာဆိုသူလည်း ကျွန်မကို မမှိတ်မသုန် ကြည့်ပြီး ... 'ညီမလေးရယ်... အဖြစ်ကဆိုးလိုက်တာကွယ်' လို့ အသံတုန်တုန်နဲ့ ဆိုတယ် ... သူ့မျက်တိုင် မျက်ရည်တွေစဲလာတယ် ... ။

လောလောဆယ်တော့ ဘာတွေမှန်းမသိဘူး ... ကျွန်မဟာ မိမိလှိုင်မဟုတ်ဘဲ သူတို့ပြောတဲ့ နန်းမြမွန်လား ... ဟာ မဟုတ်ပါဘူး ... အို ရုပ်ရှင်တွေထဲက ဝတ္ထုတွေထဲကလို ကျွန်မဟာ အတိတ်မေ့နေတဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး ... ဒါနဲ့ တစ်ခုတော့ ကျွန်မဝန်ခံရမယ် ... ကျွန်မမိမိလှိုင်တစ်ယောက် ဒီကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးကို ဘယ်လိုရောက်လာ

www.burmeseclassic.com



မှန်းတော့ မသိတာအမှန်ပဲ ... ပြီးတော့ သူတို့ပြောတဲ့ ကျွန်မရဲ့ ခင်ပွန်းလို့ပြောတဲ့ စိုင်းနန္ဒဆိုတာလည်း ကျွန်မမသိဘူး ... ကျွန်မ နောက်ဆုံးသိတာကလေးတစ်ခုတော့ ပြောပြချင်တယ် ... ။

အဲဒီနေ့က ကျွန်မ ကျော်ကျော်နဲ့ မင်္ဂလာဆောင်ကြတယ် ... ကျော်ကျော်ဆိုတာက ကျွန်မတို့ အိုးကုန်သည်မြို့က ကျွန်မနဲ့ကျောင်းနေဖက်ပါ ... အများက ကိုဝင်းကျော်လို့ခေါ်ပါတယ် ... နှစ်ယောက်စလုံး ဆယ်တန်းအောင်ကြတဲ့နှစ်မှာပဲ သမီးရည်းစားဖြစ်တယ် ... တစ်နှစ်မပြည့်တပြည့်လောက်မှာ သူ့မိဘနဲ့ ကျွန်မမိဘတွေ ညှိနှိုင်းဆွေးနွေးကြပြီး ကျွန်မတို့နှစ်ယောက်ကို မင်္ဂလာဆောင်ပေးတယ် ... အဲ ... အဲ သတိရပြီ၊ ကျော်ကျော်နဲ့ ကျွန်မတို့ကိစ္စကို နှစ်ဖက်မိဘတွေ ညှိနှိုင်းဆွေးနွေးကြတယ်ဆိုတာ မင်္ဂလာဆောင်ချိန်မှာ ကျော်ကျော့်မှာ အလုပ်မရှိဘူး ... ကျွန်မကလည်း ဆယ်တန်းအောင်ပြီးပေမယ့် ရရာအလုပ်ကို မလုပ်ဘဲ တက္ကသိုလ်ဆက်တက်ရမလိုလို ... ဘာသင်တန်း၊ ညာသင်တန်းပဲ တက်ရမလိုလိုနဲ့ ယောင်ခြောက်ဆယ်ဖြစ်နေတဲ့အချိန်ပါ၊ ပြောရဦးမယ် ... ကျွန်မတို့နှစ်ယောက် မင်္ဂလာဆောင်ချိန်မှာ ကျွန်မဗိုက်ထဲမှာ ကိုယ်ဝန်နှစ်လလောက်ရှိနေပြီ၊ ဒီအကြောင်းတွေအပါအဝင် တခြားအကြောင်းဥဿုံတွေကို ညှိနှိုင်းကြတာပါ ... ကျွန်မတို့



မင်္ဂလာဆောင်တော့ ကျော်ကျော်တို့ဘက်က မင်္ဂလာခန်းဝင်ပစ္စည်းအစုံနဲ့ ငွေငါးသိန်းတင်တောင်းပါတယ် ... ပြီးတော့ ကျော်ကျော် အလုပ်မရခင်စပ်ကြား ကျွန်မ မေမေ့ဆီမှာပဲ အတူနေကြမယ်လို့ သဘောတူကြပါတယ် ... ။

"ပြီးတော့ သမီးဗိုက်ထဲမှာလည်း ရင်သွေးကလေးရလာပြီဆိုတော့ စိတ်မဆင်းရဲအောင် ပိုပြီး သတိထားနေရမယ် ... မနက်ကလာတဲ့ ဆရာဝန်က သမီးနှလုံးက သိပ်မကောင်းဘူးလို့လည်း ပြောတယ် ... ဘာပဲဖြစ်ဖြစ်ကွယ် ... မွေးလာမယ့်ကလေးဟာ သားကြီးနဲ့သမီးတို့ရဲ ရင်သွေး၊ မယ်မယ်ရဲ့အသည်းအသက်လေးပါ ... "

ဒေါ်နန်းကြာရဲ့က ကျွန်မအနားတာ နှာခါနီးမှာ ကျွန်မကို လိုလေသေးမရှိအောင် ပြုစုဖို့ အနားက အစေအပါးတွေကို အထပ်ထပ်မှာနေသေးတယ် ... အင်းဗိုက်ထဲကကိစ္စ ဗိုက်ထဲက ကျွန်မကလေးကိစ္စကတော့ ကျွန်မ အများအယွင်းမရှိဘဲ အသေအချာသိပါတယ်၊ ကျော်ကျော်နဲ့ ရည်းစားဖြစ်တုန်းက၊ ဟုတ်ပါတယ် အဲဒီတုန်းက ရခဲ့တဲ့ ကိုယ်ဝန်ပါ ... ဒါပေမဲ့ ... ခု ... စိုင်းနန္ဒရဲ့ကိုယ်ဝန်လို့ ပြောနေကြတယ် ... ။

www.burmeseclassic.com

www.burmeseclassic.com



အစကတည်းက ကျွန်မကို သူတို့ပြောတဲ့ နန်းမြမွန်နဲ့ မှားနေတာဆိုတော့ ဗိုက်ထဲက ကိုယ်ဝန်ကိစ္စလည်း ဆက်ပြီး ပွားကြတော ဖြစ်မှာပါ။ ဒါပေမဲ့ ထူးထူးခြားခြား တိုင်ဆိုင်မှုကြောင့်တော့ ကျွန်မ အံ့ဩမိတယ်၊ ဒါဟာ ဘာလဲဆိုတော့ သူတို့ပြောတဲ့ နန်းမြမွန်ဆိုတဲ့ မိန်းကလေးမှာလည်း ကျွန်မလို ကိုယ်ဝန်နှစ်လလောက် ဆောင်ထားရတဲ့အဖြစ်ပဲ၊ ကျွန်မကို ဆေးရုံကနေ ဒီအိမ်ကြီးကို ခေါ်လာကြတာ တစ်ရက်မပြည့်သေးဘူး ... နေ့ဝက်ကျော်ကျော်ပဲ ရှိဦးမယ် ... ကျွန်မက ဆေးရုံပေါ်မှာ နှစ်ရက်လောက် သတိမေ့နေပြီး ကျန်တဲ့သုံးရက်က ကျွန်မခေါင်းက ဒဏ်ရာကို ဆေးထည့်နေရတယ်၊ ဖျားသွေးရှိနေလို့လည်း ဖဆေးတိုးဆေးသောက်လုပ်နေရသေးတယ် ... ဒီနေ့မနက် ကိုးနာရီလောက်မှ ... ဒီအိမ်ကြီးကို ကျွန်မရောက်လာတာလို့ သူတို့ပြောလို့ သိရတယ်၊ နောက်တစ်ခု ထပ်သိရတာက ... စိုင်းနန္ဒရဲ့ အသုဘကို ကျွန်မ သတိမေ့နေတုန်း ဆေးရုံကပဲ စည်ကားသိုက်မြိုက်စွာ ချလိုက်တယ်ဆိုတာပဲ ဒီအချိန်မှာ 'ကျွန်မဘာဖြစ်လို့ ဒီနေရာကို ရောက်လာတာလဲ' ဆိုတာ မေးချင်လိုက်တာ ပါးစပ်ကို ယားနေတာပဲ ... ဒါပေမဲ့ စိုင်းနန္ဒရဲ့ ကိစ္စကို သူတို့ ပူဆွေးနေကြတဲ့အပြင် ရက်လည်ကိစ္စနဲ့ အခြားဟာ



ကိစ္စတွေအတွက် အလုပ်များနေကြတယ် ... ဗျာများနေကြတယ်၊ အသုဘကိစ္စကြောင့် အိမ်ကြီးကိုရောက်လာတဲ့ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတွေက တစ်သုတ်ပြီးတစ်သုတ်မို့ သူတို့မှာ အချိန်အားရတယ်မရှိဘူး ... ကျွန်မ မမေးဖြစ်ဘူး၊ မေးဖို့အချိန်မရဘူး ... နောက်ဆုံး ကျွန်မ ဘယ်ဆေးရုံပေါ်က ဆင်းလာသလဲဆိုတာတောင် မသိဘူး ... ။

ဒါပေမဲ့ သူတို့ စိုင်းနန္ဒအကြောင်းကို ပြောရင်းက စိုင်းနန္ဒဘာကြောင့် သေရတယ်ဆိုတဲ့ အကြောင်းများ တစ်စွန်းတစ်စ ပါလာမလားလို့ ကျွန်မ ... နားစွင့်ကြည့်မိတယ် ... ဧည့်ခန်းထဲမှာ သူတို့တစ်တွေ ထိုင်ပြီး စကားပြောနေတုန်း နားထောင်ရရင်တော့ စိုင်းနန္ဒသေတဲ့အကြောင်း သိမယ်ထင်ပါတယ် ... ခုဥစ္စာတသူတို့ရဲ့ ဆွေမျိုးတွေက ကျွန်မအခန်းထဲကို ရောက်ပြီး ... ။

"နန်းမြမွန် နေကောင်းပြီနော် ... သနားရတာရားလို့ ဘယ်သူမှ မလွန်ဆန်နိုင်ပါဘူးကွယ် ... စိတ်ဖြေပါ ..."

စသည်ဖြင့် ကျွန်မ ကျန်းမာရေးနဲ့ ကျွန်မနဲ့ပတ်သက်တဲ့ လောကီကိစ္စအကြောင်းတွေကိုခြည်း ပြောနေတော့ စိုင်းနန္ဒအကြောင်းကို သိခွင့်မရဘူး ... အဲဒါကြောင့်များ စိုင်းနန္ဒ

www.burmeseclassic.com



ဘာဖြစ်လို့ မေးရသလဲဆိုတာ သိခွင့်ရရင် ကျွန်မလည်း ကျွန်မအဖြစ်ကို ဆက်စပ်စဉ်းစားလို့ရတာပေါ့ ... ။

ဒါပေမဲ့ စဉ်းစားစရာတစ်ခုက ကျွန်မခေါင်းက ဒဏ်ရာပဲ ... ဒဏ်ရာက ချိုစောင်းမှာနှစ်ချက်၊ ပြီးတော့ နဖူးနဲ့နားသယ်စပ်တွေမှာလည်း ရှိသေးတယ် ... တစ်ကိုယ်လုံးလည်း ကိုင်ရိုက်ထားသလို နာကျင်ကိုက်ခဲနေတယ် ... ဒီဒဏ်ရာတွေ ဒီဝေဒနာတွေဟာ ဘာကြောင့်ရရသလဲ ... လူတစ်ယောက်ရဲ့ရိုက်နှက်တာခံလိုက်ရသလား ... ဒါမှမဟုတ် ကားမှောက်လို့ရတဲ့ဒဏ်ရာလား... ကားမှောက်တာဆိုရအောင် ... ကျွန်မလို အိုးကုန်းသည်က ဘယ်ကားစီးပြီး ဘယ်နေရာမှာ ကားမှောက်တာလဲ ... အဲဒါကို ခေါင်းမှာရှိတဲ့ သဲလွန်စဒဏ်ရာကြောင့် အထပ်ထပ်စဉ်းစားကြည့်တယ်... ဘယ်လိုမှ စဉ်းစားလို့မရဘူး ... အဖြေမပေါ်ဘူး ... ။

ဒီတော့ ကျွန်မ ခဏလိုက်လျှော့လိုက်တယ်၊ သူတို့အလုပ်အားချိန်၊ စိုင်းနန္ဒရဲ့ ရက်လည်ဆွမ်းသွတ်ပြီးချိန်မှ ကျွန်မအဖြစ်ကို မေးလည်းမေး၊ ပြီးတော့ ကျွန်မ နန်းမြမွန်မဟုတ်ဘဲ မိမိလှိုင်ဖြစ်တဲ့အကြောင်း ပြောလည်းပြောရင်း ကျွန်မဘာဝအမှန်ကို ရင်ဖွင့်လိုက်မယ်လို့ စိတ်ကူးထားတယ်၊ အင်း ... ဆန်းတော့ အဆန်းသား



ရှင့် ... အို မြန်မာပြည်အလယ်ပိုင်း အိုးသည်ကုန်းဆိုတဲ့ မြို့ကလေးက သာမန်မိသားစုက မွေးတဲ့ မိမိလှိုင်ဆိုတဲ့ မိန်းကလေးဟာ ခုတော့ ဘယ်အရပ်ဒေသမှာရှိမှန်း မသိတဲ့ အလွန်ကြီးကျယ်ခမ်းနားတဲ့ အိမ်ကြီးတစ်အိမ်ပေါ် ရောက်နေတယ်၊ ချိုင့်ဝန်းတဲ့မိသားစုအလယ်မှာ ရောက်နေတယ် ... ပြီးတော့ စိုင်းနန္ဒရဲ့ညီ စိုင်းဓေယျဆိုတဲ့လူကလည်း ကျွန်မကို သိပ်ဂရုစိုက်တာပဲ၊ သူ့အကြည့်မျက်လုံးတွေထဲမှာ လင်သေသွားတဲ့ကျွန်မအပေါ် သနားဂရုဏာသက်တဲ့အရိပ်အငွေ့အပြင် အခြားအဓိပ္ပာယ်တွေလည်း ပါလာသလိုပဲ ... အင်းလေ ဒါပေမဲ့ အိုးသည်ကုန်းမှာ ကျွန်မနဲ့ ပူပူနွေးနွေး လက်ထပ်ခဲ့တဲ့ ကျော်ကျော်ကရှိသေးတယ်၊ ကျော်ကျော်တို့ ကျွန်မမေမေတို့ဟာ ထူးထူးဆန်းဆန်းနဲ့ ပျောက်သွားတဲ့ကျွန်မအတွက် စိုးရိမ်သောကရောက်နေကြမယ် .... ဒေါင်းတောက်နေကြမယ် ... ခုတော့ ကျွန်မ အစက ပြောသလို ကျွန်မကိုယ်ကျွန်မ အမှန်သိပါတယ် ... ဒါပေမဲ့ ကျွန်မနဲ့ရင်ဆိုင်နေရတဲ့ အသိုင်းအဝန်းတွေကြောင့် ရှုပ်ချင်းပဲ ကျွန်မကိုယ်ကျွန်မ ဇဝေဇဝါ နဝေတိမ်တောင် ဖြစ်သွားတယ် ... ကျွန်မဟာ နှစ်ကိုယ်ခွဲရုပ်ရှင်တွေထဲကလို နန်းမြမွန်နဲ့ ရောချင်းခွဲမရအောင် တူနေတဲ့ မိမိလှိုင်လား ... ဒါမှမဟုတ် တကယ်

www.burmeseclassic.com

www.burmeseclassic.com



ဝဲ ကျွန်မဟာ နန်းမြမွန်လား၊ တွေးကြည့်ရင် ကျွန်မအဖြစ်က စိတ်ကူးယဉ်ဝတ္ထုတွေထဲကလိုပဲလို့ ပြောချင်တယ် … ဒါပေမဲ့ ယုံပါ… ကျွန်မ အမှန်တကယ် အိုးသည်ကုန်းက မိမိလှိုင်ပါ … ။

—— ၂ ——



ရက်လည်ဆွမ်းသွတ်ပြီးတဲ့အထိ၊ ကျွန်မကိစ္စ ဘာမှ မပြောနိုင်သေးဘူး … ရက်လည်ပြီးပေမယ့် ဒီအိမ်မှာ နှစ်ညသုံးည နေဦးမယ် … အိပ်ဦးမယ်ဆိုတဲ့ ဧည့်သည်တွေကလည်း ရှိတယ်၊ မိုင်းနန္ဒကိစ္စကို ပြောကြဆိုကြ၊ တမ်းတကြ၊ ပူဆွေးကြတုန်းရှိသေးတယ် … ဒါကြောင့် ကျွန်မလိုဘကို ဆက်ပြီး ချုပ်တည်းထားရတယ်၊ ကျွန်မရောက်နေတဲ့ နေရာက ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နဲ့ မိုင်ငါးဆယ်လောက်အကွာမှာရှိတဲ့ 'အဲမွန်လှိုင်' ဆိုတဲ့ရွာတဲ့၊ ရွာဆိုပေမယ့် မြို့တစ်မြို့နီးပါးကြီးပါတယ် … ရဲစခန်းတစ်ခုရှိတယ်၊ အလယ်တန်းကျောင်းနဲ့ စာတိုက်နဲ့ ကြေးနန်းရုံးလည်းရှိတယ် … ဈေးကွက်တစ်ဈေးနဲ့ တော်တော်စည်းစည်းကားကားရှိတယ် … အထူးသဖြင့်ရွာစရောက မြို့ကလေးတစ်မြို့လောက်ရှိတဲ့ ရွာတစ်ရွာလုံးမှာ

www.burmeseclassic.com



သက်ကယ်မိုးထရံကာ သွပ်မိုးပျဉ်ကာ ပြီးတော့ ... တိုက်တာ အဆောက်အဦအချို့ကို သူ့အဆင့်နဲ့သူ ဆိုသလို တွေ့ရတဲ့ကြားက ကျွန်မရောက်နေတဲ့အိမ်ကြီးရဲ့ ကြီးကျယ်ခမ်းနားပုံပါဝဲ ... အိမ်ကြီး က နှစ်ထပ်တိုက်ခံအိမ်ကြီးပါ။ ရှေးတုန်းကတော့ သန္တိစော်ဘွားမျိုး နွယ်ထဲက စော်ဘွားတစ်ဦး ... သူ့မယ်တော်က ကြင်ယာတော် များတာ မကြိုက်လို့ သူ့ရဲ့ အငယ်အနှောင်းကြင်ယာတော်နဲ့ တိတ် တဆိတ်စံမြန်းတဲ့ ဟော်နန်းတော်တဲ့ ကျွန်မကိုပြုစုဖို့ ကျွန်မအနား မှာခေါ်ထားတဲ့ မိုးလေးဆိုတဲ့ကောင်မလေးက ပြောပါတယ် ... နောက် နေထိုင်ကြတဲ့ ခေါ်နန်းကြာရဲတို့ကလည်း စော်ဘွားမျိုး နွယ်တွေလို့ဆိုပါတယ် ... သူတို့က ဒီအိမ်ကြီးကို ပြင်ဆင်မွမ်းမံထား တာပါတဲ့ ... ဟုတ်ပါတယ်၊ အိမ်ကြီးက သစ်လွင်နေပေမယ့် ပုံ သဏ္ဌာန်ကတော့ ရှေးဆန်ပါတယ် ... ခန်းခန်းငယ် အသွယ်သွယ် နဲ့ အမိုးအရံအကာတွေက ခုလစ်မွန်းသစ်တွေ၊ ဘုံပြသာဒ်တွေနဲ့ပါ။ အိမ်ကြီးရှေ့က ဆင်ဝင်တောင် တကာယ်ဆင်တစ်ကောင် ဝင်ရပ်လို့ ရအောင် မြင့်ပါတယ် ... အလွယ်ပြောရရင်တော့ ခုနစ်ဆောင်ပြိုင် အိမ်ကြီးပေါ့ ... ။

တိုက်တိုက်ဆိုင်ဆိုင် ဒီအိမ်ကြီးကိုရောက်တဲ့ ငါးရက် မြောက်နေ့၊ ကျွန်မ အိပ်ရာကထပြီး ထူထူထောင်ထောင် လမ်း



လျှောက်နိုင်တဲ့နေ့မှာ အဲ့မှန်လှိုင်ရဲ့ ငါးရက်တစ်ဈေးနေ့နဲ့ ကြုံပါ တယ်၊ မိုးမလင်းခင်ကပဲ ဟိုခပ်ဝေးဝေးက လူသံသူသံတွေ ကြား နေရတယ်၊ ရှမ်းလို ပအို့(ဝ်)လို လီကွေလို့ ပြောနေကြတယ်ဆိုတာ ကျွန်မ ရိုးတိုးရိတ်တိတ် သိနေသလိုပဲ၊ ကျွန်မ အိပ်ခန်းတံခါးကို ဖွင့်ကြည့်လိုက်တော့ သိပ်သည်းတဲ့ လေအေးအချို့က ကျွန်မမျက် နှာကို ပြေးဆောင့်တယ်၊ ပတ်ဝန်းကျင်မှာ အမှောင်နဲ့ပိန်ပိန် ရှိနေ သေးတယ်၊ ဒါပေမဲ့ တော်တော်ကြာတော့ ယောက်ျားအချို့ နွား တွေ မြင်းတွေ၊ ကျွဲတွေဆွဲသွားကြတာ၊ တောင်ပေါ်သူအချို့ ကျော ပိုးခြင်းအရှည်ကြီးတွေနဲ့ ရှမ်းအစားအစာနဲ့ ဟင်းသီးဟင်းရွက်တွေ ကြက် ၊ ဘဲစတဲ့ ရောင်းစရာတိရစ္ဆာန်တွေကို လွယ်လာကြတာ ... မှိန်တိမှိန်မွှားအလင်းရောင်နဲ့ လှမ်းမြင်ရတယ်၊ ကျွန်မဟာ အဲ့မှန် ကျိုင်ရဲ့အရုဏ်ဦးရှုခင်းကို ကြည့်ချင်စိတ်နဲ့ကြည့်နေမိတယ် ... ။

"ညီမလေး ငါးရက်ဈေးကို သွားချင်ပြန်ပြီလား ... "

နောက်က ပြေးလိုက်ကာ စိုင်းဇေယျာရဲ့ အသံဆို တာ သိလိုက်တဲ့ခဏမှာ 'ဟုတ်တယ် ကိုလတ်'လို့ ကျွန်မ နှုတ်က လွတ်ခနဲထွက်သွားတယ် ... ။

"ဪ ... ညီမလေး တို့ကို ကိုလတ်လို့ခေါ်ပြီ ... ဒီ တော့ ကိုကြီးနန္ဒကို တို့က ပိုပြီး သတိရတယ် ... တို့မှာ

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက်ပဲရှိတာ ... ကိုကြီးပြီးရင် ကိုငယ်ပဲ ဖြစ်ရမှာပေါ့ ... ဘာလို့ တို့ကို ကိုလတ်လို့ခေါ်မှန်း မသိပါဘူး ... ဒါပေမဲ့ ညီမလေးက နှုတ်ကျိုးပြေထင်တယ်နော်"

ပြောပြီး စိုင်းဓေယျက ရယ်လို့ ကျွန်မပါ ရောရယ်မိတယ်၊ ကျွန်မက သူဟာ အသားလတ်လို့ 'ကိုလတ်'လို့ ခေါ်လိုက်မိသလား။ မဟုတ်ရင် အိုးသည်ကုန်းက မေမေ့နောက်အိမ်ထောင်ကို ကျွန်မက ကိုလတ်ကြီးလို့ ခေါ်နေကျမို့ စိတ်အမှတ်သညာထဲမှာ ရောထွေးသွားသလား မသိပါဘူး ... ဒါပေမဲ့ သူနဲ့အတူ ချော်လဲရောထိုင်ပြီး ရောရယ်နေလိုက်ပါတယ်၊ ရယ်ရင်းက ... ကျွန်မဟာ ငါးရက်တစ်ဈေးဖြစ်တဲ့နေ့နဲ့ ကြုံရရင် မသွားဘဲမနေနိုင်တဲ့သူမို့ ဒီနေ့ လည်း ကျွန်မကို သူ လိုက်ပို့ပါမယ်လို့ ပြောတယ် ... မှန်တာပြော ရရင် ကျွန်မစိတ်တလည်း အဲဒီဈေးကို သွားချင်နေပါတယ်၊ အဲ့ မေမေကြီးကို ဈေးဘက်သွားဦးမယ်လို့ အသိပေးပြီး သူနဲ့အတူ ဈေး ကိုရောက်ပါတယ် ... ။

ကျွဲတွေ၊ နွားတွေ၊ မြင်းတွေ၊ လားတွေနဲ့ ရှုပ်ယှက် ခတ်နေတာပဲ၊ ကျွန်မက မိန်းကလေးမို့ လက်ဖွဲ့အားသစ်ပင်အောက် မှာတွေ့ရတဲ့ အပုံလိုက်၊ အပုံလိုက် ချရောင်းနေတဲ့ ရှမ်းပန်းတွေကို ပို သဘောကျတယ်၊ အရောင်အသွေးစုံတဲ့ နေကြာပန်းတွေ၊ မေမြို့



တွေ၊ ရှမ်းဒီလုံးပန်းတွေ စုံလို့ပါပဲ ... အိမ်ကအထွက်မှာ ကျွန်မက မနက်စောစောစာကို ငြင်းခဲ့လို့ ခု ကျွန်မ ဗိုက်ထဲက ဆာလာပါ တယ် ... ခေါ်ပုပ်၊ ခေါ်ပြင်၊ ပဲပုပ်နဲ့ ရှမ်းတို့ဟူးတွေ ရောင်းတဲ့အတန်း ကို ကျွန်မ လှမ်းကြည့်မိတယ် ... ။

"ရှမ်းတို့ဟူးတဲ့လား ညီမလေး ..."

"အင်း ..."

"သိတယ် ... သိတယ် ... ညီမလေးအကြိုက်ကို တို့သိနေ တယ် ..."

ပြီးတော့ ရှမ်းတို့ဟူးကို ငရုတ်သီးစပ်စပ်နဲ့ ထည့်ပြီး စားရင် ကြိုက်တယ်ဆိုတာ စိုင်းဓေယျ ဘယ်လိုသိနေမှန်း မသိပါ ဘူး။ ကျွန်မတို့ဟူးပန်းကန်ထဲကို ငရုတ်သီးစိမ်းတွေ ထောင်ထားတဲ့ ပိန့်လို့ခေါ်တဲ့ ရှမ်းအစပ်တစ်မျိုးကို ခပ်ထည့်ပေးတယ်။

"ကိုလတ်က ကျွန်မကြိုက်တာတွေကို အကုန်သိနေတယ် နော် ... ဘယ်တုန်းက သိနေတာလဲ ..."

ကျွန်မ အမေးကြောင့် စိုင်းဓေယျာက ကျွန်မကို တွေခနဲလှမ်းကြည့်တယ်၊ သူ့မျက်နှာဟာ တစ်မျိုးဖြစ်သွားတယ်။

"သိရက်သားနဲ့ ညီမလေးရယ် ... ဘာလို့ မသိချင်ယောင် ဆောင်နေရတာလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကိုယ့်ဘဝကိုယ် ဖျတ်ခနဲ သတိရလိုက်တယ်။ ကျွန်မဟာ မိမိလှိုင်ဆိုတော့ မိမိလှိုင်အနေနဲ့ ကိုယ် မသိတာကို မေးလိုက်တာပါ။ ဒါပေမဲ့ သူက ကျွန်မကို နန်းမြမွန်အနေနဲ့ စကားပြောနေတာ မဟုတ်လား။ သူ့စကားအသွားအလာအရ နန်းမြမွန်နဲ့ သူတို့ဟာ အတိတ်အကြောင်း တစ်ခုခုတော့ရှိလိမ့်မယ် ... ဒါနဲ့ ကျွန်မက ကျွန်မရဲ့စကားများကိုဆက်ဖို့ ပါးစပ်ပြင်နေတုန်းပဲ ...

"ကိုကြီးဆုံးတာ ရက်လည်ပြီးရုံရှိသေးတယ် ... ဒီစကားမျိုးတွေ မပြောသင့်ဘူးဆိုတာ ကိုလတ်သိပါတယ် အမွန်ရယ်... ဒါပေမဲ့ အမွန်သိထားဖို့က အမွန်ကို ကိုကြီးအရင် ကိုလတ်က စတွေ့ခဲ့တာပါ ... "

ကျွန်မက 'အင်း'လိုက်တယ်၊ ခေါင်းငုံ့ထားတယ်၊ အသားလေး ငြိမ်နားထောင်နေတာက သူတို့အတိတ်တွေကို ကျွန်မ သိချင်လို့ပါ ... ဘာပဲဖြစ်ဖြစ် ကျွန်မဟာ အိုးသည်ကုန်းသူဆိုတာ ရှင်းပေမယ့် မိန်းမပီပီ စပ်စုချင်စိတ်လေးတော့ရှိတယ်နေတယ်။

"ဒါပေမဲ့ ..."

"ဟုတ်တဲ့ ... ပြောပါ ... "

"ဪ ... ဘယ်လိုဖြစ်နေတာလဲ အမွန်ရယ် ... ကိုလတ်ကို တစ်စိမ်းလို ဟုတ်ကဲ့တွေဘာတွေနဲ့ ပြောလို့ ... "



ကျွန်မမှားရွေးပြန်ပြီ၊ ကျွန်မကိုယ်ကျွန်မလည်း အပြစ်တင်မိတယ်၊ ကျွန်မ သူတို့အတိတ်အကြောင်းကို သိဖို့လိုရှိ့သား သိစရာမလိုပါဘူး၊ သိချင်စိတ်လည်း မဖြစ်သင့်ပါဘူး၊ ကျွန်မသတ်တလော စဉ်းစားဆင့်တာက ဒီအိမ်ကြီးက အိမ်သားတွေထဲမှာ ကျွန်မနဲ့ စတင်ရင်းနှီးနေတာ စိုင်းဇေယျဆိုတော့ သူ့ကို ကျွန်မအဖြစ်နေပုံနဲ့ ကျွန်မ ဘယ်သူဆိုတာကို ဖွင့်ပြောသင့်သလား၊ ပွင့်ပွင့်လင်းလင်းမဟုတ်တောင် အရိပ်အမြွက်လောက် ပြောပြသင့်သလားဆိုတာပဲ ... ခုတော့ ကျွန်မအဖြစ်က ချော်တောငေါ့နေတယ် ...၊

"အို မဟုတ်ပါဘူး ... အမွန်ခေါင်းက မူးနောက်နောက်နဲ့မို့လို့ ... ဟို ... ဟိုလေ ... "

ကျွန်မက ဒီလိုစကားလွှဲပြောလိုက်တော့ ...

"အင်း ... ဟုတ်လိမ့်မယ် ... ခေါင်းက ဒဏ်ရာက မကျက်သေးဘဲကိုး ... လို့ ခွင့်လွှတ်တဲ့အကြည့်နဲ့ ကျွန်မကို ဖြိုးဖြိုးကြီးကြည့်ရင်း ပြောတယ် ပြီးမှ ...

"ဒါပေမဲ့ ... အဲဒီ ဒါပေမဲ့ဆိုတာက အမွန်သိပါတယ် ... ကိုကြီး ခုလို ရုတ်တရက်ဆုံးသွားတော့ ဘဏ်တိုက်ဗွာငွေတွေ သိန်းပေါင်းများစွာ ကျန်ခဲ့တဲ့အပြင် ... နေအိမ်ခြံနဲ့တိုက်၊ မန္တလေးနဲ့လားရှိုးဆွဲနေတဲ့ ကုန်တင်ကားသုံးစီး၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မန္တလေးမှာလည်း လုံချင်းတိုက်တစ်လုံး ဝယ်ထား
သေးတယ်တဲ့ ... အဲဒါတွေ အမွန်သိမှာပေါ့ ... ပြောချင်တာ
က လင်သေတော့ အဲဒါတွေအားလုံးဟာ အမွန်နဲ့ဆိုင်သွား
တယ် ... အမွန်တစ်ဦးတည်းပိုင်ပစ္စည်းတွေဖြစ်သွားတယ်"

ဘုရား ဘုရား။ ကျွန်မတစ်သက်နဲ့တစ်ကိုယ် တစ်ခါ
ဘူးမှ မကြားဘူးတဲ့ ငွေကြေးကိန်းဂဏန်း၊ စည်းစိမ်ဥစ္စာ၊ ခြံမြေ
တိုက်တာပစ္စည်းတွေပါလား၊ ဒီခဏမှာ ကျွန်မရင်ထဲ ဟဒိတ်ဒိတ်
မြည်လာတယ်။

"ပွင့်ပွင့်လင်းလင်းပြောရရင် အမွန်ရယ် ... အရွယ်ရှိသေး
တော့ နောက်အိမ်ထောင်ပြုသွားမှာ မယ်မယ်ကြီးက စိုးရိမ်
နေတယ် ... ငွေတွေ စည်းစိမ်ဥစ္စာတွေ တစ်စိမ်းလက်ထဲ
ရောက်သွားမယ့်အပြင် အမွန်ဗိုက်ထဲက သူ့မြေးလေးလည်း
ပထွေးနဲ့နေရမှာကို လုံးဝ မလိုလားဘူး ... ဒါကြောင့်"

ကျွန်မ သူ့မျက်နှာကို အလိုအလျောက် မော့ကြည့်
လိုက်တယ်။ သူကလည်း ကျွန်မကို ပြန်ကြည့်နေတယ်၊ ခုမှ သူ့
အကြည့်၊ သူ့မျက်လုံးတွေရဲ့ အဓိပ္ပာယ်ကို ကျွန်မ ရှင်းရှင်းသိလိုက်
တယ်။

"ကိုလတ်နဲ့အမွန်တို့ရဲ့ အတိတ်ကို မယ်မယ်ကြီးမသိပါဘူး



ဒါပေမဲ့ ရုတ်တရက် ဖြစ်ပေါ်လာတဲ့ အခြေအနေကြောင့်
ဒီလထဲမှာ အစီအစဉ်တစ်ခု ချထားပုံရတယ် ... အဲဒါက
တော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ရအောင် အမွန်နဲ့
ကိုလတ်ကို ... "

ကျွန်မတို့ တို့ဟူးဆိုင်က ထလာခဲ့တယ်၊ စိုင်းဓေယျ
ပါ ...

"အဲဒါကြောင့် ကိုကြီး ရုတ်တရက် ဆုံးပါးသွားတာ ... ကံဆိုး
တယ်ဆိုပေမယ့် အမွန်တို့ ကိုလတ်တို့အဖို့တော့ ကံကောင်း
တယ်လို့ မပြောချင်တဲ့စကားကို အမွန်သိအောင် ပြောတာ
ပါ ... "

လို့ ဆယ်ပြောရင် သူ့စကားသူ အဆုံးသတ်တယ်၊
ကျွန်မစိတ်ထား တစ်မျိုးဖြစ်သွားသလား။ အိမ်ရောက်တော့ ကျွန်မ
ကိုယ်ကျွန်မ ပြန်မေးမိတယ်၊ ခုအတိုင်းဆို သူတို့ နန်းမြမွန်လို့ ထင်
နေတဲ့ မိမိလို့ပ်ဟာ နေ့ချင်းညချင်း သိန်းပေါင်းများစွာ ချမ်းသာတဲ့
သူဌေးမလေး ဖြစ်နေပါပေါ့လား၊ ပြီးတော့ သာမန်မိန်းမတစ်
ယောက်အနေနဲ့ ဘာမှငြင်းစရာမရှိတဲ့ စိုင်းဓေယျဆိုတဲ့ သူနဲ့လည်း
လက်ထပ်ကြရဦးမှာပါလား၊ ပြဿနာလည်း ဘာမှမရှိ ရှေ့ဆောင်
နဲ့ရခဲ့တဲ့ ကျွန်မဗိုက်ထဲက ကလေးကို သူ့အစ်ကို စိုင်းနွန့်ရဲ့ကလေး၊

www.burmeseclassic.com

www.burmeseclassic.com



သူတူလေးလို့ စိုင်းဖေယျက ယုံကြည်ပြီးသား၊ တစ်ခုပဲ စိုးရိမ်စရာ ရှိတယ်၊ တကယ့်နှန်းမြမ္မန်အစစ်ဟာ တစ်ချိန်ချိန်မှာ ဘွားခနဲပေါ် လာမှာကိုပဲ၊ ဒါပေမဲ့ မျက်ဝန်းတစ္ဆေမကြောက် နှောင်ခါလာနောင် ဈေးဆိုတဲ့ သဘောမျိုးထားနိုင်ရင် ဘာမှမဖြစ်သေးတာကို တွေးပူ နေစရာ မလိုပါဘူး … ။

ဒီလိုဖြင့် … ဟာ မဖြစ်သေးပါဘူး … ။



လူဆိုတာ ဖောက်ပြန်တဲ့သတ္တဝါတစ်မျိုး မဟုတ် … ဟန်ဆောင်နေလိုက်ပြီး အလွယ်ကလေးရမယ့် ငွေကြေးဥစ္စာ …စိမ်တွေကို ခဏတော့ မက်သွားမိတယ်၊ ဒါပေမဲ့ စိတ်ကို အနည် …ဆိုင်ထားပြီး သတိလေးနဲ့ ပြန်တွေးကြည့်တော့ မေမေ့မျက်နှာ … တော့်ကျော့်မျက်နှာကို ပြေးမြင်တယ်၊ မေမေဟာ ကျွန်မ …ကသွားတဲ့နေ့ကတည်းက မျက်ရည်တရွှဲရွှဲနဲ့ နေ့တိုင်းငိုနေမယ်၊ …ကျော်ကလည်း ပါးစပ်က တဗျစ်တောက်တောက် ပြောပြီး …နဲ့ ပြည် ကားလမ်းပေါ်က မြို့တွေအကုန် လျှောက်စုံစမ်းမယ်၊ …ရင် လက်မှိုင်ချပြီး ပြန်လာမယ်၊ စိတ်ညစ်အောင်ဆိုပြီး အရက် …အောင် သောက်မယ် … ၊ ဟုတ်တယ်လေ၊ သူ့ဘက်က …ရင်လည်း ကျွန်မဟာ သူ့ရဲ့ ပုပုနွေးနွေး လက်ထပ်ပြီးခါ…နီး …မဟုတ်လား … ။

www.burmeseclassic.com



ဒီတော့ ကျွန်မတို့ ဗုဒ္ဓဘာသာမှာ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ် ... အကုသိုလ်လုပ်ရင် အကုသိုလ်တွေဖြစ်မယ်လို့ ဆုံးမထားတယ်၊ မဟုတ်မမှန်တာဟာ မုသာဝါဒပဲ၊ မကောင်းမှုပဲ ... ကျွန်မ ခုလောလောဆယ် ငွေမက်လို့ ဟန်ဆောင်နေလိုက်ရင်လည်း မဟုတ်မမှန်တာ၊ ပြောဆိုလိမ်ညာနေလိုက်ရင်လည်း အစဥ်အမြဲ မဟုတ်ဘူး၊ ခဏပဲ ငွေကြေးစည်းစိမ်တွေ အပေါ်မှာ ခံစားရမယ်၊ နောက်တော့ အကြောင်းတစ်ခုကြောင့် ကျွန်မအိမ်ပေါ်မှာပဲ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးလေ ... ဒီတော့မှ ကျွန်မ အရှက်ကြီးရှက်ရမယ် ... ။

ဒါကြောင့် အိမ်ကြီးမှာ လူစုံတုန်း တစ်နေ့မှာ ကျွန်မ ကိစ္စကို ဖွင့်ပြောလိုက်တယ်၊ ပထမဆုံး အံ့သြတကြီး အသံထွက်လာတာက မယ်မယ်ကြီး ... ။

"ဘာ ... ဘာပြောတယ် သမီး ... သမီး ဘယ်လိုပြောလိုက်တာလဲ ..."

"ကျွန်မ မှန်တာပြောတာပါ ... ကျွန်မဟာ မယ်မယ်ကြီးတို့ ထင်သလို နန်းမြမွန် မဟုတ်ပါဘူး၊ ကျွန်မဟာ ဟို ရန်ကုန်ပြည် ကားလမ်းပေါ်မှာရှိတဲ့ အိုးသည်ကုန်းဆိုတဲ့ မြို့ကလေးက မိမိလှိုင်ဆိုတဲ့ မိန်းကလေးပါ ...



"ဟာ ... ဘာတွေ ပြောနေတာလဲ ... မဟုတ်မဟပ်တွေလို့ မယ်မယ်ကြီးရဲ့ မောင်အငယ် စိုင်းဟန်ဘာက အသံမာမာနဲ့ ကျွန်မကို လှမ်းအော်တယ် ... သူတို့တစ်တွေ ဒီလိုဖြစ်သွားကြမယ်ဆိုတာကို ကျွန်မ ကြိုခန့်မှန်းမိပြီးသားဆိုတော့ ကျွန်မ မအံ့သြဘူး ... စိတ်မဆိုးဘူး ... စိတ်မပျက်ဘူး ... လေအေးအေးနဲ့ ကျွန်မရဲ့နောက်ကြောင်းဘဝ တစ်စိတ်တစ်ဒေသကို တစ်လုံးချင်း ပြောပြတယ် ... သူတို့တစ်တွေဟာ ကျွန်မ တည်တည်ငြိမ်ငြိမ်ပြောနေပုံကို ငြိမ်ငြိမ်သက်သက်ပဲ နားထောင်နေပေမယ့် တစ်ဦးတစ်ယောက်ရဲ့မျက်နှာမှာမှ ယုံကြည်တဲ့လက္ခဏာ မတွေ့ရဘူး ... အထူးသဖြင့် ကျွန်မအပြောကြောင့် စိုင်းမေယုဘာ တစ်ခါတစ်ခါ မျက်လုံးပြူးသွားတယ် ... စိတ်ပျက်တဲ့အမူအရာနဲ့ ထိုင်နေရင်း ခေါင်းတယမ်းယမ်းလုပ်တယ် ... နောက်ဆုံးတော့..."

"မန္တလေးက ခရီးသည်တွေ တင်လာတဲ့ကားတစ်စီးဟာ နှစ်ဆယ့်တစ်မိုင်ကျော်ကျော်မှာ မှောက်သွားတယ် ... စိုင်းနန္ဒလည်း ဝါသွားတယ်လို့ သူနဲ့သိတဲ့ သူနာပြုတစ်ယောက်က သီပေါကို ဖုန်းဆက်လို့ တို့ နောင်ချိုဆေးရုံကို နာရီပိုင်း

www.burmeseclassic.com

www.burmeseclassic.com



အတွင်း ရောက်သွားတာပါ ... ဟိုကျတော့ စိုင်းနန္ဒအသက် မရှိတော့ဘူး ... နန်းမြမွန်ကိုတော့ ဆေးရုံပေါ်မှာ သတိမေ့ နေတာ တွေ့ရတယ် ... နန်းမြမွန်ဟာ ဆေးရုံပေါ်မှာ နှစ် ရက်တိတိ သတိမေ့နေတယ် ... ခု သတိရလို့ အိမ်ကို ပြန် ရောက်တော့ သူ့ကိုယ်သူ အိုးသည်ကုန်းက မိမိလှိုင်လို့ ပြော နေတယ် ... အို တော်တော်ဆန်းတာပဲ ... မဟုတ်ကဟုတ် တွေ ... ဟား ... ဟား ... ”

စိုင်းဟန်သာဟာ ပြောလည်းပြော ... ရယ်လည်း ရယ်လုပ်နေတယ်၊ သူရယ်တာ တော်တော်ကြာသွားတော့ ...

“စိုင်းဟန်သာ ... ” လို့ ခေါ်ပြီးဟန့်လိုက်တဲ့ မယ် မယ်ကြီးရဲ့မောင်၊အကြီး စိုင်းဗလရဲ့အသံကို ကြားရတယ်၊ ချက်ချင်း စိုင်းဟန်သာ ရယ်သံတိတ်သွားတယ်၊ ကိုယ့်အလုပ်ကိုယ်လုပ်တဲ့ သဘောနဲ့ ကျွန်မက ကိုယ့်အကြောင်းကို ဆက်ပြောနေတယ်၊ အမိကအချက်ဖြစ်တဲ့ ကျွန်မဗိုက်ထဲက ကလေးဟာ အိုးသည်ကုန်း က ကျော်ကျော်နဲ့ရခဲ့တဲ့ ကလေးဆိုတာပါ ... ပါအောင် ကျွန်မ ထည့်ပြောလိုက်တယ်၊ ခုအခါမှာတော့ ကျွန်မ စကားစပြောတုန်း ကလို သူတို့မျက်နှာပေါ်မှာ အံ့ဩဟန် မယုံကြည်ဟန်တွေ မတွေ့ ဘဲ သူတို့အမူအရာတွေနဲ့ အကြည့်တွေက တစ်မျိုးဖြစ်နေတယ်



မအပေါ်မှာ တော်တော် သနားကရုဏာသက်နေတယ်ဆိုတာ မယ်ကြီးအကြည့်က အပေါ်လွင်ဆုံးပဲ ... ။

“စိတ်ကို ငြိမ်ငြိမ်ထားပါ ... တောင်တွေးမြောက်တွေး တွေးမနေပါနဲ့ ... အမွန်ဟာ တို့ရဲ့တူ စိုင်းနန္ဒရဲ့ဇနီး နန်းမြမွန် ဖြစ်တယ်ဆိုတာ မမေ့ပါနဲ့ ... စိုင်းဗလက လေအေးအေးနဲ့ ကျွန်မကို ဖျောင်းဖျတယ် ... အဆုံးမတော့ သူတို့အားလုံး က ကျွန်မကို စိတ်မမှန်ဘူးလို့ သတ်မှတ်လိုက်ပြီဆိုတာ ကျွန်မသိလိုက်တယ် ... ”

“အဲဒီတုန်းက အမွန်တို့ကိုင်လာတဲ့ ခရီးဆောင်အိတ်နှစ်လုံး ကို ရဲတွေက ပြန်ပေးလို့ တို့အိမ်ကိုယူသွားတယ် ... အဲ ... အဲ ပြီးတော့ ကားပေါ်မှာ အမွန်ဖတ်ခဲ့တဲ့ ဝတ္ထုစာအုပ်တစ် အုပ်လည်း အမွန်မေ့လဲနေတဲ့ နေရာက ပြရတာပဲ ... စိုင်းနန္ဒ အဝတ်အစားထည့်ထားတဲ့ အိတ်ထဲမှာ ငွေနှစ်သောင်း ကျော်ပါတယ် ... အဲဒါတွေတောင် တို့မေ့နေလို့ အိမ်က ပြန်မယူခဲ့ရသေးဘူး ... အဲဒီတော့ အမွန်ရယ် တို့ ခုနက ပြောသလို အမွန်ဟာ တို့တူစိုင်းနန္ဒရဲ့ဇနီး နန်းမြမွန်မှ နန်း မြမွန် အစစ်ပါ ... ”

စိုင်းနန္ဒကပဲ စိတ်ရှည်လက်ရှည် ဆက်ရှင်းပြတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မယ်မယ်ကြီးကတော့ သက်ပြင်းရှည်တစ်ခု ဆွဲချတယ်။

"နောက်အပတ်လောက် အားတဲ့တစ်နေ့မှာ မယ်မယ်ကြီး နဲ့အတူ သွားကြမယ်၊ ဟိုမှာ သမီးမေမေ နှန်းလွှင်လွှင် သမီး ကိုစောင့်နေတယ် ... သမီးကို နန်းလွှင်လွှင်နဲ့ ရုတ်တရက် တွေ့မပေးတာက သမီး သတိရစရာတွေကို တစ်ခုချင်း တစ်ဆင့်ချင်း သတိရသွားစေချင်လို့ ပြီးတော့ နောင်ချိုရဲ့ ရှုခင်းတွေ၊ သမီးတို့နေတဲ့ အိမ်ကြီး၊ နောက် သမီး အင်မတန် ချစ်တဲ့ သမီးမေမေကို ပြန်တွေ့ရင် သမီးစိတ်တွေ ငြိမ်သွား မှာပါ ... ပြောပါသမီးရယ် ... စိုင်းနန္ဒဟာ မယ်မယ်ကြီးရဲ့ သားအရင်းပါ ... မယ်မယ်က ပိုပြီး ပူဆွေးသောကရောက် တာပေါ့ ... စိတ်ဂရောက်ဂယက် ဖြစ်တာပေါ့၊ ဒါပေမဲ့ ဖြ လာတဲ့အကြောင်းကိုကွယ်၊ ကျိတ်မှိတ်ဖြေပါ့တယ် သ လေးလည်း ... "

ကျွန်မ မယ်မယ်ကြီးကိုပဲ သက်ပြင်းဆွဲချမိတ ကျွန်မအဖြစ်က ရှင်းလေရှုပ်လေ၊ လှုပ်လေမြှုပ်လေ အဖြစ်ဆို သဘောပေါက်လာတယ်၊ အခြေအနေအလုံးစုံကို ကြည့်ပြီး ကျွ သေသေချာချာ နားလည်လိုက်တာ တစ်ခုတော့ရှိတယ်၊ ဘာပဲ ဖြစ်ဖြစ် တော့ ဒီလောကကြီးမှာ ကျွန်မ မိမိလိုင်နဲ့ ခွဲမရအောင် ချုတ်စွတ်



တဲ့ နန်းမြမွှန်ဆိုတဲ့ မိန်းကလေးတစ်ယောက် အမှန်တကယ် ရှိနေပြီ ဆိုတာကိုပဲ၊ တကယ်လို့ ကျွန်မ နောင်ချိုကို လိုက်သွားရင် နောင် ချိုက နန်းမြမွှန်အမေက ကျွန်မကို သူ့သမီး နန်းမြမွှန်လို့ ခုချထင် မှာပဲ၊ ဘာထူးမှာလဲ ... ဝေ့လည်လည် ဒီဇာတ်ကြောင်းနဲ့ ဒီစကား တွေပဲ ကျွန်မတို့ ပြန်ပြောနေရဦးမှာပဲ ... ကျွန်မ နောက်ဆုံး စိတ် ထုံးထားတာတော့ရှိတယ်၊ တကယ်လို့ ကျွန်မအဖြစ်မှန် ဘဝမှန်ကို အကြောက်အကန် ပြောရမယ့်အခြေအနေရောက်လာရင် ကျွန်မက နှုတ်နဲ့ ပြောမနေတော့ဘူး၊ မယ်မယ်ကြီးကို လက်ဆွဲပြီး အိုးသည် ကျွန်းသာ အရောက်သွားလိုက်တော့မယ်၊ အဲဒီကျမှ နန်းမြနွယ်လား လှိုင်လားဆိုတာ ရုပ်လုံးပေါ်မယ်လေ ... ။

နောက်နေ့တွေမှာ ကျွန်မအတွက် ဆရာဝန်တစ် ယောက် ရောက်လာတယ်၊ စကာပူက စိတ်ရောဂါအထူးကုသတဲ့ ဆရာဝန်တဲ့၊ သူက စကာပူမှာနေပြီး အဲဒီမှာရှိတဲ့ ပုဂ္ဂလိက ဆေးရုံ မှာ နှစ်ရှည်စာချုပ်နဲ့ အလုပ်လုပ်ရင်း မိဘတွေကို တွေ့ချင် ကြောင့် မြန်မာပြည်ကို ခွင့်ယူပြီး ခေတ္တပြန်လာတာတဲ့ ... နှစ်ပါးစလုံးနဲ့ မှန်လှိုင်မှာရှိတယ်၊ လူပျိုလူလွတ် အသက်သုံး ဆယ့်ငါးနှစ်ရှိ ကျော်ရုံလောက်ပဲ ရှိမယ် ... ၊ နာမည်က ကိုခင်မောင်ထွေး တဲ့ ... ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအဖြစ်က ရယ်လည်းရယ်ချင်ရဲ့၊ လှုပ်သထက်ကြွပ်လာပြီ၊ ခု စိတ်ရောဂါအထူးကုဆရာဝန်တွေ ဘာတွေတောင် ခေါ်ပြနေရပြီ ... ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ခုနေခါမှာ ကျွန်မအနေနဲ့ အချိန်အတိုင်းအတာ တစ်ခုသတ်မှတ်ပြီး ပြတ်သားတဲ့ဆုံးဖြတ်ချက်တစ်ခု ချမှတ်ထားဖို့တော့ လိုတယ်၊ နို့မဟုတ်ရင် နေမြင့်လေ အရှုးရင့်လေ ဖြစ်လာလိမ့်မယ်၊ ဟုတ်တယ် ... ခုအချိန်ထိတော့ ဘယ်လို ဘယ်အကြောင်းတွေပဲ ရှိနေနေ ဖြစ်နေနေ ကျွန်မကတော့ အမှန်တရားပေါ်မှာ ခြေစုံရပ်မှာပဲ ... နောက်ဆုံးရဲ့ နောက်ဆုံးအခြေအနေ ဘယ်လိုမှ ရှင်းမရတဲ့ တစ်နေ့မှာ ကျွန်မတစ်ယောက်တည်း အိုးသည်ကုန်းကို ထွက်ပြေးဖို့တောင် ဆုံးဖြတ်ထားပြီးသားပါ ...။

ကျွန်မ အိပ်ခန်းတံခါးကို ဖြည်းဖြည်းတွန်းဖွင့်လိုက်သံ ကြားရတယ်၊ မယ်မယ်ကြီးရဲ့မောင် အကြီး ဦးစိုင်းဗလ အခန်းထဲကို ဝင်လာတယ်၊ ကျွန်မက အိပ်နေရာကပဲ 'ထိုင်ပါဦး ... 'လို့ ပြောပြီး ကျွန်မ ခုတင်ဘေးက ထိုင်ခုံတစ်ခုကို ညွှန်လိုက်တယ်၊ ဦးစိုင်းဗလဟာ ခုတင်ဘေးက ထိုင်ခုံမှာ ဝင်ထိုင်တယ်၊ ကျွန်မကို မမှိတ်မသုန် ခဏကြည့်တယ်၊ ပြီးမှ ...

"ဖြေရှင်းမရတဲ့ နောက်ဆုံးတစ်နေ့မှာ မင်း ဘယ်လိုလုပ်မယ်လို့ ဆုံးဖြတ်ထားသလဲ ... "



"ရှင် ... "

ရုတ်တရက်ကြီး မေးချလိုက်တဲ့ သူ့မေးခွန်းကြောင့် ကျွန်မ တော်တော်အံ့သြသွားတယ်၊ ကျွန်မ ဘာမှ စကားမပြန်နိုင်သေးခင် ...

"ဘာပြုလို့ ငြင်းနေရတာလဲ မိမိလှိုင်း ... တို့တော့ မငြင်းစေချင်ဘူး ... "

သူ ကျွန်မကို သိနေသလား၊ ကျွန်မတစ်ကိုယ်လုံး လှုပ်လှုပ်ရှားရှားဖြစ်တယ် ... ၊ ကျွန်မ အိပ်နေရာက ထထိုင်ရင်း သူ့ကို ရူးရူးဝါးဝါးကြည့်လိုက်တော့ ... ။

"နန်းမြမွန်ဆိုတာ စိုင်းနန္ဒရဲ့မိန်းမ တို့တူမလေးပါ ... စိုင်းနန္ဒနဲ့ အိမ်ထောင်ကျပြီး မကြာခဏ တို့နဲ့ လက်ပွန်းတတီး နေဖူးပါတယ် ... ဒါကြောင့် မင်းကိုတွေ့တဲ့ခဏသာ နန်းမြမွန်လို့ တို့ထင်မိတယ် ... ဟိုနေ့ကမှ မင်းဟာ နန်းမြမွန်နဲ့ ရုပ်ရည်ကော အပြောအဆိုဟန်ပန်နဲ့ အသံရောတူတဲ့ တခြားမိန်းကလေးတစ်ယောက်ဖြစ်မှန်း တို့ ရိပ်မိတယ် ..."

"ဟုတ်ကဲ့ ... အဲဒီတော့ ကျွန်မ ... "

"မဟုတ်ပါဘူး ... တို့ မင်းကို အမှန်အတိုင်း သိနေတယ်လို့ ပြောတာပါ ... အစ်မကြီး နန်းကြာရဲ့ဆီမှာ တို့ဖခင်ပေးထား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ အမွေတွေ အများကြီးရှိတယ် ... သူ့သားနှစ်ယောက်ကိုလည်း သူမသေခင်က အမွေတွေ သိန်းနဲ့ချီပြီး ခွဲပေးထားတယ် ... နန္ဒဟာ စီးပွားရေးကို ဂရုစိုက်သူဆိုတော့ နန်းမြမွှန်နဲ့ အိမ်ထောင်ကျပြီး စီးပွားဖြစ်ထားတာတွေလည်း ရှိတယ် ... အဲဒီတော့ မင်းအတိတ်က မင်းကို မနှောင့်ယှက်နိုင်ဘူးဆိုရင် မင်းဘဝရှေ့ရေးအတွက် သူတို့အထင်ကို မင်းခေါင်းညိတ်လိုက်စေချင်တယ် ... ဒီနေ့ကစပြီး မင်းဟာ နန်းမြမွှန် ဖြစ်သွားစေချင်တယ် ... ”

“ဟာ ဘယ်ဖြစ်မလဲ ... ”

လို့ ကျွန်မနှုတ်က လွှတ်ခနဲထွက် သွားတယ် ... ။

“ဘာကြောင့် မဖြစ်ရမှာလဲ ... ”

“ကျွန်မ မဟုတ်တာ၊ မမှန်တာ လုပ်တာကို မကြိုက်ဘူး... သူတို့ကို အားနာငဲ့ညှာပြီး ဒီလောက်အချိန်ထိ ဒီအိမ်မှာ နေရတာ ... ခုလောက်ဆို ကျွန်မမေမေဟာ ကျွန်မအတွက်နဲ့ အရူးမီးဝိုင်း ဖြစ်နေရှာမယ် ပြီးတော့ ကျွန်မယောကျ်ား ကျော်ကျော် အို ... ဘာပဲဖြစ်ဖြစ် ကျွန်မမှာ နောက်ကြောင်းအေးလေ ဒီလိုဆိုလည်း ကိစ္စမရှိပါဘူး ... မင်း သဘောပါ... မင်းကို တာနာသက်သက်နဲ့ ပြောတာပါ ... အဲ နောက်



တစ်ခု စကားစပ်မိလို့ ပြောရဦးမယ် ... မင်းက နောက်ကြောင်းဆိုလိုပါ ... နန်းမြမွှန်ရဲ့ နောက်ကြောင်းနဲ့ပတ်သက်ပြီးတော့ မင်း စိတ်အေးအေးထားပါ ... နန်းမြမွှန်နောက်ကြောင်းက အေးသွားပါပြီ ... ”

“ဘာ ... ဘယ်လို ဦး ဘာကိုဆိုလိုတာလဲ ... ”

“နန်းမြမွှန်ဟာ လောကကြီးထဲမှာ မရှိတော့ပါဘူး ... သေသွားပါပြီ ... ”

“ရှင် ... ”

ကျွန်မအသံ တော်တော်ကျယ်သွားတယ်၊ စိုင်းနန္ဒနဲ့ ကားမှောက်ရာမှာ အတူတူပါလာသူဟာ (အားလုံးက ဘယ်လိုပဲ ထင်ထင်) ကျွန်မ မိမိလှိုင်ပါ၊ ဒါပေမဲ့ မိမိလှိုင်ဟာ ဘာကြောင့် လေး-လားရှိုးခရီးသည်တင်ကားပေါ်မှာ ပါလာရတာလဲ ... အဲဒီကိစ္စဟာ ခုချိန်ထိ ကျွန်မ ဆက်စပ်တွေးယူလို့ မရသေးတဲ့ကိစ္စ ဖြစ်နေပါတယ် ... ။

“ဒါဖြင့် ဦးကို ကျွန်မ တစ်ခုမေးချင်တယ် ... ကားမှောက်လို့ သတိမေ့ပြီး ဆေးရုံရောက်လာတာ ကျွန်မပါ ... မိမိလှိုင်ပါ ... ဒါပေမဲ့ ကျွန်မ မသိတာက ကျွန်မဟာ ဒီကားပေါ်မှာ စိုင်းနန္ဒနဲ့အတူ ဘာကြောင့် ပါလာရတယ် ... ပြီးတော့ ...”

www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ … တို့ ရှင်းပြပါ့မယ် … ကားပေါ်မှာ ပါလာတာ ကားမှောက်လို့ ဒဏ်ရာရပြီ သတိမေ့သွားတာဟာ မိမိလှိုင်ပါ … ဒါပေမဲ့ မိမိလှိုင်နဲ့ စိုင်းနန္ဒ ကားအတူတူစီးလာကြပေမယ့် တစ်ယောက်နဲ့တစ်ယောက် ဘာမှမဆိုင်ပါဘူး… မသိကြဘူး … ကားမှောက်ပြီး နန္ဒသေတဲ့အချိန်မှာ မိမိလှိုင်ဟာ နန်းမြမွန်နဲ့တူနေလို့ ဒီလိုအဖြစ်တွေ ဖြစ်လာရတာ … "

"မဟုတ်ဘူးလေ … ကျွန်မ ဒီကားကို ဘာကြောင့် စီးလာရတယ်ဆိုတာ … "

"ဒါလား … မိမိလှိုင်မေ့နေပြီထင်တယ် … မိမိလှိုင်ရဲ့သူငယ်ချင်း သူနာပြုဆရာမလေး ခင်ခင်အေးကို မှတ်မိလား … အိုးသည်ကုန်းဆေးရုံ အလုပ်သွားတဲ့ဆရာမလေးလေ … ခု သူက သီပေါဆေးရုံမှာရောက်နေတယ်…မင်းနဲ့ကျော်ကျော်မင်္ဂလာဆောင်ပြီးတော့ ခင်ခင်အေးရှိတဲ့ သီပေါကို ဇနီးမောင်နှံနှစ်ယောက် ပျားရည်ဆမ်းခရီး ထွက်မယ်လုပ်တော့ ကျော်ကျော်က သဘောမတူလို့ စိတ်ဆိုးစိတ်ကောက်ပြီး မင်းတစ်ယောက်တည်း သီပေါကို ထွက်လာတာ … "

ကျွန်မ ခေါင်းကို အလုပ်ပေးတယ်၊ အပြင်းအထန်



စဉ်းစားတယ်၊ ဒါပေမဲ့ ဒီအကြောင်းကို ကျွန်မ အစဖော်လို့ မရဘူး… လုံးဝ စဉ်းစားလို့မရဘူး … ဒီအချိန်မှာ ဦးစိုင်းဗလက ကျွန်မကို ပြုံးပြုံးကြီး လှပ်ကြည့်ပြီး … 'သတိရပြီလား … ' လို့ မေးတယ်၊ ကျွန်မ ခေါင်းသာ ဖွင့်တွင်ခါဖြစ်တယ် … ။

"ထားပါတော့လေ … တို့ နောက်ဆုံး ပြောချင်တာက တို့ဟာ မင်းဘဝမှန်ကို သိတယ် … ဒါကြောင့် ဘာပဲဖြစ်ဖြစ် ချမ်းချမ်းသာသာ နေရအောင် သူတို့ပြောတဲ့ နန်းမြမွန်အဖြစ် ဟန်ဆောင်နေလိုက်စေချင်တယ် … ဒါပေမဲ့ မင်းသဘောပါ … စဉ်းစားပါ … " လို့ နောက်ဆုံးပြောပြီး၊ ထိုင်ရာက ထတယ် … ချက်ချင်းပဲ အခန်းပြင်ကို ထွက်သွားတယ်…"

'ပစ်တိုင်းထောင်ကြိုးရှုပ်တယ်' ဆိုတဲ့စကား ကျွန်မ သွားသတိရတယ်၊ သူဟာသူ စင်းလုံးချောရှိနေတဲ့ ပစ်တိုင်းထောင်ကို ပယောဂတစ်ခုမှုကြောင့် ကြိုးတွေရှုပ်လာရင်တော့ ရှုပ်တဲ့ကြိုးတွေဟာ ဘာကြိုးတွေလဲ၊ ဘာကြောင့် ရှုပ်ရတာလဲဆိုတာ သိချင်တယ်၊ နောက်ဆုံး အဲဒီကြိုးတွေကို ရှင်းပစ်ချင်တဲ့ဆန္ဒ လူတိုင်းမှာ ရှိမှာပါ … ၊ ကျွန်မလည်း ဒီအတိုင်းပါပဲ၊ ကျွန်မဟာ ကျွန်မပိုင်ဆိုင်ကျွန်မ သေသေချာချာ သိထားတဲ့မိမိလှိုင်အဖြစ်၊ ဒီအမိကြီးက တိတ်တဆိတ်ထွက်ပြေးပြီး အိုးသည်ကုန်းကို ပြန်သွားရင် ဒီကိစ္စက

www.burmeseclassic.com

www.burmeseclassic.com



ပြီးသွားပါပြီ၊ နိဗ္ဗိတ်သွားပါပြီ။ ဒါပေမဲ့ ခု ကျွန်မ ဓာတ်လမ်းက ရှင်းရာက တဖြည်းဖြည်း ရှုပ်လာတယ်၊ အဲဒီရှုပ်တဲ့ ဓာတ်လမ်းကို စိတ်ဝင်စားလာတယ်၊ ဥပမာ ရှင် နန်းမြမွန် ဘာကြောင့်ဘယ်နေရာမှာ သေဆုံးရသလဲ … ဒီကိစ္စအပြင် ကျွန်မတောင်မသိတဲ့ (သတိမေ့နေတာလည်း ဖြစ်နိုင်ပါတယ်) သူနာပြုဆရာမလေး ခင်ခင်အေးနဲ့ သူ့ဆီပျားရည်ဆမ်းခရီး ထွက်မယ့်ကိစ္စတွေ၊ ဦးစိုင်းဗလဟာ ဘယ်လိုနည်းနဲ့ သိနေရတာလဲ စသည်ဖြင့်ပေါ့ … ကျွန်မအဖို့တော့ အားလုံးဟာ ခက်ခဲနက်နဲတဲ့ ပုစ္ဆာတွေ ဖြစ်နေပါတယ်၊ ထင်ပါတယ်၊ ဒီပုစ္ဆာတွေကို ဖြေနိုင်ဖို့ လိပ်ပတ်လည်လည် သိနိုင်ဖို့က ဒီအိမ်ကြီးမှာ တော်တော်ကြာကြာ သောင်တင်နေရဦးမယ်လို့ ကျွန်မဘဝအကျိုးပေးကလည်း တစ်မျိုးပါပဲလေ … ။



"ဟောဒါက ကိုကြီးတို့တစ်အိမ်သားလုံး ဝက်ဝံရေတံခွန်ကို ပျော်ပွဲစားထွက်ဟုန်းက ရိုက်ထားတဲ့ဓာတ်ပုံ၊ ထမင်းလုတ်ကို ပါးစပ်ထဲခွံ့မယ့်လုပ်နေတာက အမွန်၊ အမွန့်ဘေးမှာ ထိုင်နေတာက အမွန့်မေမေ နန်းလွင်လွင်၊ ဟောဒါက ကိုကြီးစိုင်းနန္ဒလေ … အမွန် မှတ်မိပြီလား … "

ဓာတ်ပုံရဲ့နောက်ခံရှုခင်းက ရေတံခွန်ကရေတွေ တ[illegible]ဝေါကျူနေတဲ့ပုံ၊ ထမင်းဝိုင်းစားနေကြတဲ့သူတွေက အများကြီး [illegible] ဒါပေမဲ့ စိုင်းနန္ဒရယ် … နန်းမြမွန်ရယ် … နန်းမြမွန်ရဲ့မိခင် [illegible]နန်းလွင်လွင်တို့ရဲ့ ပုံကိုသာ အမိကထား ရိုက်ထားလို့ ပုံကြီး[illegible]အဖြစ် ပေါ်လွင်နေပါတယ်၊ ဝိုင်းအစွန်မှာ ရယ်မောနေတဲ့ စိုင်း[illegible]ပုံကိုတော့ ခပ်မှုန်မှုန် ခပ်သေးသေးမြင်ရတယ် … ။

www.burmeseclassic.com



"ဟော့ ပြီးတော့ ဟောဒါက ကိုကြီးမွေးနေ့တုန်းက ရိုက်ထားတဲ့ဓာတ်ပုံ ... "

နှစ်ယောက်ထဲ မတ်တတ်ရပ်ပြီး စိုင်းနန္ဒရော နန်းမြမွန်ပါ ကြည်ကြည်နူးနူး ရယ်မောနေကြတဲ့ပုံပါ၊ အိမ်ကြီးရဲ့ ရှေ့ပန်းခြံမှာ ညအချိန် ရိုက်ထားတဲ့ပုံပါ၊ စားပွဲတွေ၊ ထိုင်ခုံတွေအပြင် ရောင်စုံမီးလုံးတွေ သွယ်တန်းထားတာကိုလည်း တွေ့ရပါတယ်၊ ဒီပုံကိုမြင်တော့ ကျွန်မရင်ထဲမှာ ဖျတ်ခနဲ လှုပ်သွားသလိုပဲ၊ ဘာကို လှုပ်သွားမှန်းမသိဘူး ... စဉ်းစားတယ် ... စဉ်းစားတယ်၊ အတော်ကြာကျွန်မ မနည်းကြီးစဉ်းစားမှ ... ကျွန်မ သတိရလိုက်တယ်၊ ကျွန်မနဲ့ကျော်ကျော် အိုးသည်ကုန်းမြို့ မင်္ဂလာခန်းမမှာ မင်္ဂလာဆောင်တုန်းက နေ့အချိန်မို့ ရောင်စုံမီးလုံးတွေ သွယ်တန်းမထားပေမယ့် ရောင်စုံပန်းစက္ကူတွေတော့ သွယ်တန်းထားပါတယ်၊ ဒါကို ကျွန်မ သတိရလိုက်တာပါ ... ။

'ဟုတ်တယ် ... ကျွန်မ သတိရပြီ ... 'လို့ ကျွန်မတကိုယ် အတွေးရသလို ပြောလိုက်တော့ ...

"ဟုတ်တယ် ... ညီမလေး သတိရပြီ ကိုလတ် သိပါတယ် အမှန်ရယ် ... မွေးနေ့ပွဲဆိုတဲ့ အသိနဲ့ မွေးနေ့တုန်းက ဓာတ်ပုံတွေကို မြင်ရရင် ... အမှန် သတိရမှာပါ ... ၊ ရှေ့ကြောင်းနောက်ကြောင်းတွေကို အမှန် ဝိုးဝိုးသတိရနေမှာပါ ... "



"အင်း ... "

ကျွန်မအဖြေနဲ့ သူ့အထင်ဟာ တလွဲစီဖြစ်နေမှန်း ကျွန်မသိတယ်၊ ဒါပေမဲ့ စိုင်းဧယျသုံးတဲ့ အသုံးအနှုန်းနဲ့ပြောရရင် ကျွန်မလည်း ဒီအိမ်ကြီးက လူတွေရဲ့ ရှေ့ကြောင်းနောက်ကြောင်းတို သိချင်နေတယ်၊ ဒါကြောင့် ခေါင်းငုံ့နှုတ်ပိတ်ပြီးသာ နေလိုက်တယ် ... ။

"ဒါပေမယ့် အားလုံးကို ချုံပြောပါ့မယ် အမှန် ... အဲဒီတုန်းက ကိုလတ်ရဲ့ အပြုအမူဟာ ရိုင်းစိုင်းခဲ့တာ မှန်ပေမယ့် ကိုလတ်ဟာ အမှန့်ပေါ်မှာ တကယ်ချစ်တာပါ ... "

ကျွန်မ ဒိတ်ခနဲ ရင်ခုန်သွားတယ်၊ ဘေးတိုက်ထိုင်နေတဲ့ သူ့ကို အလေးတကြီး မော့ကြည့်လိုက်တယ်၊ သူက ဟိုးခပ်ဝေးဝေးမှာ မြင်ရတဲ့ ဒုဋ္ဌဝတီမြစ်ကွေ့တစ်နေရာကို ငေးကြည့်နေတယ်၊ ကျွန်မတို့ ထိုင်နေတာက မြစ်ကမ်းနဘေး ကုန်းမြင့်တစ်ခုပေါ်မှာဆိုတော့ မြစ်ကောက်ကွေးကလေးကို ပန်းချီကောက်ကြောင်းတစ်ခုလို သေးသေးမျှင်မျှင်သာ မြင်ရတယ်၊ စိမ်းပုပ်ရောင်သင်ရှူးပင်မြင့်မြင့် မြစ်ကမ်းဘေးတစ်ဖက်တစ်ချက်မှာ ချုံဖုတ်သာသာ အရွယ်လောက်ပဲ ဖြစ်နေတယ်၊ ဒုဋ္ဌဝတီဟာ အတန်ငယ်ဝေးပြီး မြစ်ရဲ့ညာဘက်ကို ချိုးကွေ့သွားရင်း ပျောက်သွားတယ်၊ အဲဒီမြစ်

www.burmeseclassic.com



ကွေ့အဆုံးမှာ တောင်တန်းကြီးတွေက မိုးထိအောင် ကာထားကြတယ်၊ နေရောင်မမြင်ရသေးဘူး၊ မင်းလွင်တွေ နှင်းထုတွေနဲ့ရောပြီး တောင်ပေါ်မှာ မှိုင်းပြာရီဝေနေတယ် … ။

သေသေချာချာ ကြည့်မှ စိုင်းဖေယျုမျက်နှာပေါ်မှာလည်း တောင်ခိုးတွေ ဝေနေတယ်၊ သူ့ရင်ထဲမှာ အမှတ်ရစရာတစ်ခုအတွက် တမ်းတနေပုံထက် ပြဿနာတစ်ခုအတွက် အကျိတ်အခဲဖြစ်နေပုံပဲ … ။

"လာမယ့် လဆန်းသုံးရက်နေ့ဟာ ကိုကြီးဆုံးတာ တစ်လပြည့်တဲ့နေ့ပဲ … အဲဒီနေ့ လပြည့်ဆွမ်းကပ်ပြီး ညဘက်မှာ ကိုလတ်တို့ကိစ္စကို မယ်မယ်ကြီးက ဖွင့်ပြောတိုင်ပင်မယ်လို့ ပြောပါတယ် … ခု ကိုလတ်မေးချင်တာက အမှန် ကိုလတ်အပေါ်မှာ ဘယ်လို နားလည်သဘောပေါက်သလဲ … ခွင့်လွှတ်သလား … ဒါမှမဟုတ် … နာကြည်းမုန်းတီးတုန်းပဲလား … အဲဒါကို … "

ကျွန်မ အကျဉ်းအကျပ်တစ်ခုထဲ ကျသွားတယ်၊ ကျွန်မ ဘယ်လိုဖြေရမလဲ၊ စိုင်းဖေယျုနဲ့ နန်းမြမွန်တို့ရဲ့ အတိတ်အကြောင်းကို ကျွန်မ ဘာမှမသိဘူး၊ ကျွန်မ မသိတဲ့အတိတ်အကြောင်းတွေကို ခွင့်လွှတ်တယ်လို့ ရမ်းသန်းပြောလိုက်ရင် သူ့အလိုကို လိုက်လျောရာကျမယ်၊ ခွင့်မလွှတ်နိုင်ဘူးလို့ ဆိုပြန်ရင်လည်း သူ ကျွန်မကို နန်းမြမွန်အထင်နဲ့ ခွင့်လွှတ်ဖို့တောင်းပန်မယ်၊ နောက်ဆုံး သူ့အလိုကို လိုက်လျောဖို့ အရေးဆိုလာမယ်၊ ကျွန်မအဖြစ်က မတိုးသာမဆုတ်သာ ဘေးကျပ်နံကျပ် အဖြစ်ဆိုး၊ ဒါကြောင့် ကျွန်မက အင်းမလုပ် အဲမလုပ်နဲ့ ငြိမ်သက်စွာပဲ နေလိုက်တယ်၊ အဲဒါ ကျွန်မ အမှားပဲ … ။



သူ့လက်တစ်ဖက်က ကျွန်မ ညာဘက်ပခုံးပေါ်ကို ကျလာတယ်၊ ပြီးတော့ ကျွန်မလက်မောင်းကို လက်နဲ့ဆုပ်ပြီး တင်းတင်းပက်ထားလိုက်တယ်၊ ဒီတော့မှ ကျွန်မခန္ဓာကိုယ်ကို လွန့်ခနဲ လှုပ်ရှားလိုက်တယ်၊ ဖက်ထားတဲ့ သူ့လက်တစ်ဖက်ကို ဖယ်ချလိုက်တယ် … ။

"ကိုလတ် ဒီလိုမလုပ်နဲ့ … "

သူ့ သက်ပြင်းရှိုက်သံ ကြားရတယ် … ။

"ဒီတစ်ခါလည်း အမွန့်ကို ကိုလတ် စွန့်လွှတ်ရဦးမှာလားဟင်း … အမွန်ရယ် … ကိုလတ်ကို မစဉ်းစားနိုင်တော့ဘူးလား … "

ကျွန်မ ထိုင်ရာက ဖြီးဖြီးဖျက်ဖျက်ထတယ်၊ စိုင်းဖေယျုပါ ရောထလိုက်တယ် … ။

www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်လေ ... ဒီတစ်သက်မှာ အမွှန်ကိုလတ်ကိုမချစ်နိုင်တော့ဘူးဆိုတာ အင်း ဘယ်ဝဋ်ကြွေးလည်းမသိပါဘူး... ဝဋ်ရှိရင်တော့ ဒီဘဝနဲ့ ကျေပါစေလို့ ကိုယ် ဆုတောင်းပါတယ် ... "

ခပ်တိုးတိုးပြောလိုက်တဲ့ သူ့စကားသံတွေက ကျွန်မနောက်မှာ ကျန်ခဲ့တယ်၊ မြစ်ကမ်းနဖူး မြေညီလမ်းတစ်နေရာ ကားရပ်ထားတဲ့နေရာကို ကျွန်မ လျှောက်လာပြီး ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်တယ်၊ ခဏကြာတော့ သူရောက်လာပြီး ရှေ့ခန်းမှာ ဝင်ထိုင်တယ်၊ မဖြစ်ပါဘူး၊ ဒီနေ့နက်ဖြန်ဆိုသလို ကျွန်မ အိုးသည်ကုန်းကို ပြန်မှာပါ၊ ခုဥစ္စာက လှုပ်လေမြှုပ်လေ အဖြစ်ကြောင့်ကျွန်မပါ ကြာရင် တစ်ကိုယ်လုံး မြုပ်သွားနိုင်တယ်၊ နစ်သွားနိုင်တယ်၊ ဒီနေ့လို ဗုဒ္ဓဝတီကမ်းနံဘေးက လူသူမရှိတဲ့ နေရာကအဖြစ်ကိုကြည့်၊ တွေးကြည့်ရင် ကြောက်စရာကြီး၊ ကြက်သီးထစရာကြီးလို့ အိမ်ရောက်ပြော့ ကျွန်မ တွေးမိတယ် ...။

ညနေပိုင်းလောက်ရောက်တော့ လာနေကျ ဆရာဝန် ကိုခင်မောင်ထွေးရောက်လာတယ်၊ စိုင်းဇေယျရဲ့ အဖြစ်ကြောင့်အလိုလိုစိတ်ရှုပ်နေရတဲ့အထဲ သူကလည်းတစ်မျှောင့်လို့ ကျွန်မစိတ်ထဲက အပြစ်တင်လိုက်မိတယ်၊ ဟုတ်တယ်၊ သူ ရောက်လာ



ရင် စိတ်ငြိမ်ဆေးတို့၊ အားဆေးတို့ပေးပြီး ချက်ချင်း မပြန်တတ်ဘူး၊ တောင်အောက်ပြန်ရောက် မေးခွန်းတွေကိုလည်း မေးတယ်၊ သူ့မေးခွန်းတွေကို နားထောင်ရတာ ဖြေရတာ ဦးနှောက်ခြောက်တယ်၊ မောတယ်၊ ဒီနေ့လည်း ရောက်ရောက်ချင်း 'နန်းမြမွန် မင်းမမေကို လွမ်းနေတုန်းပဲလား ... ' လို့ မေးတယ်၊ ကျွန်မက ...

"လွမ်းနေတာပေါ့ ... ဘာပြုလို့လဲ ... "

"ဘယ်မေမေ့ကို လွမ်းနေတာလဲ ... "

"ရှင် ... ဘယ်မေမေရှိလို့လဲ ... အိုးသည်ကုန်းက မေမေကိုပေါ့ ... သူ့ခမျာ ကျွန်မပျောက်သွားလို့ ဘယ်လိုဖြစ်နေရှာမလဲ မသိဘူး ... "

"မဟုတ်ဘူးလေး နန်းမြမွန်ရဲ့ ... နန်းမြမွန်ရဲ့မေမေဟာ ဒေါ်နန်းလွင်လွင်မဟုတ်လား ... အိုးသည်ကုန်းက မေမေက မိမိလှိုင်ရဲ့မေမေလေ ... ခု တို့ စကားပြောနေတာ နန်းမြမွန်ကို ပြောနေတာ ... "

'အို ... ရှုပ်လိုက်တာ'လို့ နာခေါင်းရှုံ့ပြီး ကျွန်မပြောလိုက်တယ်၊ သူက ခပ်ပြုံးပြုံးပဲ ကျွန်မကိုကြည့်ရင်း ...

"တို့ တစ်ခုမေးမယ် စိတ်ငြိမ်ငြိမ်ထားပြီး ဖြေပါ ... "လို့ စကားပလ္လင်ခံပြီး၊ အိုးသည်ကုန်းမှာ မိမိလှိုင်တို့အိမ် ရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် အဲဒီအိမ်ခေါင်းရင်းဘက်မှာ နေတာဘယ်သူတွေလဲ… ခြေရင်းဘက်မှာ နေတာကော ဘယ်သူတွေလဲ … ဒီမေးခွန်းကိုတော့ မိမိလှိုင်အနေနဲ့ ဖြေပါ … ”လို့ ဆက်မေးလိုက်တယ် … ကျွန်မစိတ်ထဲက အိုးသည်ကုန်းမှာရှိတဲ့ ကျွန်မအိမ်ရဲ့ ခေါင်းရင်းခြေရင်းမှာ နေတဲ့သူတွေကို ချက်ချင်း စဥ်းစားလိုက်တယ် … အလွယ်ကလေး သိလိမ့်မယ်လို့ ကျွန်မထင်တယ် … ဒါပေမဲ့ ကျွန်မတွေးလို့မရဘူး … ထပ်တွေးတယ် … ကျွန်မ တွေးလို့မရဘူး … ဘာဖြစ်လို့ တွေးလို့မရရမှာလဲ … ကိုယ်နဲ့ အိမ်ချင်းကပ်နေတဲ့သူတွေပဲ ဆိုပြီး မကျေနပ်စိတ်နဲ့ ထပ်ခါတလဲလဲ တွေးကြည့်တယ် မရဘူး … ဘယ်လိုမှ မရဘူး … ”

“ဒီလိုဆိုရင် အိုးသည်ကုန်း အ.ထ.ကမှာ မိမိလှိုင်ဆယ်တန်း အောင်ခဲ့တဲ့ ခုံနံပါတ်ကိုကော မှတ်မိသလား … ”

“ဟင် … ”

“စိတ်ရှုပ်သွားပြီ ကျွန်မ တကယ်ပဲ စိတ်ရှုပ်သွားပြီ၊ ကျွန်မ ခေါင်းတွေလည်း ခြစ်ခြစ်တောက်အောင် ပူလာပြီ၊ ဒါပေမဲ့ ကိုခင်မောင်ထွေးက ခွင့်လွှတ်တဲ့အပြုံးနဲ့ ပြုံးပြီး ထိုင်ခုံမှာ ထိုင်နေရာက ကျွန်မအိပ်ရာပေါ်ကို ပြောင်းထိုင်လိုက်တယ်



သြော် … စိတ်ဝေဒနာရှင်များ တခြားဝေဒနာရှင်တွေထက် သနားစရာကောင်းတာက သူတို့ဝေဒနာ၊ သူတို့ခံစားရပုံတွေကို ပြန်မပြောတတ်တာပဲလို့ တစ်ယောက်တည်း ညည်းသလိုညည်းတယ် … ပြီးတော့ ကျွန်မမျက်နှာကို စိမ်းစိမ်းကြီး ကြည့်နေတယ် … ကိုခင်မောင်ထွေးရဲ့ အကြည့်ထဲမှာ ဆရာဝန်တစ်ယောက်က လူနာကိုကြည့်ပုံထက် ပိုနေတယ် … ကရုဏာနှိမိတ်ပုံတွေ ထဲဖျပ်ဖျပ် တောက်နေတယ် … အမိပ္ပာယ်တစ်ခုခုလည်း ပါနေတယ်”

ကျွန်မလည်း အသွေးနဲ့အသားနဲ့ ဖွဲ့စည်းထားတဲ့လူ သားတစ်ယောက်ပါ၊ ပြီးတော့ မိန်းမသားတစ်ယောက်ပါ၊ ဒါကြောင့် အသောင်းဟာ မီးနဲ့သိပ်မနီးခင် ခပ်ဝေးဝေးပဲ ရှောင်ရမယ်လို့ နားလည်မိပါတယ်၊ နောက်ပြီးတော့ ကျွန်မက ပြဿနာတွေ တစ်ထွေးကြီးနဲ့ မိန်းမဆိုတော့ ဒီထက်ပိုပြီး ရှုပ်သထက် ရှုပ်လာမှာ ကြောက်နေတာယ်၊ ဟုတ်တယ်၊ ကျွန်မ အားလုံးနဲ့ ဝေးရာကို မြန်မြန်ပြေးမှ ကောင်းမယ်ထင်ပါတယ် … ။

www.burmeseclassic.com



စဉ်းစားရင် နေမြင့်လေအရှုးရင့်လေဆိုတဲ့အဖြစ်၊ ဒါ
ကြောင့် ကျွန်မ အရှူးစာတ်ကို တစ်ခန်းရပ်လိုက်တော့မယ်လို့ ယတ်
ပြတ်ဆုံးဖြတ်လိုက်တယ်၊ စိုင်းနန္ဒရဲ့ တစ်လပြည့် ဆွမ်းသွတ်ရမယ့်
နေ့က တစ်ပတ်လောက်လိုသေးတယ်၊ ဒါပေမဲ့ နက်ဖြန်ဆိုရင် အဲ့မှ
လှိုင်ရဲ့ ငါးရက်တစ်ဈေးနေ့၊ ထုံးစံအတိုင်း မနက်စောစော အဲဒီဈေး
ကို ကျွန်မတစ်ယောက်တည်း ထွက်လာမယ်၊ ဈေးကနေ ရွာကား
နဲ့ ကျောက်မဲကို စီးမယ်၊ ကျောက်မဲမှတစ်ဆင့် မန္တလေးကို
အရောက်သွားမယ်၊ အဲဒီကမှတစ်ဆင့် အိုးသည်ကုန်ကိုပေါ့ ...။

ပြီးတော့ ကျွန်မတို့ ကားမှောက်တုန်းက ကျန်ခဲ့တဲ့
အိတ်နှစ်လုံးနဲ့ စိုင်းနန္ဒအိတ်ထဲက တွေ့တဲ့ငွေနှစ်သောင်းကို ဦးစိုင်း
ဗလ 'ကျွန်မကို ပြန်ပေးထားတယ်၊ အိတ်တစ်အိတ်ထဲမှာ ကျွန်



အဝတ်အစားတွေ အပြည့်အစုံပါတယ်၊ အဲ ... အဲ့မှုန်လှိုင်နဲ့ အိုးသည်
ကုန်းသွားရမယ့် ခရီးကိုတော့ ငွေနှစ်သောင်းကျော်နဲ့ လောက်ပါ
တယ်၊ ကျွန်မ စိတ်အေးသွားပြီ၊ သက်ပြင်းချနိုင်ပြီ၊ ကျွန်မက အဲဒီ
လို ကိုယ့်စိတ်ကူးနဲ့ကိုယ် မျက်လုံးမှိတ် ဆက်စဉ်းစားနေတယ် ...။

"မမလေး ... မယ်မယ်ကြီးက ညည့်ခန်းထဲကို လာခဲ့ပါတဲ့..."

မိုးလေးအသံကြောင့် ကျွန်မ မျက်လုံးပြန်ဖွင့်တယ်၊
ညရှစ်နာရီလောက်ရှိပြီ၊ အိပ်ချိန်နီးခါမှ ဘာကိစ္စရှိလို့ ခေါ်ခိုင်းသလဲ
ဆိုတဲ့ အတွေးနဲ့ ကျွန်မ ညည့်ခန်းထဲကို ရောက်လာတယ်၊ ညည့်ခန်း
ထဲမှာ ကျွန်မထိုင်ဖို့ ခုံတစ်ခုံသာ အလွတ်ရှိပြီး ကျန်ထိုင်ခုံတွေမှာ
လူတွေပြည့်နေတယ်၊ ကျွန်မ ထိုင်မယ့်ထိုင်ခုံဘေးမှာ စိုင်းဓမ္မ
သာ ဥရောပဝတ်စုံနဲ့ ထိုင်နေတယ်၊ မယ်မယ်ကြီးက 'ထိုင်သမီး' လို့
ညင်သာတဲ့ အသံနဲ့ပြောပြီး ခုံလွတ်ကိုညွှန်ပြတယ်၊ ကျွန်မ ထိုင်ခုံ
ပေါ်ကို ထိုင်လိုက်ချိန်မှာ မယ်မယ်ကြီးက ညည့်ခန်းထဲက လူတွေနဲ့
တစ်ဦးချင်း မိတ်ဆက်ပေးတယ်၊ ဦးစိုင်းဗလ၊ ဦးစိုင်းဟန်သာတို့ကို
တော့ ကျွန်မ သိပြီးသားပါ၊ ကျန်ယောကျ်ား မိန်းမတွေကိုလည်း
မယ်မယ်ကြီးနဲ့ ဆွေမျိုးတော်စပ်ပုံ၊ နာမည်နာမတွေနဲ့တကွ မိတ်
ဆက်ပေးတယ်၊ နောက်ဆုံးတော့ မယ်မယ်ကြီးက သူနဲ့ကပ်လျက်
ထိုင်နေတဲ့ မိန်းမကြီးတစ်ယောက်ကို လက်ညှိုးထိုးပြပြီး 'သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



သိသလား နန်းမြမွန်'လို့ လှမ်းမေးတယ် … ။

ကျွန်မစိတ်ထဲမှာ သိမှုကလေးတစ်ခုက တရိပ်ရိပ် ပြေးနေသလို ထင်ရတယ်၊ ဝေးသွားလိုက်၊ နီးသွားလိုက်၊ ပြီးတော့ ဖမ်းမိသလို ဖြစ်လိုက်၊ လွတ်သွားလိုက်နဲ့ … ကြာတော့ ကျွန်မရင် တွေပါ ခုန်လာတယ်၊ ဒီခဏမှာပဲ ကျွန်မနှုတ်က 'မေမေ … မေမေ' လို့ လွှတ်ခနဲ ထွက်သွားတယ်၊ မယ်မယ်ကြီးမျက်နှာ ဝင်းခနဲလက် သွားတယ်၊ ဒါပေမဲ့ ကျွန်မနှုတ်က ခဏချင်းပဲ 'မဟုတ်ဘူး … ကျွန်မ မဟုတ်မှန်းသိတယ် … ဘာမဟုတ်မှန်းသာ မသိတာ'လို့ အသံ တော်တော် ကျယ်ကျယ်နဲ့ အော်လိုက်မိတယ် … ။

"ဘာမဟုတ်ရမှာလဲ နန်းမြမွန် … အဲနန်းမြမွန်ရဲ့မေမေ နန်းလွင်လွင်လေ … "လို့ မယ်မယ်ကြီးက ပြောခိုက်

"သမီး မေမေလေ … မေမေ နန်းလွင်လွင်လေ … မေမေ တစ်ယောက်လုံးကိုတောင် မမှတ်မိလောက်အောင် သမီး အဖြစ်က ဆိုးလှချည့်လားကွယ် … "

မေမေ့အသံက ငိုသံပါလာတယ်၊ သူ့စကားအဆုံး တရှုပ်ရှုပ်ငိုတော့တယ်၊ ကျွန်မက သူ့ကို ကျွန်မမေမေလို့ လက်ခံ ကို သူ့အပေါ် သနားစိတ်တွေဟာ တားမနိုင်ဆီးမရ ပေါ်လာ တယ်၊ သူ့ကိုဖက်ပြီး သူ့လိုပဲ ငိုလိုက်ချင်တယ်၊ သူဟာ ကျွန်မ မေမေ



ဒါလို့ စိတ်တစ်မျိုးက လက်ခံချင်နေတယ်၊ စိတ်တစ်မျိုးက အိုးသည် အုန်းက မေမေကကော ဘယ်လိုနေလဲလို့ လှမ်းတွေးနေတယ်။

"အင်းလေ … သမီးဟာ ခု မေမေ့ကို မသိသလိုဖြစ်နေပေ မယ့် နောင်တော်တော်ကြာရင် သမီး သတိရပြီး သိလာမှာ ပါ … ဒေါက်တာခင်မောင်ထွေးတာလည်း ကြိုးစားကုနေပါ တယ် … ခု မယ်မယ်ကြီးက သမီးကို ညှော်ခန်းခေါ်ရတဲ့ကိစ္စ က သမီးကို ပြောစရာရှိလို့ … အိုကွယ် မပါမယ်ကြီးရဲ့ ဆုံးဖြတ်ချက်တစ်ခုကို ပြောပြမလို့ … "

တိုင်ပင်တာမဟုတ်ဘဲ လိုက်နာရမယ့် ကိစ္စတစ်ခုကို ပြောတာပါ။ ဒါကတော့ စိုင်းဇေယနဲ့ကျွန်မကို မကြာခင်ရက်အတွင်း မှာ လက်ထပ်ပေးဖို့ပါပဲ … ၊

"ခု အခြေအနေက အချိန်အခါ ရွေးရမယ့်အခါ မဟုတ်တော့ ဘူး … သမီးဗိုက်ထဲက ကိုယ်ဝန်က တဖြည်းဖြည်းရင့်လာ ပြီ … တစ်မိမ်းမရှိတဲ့ ဆွေမျိုးတွေကြားမှာမို့ မယ်မယ်ကြီး ဒီလို ပွင့်ပွင့်လင်းလင်းပြောရတာပါ … သမီး မယ်တော် ကြီးအပေါ် ခွင့်လွှတ်နားလည်နိုင်မယ် ထင်ပါတယ် … "

"ဟုတ်ကဲ့ … "

လို့ ကျွန်မနှုတ်က ယောင်ထွက်သွားမလိုဖြစ်ချင်

www.burmeseclassic.com



ကျွန်မဟာ မယ်မယ်ကြီးမျက်နှာကို ဖျတ်ခနဲလှမ်းကြည့်လိုက်တယ်။

"မယ်မယ်ကြီးပြောတာ လက်ခံစရာပါ ... ကျွန်မဟာ နန်းမြမွန်ဆိုရင်တော့ ဟုတ်ပါတယ် ... အစ်ကို့ဇနီးကို အစ်ကိုဆုံးပါးသွားလို့ ညီလုပ်သူနဲ့ လက်ဆက်ကြတာဟာ တချို့လုပ်ရိုးလုပ်စဉ်တောင် ဖြစ်နေပါပြီ ... ပြီးတော့ ညီလုပ်သူကလည်း အခြေအနေအားလုံးကိုသိပြီး ဒီလုပ်ရပ်ကို ကြည်ကြည်ဖြူဖြူ လက်ခံတယ်လေ ... ဒီတော့ ဘာလိုသေးလဲ ဘာမှမလိုအောင် အားလုံး ချောမွေ့ပြေပြစ်နေတဲ့ကိစ္စပါ"

"အင်း ..."

မယ်မယ်ကြီး ခေါင်းညိတ်တယ် ... ။

"ဒါပေမဲ့ အဲဒါက နန်းမြမွန်အဖြစ်ပါ မယ်မယ်ကြီး ... ကျွန်မက ..."

"မင်းက ဘယ်သူလဲ ..."

"အိုးသည်ကုန်းက မိမိလှိုင်လေ ..."

"မဟုတ်ဘူး ... မဟုတ်ဘူး ... လုံးဝ မဟုတ်ဘူး ..."

မယ်မယ်ကြီးက ဒေါသနဲ့ အော်ပြောတယ်၊ ကိုယ်လုံးလည်း တဆတ်ဆတ်တုန်ပြီး မျက်နှာတွေလည်း နီမြန်းလာတယ်၊ မယ်မယ်ကြီး ဒေါသဖြစ်တာ ဒီတစ်ခါပဲ မြင်ဘူးတယ်



ဒီလောက်ပေါက်ကွဲတဲ့အဖြစ်ကြောင့် ကျွန်မအနေနဲ့တော့ တက်မိသွားတယ်၊

"နန်းမြမွန် ..."

"ရှင် ... မယ်မယ်ကြီး ..."

"မင်း ဘယ်လက်ကိုမြှောက်ပြီး လက်သူကြွယ်ကို ကြည့်လိုက်စမ်း ..."

အယောင်ယောင်အမှားမှား ဖြစ်မနေပါဘူး၊ ကျွန်မ မယ်မယ်ကြီး အမိန့်အတိုင်း ကျွန်မလက်ကိုမြှောက်ပြီး လက်သူကြွယ်ကို ကြည့်လိုက်တယ် ... ။

"အဲဒါ နဝရတ်ကိုးပါးနဲ့ ခြယ်ထားတဲ့ လက်စွပ်ပဲ ... စိုင်းနန္ဒခမည်းတော် စော်ဘွားကြီးစိုင်းမိုးမိတ်က မယ်မယ်ကြီးနဲ့လက်ဆက်ပြီး ဟော်နန်းတော်တက်ပွဲလုပ်တော့ မယ်မယ်ကြီးကို လက်ထပ်မင်္ဂလာလက်ဆောင်အဖြစ် ပေးထားတာ ... စိုင်းနန္ဒတို့ခမည်းတော် ပေးထားတဲ့ မယ်မယ်ကြီးဆီက လက်စွပ်ကို စိုင်းနန္ဒနဲ့သမီးနဲ့ လက်ဆက်တော့ မယ်မယ်ကြီး သမီးကို လက်ထပ်မင်္ဂလာလက်ဆောင်အဖြစ် ပြန်ပေးခဲ့တာလေ ... အဲဒီလက်စွပ်ရဲ့ ထူးခြားချက်က နဝရတ်ကိုးပါး စီထားတဲ့လက်စွပ်ရဲ့ ခလယ်တဲ့တဲ့မှာ ... စိန်ချည်းသက်သက်နဲ့ နဂါးရုပ်ကလေးသဏ္ဌာန်စီ သွင်းထားတာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



စော်ဘွားကြီးနာမည်က စိုင်းမိုးမိတ်ဆိုပေမယ့် နာမည်က နေနဲ့နံနဲ့ မဟုတ်ဘူး … သူက စနေသား၊ သမီးကလည်း နန်းမြမွန်လို့ ဆိုပေမယ့် နေ့က စနေသမီးလေ၊ အဲဒီတော့ မယ်မယ်ကြီးတို့ ဆွေစဉ်မျိုးဆက်က ဆင်းသက်လာတဲ့ ဒီလို လက်စွပ်မျိုးဟာ ဘယ်နည်းနဲ့မှ အိုးသည်ကုန်သူ မိမိလှိုင်ရဲ့ လက်ထဲကို ရောက်မနေနိုင်ပါဘူးကွယ် … ”

ပွဲသိမ်းသွားပြီဆိုတဲ့ အကြည့်နဲ့ စိုင်းဇေယျာက ကျွန်မကို လှမ်းကြည့်တယ်၊ ကျွန်မက စိုင်းဇေယျာကို ခဏသာ ကြည့်ပြီး၊ ကျွန်မ လက်သူကြွယ်က နဝရက်လက်စွပ်ကို ခပ်ငေးငေး ပြန်ကြည့်နေမိတယ်၊ ကျွန်မ ဒီလက်စွပ်ဝတ်ထားမှန်း အရင်က လုံးလုံး သတိမထားမိဘူး၊ ဘယ်လိုပြောရမလဲဆိုရင် ဆင်မြန်းနေကျ ရတနာတစ်ခုကို သတိထားစရာ မလိုဘဲ ဝတ်ဆင်နေတဲ့ပုံပဲ၊ ဘယ်တုန်းကမှ ဂရုတစိုက် မရှိခဲ့မိဘူး၊ ပြောရရင် ခု မေမေကြီးပြောမှ သတိထားမိတယ်၊ ရုတ်တရက် အံ့သြသွားတယ်၊ တုန်လှုပ်သွားတယ်၊ ဒီလက်စွပ်ဟာ ကျွန်မနဲ့မယ်မယ်ကြီးတို့ရဲ့ သူနိုင်ကိုယ်နိုင် အငြင်းခုန်ပွဲရဲ့ အဆုံးအဖြတ်ပဲလို့လည်း နားလည်လိုက်တယ်၊ ဟုတ်တယ်၊ မယ်မယ်ကြီးပြောသလို ဒီလို ဆွေစဉ်မျိုးဆက်ရှိခဲ့တဲ့ အဖိုးတန်လက်စွပ်မျိုးဟာ ကျွန်မလို အိုးသည်ကုန်းသူ မိမိလှိုင်ရဲ့လက်



ထဲ ရောက်မနေနိုင်ဘူး၊ တစ်နည်းပြန်တွေးရှင်း စိုင်းနန္ဒရဲ့ဇနီး နန်းမြမွန်မို့လို့သာ ဒီလက်စွပ်ကို ဆင်မြန်းပိုင်ဆိုင်နေရတာ ဖြစ်တယ်။

ဒီတော့ ကျွန်မဟာ မိမိလှိုင်မဟုတ်ဘဲ နန်းမြမွန်အစစ်ပေါ့လို့ ယုံလိုက်ရမလို ဖြစ်နေတယ်။

မေမေ နန်းလွင်လွင်က ထိုင်ရာကထပြီး ကျွန်မဆီ လျှောက်လာတယ်၊ မိုးလေးက မေမေထိုင်ဖို့ ထိုင်ခုံတစ်လုံးယူပြီး ကျွန်မဘေးကို ချပေးတယ်၊ မေမေ နန်းလွင်လွင်ဟာ ထိုင်ခုံပေါ်မှာ ထိုင်ပြီး ကျွန်မပခုံးကို အသာအယာဖက်တယ် … ၊

“လောကမှာ အကြောင်းနဲ့အကျိုးဆိုတာ ရှိတယ်သမီး … ခုကိစ္စမှာလည်း အကြောင်းတစ်ခုကြောင့် သမီးစိတ်တွေ မှေးမှေးလျော့လျော့နဲ့ ကရောက်ကရက် ဖြစ်နေတယ် … ခုတော့ သတိရချိန် တန်လာပါပြီ … ဟောဒီ နဝရက်လက်စွပ်ကပဲ သမီးအားလုံးကို သတိရအောင် လုပ်ပေးပါလိမ့်မယ် … ”

“ပြီးတော့လေ သမီးတို့မင်္ဂလာပွဲ မလုပ်ခင် သမီး နောင်ချို အိမ်ကို မေမေနဲ့အတူ လိုက်ခဲ့ပါ … သမီးနဲ့မေမေ နွေးနွေး ထွေးထွေးမရှိခဲ့တာ ကြာပါပြီကွယ် … ”

ကျွန်မဟာ ရေစုန်တစ်ခုပေါ်မှာ မျောပါနေတဲ့

www.burmeseclassic.com

အရာဝတ္ထုထမ်းရွံ့နဲ့ ဖူမယ်ထင်ပါတယ်၊ ကူးခတ်ရ၊ ဆန်တက်ရ၊ ရုန်းကန်ရတာ များလွန်းတော့ ကျွန်မ လက်ပန်းကျနေပြီ။ မီးနဲ့နီးတဲ့ ဖယောင်းလို နှောင်ချိုက မေမေ့ကြောင့် ကျွန်မ နှလုံးသားတွေ အရည်ပျော်လာပါပြီ၊ မေမေနန်းလွင်လွင်ကို ကျွန်မစိတ်ထဲက အလွန်အမင်း သနားနေပါတယ်၊ မေမေ့မျက်လုံးက မျက်ရည်တစ်ပေါက် ကျလာတိုင်း ကျွန်မအသည်းတွေ ကျင်ခနဲကျင်ခနဲ နာလှပါတယ်။

"မေမေ ..."

"ဟာ မေမေတဲ့ ... ပြောလေသမီး ... ဘာပြောချင်လို့လဲ"

လို့ မေမေနန်းလွင်လွင်က အံ့ဩသံ၊ ဝမ်းသာသံနဲ့ အားရပါးရ မေးတယ် ..."

"ကျွန်မ နှောင်ချိုအိမ်ကို ပြန်လိုက်ပါ့မယ် ... အို ... ကျွန်မ ဘာပဲဖြစ်ဖြစ် နှောင်ချိုအိမ်ကို ပြန်လိုက်ခဲ့ပါမယ် ..."

ညှို့ခန်းထဲက ဆွေမျိုးအားလုံးရဲ့ အပြုံးတွေကို ကျွန်မ လှမ်းမြင်လိုက်ရတယ်၊ မယ်မယ်ကြီးကလည်း ထိုင်ရာက ထလာပြီး ကျွန်မတစ်ကိုယ်လုံးကို တအားဖက်ထားလိုက်တယ်။

— ၁၁ —



"ဟိုနေ့က မိမိလှိုင်ရဲ့ အမူအရာကတော့ တကယ့် အကယ်ဒမီရှော့ပဲကွ ..."

"ရှင် ..."

"အင်းလေ ... ကိုယ်ရေးကြိုသက်လုံကောင်းရမှာပေါ့ ... ပြီးတော့လေ မိမိလှိုင်ကို တို့ ပြောစရာတစ်ခုရှိတယ် ... စိတ်မကောင်းစရာဘဲ ... ဒါပေမယ့် ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲလေ ... လာပါ ... အပြင်မှာ တစ်ခုခုသောက်ရင်း စကားပြောရအောင် ..."

ဦးစိုင်းဗလက ရှေ့မှ ဦးဆောင်သွားတယ်၊ နှောင်ချိုရေးအပြင်ဘက်ကိုရောက်တော့ လမ်းသွယ်တစ်ခုပေါ်မှာရှိတဲ့ လဘက်ရည်ဆိုင်တစ်ခုထဲကို ဝင်ထိုင်ကြတယ်၊ စိတ်မကောင်း

www.burmeseclassic.com

www.burmeseclassic.com



စရာ ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲဆိုတဲ့ စကားကြောင့် သိချင်စိတ်နဲ့ တစ်ခုခုကို စိုးရိမ်စိတ်တွေက ကျွန်မကို လွှမ်းမိုးနေတယ်၊ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်မှာပြီးရင်ပဲ ဦးစိုင်ဗလက ဘာစကားမှ မပြောဘဲ သူ့လက်ဆွဲအိတ်ထဲက သတင်းစာတစ်စောင်ကို ဆွဲထုတ်တယ်၊ ပြီးတော့ စာမျက်နှာတစ်ခုကို လှန်ပြီး ကျွန်မရှေ့ကို ချပေးတယ် ... ။

ဒေါ်ချစ်ချစ် (အသက်၄၃နှစ်)

ပဲခူးတိုင်း လက်ပံတန်းမြို့နယ် ဖက်ဆွတ်ရွာနေ (ဦးမောင်သေး)-(ဒေါ်မြရင်း)တို့၏သမီး၊ လက်ပတန်းမြို့နယ် အိုးသည်ကုန်းမြို့နေ (ဦးကျော်မြင့်ထွန်း)-ဦးစိုးလတ်၏ ချစ်လှစွာသော ဇနီး၊ မောင်ဝင်းကျော်-မမိမိလှိုင်တို့၏ မိခင်ဖြစ်သူ ဒေါ်ချစ်ချစ်သည် အိုးသည်ကုန်းနေအိမ်၌ (၄-၃-၁၉၉၅)ခုနေ့တွင်-၉၆-ပါးသော ရောဂါဖြင့် ကွယ်လွန်သွားသဖြင့် ...

စာကြောင်းမဆုံးခင် ကျွန်မလက်ထဲက သတင်းစာ အောက်ကို လွတ်ကျသွားတယ်၊ ဝမ်းနည်းစိတ်ဟာ ကျွန်မရင်ဝဆီ ဆို့တက်လာတယ် ... ။

"အမလေးမေမေရယ် ... ကျွန်မစိတ်နဲ့ပဲ မေမေ ဒီလိုဖြစ်သွား ရတာထင်ပါရဲ့ ... အဖြစ်ဆိုးလှချည်လား မေမေရယ် ... မဖြစ်ဘူး ... မဖြစ်ဘူး ... ကျွန်မ အိုးသည်ကုန်းကို လိုက်သွားမှ ... "

"ဒီမှာရေးကြော်ငြာက လွန်ခဲ့တဲ့ဆယ်ရက်က သတင်းစာမှာ ပါလာတာ ... ခုဆိုရင် ရက်လည်တောင်ပြီးနေပြီ ... "

"အို ... ဘာပဲဖြစ်ဖြစ် ... "

"မဟုတ်ဘူးလေ မိမိလှိုင် ... စိတ်နောက်ကိုယ်ပါ မလုပ်ပါနဲ့ ... တို့က အမေတစ်ယောက်လုံး ဆုံးတာ ကိုယ်ချင်းမစာလို့ ပြောတာမဟုတ်ပါဘူး ... မိမိလှိုင်မှာ ဒီကအကြောင်းတွေက ရှိသေးတယ်လေ ... အမေဆုံးသွားတော့ မိမိလှိုင်မှာ ခုဆိုရင် အားကိုးစရာ၊ တွယ်တာစရာ၊ သံယောဇဉ်ဖြစ်စရာဆိုလို့ ဘာမှ မရှိတော့ဘူး ... တစ်ကောင်ကြွက်တစ်မျက်နှာ၊ ပြောရရင် အားကိုးစရာက ဘဝမှာ ချိုင့်ချိုင့်ဝန်းဝန်း နေဖို့က ဒီမှာပဲရှိတော့တယ် ... မိမိလှိုင်ရဲ့ နန်းမြမွန် ဘဝမှာပဲ ရှိတော့တယ် ... အိုကွာ နောက်ဆုံး ဒီမှာ အခြေတကျ ရှိမှ အိုးသည်ကုန်းကို ခဏပြန်သွားပြီး မိမိလှိုင်လုပ်ချင်တာ လုပ်လို့ရပါတယ် ... "

သူပြောသလိုဆိုရင် ကျွန်မမှာ ပြေးစရာ မြေမရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလား၊ မဒွေအတစ်ယောက်လုံးဆုံးတာ သိရက်နဲ့ ကျွန်မ ဒီအတိုင်း ငုတ်တုတ်ထိုင်နေရမလား ... ။

"အမှန်ဆိုရင် မိမိလှိုင် ကံကောင်းတာပါ ... ဘယ်လောက် ကံကောင်းသလဲဆိုရင် ကျော်ကျော်နဲ့ရခဲ့တဲ့ ကိုယ်ဝန်ကို တောင် အားလုံးက စိုင်းနန္ဒကိုယ်ဝန်ပါလို့ ထင်နေကြတယ် လေ ..."

"အို ..."

"ကဲ ... တို့သွားမယ် ... အိမ်က သတင်းစာအဟောင်းတွေ ထဲက တင်ဒါကြော်ငြာတစ်ခုကို ရှာရင်းနဲ့ ဒေါ်ချစ်ချစ်ရဲ့ နာရေးကြော်ငြာကို သွားတွေ့လို့ မိမိလှိုင်သိအောင် နောင် ချို့ကို တကူးတက လာပြောတာ ... နန်းလွင်လွင်က မိမိ လှိုင် နောင်ချိုဈေးထဲသွားတယ်ဆိုလို့ ..."

မေမေဆုံးပြီ၊ အိုးသည်ကုန်းမှာ ကျွန်မဘာဝ မရှိတော့ ဘူး။ ဒီအချိန်မှာတော့ ကျွန်မဘာတွေမှ စဉ်းစားမနေသင့်တော့ဘူး ငြိမ်သက်စွာ နေလိုက်ဖို့ပဲ ရှိတယ်၊ မယ်မယ်ကြီး ခဏခဏပြော စကားကို အားလုံးဟာ လွန်မြောက်ပြီးဆုံးသွားပြီ မဟုတ်ပါလား ကျွန်မ မေမေ့အတွက် ဝမ်းနည်းကြေကွဲမဆုံး ရှိလှပေမယ့် ကျွန် အဖြစ်က မလှုပ်သာ၊ မလှုးသာ။ ကျွန်မတစ်ယောက်တည်း



သာ ငိုပစ်လိုက်ချင်တော့တယ် ... ။

အိမ်ပြန်ရောက်တော့ ဆရာဝန်ကိုခင်မောင်ထွေးကို တွေ့ရတယ်၊ မေမေ နန်းလွင်လွင်နဲ့ ဧည့်ခန်းမှာ စကားပြောနေ တယ်၊ သူရောက်လာတာကို အံ့ဩစိတ်နဲ့ သူ့မျက်နှာကို နှစ်ကြိမ် ောက် လှမ်းကြည့်လိုက်တယ်၊ ကိုခင်မောင်ထွေးက သိတယ်၊ 'ို့ နန်းမြမွန်နဲ့ စကားနည်းနည်း ပြောစရာရှိလို့ ...' လို့ မေမေ့ မှာပဲ ပြောပြတယ်၊ မေမေတို့က ကျွန်မအရင် ဆရာဝန်နဲ့ ခင်မင် နေသူတွေပါ။ ပြီးတော့ ယဉ်ကျေးမှုလည်း အမတန်နားလည်ကြ သူတွေဆိုတော့ ကိုခင်မောင်ထွေးနဲ့ ခဏသာ စကားဆက်ပြောပြီး လွင်လွင်ဟာ ဧည့်ခန်းထဲက ထွက်သွားတယ် ... ။

"ဘာမှ မဖြစ်ပါဘူး ... ပြီးတော့ နေကောင်းပါတယ်"

"ဒါဖြင့် အပြင်ကို ခဏသွားကြရအောင် ... တို့မှာ ကားပါ ပါတယ် ..."

သူ့သဘောက အပြင်မှာ ပြောမှရမယ့် စကားတွေ ဆိုလိုဟန်ရှိတယ်၊ ကျွန်မ ဘာမှ ထွေထွေထူးထူး မေးဟယ်... ယ် မလုပ်ဘဲ သူနဲ့အတူ ထလိုက်ခဲ့တယ်၊ သူ့ရဲ့ ဒတ်ဆန်း လေးနဲ့ အတူတူ ဘူတာဘက်ကို မောင်းလာတယ်၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘူတာနားမှာ မရပ်ဘဲ ကျောက်မဲဘက်ကို ဆက်ပြီး မောင်းလာတယ်၊ လမ်းခုလပ်တစ်နေရာမှာ ကားကိုရပ်တယ်၊ ဒါပေမဲ့ ကျွန်မတို့နှစ်ယောက်စလုံး ကားပေါ်က မဆင်းကြဘူး။ ကိုခင်မောင်ထွေးက သူ့အိတ်ထဲက စီးကရက်ဘူးကို ထုတ်ပြီး တစ်လိပ်မီးညှိသောက်တယ် ... ။

"ဒီမှာ ..."

သူ ခေါ်ပုံကတစ်မျိုးပဲ၊ သူ ထူးခြားတဲ့ကိစ္စတစ်ခု ပြောတော့မယ်ဆိုတာတော့ ကျွန်မသိတယ်၊ ကျွန်မ သူ့ကို လှည့်ကြည့်တယ် ... ။

"ဒီစကားကို တို့ဟာ ဆရာဝန်တစ်ယောက်လို မဟုတ်ဘဲ ရိုးရိုးလူတစ်ယောက်လို မေးမယ် ... ဒီမှာ မင်းဟာ နန်းမြမွန်လား ... မိမိလှိုင်လားဟင် ... "

ဘာကြောင့် ဒီလိုမေးပါလိမ့်လို့ ကျွန်မတွေးတောမလို လုပ်ပြီးမှ ဘာမှဆက်မတွေးတော့ဘဲ သူ့ကို စေ့စေ့ပြန်ကြည့်တယ် ... ။

"အမှန်ကို ပြောရမှာလား ... ဟန်ဆောင်ပြရမှာလား ..."

"အမှန်ကိုပြောပါ ... တို့ မင်းဆီက အမှန်ကိုပဲ လိုချင်တယ်"



"ကျွန်မ မိမိလှိုင်ပါ ... မိမိလှိုင်မှ မိမိလှိုင်အစစ်ပါ ... "

"ဒါဖြင့် မင်းကို တို့ ချစ်တယ် ... "

သူ့စကားက ကျွန်မနားထဲကို ဒိုင်းခနဲ ဝင်ဆောင့်တယ်၊ ကျွန်မ ရူးသွေးချင်ပြီ၊ ဒီနေ့တစ်နေ့ထဲ အမေသေတဲ့သတင်းကြားရတယ်၊ ပြီးတော့ ချစ်ရေးဆိုတာ နားထောင်ရတယ် ... ၊ နောက်ဘာတွေဆက်ဖြစ်ဦးမယ်၊ ဆက်ကြားရဦးမယ် မပြောတတ်ဘူး ...။

"ဆရာဝန်တစ်ယောက်အနေနဲ့ ပြောရရင် မင်းဟာ လူတစ်ယောက်နဲ့ ဘဝနှစ်ခုကို ပိုင်ဆိုင်ထားသူပဲ ... တို့ ဆေးကုနေတာက အဲဒီဘဝနှစ်ခုထဲက မိမိလှိုင်ရဲ့ဘဝကို ဆွဲထုတ်ပစ်ဖို့၊ မိမိလှိုင် ပျောက်သွားပြီး နန်းမြမွန် ရောက်လာဖို့ပဲ ... ဒါပေမဲ့ ခက်နေတာက တို့ဟာ မိမိလှိုင်ဘဝကို နှစ်သက်မြတ်နိုးနေတယ် ... မိမိလှိုင်ကို ချစ်နေတယ် ... မပြောကောင်းတဲ့စကားကို ပြောရရင် မင်းကို နန်းမြမွန်ဖြစ်သွားမှာ ကြောက်နေတယ် ... "

"ကျွန်မ နားမလည်ဘူး ... "

ကိုခင်မောင်ထွေးက သက်ပြင်းငွေ့ငွေ့ရှိုက်တယ် ...။

"အဲဒါတွေ နားမလည်ရင် တို့ မင်းကိုချစ်တယ် ... မိမိလှိုင်

www.burmeseclassic.com

www.burmeseclassic.com



ကို တို့ ချစ်နေတယ်ဆိုတာကိုတော့ နားလည်ပေးပါ —

ကားပြတင်းကနေ လေရိုင်းတစ်ချက် ဝူးခနဲ တိုး
လာတယ်၊ ကောင်ကင်မှာ အရောင်တွေ ပြောင်းသွားတယ်၊ တိ
ပြာရောင် ပြီးတော့ အညိုရောင်နုနု၊ နောက်ဆုံး ခဲပုပ်ရောင်
ပြောင်းလာတယ်၊ နောက်တော့ ရောထွေးသွားကြတယ်၊ ကျွန်
စိတ်မှာလည်း အတွေးတွေ တစ်ကန့်စီ၊ တစ်ခန်းစီ ရှိရင်း လေရိုင်
တိုင်ခတ်သလို ရှန်းရင်ဆန်ခတ် ဖြစ်သွားတယ်။ ကျွန်မရင်ထဲမှ
ဝိုးတဝါးဖြစ်နေတယ် … ။

"ကျွန်မဗိုက်ထဲက ကိုယ်ဝန်က နှစ်လကျော်ပြီး သုံးလပြည့်
တော့မယ်ဆရာ … "

"အင်း … သိတယ် … "

"ဒီမှာလည်း ဟိုနေ့ကပဲ ကျွန်မနဲ့စိုင်းဓေယျာ မင်္ဂလာကို
ပြောပြီးဆိုပြီးကြပြီ … "

"အဲဒါက … အင်း … စိုင်းဓေယျာနဲ့ နန်းမြမွန်တို့ မင်္ဂလာ
ကိစ္စလေ … "

"ဘာထူးလို့လဲ … သူတို့က ကျွန်မကို နန်းမြမွန်လို့ ထင်နေ
တာပဲ … ကျွန်မအဖြစ်က နာမည်ပေးကင်ပွန်းတပ်နဲ့ မင်



လာပွဲ တစ်ခါထဲ ကျင်းပရမှာ … "

ကျွန်မက ကိုယ့်စကားကို ကိုယ်ရယ်လိုက်တယ်၊
ကိုခင်မောင်ထွေးက ကျွန်မနဲ့ ရောမရယ်ဘူး၊ အဝေးကိုကြည့်နေ
တယ်၊ သူ့မျက်နှာက အဝေးကိုကြည့်နေပေမယ့် သူ့စိတ်က ဟို
အဝေးမှာ မရှိဘူးဆိုတာ ကျွန်မသိတယ်၊ ဖြစ်နိုင်ရင် ခုချက်ချင်းပဲ
ကျွန်မဆီက အဖြေကို လိုချင်နေပုံရတယ်၊ ကျွန်မ ကြိုးစားကြည့်ပါ
တယ်၊ ရှိသမျှပြဿနာတွေ၊ အမှောင်ပယောဂအားလုံးကို ကျွန်မ
ခေါင်းထဲက ဖယ်ထုတ်ပစ်လိုက်ချင်တယ်၊ ကျွန်မဟာ အပြစ်အနာအဆာ
ကင်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်သွားပြီ၊ ဒီတော့မှ ကိုခင်
မောင်ထွေးအပေါ်မှာ ကျွန်မ ချစ်နိုင် မချစ်နိုင်၊ တဖြည်းဖြည်း
ကြိုးစားကြည့်တယ် … ။

မှန်တာပြောရရင် ကိုခင်မောင်ထွေးအပေါ်မှာ
ကျွန်မ စိတ်ညွှတ်မိပါတယ် … ။

"တို့က ကြိုးတန်းပေါ် လမ်းလျှောက်ကြည့်တာပါ … ဒါပေ
မဲ့ ဆပ်ကပ်ထဲမှာ မဟုတ်ဘူး … အပြင်က လူ့ဘဝထဲမှာ
အချိန်မရွေး၊ နေရာမရွေး ကြိုးတန်းပေါ်က လိမ့်ကျသွားနိုင်
ပါတယ် … ဒါပေမဲ့ တို့စိတ်ကလည်း တော်တော်ကို ခိုင်ခံ

www.burmeseclassic.com

www.burmeseclassic.com



တယ် လှိုင်ရယ် ... ဗိုက်ထဲမှာ ကိုယ်ဝန်ရှိနေတဲ့မိန်းကလေး ရက်ပိုင်းအတွင်းမှာ မင်္ဂလာဆောင်တော့မယ့် မိန်းကလေး ကိုမှ ချစ်နေမိတယ် ... အချစ်ဆိုတာ ဘာလဲမသိဘူး — ညီညွတ်တဲ့ဓာတ်ဘာဘာ၀တွေ သက်ဝင်ပေါင်းစပ်ထားတဲ့ မှ ဆောင်ခဲလား ... ဒါမှမဟုတ် ... ”

“ဆရာ ... ”

“ပြောပါ လှိုင် ... ”

“ကျွန်မဟာ မလွတ်လပ်တဲ့ မိန်းကလေးပါ ... တကယ်တို အစစအရာရာ မလွတ်လပ်တဲ့ မိန်းကလေးတစ်ယောက်ပါ ဒါကြောင့် စိတ်ထဲရှိတဲ့အတိုင်း ဘာကိုမှ လွတ်လွတ်လ လပ် မပြောနိုင်ပါဘူး ... တကယ်လို့သာ ... ဟော ... မိုး ဖွဲကလေးတွေ ကျလာပြီဆရာ ... ပြန်ကြစို့ ... ”

ကိုခင်မောင်ထွေးက ကျွန်မဆက်အပြောကို ငံ့လင့် တဲ့မျက်နှာနဲ့ ကျွန်မကို ခဏကြည့်နေသေးတယ်၊ ကျွန်မဆီက ပြည်စုံတဲ့အဖြေကို မရအရကို ယူချင်နေပုံရပါတယ် ... ဒါပေမဲ့ ချက် ချင်း ကျွန်မဘာရဲ့ အရှုပ်အထွေးကြီးကို တွေးမိဟန်တူပါတယ်၊ အဲ ပြည့်ချည်း သူ့ဘက်က တစ်ဖက်သက် မကြည့်သင့်ဘူးလို့လည်



နှူးလည်သွားဟန် တူပါတယ်၊ ဒါကြောင့် သက်ပြင်းလေးလေး တစ် ချက်ချဲ့ချရင်း သူက ကားတံခါးတာကိုနှိပ်တယ်၊ ကျွန်မက ပြတင်း ပေါက်က အဝေးကို ငေးကြည့်လိုက်တော့ ကျွန်မထင်တဲ့ မိုးဖွဲ ကလေးတွေ မဟုတ်ပါဘူး၊ တောင်ပေါ်လေကြောင့် ဆောင်း နှောင်းရဲ့ နှင်းကြွင်းတွေ ဝေ့ဝဲကျနေတာပါ ... ။

တစ်ခါတစ်ခါတော့ မိုးစက်ကလေးတွေနဲ့ နှင်းစက် ကလေးတွေက ဆင်တူယိုမှားရှင့်၊ ဒါပေမဲ့ မတူပါဘူးလေ ... ။

—+ ၈ +—

www.burmeseclassic.com



ကျွန်မတို့ မင်္ဂလာပွဲကျင်းပဖို့ ငါးရက်အလိုမှာ ဦးစိုင်းဗလ နောင်ချိုကို ရောက်လာပြန်တယ်၊ မယ်မယ်ကြီးက အဲ့မွန်လှိုင်ကို သူနဲ့လိုက်ခဲ့ဖို့ မှာလိုက်တဲ့အကြောင်းနဲ့ အိမ်ကြီးမှာ ဆွေတော်မျိုးတော် တော်တော်များများ ရောက်နေပြီး သူတို့က နန်းမြမွန်ကို တွေ့ချင်နေတဲ့အကြောင်းစုံကို ဦးစိုင်းဗလက ပြောပြတယ်၊ ပထမတော့ မေမေနန်းလွင်လွင်ပါ ကျွန်မနဲ့အတူ လိုက်လာဖို့ပါပဲ၊ ဒါပေမဲ့ မေမေက မနေ့ကပဲ ကောက်ခါင်ကာ ဖျားနေတယ်၊ ဒီနေ့မှ ထူသာထောင်သာရှိတယ်၊ နက်ဖြန်မှ အဲ့မွန်လှိုင်က အိမ်ကြီးကို လိုက်လာမယ်လို့ မယ်မယ်ကြီးကို ပြောပြဖို့ ကျွန်မကို မှာလိုက်တယ်။

နောင်ချိုမြို့ထဲ မောင်းလာတော့ ဦးစိုင်းဗလက သူ့ဂျစ်ကားကို ဒရကြမ်းမောင်းတယ်၊ ဘာမှ အရေးတကြီး ကိစ္စမရှိဘဲ



ဘာပြုလို့ ကားအရမ်းမောင်းပါလိမ့်လို့ ကျွန်မတွေးနေတုန်းပဲ ကားက မြို့ပြင်ရောက်လာတယ်၊ မြို့ပြင်ကအထွက် ဘယ်ညာခွဲထားတဲ့ လမ်းနှစ်ခွဆုံရာ လမ်းဆုံကိုရောက်တော့မှ ဦးစိုင်းဗလက ကားကို လီဗာလျှော့နင်းတယ်၊ ကားက ဖြည်းဖြည်းမှန်မှန်သွားနေတယ် ...။

"ဟောဒီကနေ ညာဘက်ကို ချိုးကွေ့သွားရင် ကျောက်မဲတို့ အဲ့မွန်လှိုင်တို့ကို ရောက်တယ် ... ဘယ်ဘက်ကိုချိုးကွေ့ မောင်းသွားရင်တော့ မန္တလေးကို ရောက်မယ် ... မန္တလေးကမှ အိုးသည်ကုန်းကိုလည်း ဆက်သွားလို့ရတယ် ... အဲဒီတော့ မင်း ဘယ်လမ်းကိုကြိုက်သလဲ ... "

"ရှင် ... ဦး ဘာပြောလိုက်တာလဲ ... "

"မင်း နန်းမြမွန်ဖြစ်နေဖို့က မင်းတစ်ယောက်တည်း ဝန်ခံချက်နဲ့ မပြီးသေးဘူးလေ ... တို့များရဲ့ တောင်းခံချက် သဘောတူညီချက်တွေလည်း ပါရမယ် ... အထူးသဖြင့် မင်းအကြောင်းစုံကို သိနေတဲ့ ငါ့ရဲ့အလို အများကြီးပါဖို့ အရေးကြီးတယ် ... ငါပြောတာ မဟုတ်ဘူးလား ... မင်းဟာ ဒီနေ့ နက်ဖြန်ပဲ စော်ဘွားသားတော်နဲ့ လက်ထပ်ရတော့မယ် ... ပြီးတော့ သိန်းပေါင်းများစွာ ချမ်းသာတဲ့မိန်းကလေးတစ်ယောက်လည်း ဖြစ်တော့မယ် ... ဒါပေမဲ့ နန်း

www.burmeseclassic.com

www.burmeseclassic.com



မြမွှန်ဆိုမှ ... နန်းမြမွှန်ဆိုမှ ... အဲဒီအခြေအနေတွေ ရမှာ နော် ... အိုးသည်ကုန်းက အရပ်ကမိန်းကလေး မိမိလိုင် ဆိုရင် ဒီအခြေအနေပေါ့ မဖြစ်ပေါ်နိုင်ဘူး ... ပြီးတော့ မင်း မသိတာလား ... မသိချင်ယောင်ဆောင်နေတာလားလို့ ငါ ဝေခွဲမရတဲ့ ကိစ္စတစ်ခုက ရှိသေးတယ် ... အဲဒါကတော့ နန်းမြမွှန်သေတဲ့ ကိစ္စပဲ ... အဲဒီကိစ္စမှာလည်း မင်းမယောဂ မကင်းဘူး ... "

"ရှင် — ရှင် — "

"နေပါဦး ... ငါ့စကားဆုံးအောင် နားထောင်ပါဦး ... နန်းမြမွှန်လက်သူကြွယ်က နဝရက်လက်စွပ်ကို မင်းယူလိုက်တုန်းက မင်း သတိမလစ်သေးပါဘူး ... နောက်ဆုံး လက်စွပ်တစ်ကွင်း အလကားရတောင် မနည်းဘူးဆိုတဲ့သဘောနဲ့ မင်းက တမင်သက်သက် လုပ်ကြံဖန်တီးလိုက်တာပါ ... ဒါကို ကောင်းကောင်းမှတ်မိမယ်ထင်ပါတယ် ... ထားတော့ ... မနေ့တစ်နေ့ကမှ ငါ့လက်ဖက်ခင်းမှာ အလုပ်လုပ်ဖို့ အိုးသည်ကုန်းက ကောင်လေးတစ်ယောက် ရောက်လာတယ် ... မေးကြည့်တော့ အိုးသည်ကုန်းက ကျော်ကျော်နဲ့ မင်းတို့အကြောင်းကို အကုန်သိတယ် ... အိုးသည်ကုန်းဒိုင်



မင်္ဂလာခန်းမှာ မင်းတို့ မင်္ဂလာဆောင်ခဲ့တာကို ... ခု ကျော်ကျော် အိုးသည်ကုန်းမှာ ရှိသေးတယ် ... ခု ဒီမှာဖြစ်နေတဲ့ မင်းအကြောင်းကို သိရင်း သူက စိုင်းဇေယျာကို မယားခိုးမှုနဲ့ တရားစွဲနိုင်တယ် ... မင်းကြောင့် စော်ဘွားသားတစ်ယောက် အရှက်တကွဲ အကျိုးနည်းဖြစ်နိုင်တယ်... မင်းကိုလည်း ဟန်ဆောင်မှု၊ လိမ်လည်မှုအပြင် နန်းမြမွှန်ကို သေကြောင်းကြံစည်မှုနဲ့ ရဲက အရေးယူနိုင်တယ် ... အဲဒါတွေကို မင်း သိထားဖို့က ငါက ပြောနေတာပါ ... "

ကျွန်မ ရင်ထဲကို မုန်တိုင်းကြမ်းကြမ်းတစ်ခု ဝင်တိုက်လိုက်သလိုပဲ၊ ဘယ်ကစလို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ ကျွန်မ မသိတဲ့အကြောင်းတွေလည်း တစ်ပုံကြီး ကြားနေရတယ်၊ ဒါတွေကို တယ်နည်းဘယ်ပုံ ဖြစ်ခဲ့တာလဲလို့ ကျွန်မ မတွေးနိုင်ခင် ခုအခါမှာ ကျွန်မ ဘာလုပ်ရမလဲ၊ ဦးစိုင်းဗလဟာ ဘာကြောင့် ဒီစကားတွေကို ပြောရသလဲဆိုတာကို၊ ဒရောသောပါး တွေးနေမိတယ် ... ။

"အဲဒီတော့ ဒါတွေ ပြောနေရတာဟာ မင်းကို ခြိမ်းခြောက်နေတာ မဟုတ်ဘူးဆိုတာတော့ နားလည်စေချင်တယ် ... တို့ အမှန်တွေကို ပြောပြနေတာပါ ... အေး ... ဒီကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မဟုတ်ဘဲ မင်းဆီမှာ တို့အတူအညီ အထောက်အပံ့ တစ်ခုတော့ လိုတယ် … မင်းတို့မင်္ဂလာပွဲပြီးရင် ဦးကို ငွေ သုံးသိန်းသုံးဆယ်လောက်ပေးပါ … တင်ဒါဆွဲဖို့ကိစ္စ ငွေ အလောတကြီးလိုနေလို့ … ”

ဒီတစ်ခါတော့ ကျွန်မ ဦးစိုင်းဗလကို မျက်လုံးပြူး မျက်ဆံပြူးနဲ့ လှမ်းကြည့်လိုက်တယ်၊ ကျွန်မ နှုတ်ကလည်း အမိပ္ပာယ်မသဲကွဲတဲ့ ဗလုံးဗထွေးအသံတစ်ခု ထွက်သွားတယ် … ဒါကြောင့် ဦးစိုင်းဗလက ပြုံးတယ် … ။

“အေးလေ … အပေးအယူသဘောလို့ ထင်ချင်လည်း ထင်နိုင်ပါတယ် … မင်း တစ်သက်လုံး ကောင်းစားဖို့အရေးမှာ ဦးဟာ အဓိက,အခရာနော် … အဲဒါကိုတော့ မမေ့နဲ့ … မင်းဟာ မိမိလိုင်ဖြစ်တဲ့အကြောင်းနဲ့ နန်းမြမွန်ကို သေ ကြောင်းကြံစည်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်တဲ့ အကြောင်း လက်ထပ်ပွဲမှာ တို့က သက်သေသက္ခာယနဲ့ ဖွင့်ချလိုက်ရင် … ”

ကျွန်မ ဦးစိုင်းဗလပြောတဲ့ စကားတွေကို သဲသဲကွဲ ကွဲ မကြားရတော့ဘူး၊ ကြားရအောင်လည်း ဆက်နားမထောင်ချင် တော့ဘူး။ ကျွန်မစိတ်ထဲမှာ ရှက်ခြင်း၊ ကြောက်ခြင်းနဲ့ ဒေါသတရား



တွေက ဆူပွက်လာတယ်၊ ခု ဦးစိုင်းဗလပြောတဲ့ စကားတွေကို ရှင်းလင်းပြတ်သားစွာ အဓိပ္ပာယ်ဖွင့်ရရင် ‘ငွေညှစ်နေတာပဲ … ’ ဆိုတာ ကျွန်မ နားလည်လိုက်တယ်၊ ဒီလိုဆိုတော့ ကျွန်မ ဘယ် ဘဝရောက်သွားသလဲ၊ ကျွန်မအဖြစ်က ဒီလိုမဟုတ်ဘူး … ငွေနဲ့ စည်းစိမ်တွေကို မက်လို့ မတရားသဖြင့် ဟန်ဆောင်နေတဲ့ မိန်း ကလေးတစ်ယောက် မဟုတ်ဘူး။ အမှန်တရားအပေါ် ရပ်တည်နေ ရင်းက မှသားနွံထဲမှာ တဖြည်းဖြည်း နစ်မြုပ်ခံနေရတာ၊ ဒီတော့ ဒီလိုဖြစ်လာတော့ လွယ်ပါတယ် … ။

“ဟုတ်တယ် … ကျွန်မမသိတဲ့ အကြောင်းတစ်ခုကြောင့် ကျွန်မလက်ထဲ ရောက်နေတဲ့လက်စွပ်ကို ပြန်ယူပါ … နန်း မြမွန် သေဆုံးရတဲ့ကိစ္စကိုတော့ ကျွန်မ ဘာမှမသိဘူး … ကျွန်မသိတာက ကျွန်မ နန်းမြမွန်မဟုတ်ဘူး … မိမိလိုင် ပါ … ဒါကြောင့် အိုးသည်ကုန်းကို ကျွန်မပြန်မယ် … ”

လို့ ရှင်းရှင်းပြတ်ပြတ် ပြောလိုက်ရုံပေါ့၊ ဟိုစကားလို ပေါ့၊ ရှမ်းရှင်ပြုအလွယ်လေးရှင် … ။

ကားက ကျောက်မဲမြို့ကို ဝင်ခါနီးတော့ ‘ဘယ်နှယ်ပြင် လဲ … ’ ဆိုတဲ့ အကြည့်နဲ့ ဦးစိုင်းဗလက ကျွန်မကို လှမ်းကြည့်တယ်။

“ကျွန်မဟာ ငွေညှစ်ခံရမယ့် လူသားထဲမှာ မပါဘူး … ဟန် ဆောင်လိမ်ညာပြီး ဒီဘဝရောက်အောင် ကျွန်မလုပ်တာ

www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ဘူး သူတို့ဇာတ်သူတို့ဆင်ပြီး သူတို့မင်းသမီး သူတို့တင်ကြတာ ... အဲ ... အားနာလို့ ... အကြောင်းကြောင်းကို ငဲ့ပြီးတော့သာ ကျွန်မ နောက်ပိုင်းမှာ ဘာမှ မပြောဘဲ ငြိမ်နေခဲ့တာ ... ဦးက ခုလိုပြောလာတော့ ရှင်းပါတယ် ... ကျွန်မလာလမ်းကို ကျွန်မပြန်ရုံပေါ့ ... အမေ သေသွားလည်း အိုးသည်ကုန်းမှာ ကျွန်မဘဝကို ကျွန်မ ရပ်တည်နိုင်ပါတယ် ... ”

“ကောင်းပါလေ့ဗျာ ... ကောင်းပါလေ့ ... ”

ဦးစိုင်းဗလက မချိပြုံးပြုံးရင်း ဆိုတယ်၊ ကားလီဗာကို တအား ဖိနင်းလိုက်တယ်၊ ကျွန်မက ဦးစိုင်းဗလကားနဲ့ အဲ့မွန်လှိုင်အထိ လိုက်အပို့မခံပါဘူး၊ ကျောက်မဲမှာတင်ဆင်းတယ်၊ ကျောက်မဲကမှ အဲ့မွန်လှိုင်ကို ရရာကားနဲ့ စီးလာခဲ့တယ်၊ ကံကြမ္မာက ကျွန်မအပေါ် တစ်မျိုးဖန်တီးလိုက်ပြန်ပြီ၊ ဘာပဲဖြစ်ဖြစ် ဒီလိုဖြစ်သွားတာ ကောင်းတယ်လို့ ကျွန်မ ယူဆပါတယ်၊ အမှန်တရားနဲ့ အတူနေရတာ စိတ်သန့်ရှင်းပါတယ်၊ လွတ်လပ်အေးချမ်းပါတယ်... နန်းမြမွန်လို့ ဟန်ဆောင်ပြီး သိန်းပေါင်းများစွာ ချမ်းသာနေရတာထက်စာရင်း အိုးသည်ကုန်းမှာ မိမိလိုင်အဖြစ် ရှာအလုပ်လုပ်ပြီး မရှိမရှားနေရတဲ့ဘဝက အစစအရာရာ သောကကင်းပါတယ် ... ။



ဒါပေမဲ့ ကျွန်မစိတ်ထဲမှာ ‘ဖြစ်ရလေတယ် ... ’ဆိုတဲ့ အသိနဲ့ မချိတင်ကဲ ဖြစ်နေပါတယ်၊ ဒေါသတရားအချို့ဟာလည်း ရင်ထဲမှာ ဖွမ်းလိုလောင်နေတယ်၊ လောကဇာတ်ခုံဆိုတာ ဒီလိုပဲ ဆင်ပါရဲ့၊ မင်းသား၊ မင်းသမီး၊ လူဆိုး၊ လူကြမ်းအစုံ ပါရတာပေါ့လေ ... ၊ ဒါပေမဲ့ ကျွန်မ ဒီဇာတ်လမ်းမှာ မင်းသမီးတကယ်ဖြစ်ဖို့ လူကြမ်း၊ လူဆိုးတွေနဲ့ တွေ့ရတာဆိုရင် စိတ်ဖြေသာပါသေးရဲ့၊ ခုတော့ ကျွန်မ မင်းသမီးအရေခြုံထားတဲ့သူ၊ မင်းသမီးမဟုတ်ပါဘူး ဒါပေမဲ့ လူကြမ်းရဲ့အနှိပ်စက်ခံ (ငွေညှစ်ခံနေရတယ်) နေရတယ် ဆိုတော့ နာသာခံခက်ကြီး ... ။

အဲ့မွန်လှိုင်အိမ်ကြီးကို ရောက်တော့ ကျွန်မ ရောက်ပြီဆိုတဲ့အကြောင်း မယ်မယ်ကြီးကို ဝင်ပြောတယ်၊ မနက်ဆယ့်တစ်နာရီထိုးပြီ၊ ကျွန်မ မနက်စာ မစားရသေးဘူးအထင်နဲ့ မိုးလေး ကျွန်မအခန်းထဲ ရောက်လာပြီး ‘မနက်စာပြင်လိုက်ရမလား မေမေ’ လို့ ပြောတယ်၊ ‘ငါ ဘာမှ မစားချင်ဘူး ... လိမ္မော်ရည်ဖြစ်ဖြစ်၊ ဒီဖြစ်ဖြစ် အအေးတစ်ခုခု ငါ့အခန်းထဲကို ယူလာခဲ့ ... ’ လို့ ပြောလိုက်မှ အခန်းထဲက ပြန်ထွက်သွားတယ် ... ။

မိုးလေးက လင်ပန်းတစ်ချပ်ပေါ်မှာ လိမ္မော်ရည်တစ်ပုလင်းနဲ့ ဖန်ခွက်တစ်လုံး၊ ပြီးတော့ ပန်းသီးတစ်လုံး တင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကို ဝင်လာတယ်၊ 'မန်းသီးစားပြီး လိမ္မော်ရည်သောက်ပါ မမလေး' လို့ ပြောတတယ်၊ နောက် ဖန်ခွက်ထဲကို လိမ္မော်ရည် ငှဲ့ပြီး ကျွန်မကိုပေးတယ် ... ပြီးတော့ 'ခဏနော် ... မမလေး' လို့ မိုးလေးကဆိုရင်း လင်ပန်းပေါ်မှာ လင်ပန်းပေါ်မှာ တင်ယူလာတဲ့ မောင်းချဓားနဲ့ ပန်းသီးကို အခွံနွှာနေတယ် ... ။

ကျွန်မ ဖန်ခွက်ထဲက လိမ္မော်ရည်ကို တစ်ငုံငုံပြီး အိပ်ရာပေါ် ပြန်ချထားတယ်၊ ဒီတော့ မိုးလေး ပန်းသီးအခွံနွှာနေပုံကို လှမ်းကြည့်လိုက်တယ်၊ ဖျတ်ခနဲ ကျွန်မ ရင်ထဲမှာ တစ်မျိုးဖြစ်သွားတယ်၊ ဖြန်းခနဲ ဖြန်းခနဲ ကြက်သီးထသွားတယ်၊ 'အလုပ်မရှိ အလုပ်ရှာ၊ ပန်းသီးများ အခွံနွှာနေရသေးတယ် ... ဒီအတိုင်းလေး စိတ် စိတ်လိုက်ရင်ပြီးတာပဲ ... ' လို့ စိတ်ထဲက အပြစ်တင်မိလိုက်သလား၊ ဘာကြောင့်လဲမသိဘူး၊ မလိုလားတဲ့ခံစားချက်တွေ၊ မနှစ်မြို့ဖွယ်ရာ၊ မဖွယ်မရာကိစ္စတွေဟာ ကျွန်မကိုယ်စိတ်နှစ်ပါးစလုံးပေါ်မှာ ရောက်ရက်ခတ်အောင် ပြေးလွှားနေကြတယ်၊ ချက်ချင်း ကျွန်မခေါင်းထဲမှာ တရိပ်ရိပ် မူးဝေလာသလိုပဲ၊ အမြင်အာရုံကတော့ ဝေဝါးမသွားပါဘူး၊ ဒါပေမဲ့ စုံမှန်မဟုတ်ဘူး၊ ပန်းသီးနဲ့ မောင်းချဓားကို ကြောက်စရာပစ္စည်းတွေလို စူးစူးဝါးဝါး ကြည့်နေမိတယ်၊ ကြည့်နေရင်း ပုံသဏ္ဌာန်တွေက ကြီးသွားလိုက်၊ ငယ်သွားလိုက်နဲ့၊ ဘာ



ကို အလိုမကျမှန်း မသိဘဲ ကျွန်မစိတ်တွေ ပြင်းပြင်းထန်ထန် အလိုမကျဖြစ်လာတယ် ... ။

"အို ... ပန်းသီးများ အခွံနွှာနေရသေးတယ် ... ပေးစမ်း... ပေးစမ်း ... "

ကျွန်မက မိုးလေးလက်ထဲက မောင်းချဓားနဲ့ ပန်းသီးကို လှမ်းယူလိုက်တယ်၊ 'နေပါစေမမလေး ... ကျွန်မလုပ်ပါ့မယ်' လို့ ကျွန်မလက်ထဲက ပန်းသီးနဲ့ဓားကို မိုးလေးက ပြန်လုလိုက်တယ်၊ နှစ်ယောက်သား သူ့ရကိုယ်ရ လုနေတုန်းမှာ ပန်းသီးက အောက်ကို လွတ်ကျသွားတယ်၊ 'အို ပေးစမ်းပါအေ' လို့ ပြောပြီး မိုးလေးလက်ထဲမှာ ကျန်တဲ့ဓားကို လုယူလိုက်ခိုက် ကျွန်မလက်ထဲမှာ ဖျတ်ခနဲဖြစ်သွားတယ်၊ ကျွန်မလက် ဓားထိသွားပြီ၊ ကြည့်နေရင်း [illegible]က သွေးတွေ ရဲခနဲ ရဲခနဲ ထွက်လာတာမြင်ရတယ်။

"ဟာ သွေးတွေ ... သွေးတွေ ... "

ကျွန်မ ရင်တစ်ပြင်လုံး တဒိုင်းဒိုင်းမြည်ပြီး ကျွန်မမျက်စိထဲမှာ ဖွန်းထိုးမောက်ခုံ မြင်နေရတယ်၊ ဒီအချိန်မှာပဲ ကျွန်မအိပ်ခန်းတံခါး ရုတ်တရက် ပွင့်လာတယ်၊ ကျွန်မ မျက်စိရှေ့မှာ ခင်းအေယျာ ဘွားခနဲပေါ်လာတယ်၊ သူ့ကိုမြင်တော့ ကျွန်မ ဒေါသထောင်းခနဲဖြစ်သွားတယ်၊ အလွန်အမင်း မကျေမနပ် ဖြစ်တဲ့စိတ်

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ တဖွားဖွားပေါ်လာပြီး မှုန်ရှုသွားတယ်၊ ကျွန်မ မောင်းချ ဓားကို ဆုပ်ကိုင်ရင်း ထိုင်ရာမှထပြီး စိုင်းဓေယျာဆီ အပြေးသွားတယ်၊ စိုင်းဓေယျာ ရုတ်တရက် အံ့အားသင့်နေတယ် ... ။

"ကဲ လူယုတ်မာ ... ယုတ်မာဦးဟယ် ... ယုတ်မာဦးဟယ်"

ကျွန်မလက်ထဲက မောင်းချဓားနဲ့ စိုင်းဓေယျာကို ဘယ်နှစ်ချက်မှန်းမသိဘူး၊ ဒရစပ်ထိုးချလိုက်တယ်၊ ကျွန်မနားထဲမှာ စိုင်းဓေယျာရဲ့ 'အမလေး ...' လို့ အော်လိုက်သံကိုသာ နောက်ဆုံး ကြားလိုက်ရတယ်၊ ပြီးတော့ အမှောင်ထုကြီးတစ်ခုက ကျွန်မဆီကို ပြေးလာတာ သတိရလိုက်တယ်၊ နောက်တော့ ကျွန်မ ဘာမှသတိ မရတော့ဘူး ... ။

●



မတတ်သာလို့ ကျွန်မ အရှုံးပေးလိုက်ရတဲ့အချိန်မှာ ...အဲဒါသက ထောင်းခနဲပြန်ထလာတယ်၊ ကျွန်မရဲ့ ညာဘက် ...နဲ့ အိပ်ရာဒေါးကို စမ်းလိုက်တယ်၊ အိပ်ရာဘေးမှာ တင်ထား ...ပေါ်မှာ ခွဲလက်စ သစ်တော်သီးစိတ်တွေရဲ့ အတူ သစ်တော် ...ခွဲနေတဲ့ မောင်းချဓားကို တွေ့တယ်၊ ကျွန်မ ဘာမှ စဉ်းစား ...ဘူး မောင်းချဓားကို လက်နဲ့ဆုပ်ကိုင်ပြီး ကျွန်မ ကိုယ်ပေါ်က ...ဓေယျာရဲ့ ကျောတန်းကို မှန်းပြီး ထိုးချလိုက်တယ် ... ။

"ဟာ ..."

လို့ နှုတ်ကအော်ပြီး စိုင်းဓေယျာဟာ ကျွန်မခေါင်း ...ကို သူ့ဘယ်လက်နဲ့ ဖမ်းပြီးတားလိုက်တယ်၊ သွေးတွေ ပြာ... ...သွားတော့ ကျွန်မ လှမ်းမြင်လိုက်ရတယ်၊ သူက အိပ်...ပေါ်က

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးဖြိုးဖျက်ဖျက် ဆင်းပြီး ခုတင်းဘေးမှာရပ်တယ် ... ။

"ယုတ်မာတာ ... ယုတ်မာတာ ... လူယုတ်မာ ..."

"မဟုတ်ဘူး အမွှန် ... ကိုလတ်ချစ်စိတ်တွေကို ..."

"အို ... ဘာမှမပြောနဲ့ ..."

ကျွန်မ အော်ပြောလိုက်တော့ သူက အိပ်ရာအော[illegible]

ကျနေတဲ့ မောင်းချားကို ပြန်ကောက်ပြီး၊ သစ်တော်သီးထည့်ထာ[illegible]

တဲ့ပန်းထဲကို ပြန်ထည့်တယ်၊ ပြီးတော့ ... အခန်းထဲက ဗီရိုထဲမှ[illegible]

သွားတင်ထားလိုက်တယ်၊ ကျွန်မသူ့ကို မကျေမချမ်းနဲ့ ကြည့်[illegible]

တယ်၊ နှမြောတသ ဝမ်းနည်းစိတ်နဲ့ ကျွန်မ ရှိုက်ရှိုက်ကြီးငို[illegible]

တယ်၊ သူ့လက်က ဒဏ်ရာက သွေးတွေကလည်း ရွဲစိုနေအော[illegible]

ထွက်နေတယ်၊ သွေးတွေကို မြင်ရမှ ကျွန်မ ဒေါသစိတ်က ပို[illegible]

မြင်းထန်လာတယ်၊ သတ်ချင်ဖြတ်ချင်စိတ်တွေ ပေါ်လာတယ် ...

"အဲဒီတုန်းက ကျွန်မနဲ့ ကိုကြီးနဲ့ လူကြီးချင်းသဘောတူ[illegible]

လက်ထပ်မယ့်ဆဲဆဲ၊ ကိုကြီးမွေးနေ့ပွဲလုပ်တဲ့ည ကျွန်[illegible]

အတွက် ပေးထားတဲ့အခန်းထဲမှာ အနားယူနေတုန်း စိုင်[illegible]

ဖေယျာက အဲဒီလို ယုတ်မာခဲ့တာပါ ..."

"[illegible]ဆိုတာ စိုင်းနန္ဒကို ပြောတာလား ..."

"ဟုတ်တယ် ... အင် ... ဒါ ... ဒါပေမဲ့ ..."



"ဒီကိစ္စတွေ အသိမပေးဘဲ စိုင်းနန္ဒနဲ့ လက်ထပ်လိုက်ကြ

တယ်ဆိုပါတော့ ပြီးတော့ ..."

"ဒီနေ့တော့ အဲဒီတုန်းက မောင်းချားကိုပြန်တွေ့တော့

ကျွန်မစိတ်တွေ တစ်မျိုးဖြစ်လာတယ် ... တစ်ခါ တိုက်

တိုက်ဆိုင်ဆိုင် မောင်းချားကိုလှုရင်းက ကျွန်မလက်က

သွေးတွေကို မြင်ရချိန်မှာ ကျွန်မစိတ်တွေ ဘယ်လိုမှ ထိန်း

မရအောင် ဖြစ်ပြီး မွှန်ထူသွားတယ် ... ဒီအချိန်မှာ စိုင်း

ဖေယျာ အခန်းထဲကို ဝင်လာတယ် ... စိုင်းဖေယျာကို မြင်

မြင်ချင်းပဲ ကျွန်မရဲ့စိတ်ထဲမှာ အတိတ်က အဖြစ်တွေက

လွှမ်းမိုးလာတယ် ... ခုလောလောဆယ် ဖြစ်နေတယ်လို့

ထင်နေတယ် ... ဒါနဲ့ ဒေါသကိုမထိန်းနိုင်ဘဲ စိုင်းဖေယျာကို

ကျွန်မ ဓားနဲ့ထိုးလိုက်တာပါ ..."

"ဒါဖြင့် မင်းဟာ မိမိလိုင်မဟုတ်ဘူးပေါ့ ..." လို့ ကျွန်မကို

မေးခွန်းတွေ မေးနေတဲ့ဆရာဝန်က ဆက်မေးတယ် ... ။

"မိမိလှိုင် ... ဘာ မိမိလှိုင်လဲ ... ဘာပြောတာလဲ ... သိပြီ

သိပြီ ... ကျွန်မ သတိရပြီ ... ဝတ္ထုထဲက ..."

"ဘာလဲ ... ဝတ္ထုထဲက ဟုတ်လား ... ဘယ်လိုလဲ **အကျိုး**

www.burmeseclassic.com

www.burmeseclassic.com



အနှေကြောင်း နားလည်အောင်ရှင်းပြပါလား ... ”

ကျွန်မ ခဏပဲ စဉ်းစားလိုက်တယ်။

“ကျွန်မရဲ့ ကိုကြီးနဲ့ မနုလေးက ခရီးသည်တင်ကားကဆေ

စီးလာတော့ ကိုကြီးဘေး ခရီးသည်တင်ကား စီးလာတော

ကိုကြီးဘေးမှာ ထိုင်ပြီး ဝတ္ထုစာအုပ်တစ်အုပ် ဖတ်လာ

တယ်... စာရေးဆရာမ စန္ဒာလင်းကြွယ်ရေးတဲ့ ကြွယ်

ကြွေသွားတဲ့ချစ်သည်း’ပါ ... ဝတ္ထုထဲမှာ အိုးသည်ကုန်

လေး မိမိလှိုင်ရဲ့အချစ်ဘဝကို ရေးထားတာပါ ... ဆုံးအေ

တောင် မဖတ်ရသေးပါဘူး ... မိမိလှိုင်ဟာ သူ့ချစ်သူ

ကျော်နဲ့ ရည်းစားဖြစ်ချိန်မှာ လွှန်လွှန်ကျူးကျူးဖြစ်မိ

နှစ်ဖက်မိဘတွေ ညှိနှိုင်းပြီး လက်ထပ်ပေးတဲ့အခါန်းကိုဝ

ရောက်ပါသေးတယ် ... ရုတ်တရက် ဝုန်းဆိုတဲ့အသံ

ကျွန်မနားထဲမှာ ကြားပြီး သတိမေ့သွားပါတယ် ... ”

“ကားမှောက်သွားတာပါ ... ”

“ဟုတ်တယ် ထင်တယ် ... ဒါဖြင့် ကိုကြီးကော ... ”

ကျွန်မ စိုးရိမ်တကြီး မေးလိုက်တယ်၊ ကျွန်မကို

“ရှုန်းတွေထုတ်နေတဲ့ ဆရာဝန်ရော ကျွန်မဘေးပတ်ပတ်လည်



ထိုင်ပြီး ကျွန်မအမှုအတွက် စစ်ဆေးမေးမြန်းဖို့ စောင့်နေတဲ့ ရဲအရာ

ရှိနဲ့ ရဲအမှုထမ်းတွေကပါ၊ ကျွန်မမေးခွန်းကို ပြန်မဖြေကြဘူး၊ ကျွန်မ

ကို ကရုဏာသက်တဲ့မျက်လုံးတွေနဲ့ ဝိုင်းကြည့်နေကြတယ် ...။

“ကျွန်တော် ဒေါက်တာခင်မောင်ထွေးပါ ... အမှန်တော့

နန်းမြမွန်ဟာ ကားမှောက်လို့ရတဲ့ ခေါင်းကဒဏ်ရာကြောင့်

(SKIZO FENIZEH) စကီဇိုဖနီးဇီးယားလို့ ခေါ်တဲ့ အတိတ်

မေ့ရောဂါတစ်မျိုး ရသွားတာပါ ... တချို့က အဲဒီရောဂါမျိုး

ရရင် လက်ရှိဘဝကိုပဲ သိပြီး အတိတ်က ရှေ့လဲဘဝကို လုံးဝ

မေ့နေတတ်ကြပါတယ် ... နန်းမြမွန်ကတော့ ထူးထူးခြားခြား

ဆန်း အတိတ်က နန်းမြမွန်ဘဝကို မေ့သွားတဲ့အပြင် ကား

မမှောက်ခင်က ဖတ်ခဲ့ရတဲ့ ဝတ္ထုစာအုပ်ထဲက အဖြစ်အပျက်

တွေကို စွဲလမ်းပြီး ... ဝတ္ထုထဲမှာပါတဲ့ ဇာတ်လမ်းအိမ်ကို

သူ့ဘဝ၊ သူဟာ မိမိလှိုင်ပဲလို့ ထင်နေခဲ့ပါတာပါ ... ဒါကြောင့်

သူဟာ စိတ်ရောဂါရှင်တစ်ယောက်ဖြစ်တယ်လို့ ကျွန်တော်

စိတ်ရောဂါကု ဆရာဝန်တစ်ယောက်အနေနဲ့ ရဲမှာ စစ်ချက်

ပေးတာပါ ... ကျွန်တော်တော့ စခန်းမှူးကြီးတို့ အကြံပြု

ဆောင်ရွက်ကြပါ ... ”

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ကျွန်မခေါင်းထဲကို အမှတ်သညာ တစ်ခုက လက်ခနဲတိုးဝင်လာတယ်။

"နေဦး ... ကားမှောက်တုန်းက ခရီးဆောင်အိတ်တွေနဲ့ ဝတ္ထုစာအုပ်ကို ဦးစိုင်းဗလ ယူသိမ်းထားလိုက်တယ် ... အိတ်တွေပဲပြန်ပေးပြီး ဝတ္ထုစာအုပ်တော့ ပြန်မရသေးဘူး... ပြီးတော့ ... ပြီးတော့ ..."

ကျွန်မ မျက်လုံးမှေးပြီး စဉ်းစားရသမျှတွေကို အမှတ်သညာထဲ ကြိုးစားထည့်ကြည့်နေတယ်၊ ရဲအုပ်တင်မောင်ဝေ ဆိုသူက ကျွန်မအမှုဖြစ်စဉ်ကို အထောက်အကူပြုမယ့် ကိစ္စမှန်သမျှ နှိုက်နှိုက်ချွတ်ချွတ် မေးတယ်၊ ကျွန်မကိုယ်ကျွန်မ နှမ်းမြွှန်လို့ ဒီနေ့ ပဲ သတိရလိုက်သလို ဒီနေ့ နောင်ချိုကအပြန် ဂျစ်ကားပေါ်မှာ ဦး စိုင်းဗလနဲ့ကျွန်မ ပြောခဲ့၊ ဆိုခဲ့၊ ဦးစိုင်းဗလ တွေ့ဆုံခဲ့တဲ့ အကြောင်း တွေကို ကျွန်မ တရေးရေး ပြန်သတိရလာပါတယ်၊ ဒီလိုဆိုရင် ဦး စိုင်းဗလဟာ ကျွန်မအတိတ်မေ့နေခိုက် ပြောနေဆိုနေတဲ့အကြောင်း တွေကို ကျွန်မကို ပြောပြမယ်၊ တစ်ခါ အပြင်မှာ တကယ်မရှိတဲ့ မိမိလှိုင်ရဲ့ အမေကိုလည်း သေဆုံးသွားကြောင်း သတင်းစာထဲမှာ လုပ်ကြံထည့်ပြီး ကျွန်မကိုပြမယ်၊ အိုးသည်ကုန်းက သူ့လက်ဖက်



ခင်းမှာ အလုပ်လုပ်ဖို့ လာတဲ့ကောင်လေးတစ်ယောက်ဟာလည်း ကျွန်မအကြောင်းတွေ သိနေလို့ လိမ်ညာတဲ့အပြင် ကျွန်မ အတိတ် မေ့နေတာကို အခွင့်ကောင်းယူပြီး နှမ်းမြွှန် သေဆုံးတဲ့ကိစ္စမှာ လည်း ... ။

ကျွန်မဘေးက ရဲအုပ်တင်မောင်ဝေက ခေါင်းတ ဆတ်ဆတ်ညိတ်ပြီး ကျွန်မစစ်ချက်တွေကို စိတ်ဝင်စားစွာ အရေးယူ နေပါတယ်၊ ကျွန်မကို နှစ်နာရီနီးပါး စစ်ဆေးပါတယ်၊ ပြီးတော့ အာမခံမပေးသေးဘဲ ကျွန်မကို မိန်းမအချုပ်ခန်းထဲ ထည့်ထားလိုက် တယ်၊ အဲဒီအချိန်ထိ ဆရာဝန်ကိုခင်မောင်ထွေးက မပြန်သေးဘူး၊ ကျွန်မမျက်နှာကို ကြည့်၊ ကျွန်မမေးချင်တာ၊ သူပြောချင်တာတွေ ကို အချိန်တော်တော်ကြာကြာ ပြောပြီးမှ ပြန်ပါတယ်၊ မိုးချုပ်တော့ မယ်မယ်ကြီးနဲ့မေမေ မိုးလေးတို့ရောက်လာတယ်၊ မယ်မယ်ကြီးတို့ လည်း အကြောင်းစုံ၊ အကြောင်းမှန်ကို အကုန်သိနေပြီ၊ "သမီးလေး ဖြစ်ချင်တာကို မယ်မယ်ကြီးတို့ ဘာမှမလုပ်ဘူး ... သမီးဖြစ်ချင် တာပဲ ဖြစ်ရမယ် ... ခုလို သမီးဟာ နှမ်းမြွှန်အဖြစ် သတိရလာ တာကိုပဲ ဝမ်းသာလှပါပြီကွယ် ..." လို့ မယ်မယ်ကြီးက အသံတုန် တုန်နဲ့ပြောတယ်၊ မေမေနန်းလွင်လွင်က မျက်ရည်ဝဲဝိုင်းနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



ချက်လုံးနဲ့ ကျွန်မကို အကြာကြီးကြည့်နေတယ်၊ ဝမ်းသာစရာ

သတင်းတစ်ခုအနေနဲ့ ဆေးရုံက ဗိုင်းရေးယျှာလည်း သတိရလာပြီ

အသက်အန္တရာယ် မစိုးရိမ်ရတော့ဘူးလို့ ပြောပြကြတယ်၊ နောက်

တစ်နေ့ မနက်လင်းတော့ အစောကြီးပဲ ဆရာဝန်ခင်မောင်ဖျေ

ကျွန်မဆီရောက်လာတယ်၊ စားစရာ၊ သောက်စရာတွေ အစုံအလင်

ပါလာတယ်၊ ကျွန်မနဲ့ စကားတွေအများကြီး ပြောတယ်၊ နောက်

နောက်ရက်တွေမှာလည်း ကျွန်မဆီကို တစ်နေ့နှစ်ကြိမ် သုံးကြိ

ရောက်လာတတ်တယ်၊ ကျွန်မအပေါ်မှာ ဒီလောက် သံယောဇ

ထားပြီး ဂရုတစိုက်ရှိလှတဲ့သူကို ကျွန်မ ဖြေးဖြေးဖြည်း စဉ်းစ

ကြည့်တယ်၊ သူဟာ ဆရာဝန်ဖြစ်တယ်ဆိုတာက အစချီပြီး ဖ

ကြည့်တော့ မိမိလှိုင်ဘဝနဲ့တုန်းက သူနဲ့ကျွန်မ အဖြစ်အချို့ကို

ရေးရေး သတိရလာပါတယ်၊ ကျွန်မရင်ထဲမှာ နှစ်မြို့က်ချိုမြတဲ့ ခံ

ချက်တစ်မျိုး ဖြစ်ပေါ်လာတယ် ... ။

"ဆရာ ... ဆရာက ကျွန်မအပေါ်မှာ ခုလို ဂရုတစိုက်

နေပေမယ့် ကျွန်မ ဆရာ့အပေါ်မှာ ဟက်ဟက်ပက်

မဆက်ဆံခဲ့ဘူး ... ဘာဖြူလို့လဲဆိုတော့ ကျွန်မလေ

ကျွန်မဆရာ့အကြောင်းကို သတိရအောင် စဉ်းစားနေ



ပါ... "

ဆရာဝန်က ကျွန်မအပြောကြောင့် ဖွဖွပြုံးတယ် ...။

"ခုချိန်မှာတော့ ဘာမှ ရှေ့ဖြစ်နောက်ကြောင်းတွေ စဉ်းစား

မနေပါနဲ့တော့ နန်းမြမွန် ... နန်းမြမွန်ဟာ နန်းမြမွန်လို့

သိပြီးတဲ့နောက် မင်းဘဝက ပြည့်စုံသွားပါပြီ ... "

"မဟုတ်ဘူးဆရာ ... ဆရာပြောသလို တချို့ ကျွန်မလို

ဝေဒနာရှင်တွေဟာ ဘဝနှစ်ခု တစ်ခုနဲ့တစ်ခု ကူးပြောင်းပြီး

မူလဘဝကို သိရှိတဲ့အချိန်မှာ အထင်မှားနေတဲ့ ဘဝကို ပြန်

မေ့သွားတတ်ကြတယ်လို့ ကျွန်မလည်း ကြားဖူးတယ် ...

ခု ကျွန်မ အသေအချာ နန်းမြမွန်ဖြစ်မှန်း သိပါပြီ ... ဒါပေမဲ့

ဆရာ ... "

"ဒါပေမဲ့ ဘာဖြစ်လဲ နန်းမြမွန် ... "

"မိမိလှိုင်ဘဝကိုလည်း လုံးဝ မေ့သွားတာမဟုတ်ပါဘူး ...

ပြန်တွေးကြည့်ရင် ပေါ်ပါတယ် ... တစ်ခါတုန်းက ဆရာ

ကျွန်မကို မေးဖူးတယ်လေ ... ကျွန်မဟာ နန်းမြမွန်လား ...

မိမိလှိုင်လားလို့ ... အဲဒီအချိန်မှာ ကျွန်မ မိမိလှိုင်လို့ ပြော

တော့ ... "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဆရာဝန်ခင်မောင်ထွေးရဲ့ မျက်နှာကို ကြည့်နေရင်းက ဆက်မကြည့်ရဲတော့ဘဲ ခေါင်းငုံ့ပစ်လိုက်တယ်၊ ဒါပေမဲ့ ကျွန်မဟာ ငြိမ်သက်ပြီးဆုံးသွားတာ မဟုတ်ပါဘူး၊ အချစ်ကြောင့် ကျွန်မရင်ထဲက နှလုံးတုန်သံကို ဆရာဝန်ခင်မောင်ထွေးဟာ နားကြပ်နဲ့ နားမထောင်ရဘဲ ကြားနေရမယ်ထင်ပါတယ်၊ အချစ်ဆိုတာ မုန်တိုင်းတိုက်ခတ်သံထက် ပိုမိုပြင်းထန်မယ်ထင်ပါတယ် ... ။

မြရတီ




www.burmeseclassic.com

www.burmeseclassic.com

## အင်းရိုင်းမောင်မောင်နှင့် ယုယုနုလှ

**တိုးတက်ပြောင်းလဲနေသော မြန်မာပြည်**

ခေတ်တွေစနစ်တွေ အလီလီပြောင်းလဲလာခဲ့၏။ မနေ့ကနှင့်ကနေ့ မတူတော့ပေ။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပြောင်းလဲမှုများစွာ ရှိ၏။ ပြည်နယ်နှင့်တိုင်း ဒေသများသို့ လမ်းတံတားများ ဖောက်လုပ်ခြင်းကြောင့် သွားလာမှု လွယ်ကူချောမွေ့လာ၏။ အနယ်နယ်အရပ်ရပ်မှ ထွက်ရှိသော ကုန်စည်ကူးသန်းရောင်းဝယ်မှုများ တိုးတက်လာပေသည်။

ဆည်မြောင်း၊ တာတမံများ တူးဖော်ခြင်းကြောင့် လယ်ယာမြေကို အဓိကမဏ္ဍိုင်ဖြစ်သော မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် များစွာပြောင်းလဲတိုးတက်လာတော့၏။ လက်မှ

www.burmeseclassic.com

www.burmeseclassic.com



လယ်ယာမှ စက်မှုလယ်ယာသို့ အသွင်းပြောင်းလာ၏။ တစ်သီးစား စိုက်ပျိုးရာမှ သုံးသီးစားပင် စိုက်ပျိုးနိုင်၍ အထွက်နှုန်းပိုမို ကောင်းလာသည်။ ပြည်တွင်းဖူလုံရုံသာမက ပြည်ပနိုင်ငံများသို့ပင် တင်ပို့ရောင်းချနိုင်ပါသည်။

ပညာရေးကဏ္ဍများသည်လည်း ခေတ်မှီနည်းစနစ် ကွန်ပျူတာ၊ ဒီဂျစ်တာများသာမက အင်တာနက် စဲတယ်လိုက်ဂြုဟ်တုဆက်သွယ်ရေး နည်းစနစ်များပါ အသုံးပြုလာနိုင်ပါသည်။ ခေတ်မှီတိုးတက်လာသော နိုင်ငံသစ်သည် အလှမ်းမဝေးတော့ပြီတည်း။ လူနေမှု အဆင့်အတန်းများလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့၏။ ကျေးလက်မြို့ပြ တစ်ပြေးညီအကောင်အထည်ဖော် ဆောင်ရွက်နေသဖြင့် များစွာ ပြောင်းလဲနေသည်မှာ ဒီရေနှင့် အခြားပါပေ။

မြန်မာနိုင်ငံသည် သံယံဇာတ ကုန်ကြမ်းပစ္စည်းများ ပေါကြွယ်သောနိုင်ငံ ဖြစ်၏။ တိုင်းတစ်ပါးများအား အားကိုးစရာမလိုပေ။ မိမိတို့ ရပ်တည်နိုင်စွမ်းကို ရှိခဲ့၏။ သမိုင်းတစ်လျှောက် သူ့ကျွန်မခံ ဒူးမထောက်လက်မမြှောက် စည်းလုံးညီညွတ်စွာ တိုင်းရင်းသားပေါင်းစုံ အားဖြင့် တွန်းလှန်ခဲ့ကြသည်။ မြန်မာ့တပ်မတော်၏ အခန်းကဏ္ဍသည် ထွန်းပြောင်နေဆဲပါပေတည်း။

ကိုယ့်တိုင်းကိုယ့်ပြည် တိုးတက်နေခြင်းကို တိုင်း



တစ်ပါးက အဖျက်ရန်စွယ်များက နှောင့်ယှက်နေကြ၏။ နည်းအမျိုးမျိုး သုံးကြ၏။ မြူဆွယ်၏။ သွေးထိုးကြ၏။ ပြည်ပအားကိုးသောပုဆိန်ရိုးတချို့ ကိုယ်ကျိုးစွန့်သူများ ရှိနေ၏။ ထိုသူများကြောင့်များစွာ နစ်နာဆုံးရှုံးရပေသည်။ လူမျိုးလူညွန့်တုံးစေရန် မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားကြ၏။ မြန်မာ့သားပျိုသမီးပျိုလေးများ လမ်းမှားရောက်အောင် ပြုမူနေကြပေသည်။

နားမယောင်လင့်ပေ။ လမ်းမှားမရောက်ကြစေရန် နိုင်ငံသားတိုင်း၏ တာဝန်ပေတည်း။ မောင်မောင့်အား ရဲမှူးက တာဝန်ပေးခဲ့၏။ လူကုန်ကူးမှုများ ပေါ်ပေါက်လျှက် ရှိ၏။ တိုင်းပြည်၏ နိုင်ငံသားကောင်း သမီးပျိုလေးများစွာ ဘဝပျက်ကြေခဲ့ရင်ပန်းကောင်းအညွန့်ချိုးခံနေရခဲ့သည်။ ကုစရာနတ္ထိ ဆေးမရှိသည့် အေအိုင်ဒီအက်(စ်)ခေါ် ရောဂါပိုးများ ဖြစ်ပွားရသည်။

ကိုယ်ကျိုးရှာသူ လူတစ်စုကြောင့် နိုင်ငံ၏ အဖိုးတန်သားပျို သမီးပျိုလေးများ လမ်းမှားလိုက်နေကြ၏။ လိုက်နေဆဲပါပေတည်း။ မောင်မောင်တို့က တရားဥပဒေဘက်တော်သားပေမို့ လူမျိုးပြုန်းမည့် အနှောင့်ပရောဂါများအား တရားဥပဒေအရ ရှာဖွေဖော်ထုတ်အရေးယူရပေမည်။ ထိုလူကုန်ကူးမှုသည် ပေါ့သေးသေးအမှုမဟုတ်ပါချေ။ တားဆီးရမည်ဖြစ်၏။ အမျိုးသားရေးတာဝန်

www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ်တည်း။

အမှုသွားအမှုလာ စစ်ဆေးရ၏။ မြန်မာနိုင်ငံသည် အသွင်ပြောင်းလဲနေဆဲ ကာလဖြစ်၏။ ကိုယ်ကျိုးရှာ လူကုန်သည်များက တိုင်းတစ်ပါးနိုင်ငံတို့၏ တိုးတက်နေမှုကို အားကျစေရန် မြူဆွယ်ဖျားယောင်းကြ၏။ အထင်ကြီးရန် မက်လုံးပေး၏။ အခုပင် နိုင်ငံရပ်ခြားတိုင်းပြည်သို့ အလုပ်ထွက်လုပ်ပါက သူဌေးဖြစ်သွားသယောင် မြှောက်ထိုးပင့်ကြ၏။

နိုင်ငံရပ်ခြား တိုင်းတစ်ပါးကို သွားရည်ယိုလောက်အောင် အကောင်းများ အားကျစေအောင် ဆိုကြ၏။ တကယ့်ကျွားရဲတွင်းဝအား နတ်ဘုံနတ်နန်းတမျှ ညွှန်းကြ၏။ နိုင်ငံရပ်ခြား မရောက်ဘူးသဖြင့် ဟုတ်မှာပါဟု တွေးကြ၏။ ကိုယ်တိုင်ကြုံရသည့် အခါမှာတော့ ဘဝပျက်ကြွေ နစ်မွန်းသွားတော့သည်။ အထင်မကြီးလင့်သည်ကို အထင်ကြီးကြ၏။

သူတစ်ပါးနိုင်ငံများ တိုးတက်နေခြင်းကို အားကျေးမောကြည့်နေမည့်အစား ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည်တိုးတက်အောင် ဝိုင်းဝန်းကြ၊ လုပ်ဆောင်ပါဝင်ကြဖို့ လိုအပ်ပါသည်။ ေ ကြည်တစ်ပေါက် ချမ်းမြေ့စွာ သောက်ချင်ပါက ရေတွင်းတူးရမည် တည်း။ သောက်တော့ သောက်ချင်သည်။ ကိုယ်တိုင်တော့ အား



ခိုက် အရင်းမစိုက်၍တော့ မရပါချေ။ အခု ရေတွင်းတူး အခုပေါက်ချင်၍တော့ မဖြစ်ပေ။ အချိန်အခါတော့ စောင့်ရမည်ဖြစ်၏။

နိုင်ငံတကာအဆင့်မှီ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ပြောင်းလဲနေဆဲ ကာလဖြစ်၏။ အခက်အခဲများ ကျော်လွှားကြရမည်တည်း။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တိုးတက်ပြောင်းလဲလာသည်မှာ အားရဂုဏ်ယူစရာ ကောင်းလှပေသည်။ ခေတ်မှီနိုင်ငံတော်ကြီး ဖြစ်လာပါက တိုင်းတစ်ပါးသို့ပင် ထွက်ခွာရန် မလိုတော့ပေ။ လူနေမှုအဆင့်အတန်း မကွာခြားတော့။ ထိုအချိန်အခါကို စောင့်ကြိုရမည်။ နိုင်ငံသားတိုင်း မြန်မာလူမျိုးအားလုံး၏ တာဝန်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



## လူကုန်ကူးမှု

လူကုန်ကူးခြင်းအမှုသည် ကျေးပိုင်ကျွန်ပိုင်စနစ်ကထဲက စတင်ခဲ့၏။ ထိုအချိန်က ကြီးသောအုပ်စုက ငယ်သောအုပ်စုအား အနိုင်ယူတတ်သည်။ နိုင်သည့်အုပ်စုက ရှုံးနိမ့်သူများကို ကျွန်အဖြစ် ခိုင်းစေတော့သည်။ ရောမခေတ်တွင် ပိုမိုတွင်ကျယ်စွာ ဖြစ်ပေသည်။ အောင်နိုင်သူများက သုံ့ပန်းများအား ကုန်သည်ကြီးများအား ရောင်းချခဲ့၏။

ထိုလူကုန်သည်ကြီးများက လူကုန်များအား [illegible] စည်ကားရာအရပ်ဈေး အစရှိသည့် နေရာများတွင် ဈေးပြိုင်စနစ်ဖြင့် ရောင်းဝယ်မှုပြုကြတော့သည်။ အချို့သူများသည် နယ်သစ်ပယ်သစ် ရှာဖွေကာ မူရင်းဒေသရှိ လူမျိုးစုများအား ကျွန်အဖြစ် သိမ်းပိုက်



အုပ်စိုးတော့သည်။ အမေရိကတစ်ပိုက်ရှိ ယခု အမေရိကန်နိုင်ငံတွင် လူနီရိုင်းများသည် ရှေးဦးစွာ နေထိုင်ကြသော လူမျိုးစုအနွယ်များ ဖြစ်ပေသည်။

နယ်သစ်ပယ်သစ် ရှာဖွေကြသော ဥရောပတိုက်သားတို့က (စပိန်၊ ပေါ်တူဂီ၊ ဒတ်(ချ်)၊ အင်္ဂလိပ်၊ ပြင်သစ်) တိုက်ကြီးကို အနိုင်ယူကာ သိမ်းပိုက်စိုးမိုးခဲ့ကြ၏။ အာဖရိကတိုက်များမှ ကျွန်များလည်း ခေါ်ယူလာခဲ့ပေသည်။ ထိုသို့ လူမျိုးပေါင်းစုံ သွေးနှောပေါက်ဖွားသူများကို အမေရိကန်လူမျိုးဟု ခေါ်တွင် ထင်ရှားလာခဲ့ပေသည်။

နယ်ချဲ့စံနစ် ပိုမိုကြီးထွားလာခဲ့၏။ နယ်ချဲ့တို့သည် သူတို့အကျိုးစီးပွား မရှိဘဲ မကျူးကျော် မဝင်ရောက်ကြပေ။ သူတို့သည် မူရင်းဒေသအရပ်ရှိ လူမျိုးများအား ယဉ်ကျေးမှု၊ လူမှုရေး [illegible]ကွဲအောင် နည်းအမျိုးမျိုးဖြင့် ပြုမူကာ နယ်ချဲ့ရန်စတင်ကြ၏။ [illegible]ရေး အရောင်းအဝယ်ပြုကြသည်။ အကြိုက်ပေးကာ မြူဆွယ် [illegible]သင်း ဆက်ဆံကြ၏။ သံတမန်နည်းအရ ဝင်ထွက်မှု ပြုလုပ်ကြ[illegible]သည်။

မူရင်းဒေသမှ လူမျိုးများ သွေးကွဲလာသောအခါ ခင်

www.burmeseclassic.com



ရေးအရ တစ်ဘက်အုပ်စုမှ ဝင်ရောက်ကာ ကူညီသယောင်း စစ်ပြ
တိုက်ခိုက်ကာ သိမ်းပိုက်စိုးမိုးတော့သည်။ မြန်မာနိုင်ငံအား ကျူး
ကျော်နယ်ချဲ့တို့က နှစ်၁၀၀နီးပါး သိမ်းပိုက်ခဲ့ကြ၏။ သူကျွန်မခံလို
သည့် စိတ်ဓာတ်၊ ကိုယ့်တိုင်းကိုယ့်ပြည်အတွက် ရှုံရှုံချွန်ချွန် တိုင်း
ရင်းသားမျိုးချစ်သူရဲကောင်းတို့က တွန်းလှန်ခဲ့ကြလေသည်။

တစ်မျိုးသားလုံး၏ အရေးမို့ မြန်မာ့တပ်မတော်
သည် ပြည်သူတစ်ရပ်လုံးနှင့် နယ်ချဲ့တို့အား တော်လှန်ကာ လွတ်
လပ်ရေးကို အရယူခဲ့ရ၏။ ယနေ့ ကမ္ဘာတွင်လည်း နိုင်ငံနှင့်လူမျိုး
အား ထိပါးရန် တိုင်းတစ်ပါးတို့က နည်းအမျိုးမျိုးနှင့် ပြုမူနေကြေ
သည်။ ကိုယ့်တိုင်းပြည်ကိုယ့်လူမျိုးတို့ အကျိုးကိုမထောက် မိမိတို့
ကိုယ်ကျိုးရှာ လူတစ်စုကြောင့် မြန်မာ့သားကောင်းသမီးပျိုလေး
များအား ဖျက်ဆီးရန် ပြုမူလာကြသည်။ အခွင့်ကောင်း ယူနေကြ
ကုန်၏။

အတုမြင်၍ အတတ်သင်ကြသည်။ အနောက်တိုင်း
၏ ဝတ်စားဆင်ယင်မှုများ၊ တေးဂီတသံစဉ်များသည် နယ်ချဲ့ကျူး
ကျော်ရန် စလာကြပေသည်။ ရုပ်ရှင်ဗွီဒီယိုများကလည်း တိုးတက်
သောလူနေမှုအဆင့်အတန်းကို အားကျစေ၏။ တိုးတက်သည်နှင့်



အမှု ဆုတ်ယုတ်မှုတွေ ရှိစမြဲပင်တည်း။ ကမ္ဘာလောကကြီးတွင်
ဆန့်ကျင်ဘက်တရားတွေသာ ကြီးစိုးနေ၏။

တိုးတက်သည်ဆိုသော အာရှနိုင်ငံကြီးကိုရီးယား၊
ဂျပန်နိုင်ငံတို့တွင်ပင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်
မပျက်ရလေအောင် ကျားကန်နေကြရတော့သည်။ တိုးတက်လာ
သည်နှင့်အမျှ လူနေမှုစရိုက် ကြီးမားလာသည်။ တစ်ဦးတစ်ယောက်
ထဲ ဝင်ငွေနှင့် မိသားစုစားစရိတ် မပြည့်စုံနိုင်ပေ။ အရွယ်ရောက်
သူတိုင်း လုပ်ငန်းခွင်သို့ ဝင်ရောက်ကြရသည်က များပေသည်။

အနောက်နိုင်ငံကြီးများတွင် အသက်(၁၈)ပြည့်
အရွယ်ရောက်သူများအား မိဘများက မထောက်ပံ့နိုင်တော့ပေ။
ကိုယ့်ဘဝကိုယ့်ဝမ်းကျောင်းကြရသူက များပေသည်။ ထိုအတွက်
ပင် မိဘတိုင်း မွေးကျေးဇူးတရားကို မသိကြတော့ပေ။ သူတို့သည်
အတ္တဆန်သော အသိသာရှိ၏။ နိုင်ငံနှင့်လူမျိုးအပေါ်ပင် ချစ်ခင်
မြတ်နိုးခြင်း မရှိကြသူများတည်း။

မောင်မောင်တို့ ကြားသိနေကြရ၏။ ကိုယ့်နိုင်ငံ၏
သားပျိုသမီးပျိုလေးများ ဝေးမြေရပ်ခြားမှာ ဘဝပျက်ကြရသည့်
အကြောင်းများ ကြားနေရ၏။ မဖြစ်သင့်ပေ။ တိုင်းတစ်ပါး

www.burmeseclassic.com



သည့် အတတ်ပညာ နည်းပညာများပင်တည်း။ သူတို့၏ သရုပ်ပျက်ယဉ်ကျေးမှု မဟုတ်ပေ။ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းတတ်ကြစေလိုသည်။ အမျိုးသားရေးစိတ်ဓာတ် ရှင်သန်စေလိုပါသည်။



လူကုန်ကူးခြင်းအစ

မောင်မောင်အတွေးများ ဖြတ်လိုက်၏။ သက်ပြင်းမော မှုတ်ထုတ်မိသည်။ မလွယ်ပါလား။ သည်အမှုသည် ပေါ့သေးသေး မဟုတ်ပေ။ တစ်မျိုးသားလုံးနှင့် သက်ဆိုင်နေပေသည်။ မြန်မာလူမျိုးပါ ကွယ်ပျောက်သွားနိုင်၏။ မသမာသူတစ်စုက ပြုရက်ကြ၏။ သားသမီးချင်း ကိုယ်ချင်းမစာနာကြချေ။ လုပ်ရက်သည်။ ပြုရက်ကြပေသည်။ အမှုကို စတင်ခြေရာခံရန်အတွက် အချက်အလက်များ စုစည်းရ၏။

ခိုင်မာရ၏။ အထင်နှင့် ဖမ်းဆီး၍ မဖြစ်ပါချေ။ လူကောင်းတစ်ယောက်အား မှားယွင်းဖမ်းဆီးမိပါက ထိုသူ၏ဘဝသည် ပျက်ဆီးသွားနိုင်တော့သည်။ လူဆိုးဆယ်ယောက် လွတ်မြောက်နေပါစေ လူကောင်းတစ်ဦးတစ်ယောက်အား မှားယွင်း

www.burmeseclassic.com



မဖမ်းဆီးမိဖို့ အရေးကြီးပေသည်။ သေချာပိုင်နိုင်ပါမှ ဖမ်းဆီးခြင်း ပြုရပေသည်။ တရားဥပဒေသည် ပြည်သူတစ်ရပ်လုံး၏ အသက် စည်းစိမ်ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်ပေသည်။

တရားဥပဒေကို လူတိုင်း လေးစားလိုက်နာပါမှ သေးကင်းရန်ကွာပေမည်။ မသမာမှုများ၊ မတရားပြုမှုများကို ဥပဒေ အရ ဖမ်းဆီးအရေးယူဆောင်ရွက်ရစမြဲ ဖြစ်၏။ လူကုန်ကူးမှုသည် အမျိုးသားရေးကို ထိခိုက်စေသည်။ အများပြည်သူများပါ ဝိုင်းဝန်း ဖော်ထုတ်ကြရန် လိုအပ်လှတော့၏။ လူကုန်ကုန်းမှုသည် မှောင်ခို ခေတ်အချိန်ခါက စတင်ခဲ့သည်ဟု ဆိုနိုင်သည်။

ထိုအချိန်ခါတုန်းက တစ်ဖက်နိုင်ငံမှ တရားမဝင် ကုန်များကို မှောင်ခိုကာ တင်သွင်းကြ၏။ ကိုယ့်တိုင်းကိုယ့်ပြည်က သံယံဇာတပစ္စည်းများပါမကျန် ခိုးထုတ်ရောင်းဝယ်လျက်ရှိ၏။ နိုင်ငံ ၏ စီးပွားရေးများစွာ နစ်နာဆုံးရှုံးခဲ့ရပေသည်။ ထိုကုန်ရောင်းကုန် ဝယ်ပြုသူများသည် တစ်ဖက်နိုင်ငံရှိ ကုန်သည်ပွဲစားလုပ်ငန်းရှင်တို့ နှင့် ရင်းနှီးကျွမ်းဝင်ကုန်၏။

အရင်းအနှီးငွေများ၊ ကုန်များဖမ်းဆီးခံရ၍ ဆုံးရှုံး သောအခါ တစ်ဖက်နိုင်ငံတွင် ဝင်ရောက်အလုပ်လုပ်ကိုင်ကာ ရင်းနှီး ငွေ ရှာကြခဲ့သည်။ သူတို့အား အလုပ်သမားများ ခေါ်ယူပေး၏



တစ်ဖက်စီးပွားရေးရှင်များက တိုက်တွန်းသွေးထိုးခဲ့ပေသည်။ မိမိ တို့ကိုယ်ကျိုးအတွက် မသိမနားလည်သော တောသူတောင်သား တိုင်းရင်းသားများ၏ ရင်သွေးငယ်များအား နည်းအမျိုးမျိုးဖြင့် မြူ ဆွယ်မက်လုံးပေးကာ တစ်ဖက်နိုင်ငံတွင် တင်သွင်းရောင်းစားမှုများ ပြုခဲ့ပေ၏။

နိုင်ငံသားကောင်းသမီးပျိုများစွာ ဖျက်ဆီးခံခဲ့ရင် ဆိုးဝါးသည့်ရောဂါဆိုး အက်(စ်)ခေါ် အေအိုင်ဒီအက်ရောဂါ ကူးစက် ပြန့်ပွားလာခဲ့ပေသည်။ တချို့မှာ ဇိမ်ခန်းများတွင် ရောင်းစားခံကြ ရှာသည်။ အလုပ်ကောင်းသည်။ ဝင်ငွေကောင်းသည်။ နိုင်ငံရပ်ခြား တွင် အလုပ်လုပ်ရမည်ဟု ဖြားယောင်းကာ လမ်းမှားရောက်အောင် တွန်းပို့နေကြလေသည်။ ရင်နှင့်ဖွယ်ရာ အဖြစ်အပျက်များပင်တည်း။

နောက်ပိုင်းကာလတွင် တရားဝင်ပြင်ပသို့ ထွက်ခွာ ကာ အလုပ်လုပ်ခွင့်ပြုခဲ့ပေသည်။ နိုင်ငံရပ်ခြားမှ အတတ်ပညာ အသိပညာများ လေ့လာတတ်ကျွမ်းလာပါက နိုင်ငံအတွက် အကျိုး ပြုနိုင်ရန်သာ ရည်ရွယ်သည်ကို အခွင့်ကောင်းယူကာ လူကုန်သည် များက အကွက်ထွင်လာကြ၏။ ဖန်တီးကြပေသည်။ နိုင်ငံခြားမှ အဆက်အသွယ်များနှင့် ပူးပေါင်းကာ အလုပ်ခန့်စာအတုများ ပြုလုပ် ကြ၏။

www.burmeseclassic.com



မည်သည့်နိုင်ငံမှ အောက်ခြေအလုပ်သမား တရားဝင်မခေါ်ပါချေ။ ခေါ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်သာ ခေါ်ယူပါသည်။ မိမိတို့နိုင်ငံတွင် လိုအပ်သော အသိပညာရှင် အတတ်ပညာရှင်များကိုသာ ခန့်စာဖြင့် တရားဝင်ခေါ်ယူ ခန့်အပ်ပါသည်။

ရှိုးကျော့ ခေတ်စားလာသည်။ နိုင်ငံရပ်ခြားသို့ **အလုပ်ထွက်လုပ်ပါက** ဂုဏ်ရှိသည်ဟု ထင်မှတ်ကြတော့သည်။ ထို **နိုင်ငံရပ်ခြားသို့** အလုပ်လုပ်ကာ ပြန်ရောက်လာသူများတို့သည် **စီးပွားရေးဖြစ်** ချမ်းသာလာသူက နည်းပါး၏။ ဝေးမြေရပ်ခြားမှာ ဒုက္ခသုက္ခရောက်ကာ ပြန်လာရသူ များလှပေသည်။ ဘဝပျက်ကာ လူညွန့်တုံးခဲ့ရသူတွေ မရည်မတွက်နိုင်တော့ပေ။

မြန်မာနိုင်ငံမှ တရားဝင်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ကာ ထွက်ခွာသွားကြ၏။ နိုင်ငံဝင်ခွင့် ဗီဇာနေထိုင်ခွင့်ပေးသည်မှာ ထိုင်း၊ မလေးရှား၊ ဂျပန်၊ ကိုရီးယားနိုင်ငံများတွင် (၂၈) ရက်သာ နေထိုင်ခွင့်ပေးပါသည်။ စင်္ကာပူနိုင်ငံတွင် ဝင်ရောက်သူ၏ အခြေအနေကြည့်ကာ (၇)ရက်အများဆုံး (၁၄)ရက်သာ နေထိုင် ဝင်ရောက်ခွင့်ပြုပေသည်။

နိုင်ငံတွင်း ဝင်ရောက်ခွင့်သည် နေထိုင်နိုင်ခွင့် သတ်



မှတ်ရက်အတွင်းသာဖြစ်ပြီး အလုပ်လုပ်ခွင့် မပါချေ။ **ဂျပန်နိုင်ငံတွင်း**သို့ ဝင်ခွင့်ဗီဇာရရန် မလွယ်ပေ။ မြန်မာနိုင်ငံရှိ ဂျပန်သံရုံးမှ **စိစစ်**ပြီးမှ ထုတ်ပေးပါသည်။ ထုတ်ပေးသည်ဆိုရာတွင် ဂျပန်လူမျိုး တစ်ဦးတစ်ယောက် သို့မဟုတ် ဌာန အလုပ်ရုံများမှ တာဝန်ယူရကြောင်း၊ ခေါ်ယူပါကြောင်း လက်မှတ်ပါစာ တင်ပြရ၏။ ဂျပန်လေဆိပ်တွင်လည်း တာဝန်ခံထားသူမှ လာရောက် ကြိုဆိုရ၏။ တာဝန်ခံသူ လာရောက်ကြိုဆိုခြင်း မပြုပါက လေဆိပ်ထဲမှ ထွက်ခွင့်မပေးပါချေ။

နိုင်ငံကူးလက်မှတ်ဖြင့် တရားဝင် ထွက်ခွာသွားသူအချို့တို့သည် အခွန်ပင် ပေးဆောင်နိုင်ခြင်း မရှိကြသူတွေ **များ၏**။ ပြင်ပထွက်ခွာသွားရောက်ခါ အလုပ်လုပ်ကြသူများအပေါ် ဝင်ငွေခွန် စည်းကြပ်ကောက်ခံပါသည်။ မောင်မောင်တို့ နိုင်ငံတကာသွား ငင်လယ်ကူးသင်္ဘောသားများအား ဝင်ငွေခွန်အပေါ် ၁၀ရာခိုင်နှုန်း ပေးဆောင်ရ၏။ ရှိုးကျော့အလုပ်လုပ်ရန် အကြောင်းပြ ထွက်ခွာသူများအချို့သည် ခန့်စာအတုဖြင့် ထွက်ခွာသူများသဖြင့် နိုင်ငံရပ်ခြားတွင် အလုပ်အကိုင်အတည်တကျ မရကြတော့ပေ။

ဒုက္ခရောက်ကုန်၏။ တတ်နိုင်သူတွေက မိဘဆွေမျိုးများထံ အပြန်လေယာဥ်စရိတ် တောင်းခံကာ ပြန်ကြရ၏။ မတတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်သူများကတော့ ဘဝပျက်ကာ နိုင်ငံရပ်ခြား အကျဉ်းစခန်းတွင် ဖြစ်ဒဏ်ကျခံကြရပေသည်။ နိုင်ငံတိုင်းတွင် တရားဥပဒေရှိပါသည်။ တရားမဝင် အလုပ်လုပ်ခြင်းနှင့် တရားမဝင်နေထိုင်ခြင်း၊ အမှုများကြောင့် အဖမ်းခံကြရ၏။

အချို့မှာ မရရသည့်အလုပ် ဝင်လုပ်ကြရ၏။ အထူးသဖြင့် မြန်မာအမျိုးသမီးကောင်းများပင်တည်း။ တစ်လွဲဆံပင်ကောင်း လုပ်ကြသည်။ မရှက်သင့်သည်ကို ရှက်ကြောက်ကြ၏။ အလုပ်အကိုင်မရ၍ မပြန်ရဲကြတော့သည့်အခါ ဖြစ်ချင်ရာဖြစ်သဘောထားကာ စားသောက်ဆိုင်များ၊ ဓိမ်ခန်းအစရှိသည် ရရာအလုပ် ဝင်လုပ်ကြတော့သည်။

တချို့မှာ အိမ်စေများ၊ ကလေးထိန်းစသည်ဖြင့် လုပ်ကြရပေသည်။ စဉ်းစားကြဖို့ကောင်း၏။ သူတို့နိုင်ငံများသည် တိုးတက်ထွန်းကားသော နိုင်ငံများဖြစ်၏။ မိမိတို့၏ အတတ်ပညာဖြင့် အလုပ်ကောင်းဖို့ မလွယ်ပါချေ။ ကျပန်းအလုပ်၊ အောက်ခြေအလုပ်များသာ ရနိုင်ပေသည်။ ရမည်ဖြစ်၏။

နိုင်ငံရပ်ခြားသို့ အလုပ်ထွက်မလုပ်ကြဘို့ မတိုက်တွန်းလိုပေ။ လုပ်ကြပါ။ ထွက်ကြပါ။ သေချာရေရာမှ ထွက်ကြရန် တိုက်တွန်းလိုပါသည်။ ကိုယ့်အမျိုးသား မြန်မာ့သားကောင်းသမီး



ချိုလေးများ မပျက်စီးလို၍ တင်ပြရခြင်းပါပေ ... ။ ငွေကုန်သံပြာသဘောတော့ မဖြစ်သင့်ပေ။ ဒုက္ခကို ဝယ်ယူသလို ဖြစ်သွားတတ်၏။

လူကုန်သည်များကတော့ မကျိုးကြာမည်။ လစာကောင်း၏။ အလုပ်ရရန် သေချာပါသည်ဟု ဆိုကြပေမည်။ ခန့်စာအတုများကို တရားဝင်ကုမ္ပဏီများ အလုပ်ဌာနများတွင် ဝင်ရောက်လုပ်ကိုင်ဖူးသူများထံတွင် ကုမ္ပဏီအမှတ်အသားပါသော စာအိတ်များ၊ စာရေးစက္ကူများပေါ်တွင် ကွန်ပြူတာဖြင့် ရိုက်နှိပ်ကာ ခန့်စာအတုပြုကာ ရောင်းဝယ်နေခြင်းဖြစ်၏။

နိုင်ငံရပ်ခြားရှိ ကုမ္ပဏီစာရေးအချို့နှင့် ပူးပေါင်းကာ အလုပ်ခန့်ကြောင်း စုံစမ်းပါက သက်သေပြနေကြပါသည်။ အမှန်တကယ် အလုပ်ခန့်ခြင်း မဟုတ်ပါချေ။ သတိပြုကြစေလိုသည်။ စဉ်းစားကြစေလိုပါသည်။ နိုင်ငံရပ်ခြားသို့ ထွက်ခွာရလျှင်ပြီးစတမ်းမပြုလုပ်သင့်ပါချေ။ အမှားတွေ့ရန်သာ များ၏။ အောက်ခြေအလုပ်သမားခေါ်ယူခန့်ခြင်းမှာ တရားဝင်မဟုတ်ပါချေ။

နိုင်ငံရပ်ခြားရှိ လုပ်ငန်းရှင်များကတရားမဝင်အလုပ်သမားများ ခန့်ထားခြင်းမှာ လုပ်အားခငွေဈေးနှုန်းသက်သာ၍ဖြစ်၏။ အလုပ်သမားများ အခွင့်အရေးအပြည့်အဝမပေးရ၍ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ လုပ်အားခမပေးချင်ပါက သက်ဆိုင်ရာသို့ တိုင်တန်းကာ အရေးယူ ဖမ်းဆီးနိုင်းတတ်ပေသည်။ မိမိတို့အတွက် ဆုံးရှုံးနစ်နာခြင်းများသာ ရှိပေသည်။

နိုင်ငံရပ်ခြားတွင် နေထိုင်ရသည်မှာလည်း မိမိအတွက် စိတ်မချစရာများသာ ဖြစ်၏။ တရားဝင် ဖွင့်လှစ်ထားသော ဟိုတယ်ခန်းက တည်းခိုခန်းမဟုတ်ဖါ။ လူကုန်သည်များ၏ အခန်းများတွင် တစ်စုတစ်ဝေးတည်း အိပ်စက်ကြရ၏။ စားစရိတ်ပေးကြရသည်။ မိမိတို့ပိုင်ပစ္စည်းများ အဖိုးတန်များ ပျောက်ရှတတ်ပါပေ၏။ တချို့မှာ နိုင်ငံကူးလက်မှတ်ပင် အခိုးခံရပေသည်။

မိန်းမယောက်ျား အတူတူနေထိုင်တည်းခိုကြရ၏။ သီးသန့်အမျိုးသမီးများအတွက် တည်းခိုရန် မဖြစ်နိုင်ပေ။ ရှိပါက ရှားပါးလွန်းလှ၏။ စရိတ်တည်းခ ပိုပေးရသည်။ အလုပ်ရဖို့ဆိုသည်မှာလည်း လုပ်အားခတစ်လစာ ပွဲစားခပေးနိုင်မှ ရနိုင်ပါသည်။ နိုင်ငံခြားတွင် ရေတစ်ခွက်သောက်သုံးရန်ပင် ငွေပေးမှ သောက်သုံးနိုင်၏။ အရာရာငွေနှင့်သာ ဆုံးဖြတ်တတ်ပါသည်။

မောင်မောင် သဲလွန်စရရန် မွှေနှောက်ရှာဖွေနေရ၏။ အရင်းအဖျားကွဲပြားအောင် လုပ်ဖို့လိုသည်။ အမှားအယွင်း ဖြစ်မရှုပါချေ။ တရားခံများက ငွေကြေးကအစ တောင့်တင်းလှ၏။ နိုင်ငံ



ရပ်ခြားအထိပင် အဆက်အသွယ်ကောင်း၏။ မသေချာဘဲ ခေါ်ယူဖမ်းဆီးစစ်ဆေး၍ မဖြစ်ပါချေ။ မိမိတို့ဌာနတစ်ခုတည်းဖြင့် မပြီး သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



**ရှိနိုင်ငံထူးလက်မှတ်**

မောင်မောင်တို့ ဥပဒေဘက်တော်သားများတွင် တာဝန်ရှိပေသည်။ အမျိုးသားအရေးမှို့ ဂရုပြုဆောင်ရွက်ရပေသည်။ လူကုန်များအား နည်းအမျိုးမျိုးဖြင့် ခိုးထုတ်ပို့ဆောင်နေကြ၏။ နယ်ခြားမြို့များဖြတ်၍ ဖို့ကြသည်။ ရေလမ်းမှလည်း စက်လှေ ဖြင့် ပို့ဆောင်သည်။ တရားဝင်ထွက်ခွာသည့် ပုံစံဖြင့်လည်း လေ ကြောင်းမှ ပို့ဆောင်နေကြတော့သည်။

နိုင်ငံရပ်ခြား တိုင်းပြည်များတွင်လည်း တရားမဝင် ခိုးဝင်ရောက်လုပ်ကိုင်နေကြသော အလုပ်သမားဦးရေ များပြား ခြင်းကြောင့် ပြဿနာများ ရင်ဆိုင်တွေ့ရတော့၏။ နိုင်ငံသား အလုပ်သမားများစွာ အလုပ်လက်မဲ့ ဖြစ်လာရ၏။ အထူးစီမံ



များ ချမှတ်ကာ စက်ရုံအလုပ်ရုံများပါမကျန် ဝင်ရောက်စစ်ဆေး ဖော်ထုတ်အရေးယူမှုများ ပြုရပေတော့သည်။

နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားများအား နိုင်ငံအဝင် အထွက် ကြပ်မတ်စစ်ဆေးပြီးပါမှ ဝင်ရောက်ခွင့်ပြုရသည်။ နိုင်ငံ တွင်းသို့ ဝင်ရောက်ရန် အကြောင်းမခိုင်လုံပါက လေဆိပ်မှပင် ပြန် ခိုင်းကြရ၏။ နိုင်ငံ့ဝန်ထမ်းများထဲမှ လာဘ်ပေးလာဘ်ယူ အမှုများ ပါ ဖော်ထုတ်အရေးယူ ဆောင်ရွက်ကြရပေသည်။ အလုပ်လက်မဲ့ ပြဿနာများ မလေးရှားတွင် အများဆုံး ကြုံတွေ့ခဲ့၏။ ဂျပန်နိုင်ငံ တွင်းသို့ ဝင်ရောက်ရန် ဂျပန်နိုင်ငံသား တစ်ဦးတစ်ယောက်က ဝင် ခွင့်ရရေး တာဝန်ယူရ၏။ သို့မဟုတ်ပါက ဝင်ခွင့်ရရန် မမျှော်လင့် နိုင်ပေ။

တာဝန်ယူသော ဂျပန်နိုင်ငံသားက မိမိခေါ်လိုသူ၏ နိုင်ငံရှိ ဂျပန်သံရုံးသို့ အာမခံချက်လက်မှတ် ရေးထိုးချက်ထောက် ခံစာ(SPONSOR) ပေးပို့ရ၏။ အမှန်တကယ် ဟုတ်မဟုတ် သံရုံးမှ စုံစမ်းပြီးချက်ပေးမှပါလျှင် နိုင်ငံဝင်ခွင့် ဗီဇာထုတ်ပေးပါသည်။ လူ ကုန်သည်များအတွက် ယခင်ကလိုတော့ မလွယ်ကူပါတော့ချေ။ နည်းလမ်းသစ်တွေ့ကြကုန်၏။

အချို့က ဂျပန်နိုင်ငံတွင် ဝင်ရောက်ရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရပ်ခြား သင်္ဘောသားအဖြစ် ဝင်ရောက်လာကြ၏။ ထိုသူများသည် ဂျပန်နိုင်ငံရောက်နိုင်သော သင်္ဘောများပေါ်တွင် အမှုထမ်းကြပြီးနောက် ဂျပန်နိုင်ငံသို့ သင်္ဘောဆိုက်ရောက်သောအခါ သင်္ဘောပေါ်က ဆင်းပြေးကြတော့သည်။ သင်္ဘောပြေးများအဖြစ် ဂျပန်နိုင်ငံတွင် တရားမဝင်နေထိုင်ကာ အလုပ်ဝင်လုပ်ကြသည်။

အမှန်တကယ် မြန်မာသင်္ဘောသားများအတွက် နစ်နာမှုများ ကြုံရပေသည်။ ဂျပန်နိုင်ငံတွင်းသို့ ဝင်ရောက်ရန် ခက်ခဲလှသလို ဈေးနှုန်းကလည်း သိန်း(၈၀)ကျော်မျှ လူကုန်သည်များက တောင်း၏။

ထိုမျှ ငွေကြေးများစွာ အကုန်ကျခံသူတို့က အကုန်ကျခံနေကြကာ ဂျပန်နိုင်ငံတွင်း ဝင်ရောက်ရန် ကြိုးစားနေကြ၏။ မြန်မာနိုင်ငံတွင် ဂျပန်နိုင်ငံဝင်ခွင့် ဗီဇာအရယူရန် မလွယ်ကူတော့သဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာကာ ဂျပန်ဝင်ခွင့်ဗီဇာရရန် ကြိုးစားကြသူတွေလည်း ရှိပေသည်။ ဂျပန်နှင့် အနီးဆုံးဖြစ်သော ကိုရီးယားနိုင်ငံသို့ ထွက်ခွာပြီး ဝင်ခွင့်ရရန်လည်း ကြိုးစားသူများလည်း ရှိခဲ့၏။

လူကုန်သည်တို့သည် နည်းအမျိုးမျိုးနှင့် ကိုယ်ကျိုးအတွက် နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားတို့နှင့် ဆက်သွယ်ကာ ပြုရ



လာကြပေတော့သည်။ မောင်မောင် သဲလွန်စများ ဆက်စပ်မိလာသည်။ အမှန်တရားသည် ပေါ်ပေါက်လာရစမြဲပင်တည်း။ လူကုန်သည်များသည် အသားထဲကလောက်ကောင်များနှယ် ရှုံရှာဖွယ်ဖြစ်တော့သည်။ ကိုယ့်နိုင်ငံဂုဏ်လူမျိုးဂုဏ်မျှ မထောက် ပြုရက်ကြကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



**အကြံအဖန်မင်္ဂလာလက်ထပ်ပွဲများ**

နိုင်ငံရပ်ခြားသို့ ထွက်ခွာရန်အတွက် အလုပ်အကိုင်၊ ပညာသင်များ၊ တာဝန်အရ စေလွှတ်ခံရသူများ၊ သင်္ဘောသားများအား နိုင်ငံကူးလက်မှတ် ထုတ်ပေးခဲ့ပါသည်။ ထိုအထဲတွင် မှီခိုနိုင်ငံကူးလက်မှတ် ထုတ်ပေးပါလေ၏။ မှီခိုဆိုသည်မှာ နိုင်ငံရပ်ခြားတွင် သွားရောက်နေသောသူ၊ တာဝန်ထမ်းရွက်နေသော သူများ၏ ဇနီးမယားတို့သာ လျှောက်ခွင့်ရှိ၏။ နိုင်ငံရပ်ခြားတွင် ရှိနေသောသူက မိမိ၏ဇနီးမယားအား အလည်အပတ်သဘောမျိုး ခေါ်ယူနိုင်ပါသည်။

သို့ရာတွင် ခေါ်ယူသောသူက လေယာဉ်လက်မှတ် ခမှအစ တာတ်နိုင်သူပေးဖို့ တင်ပြနိုင်မှသာ မှီခိုနိုင်ငံကူးလက်မှတ်



လျှောက်ထားနိုင်ပါသည်။ လူကုန်သည်များက မှီခိုနိုင်ငံကူးလက်မှတ် လျှောက်ထားသောဇနီးမယား၊ လင်ယောကျ်ားတို့သည် လက်ထပ်စာချုပ် မူရင်းတင်ပြရင်း မင်္ဂလာဧည့်ခံပွဲ ပြုလုပ်ခဲ့ပါက မင်္ဂလာဧည့်ခံပွဲဖိတ်စာပါ ပူးတွဲတင်ပြရလေသည်။

ဇနီးမယားဖြစ်ကြောင်း မှန်ကန်ပါကြောင်းအား သန်းခေါင်စာရင်းနှင့်တကွ သက်ဆိုင်ရာ လူကြီးများထံမှ မှန်ကန်ပါကြောင်း ထောက်ခံချက်ရယူပေးသေး၏။ သားသမီးများပါ လျှောက်ထားခွင့်ရှိသော်လည်း (၁၂)နှစ်အောက် ကလေးငယ်များသာ မိခင်၏ မှီခိုနိုင်ငံကူးနှင့် လက်မှတ်နှင့်နောက်ဖက်တွင်လျှောက်ခွင့်ပြုပါသည်။

လူကုန်သည်တို့သည် အကြံပိုင်ကြပေသည်။ မိမိတို့ကိုယ်ကျိုးအတွက်သာ ကြည့်၍ လုပ်ကြတော့သည်။ မြန်မာအမျိုးသမီးလေးများအား နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားနှင့် လက်ထပ်မင်္ဂလာပွဲများ ပြုလုပ်ခိုင်း၊ တရားဝင်လက်ထပ် ပေါင်းသင်းစေ၏။ ဟန်ဆောင်လုပ်သည် မလုပ်သည်။ ပေါင်းသင်းသည် မသင်းသည်ကိုတော့ ကံယက်ရှင်များသာ သိပါလိမ့်မည်။

လက်ထပ်ပြီးစီးကြောင်း သတင်းစာထဲတွင် ကြော်ငြာရ၏။ ဧည့်ခံပွဲပြုလုပ်ကြောင်း ဖိတ်စာနှင့်တကွ ဓာတ်ပုံများပါ

www.burmeseclassic.com

www.burmeseclassic.com



အထောက်အထားပြုကာ မိုခိုနိုင်ငံကူးလက်မှတ် လျှောက်ထားစေနိုင်ရန် ပြုလုပ်ခဲ့ကြသည်။ သူတို့သည် လည်လှပြီ ပိရိလှပြီဟု ထင်မှတ်ကြ၏။ ဟုတ်လှပြီဟု ထင်မှတ်ကာ အတင့်ရဲလာခဲ့ပေသည်။ ကျွားသည် သားကောင်အား တိတ်ဆိတ်စွာ ချောင်းမောင်းတတ်၏။ သို့သော် သူ့အမြီးတော့ တပုတ်ပုတ်နှင့် ရိုက်ခတ်နေပေသည်။ ဖုံးကွယ်ထားသမျှ ကိုယ့်ဘာသာကိုယ် ဖော်ပြသလို ဖြစ်ပါတော့၏။

လူကုန်သည်တို့က လက်ထပ်မင်္ဂလာဧည့်ခံပွဲကို ဈေးနှုန်းသက်သာသော စားသောက်ဆိုင်ကလေးများတွင် အဖြစ်လုပ်ခဲ့၏။ ဆိုသည်မှာ သူတို့လုပ်ရပ်ကို မဟုတ်မမှန်ကန်လုပ်ကြောင်း ဖော်ပြသလိုပေ။ နိုင်ငံရပ်ခြားတိုင်းတစ်ပါးသားတို့သည် အမှန်တကယ် လက်ထပ်ပါက ဟိုတယ်ကြီးများတွင် အကုန်ကျခံကာ ကျင်းပပြုလုပ်မည် ဖြစ်၏။ ဈေးပေါသော စားသောက်ဆိုင်များတွင် ဧည့်ခံပွဲကျင်းပလိမ့်မည် မဟုတ်ပါချေ။

မသက်ဘစရာကောင်းလှတော့၏။ မောင်မောင်တို့ အထူးဂရုပြုကာ စောင့်ကြည့်ခဲ့ကြရ၏။ တွေ့ပါပြီ။ တရားခံများအား တွေ့ပြီဖြစ်၏။ လူကုန်သည် ဒေါ်(.....) နှင့် ဦး(    ) တို့က ကြိုးကိုင်ကာ မြန်မာအမျိုးသမီးလေးများအား နိုင်ငံခြားသားများနှင့် လက်ထပ်ယူစေခဲ့ကြောင်း အထောက်အထားများ တွေ့လာရတော့သည်။ စောင့်ကြည့်ထောက်လှမ်းရကျိုးနပ်ပါသည်။



လူကုန်သည်တို့သည် လှော်ဘသားကောင်များ ဖြစ်ကြ၏။ သူတို့သည် သူတို့အတွက် ငွေအမြတ်များများကျန်ရန်အတွက် မိုခိုနိုင်ငံကူးလက်မှတ်လျှောက်ရန်အတွက်သာ အဖြစ်သဘောလုပ်ခဲ့ခြင်း ဖြစ်တော့သည်။ နိုင်ငံခြားသားနှင့် တရားဝင်လက်ထပ်ခဲ့သော မြန်မာအမျိုးသမီးက သူ့လင်ယောက်ျား တိုင်းတစ်ပါးသားက သူ့နိုင်ငံသို့ ခေါ်ယူသဖြင့် လိုက်ပါရန် ခေါ်ယူခိုင်း၏။

ထိုအခါ ဇနီးဖြစ်သူ မြန်မာအမျိုးသမီးက မိုခိုနိုင်ငံကူးလက်မှတ်ဖြင့် ထွက်ခွာရန် လျှောက်ရ၏။ ထိုသို့ မိုခိုနိုင်ငံကူးလက်မှတ် လျှောက်ထားသူသည် အလုပ်ခန့်စာလည်း ဝယ်ယူရန် မလိုတော့ပေ။ တစ်နှစ်စာ ကြိုတင်ဝင်ငွေခွန် တင်ဆောင်ခဲ့ရန်လည်း မလိုချေ။ လျှောက်ရန်လည်း အထောက်အထား ခိုင်လုံ၍ လွယ်ကူမြန်ဆန်ပေသည်။

မိမိ၏ လင်ယောက်ျားက ခေါ်ယူခြင်းဖြစ်၍ လာကြိုရန် စိတ်မပူရတော့ပေ။ အားလုံး လွယ်ကူချောမွေ့ပါတော့သည်။ သို့သော် ပြုကြသောမြန်မာအမျိုးသမီးလေးများ မစဉ်းစားကြချေ။ မိမိတို့ ဘဝ၏ အမဲစက် ထင်ကျန်ရစ်တော့သည်။ တိုင်းတစ်ပါးကို

www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီးကာ ဘဝပါပျက်စီးသွားခဲ့ရတွေ၏ မျက်ရည်စများသည် မခန်းခြောက်နိုင်သေးပေ။ ညအမှောင်ထဲက ရင်နင့်စွာ ငိုကြွေးသံများ ကြားနေရဆဲပါပေတည်း။



ရင်နင့်ဖွယ်ရာဇာတ်လမ်းများစွာ

စာရေးသူတို့ ဂျပန်ပြည်သို့ သင်္ဘောဆိုက်ကပ်ချိန်က စားသောက်ဆိုင်တစ်ခုတွင် ဝင်ရောက်အလုပ်လုပ်နေသော မြန်မာအမျိုးသမီးတစ်ဦး (နာမည်တော့ မဖော်ပြတော့ပါ) နှင့် ဆုံတွေ့ခဲ့ပါသည်။ သူမ၏ ရင်နင့်ဖွယ်ရာ အဖြစ်ဆိုးအား သင်ခန်းစာရနိုင်အောင် ထည့်သွင်းရေးသားဖော်ပြလိုက်ပါသည်။ သူမဘဝက သံလျှပ်ကိုဝေါထင် ရွှေသမင်အလိုက်မှားသည့်အဖြစ်ပါပေ။

ကျွန်မသည် မိကောင်းဖခင်သားသမီးတစ်ဦး ဖြစ်ပါသည်။ မိဘများကလည်း ငွေကြေးပြည့်စုံပါသည်။ ကျွန်မကလည်း ပညာတတ်ဘွဲ့ရခဲ့ပါသည်။ သို့သော် ကျွန်မသည် နိုင်ငံခြားသို့ ရောက်ဖူးချင်ခဲ့၏။ ဆန္ဒပြင်းပြခဲ့၏။ တားဆီးမရနိုင်ပေ။ မိဘများ

www.burmeseclassic.com



အား ပူဆာသည်။ သွားချင်သည်။ နိုင်ငံခြားမှ မထွက်ခွာရ၊ မရောက်ဘူးပါက လူဖြစ်ရကျိုးမနပ်တော့ဟု ကျွန်မထင်မိပါသည်။

ကျွန်မက တော်ရုံတန်ရုံ နိုင်ငံလေးလောက် မသွားချင်ပေ။ ဂျပန်နိုင်ငံသည် များစွာတိုးတက်နေသော နိုင်ငံဖြစ်၏။ သွားရောက်ရန်လည်း မလွယ်ပေ။ ဝင်ရောက်ရန်ည်း ခက်ခဲလှ၏။ အသွားအပြန်လာယာဉ်ကပင်လျှင် ဒေါ်လာ (၁၀၀၀)ခန့် ကုန်ကျမှ ဂျပန်သို့ ရောက်နိုင်ပေသည်။ လူစိတ်သည် အခက်သားပါပေ။ လွယ်သည်ကို မလုပ်ချင်ခက်သည်ကိုမှ တန်ဖိုးထားတတ်ကြ၏။

ကျွန်မ နိုင်ငံရပ်ခြားကို အထင်ကြီးပါသည်။ အားကျမိ၏။ နိုင်ငံရပ်ခြားမှ ပြန်လာကြသူ အသိမိတ်ဆွေ ဆွေမျိုးသင်္ဂဟတို့ကလည်း နိုင်ငံခြားက ဘယ်သို့မည်ပုံကောင်းကြောင်း တိုးတက်နေကြောင်း ပြောကြ၏။ ပျော်ရွှင်စရာ ကောင်းလှပေမည်။ ရုပ်ရှင်၊ ဗွီဒီယိုဇာတ်ကားများတွင်လည်း ကြည့်မြင်ရသည်။ သူတို့တစ်တွေ အားလုံး အရာရာပြည့်စုံနေသည်။

ကျွန်မဆန္ဒများက ဖုံးမနိုင်ဖိမရ ထကြွနေတော့၏။ မိဘများကလည်း သမီးချစ်မို့ အလိုလိုက်အကြိုက်ဆောင်ကြပါသည်။ သမီးလေး၏ဆန္ဒ ပြည့်ဝစေရန် ပြုလုပ်ပေးကြ၏။ အဆက်အသွယ်ကောင်း ရှာဖွေကြတော့သည်။ သို့သော် ယခင်ကလို ဂျပန်



ဝင်ခွင့်က လွယ်ကူခြင်းမရှိတော့ပေ။ ငွေကြေးများစွာ ရင်းနှီးမှသာ ဝင်ရောက်နိုင်မည်ဖြစ်တော့သည်။

မဖြစ်ဖြစ်သည့်နည်းဖြင့် ရအောင် ဂျပန်သို့ ကျွန်မ ထွက်ခွာမည်ဟု စိတ်ဆုံးဖြတ်လိုက်မိပါသည်။ ကျွန်မအတွက် အဆက်အသွယ်ကောင်း ရပြီဖြစ်၏။ ထိုသူက ဂျပန်သို့ လူများပို့ပေးနေသူပါပေ။ သို့သော် ကျွန်မ ဂျပန်သွားရောက်နိုင်ရန်အတွက် ဂျပန်အမျိုးသားတစ်ဦးနှင့် လက်ထပ်ရမည်ဆိုသည်။ တရားဝင်လက်ထပ်ရမည်ဆို၏။ ကျွန်မဆန္ဒသဘောပါဟုလည်း ဆိုသေး၏။ ထိုဂျပန်သားအား လင်ယောကျ်ားအဖြစ် ဆက်ဆံလိုပါက ဆက်ဆံနိုင်သည်။ ဟန်ဆောင်လက်ထပ်ခြင်းဟု ရှင်းပြခဲ့၏။

ကျွန်မ၏မိဘများက သဘောမတူချင်ကြပေ။ သို့သော် ကျွန်မက ဆုံးဖြတ်ပြီးသားဖြစ်၏။ ဂျပန်သို့ မည်သည့်နည်းဖြင့်မဆို သွားကိုသွားတော့မည်။ အဆက်အသွယ်လူကုန်သည်များကလည်း နည်းမျိုးစုံနှင့် အယုံသွင်းကြ၏။ မက်လုံးပေးကြ၏။ တကယ်ပေါင်းသင်းစရာမလိုဟု ဆိုသည်။ ရှင်းပြကြ၏။ တစ်နှစ်အတွင်း အလုပ်လုပ်ပါက ကုန်ကျစရိတ် ကြေသည့်အပြင် အမြတ်စွန်းပါ ရနိုင်သည်ဟု ဖြားယောင်းခဲ့၏။

ငွေသည် လူတို့အတွက် မပေါင်းလည်းကော် ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



လည်းခက်သည်ပင်။ ငွေရှိမှ အရာရာပြည့်စုံစွာ လုပ်တန်းစေနိုင်သည်ဟု ထင်မှတ်ကြပေသည်။ လူကုန်သည်တို့ သိမ်းသွင်းစကား အောင်မြင်သွားတော့သည်။ သမီးသဘောပါပဲဟု မိဘများက သဘောတူကြကုန်၏။ ကျွန်မနှင့် မြင်တောင်မမြင်ဘူးသည့် ဂျပန်နိုင်ငံသား မြန်မာပြည်သို့ရောက်လာမည်ကို စောင့်ရပါတော့သည်။ ကျွန်မအတွက် လူကုန်သည်တို့က စီစဉ်ပေးကြ၏။

ကျွန်မတို့ မြန်မာထုံးလမ်းစဉ်လာအရ လက်ထပ်မင်္ဂလာသည် ဘဝအတွက် အရေးပါလှပေသည်။ အခုတော့ လူကုန်သည်တို့က ဟန်ဆောင်မင်္ဂလာပြုနိုင်းကြ၍ တစ်လင်တစ်မယား စနစ်သာ ရိုးမြေကျပေါင်းသင်းကြသော ကျွန်မတို့မြန်မာများအတွက် ခက်လှတော့၏။ ကျွန်မယူရမည့် သတို့သားကို ဂျပန်သားကလည်း ရုပ်ကလည်းဆိုးသေး ဇတ်တုတ်တုတ်နှင့် ဘယ်ကနေထလာမှန်း မသိပေ။

အဆင့်အတန်းရှိပုံမရ။ အလုပ်မယ်မယ်ရရ လုပ်သည့် အသွင် မရှိပါချေ။ လူကုန်သည်တို့ ပေးကမ်းသမျှ ယူသည် စားသည်။ သူစိတ်ထဲ လုပ်ငန်းသဘောအရသာ ရှိမည်ထင်၏။ ထိုဂျပန်နိုင်ငံသားအား ဈေးနှုန်းချိုသာသော ဟိုတယ်တွင် တည်းခိုရန် လူကုန်သည်များက စီစဉ်ပေးခဲ့၏။ ကြိုတင်ရိုက်နှိပ်ထားသော ဖိတ်စာ



တစ်ခြမ်းပေါ်တွင် လာရောက်မည့်သတို့သား မည်သူဆိုသည်ကို ဂျပန်သားလာမှ မေးမြန်းရိုက်နှိပ်ရန် စီစဉ်ရပါသည်။

ကျွန်မ၏ ပတ်ဝန်းကျင်အသိုင်းအဝန်းအား ဖိတ်စာကမ်းတော့မှ သိကြ၏။ အံ့ဩသွားကုန်၏။ အားလုံးကို မဖိတ်ပါချေ။ မလွဲမရှောင်သာသည့် သူများကိုသာ ဖိတ်ကြားရ၏။ ဂျပန်နိုင်ငံသားနှင့် ဘယ်သို့ဘယ်ပုံ တွေ့ကြကြိုက်ကြသည်ကို သိလိုစပ်စုလိုကြသည်မှာ လူ့သဘာဝပါပေ။ ကျွန်မကိုယ်တိုင် ယခုမှ တွေ့ဖူးခြင်းကိုတော့ ဖွင့်ဟပြော၍ မထွက်ပေ။

လူကုန်သည်တို့ စီစဉ်ပေးသည့် စားသောက်ဆိုင်လေးတွင် မင်္ဂလာဧည့်ခံပွဲကို အကျဉ်းပြု၍ လုပ်ခဲ့ရသည်။ သတင်းစာထဲလည်း ကြော်ငြာထည့်ရသည်။ လူသိရှင်ကြား လက်ထပ်ခြင်းအား မုံးကွယ်၍မရနိုင်၊ လုပ်ရသည်။ သိကြတော့သည်။ ကျွန်မ၏ အမှားသည် စကထဲက အမှားနှင့်စခဲ့ပါသည်။ ဟန်ဆောင်သည်ပဲဆိုဆို အမှန်လက်ထပ်သည်ပဲ ထင်ထင်ပြီးသွားခဲ့ပြီးတည်း။

ဘွာတေးခပ်လို့တော့ မရပေ။ ရှေ့ဆက်ကာ ထပ်ခါအားရပေတော့သည်။ လက်ထပ်ပြီး သဘာဝကျအောင် သတို့သားနှင့်အတူ ဟိုတယ်ခန်းမှာ သုံးရက်လိုက်နေခဲ့ရ၏။ ဥပုဒ်စောင့်သည့်အားမရှိပေ။ ကျားသတ္တဝါသည် ကျားသတ္တဝါများသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွားတို့အကျင့်ပဲ ကျင့်တတ်ပေမည်။ မချစ်မနှစ်သက်ဘဲ တစိမ်းဆန်သောယောကျ်ားနှင့် အိပ်စက်ရတော့သည်။

ဘဝကိုအနစ်မွန်းခံပြီး တိုင်းတစ်ပါးကို ထွက်ခွာချင်သည့် ကျွန်မ၏ မိုက်နှောင်တကို မျက်ရည်များနှင့်သာ အဖော်ပြုမိပါတော့၏။ ဘယ်သူမှလည်း ဖွင့်ဟမပြောရဲပေ။ ဘယ်သူမပြုမိမိပြုခြင်းသာတည်း။ လင်ယောကျ်ားတော်လိုက်ရသူ ဂျပန်သားကတော့ ငွေယူသည် လူကိုပါ သိမ်းပိုက်ပြီး တပြုံးပြုံးနှင့် ပြန်သွားခဲ့၏။ သူပြုသမျှ မနေ၍မရ နေခဲ့ရ၏။ ထိုလူနှင့် ဂျပန်ပြည်သို့ ရောက်သည့်အခါ ဆက်ဆံရပေဦးမည် မဟုတ်ပါလား။

ကျွန်မ၏ လင်ယောကျ်ားတော်ခဲ့ရသူ ဂျပန်သားက တကယ်တော့ စက္ကူကျားသာ ဖြစ်တော့၏။ အခြေအမြစ်မရှိသော ရရစားစားသာ ဖြစ်တော့သည်။ ထိုသည်ကို လူကုန်သည်တို့က ငွေဖြင့် အစာချခဲ့ကြသည်။ ငွေလည်းရမည်။ လူပါရမည်မို့ ထိုဂျပန်သားက အကြိုက်တွေ့သည်။ သက်တောင့်သက်သာဖြင့် ငွေရမည်မို့ မငြင်းလုပ်ခဲ့ခြင်းပါပေ။ ကျွန်မတို့ကလည်း နဂိုကထဲက နိုင်ငံရပ်ခြားကို ရောက်ချင်နေမိသူဖြစ်၏။ နိုင်ငံခြားသားများကို အထင်ကြီးမိပါသည်။

သူတို့နိုင်ငံတွေမှာ အလုပ်သာရှိပါက အိမ်သုံးပစ္စည်း



ဘောဂတွေ အားလုံးစုံစေအောင် အကြွေးစနစ်ဖြင့် ဝယ်ယူနိုင်သည်။ လစာငွေထဲက အရစ်ကျဖြတ်မည်။ ကားလိုချင်ပါသလား ရသည်။ တယ်လီဖုန်းမိုဘိုင်းအားလုံးဖြစ်မည်။ အလုပ်အကိုင်အတည်တကျရှိက မရှိ အကြွေးဖြင့် ဝယ်နိုင်ပေသည်။ တစ်ခုတော့ ရှိသည်။ ထိုပစ္စည်းအားလုံးသည် အကြွေးမပေးနိုင်သည့်အခါတွင် ပြန်သိမ်းသွားသည်ဖြစ်၏။

အလုပ်ပြုတ်၍ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် အလုပ်လက်မဲ့ဖြစ်သွားပြီဆိုပါက တစ်နေ့က ထည်ထည်ဝါဝါ ပစ္စည်းအစုံအလင်တို့သည် ကြက်ပျောက်ငှက်ပျောက် မရှိတော့ချေ။ အကြွေးရှင်များက သိမ်းသွားပါလိမ့်မည်။ အထင်ကြီးစရာ မလိုပေ။ သောက်ရေကြည်တစ်ခွက်ပင် ငွေဖြင့် ဝယ်ယူသုံးနေကြရသော နိုင်ငံများဖြစ်၏။

သူတို့ဆီမှာ လူပိုလူလျှံ တစ်ဦးတစ်ယောက်ကိုမျှ အလကားမေတ္တာစေတနာဖြင့် မကျွေးထားနိုင်ပေ။ ငွေသာအဓိကဖြစ်နေ၏။ အကြင်နာမေတ္တာတွေဆိုတာက အပေါ်ယံ ရွှေမှုန်ကြဲသော အရာများပင်တည်း။ ချစ်တိုင်းလည်း လက်မထပ်နိုင်ကြပေ။ လက်ထပ်စရိတ်အစ ကြီးမားလှ၍ ဖြစ်၏။ စေ့စပ်ရုံနှင့်ပင် လက်စွပ်ဝတ်ကြရ၏။ ညွှန့်ခံပွဲ ပြုလုပ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပါကလည်း ဘုရားကျောင်းစရိတ် လက်ထပ်စရိတ် ညှော်ခံပွဲစရိတ် နေထိုင်ရန်အတွက် အခန်းငှားခ ပရိဘောဂ အသုံးစရိတ် စသည်စသည်များစွာ ကုန်ကျရ၏။ ပြီးတော့ ပျားရည်ဆမ်းခရီး အပျော်ခရီးပင် ထွက်ချင်ကြသေး၏။ ထိုသည်အတွက် ချစ်သူများမှာ ချစ်တိုင်း လက်မထပ်နိုင်သေးကြဘဲ ငွေစုဆောင်းကြရလေသည်။ အလုပ်အကိုင် မရှိလို့ကတော့ အိမ်ထောင်ပြုရန် မစဉ်းစားခဲ့ပါနှင့်တော့ပေ။



**ဂျပန်ပြည်ရောက် ဝေဒနာများ**

ကျွန်မတို့ မြန်မာအမျိုးသမီးများသည် တစ်လင်တစ်မယားစနစ်သာ ရိုးမြေကျ ပေါင်းသင်းတတ်ကြ၏။ မိမိတို့လက်ထပ်ပေါင်းသင်းသောယောကျ်ား ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ကြိတ်မှိတ်သည်းခံခွင်လွှတ်နိုင်စွမ်း ရှိပေသည်။ တစ်နည်းအားဖြင့် ဝဋ်ကြွေးအတိတ်က တင်ရှိခဲ့လို့ဟု ဖြေကြပေမည်။ မကောင်းသည်ကို မကောင်းသည့်အတိုင်း ပြုပြင်လင့်ပေသည်။ လင်ဆိုးမိန်းမအဖြစ်တော့ ဒုက္ခခါးစည်း မခံသင့်ပါချေ။

ကျွန်မလည်း မိုနိုနိုင်ငံကူးလက်မှတ် လျှောက်ခွင့်ရခဲ့သည်။ ရအောင်လည်း ငွေများစွာ ကုန်ကျခဲ့ရ၏။ ကျွန်မ၏ ပျိုရွယ်သောဘဝကိုပါ လက်ထပ်ခြင်းဖြင့် အဆုံးသတ်ခဲ့ရပါသည်။

www.burmeseclassic.com



အရင်းအနှီးက များပေသည်။ ဂျပန်နိုင်ငံရောက်ပါက ထိုအရင်းအနှီးများ ကျေနိုင်မကျေနိုင်သည်တော့ မသိနိုင်ပေ။ ကံကြမ္မာကိုသာ ရိုးမည်ဖွဲ့ရတော့သည်။ လူကုန်သည်များကတော့ အစဉ်ပြေသွားမှာပါဟု ဆို၏။ ဆိုကြမည်။ သူတို့အတွက် ကျွန်မလေယာဉ်ပျံပေါ်တက်သည်နှင့် ကျန်ငွေအားလုံး ပေးရမည်ဖြစ်၏။

ငှက်တွေက ပျံရင်းသေကြသည်။ လူမှန်က မျှော်လင့်ချက်ရည်မှန်းချက်တွေ ထားရပေသည်။ ဖြစ်လာမည်ကို တွေးတောစိုးရိမ်လို့ကတော့ ဘာမျှမလုပ်ဘဲ ထိုင်နေတာမှ ကောင်းမည်။ ထသွားမှ ကျိုးမှန်းသိကာမှသိစေတော့ မွေးဖွားလာကထဲက လှုပ်ရှားရုန်းကန်ကြရစမြဲပါပေ။

မည်သို့ဖြစ်စေ ကျွန်မ ဂျပန်သို့ စွန့်စားထွက်ခွာလာခဲ့ပြီ ဖြစ်၏။ ကျွန်မ၏လင်ယောကျ်ား ဂျပန်ကနာရီတာ ဂျပန်လေဆိပ်တွင် လာရောက်ကြိုလင့်နေခဲ့၏။ ကျွန်မ ဝမ်းသာသွားမိသည်။ တကယ်တော့ သူက ကျွန်မကို လာကြိုပြီးမှ လုပ်ငန်းသဘောအရ ငွေအကြေရမည်ဖြစ်၏။ သူ၏တိုက်ခန်းကျဉ်းလေးထဲသို့ ကျွန်မ လိုက်ပါလာခဲ့ရသည်။ အိပ်တော့စားတော့လည်း ထိုအခန်းကျဉ်း နေရာမှာပင် ဖြစ်၏။ ကျွန်မ စိတ်ကူးယဉ်ခဲ့သလို ဂျပန်နိုင်ငံက ရွှေထွေးစွာ မကြိုဆိုနိုင်ခဲ့ပါတော့ချေ။



စိမ့်နေအောင်အေးသည်။ တန်လုပ်ရတော့သည်။ ကျွန်မ ကြောက်လာသည်။ အားငယ်မိပါသည်။ တစ်စိမ်းတွေရဲ့ အလယ်မှာ ကျွန်မမလုပ်တတ် မကိုင်တတ်တော့ပေ။ ပြုသမျှနုရ၏။ ပေးသမျှ ယူမိသည်။ ကျွေးသမျှ စားရသည် ဆိုသည်ကိုလည်း ကျွန်မထံ ပါလာသည့် ငွေကြေးဖြင့်သာ ဝယ်ယူခြင်းဖြစ်၏။ ကျွန်မမှာ ငွေနည်းပါးလာတော့ ကျွန်မ၏လင်ယောကျ်ား ဂျပန်က စကားဆိုလာမတော့သည်။

ကျွန်မအား အလုပ်ထွက်လုပ်ခိုင်းတော့သည်။ ဂျပန်ပြည်တွင် ဂျပန်စကားသာ သုံးနှုန်းပြောဆိုပါသည်။ စကားမတတ်က မတတ်ပါက အလုပ်ရဖို့ သိပ်မလွယ်ပေ။ အနိမ့်ဆုံး ဂျပန်စကားပြောတတ်ရ၏။ ကျွန်မအား စားသောက်ဆိုင်ကြီးတစ်ခုမှာ အချိန်ပိုင်းအလုပ်သမအဖြစ် သွင်းပေးခဲ့၏။ ကျွန်မ လုပ်ကိုင်ရသည်က (၃)နာရီသာ လုပ်ရင်း ကြက်သွန်လှီး၊ ဂေါ်ဖီထုပ်လှီးရသည်။ လှီးရသည်ဆိုသော်လည်း ဓားဆက်နေ၏။ ယားယံလို့ပင် ကုတ်ချိန်မရပါချေ။

နိုင်ငံခြားသားတို့သည် တန်အောင်ခိုင်းကြ၏။ စည်းနှစ်ကျသည်ဟု ဆိုပါက ဆိုနိုင်ပေသည်။ ကျွန်မတို့ လှီးရှင်ရသည့် နေရာတွင် လူ(၄)ယောက်လုပ်ရင်း နှစ်ယောက်က အခွံနွှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်နှစ်ယောက်က လိုးရ၏။ အလုပ်ချိန် စသည်နှင့် လိုးနှာပြီးသား များက ရှိလာ(ခေါ်) သားရေရော်ဘာ်ခုန်ပေါ်တွင် တင်ကာ အဆက်မပြတ် ရောက်ခဲ့၏ဆိုသည်ကို ကျွန်မတို့က ဓားဖြင့် ပါးပါး လှီးသင်ရ၏။

သားရေပြားပေါ်က လိုးနှာပြီးသားများအား စတီး စလုံထဲတွင် ထည့်ထားကာ စားဖိုဆောင်သို့ ကျန်သူက သယ်ပို့ပေး ရင်း သားရေပြားပေါ် ကျွန်မလှီးရမည့် ကြက်သွန်ဂေါ်ဖီထုပ်များ တခြားသို့ မပါသွားစေရပေ။ ပါသွားပါက အလိုအလျောက် လည် ပတ်နေသော စက်ရပ်သွားတော့၏။ ထိုဂေါ်ဖီထုပ်အား ယူလိုက်မှ ဆက်အလုပ်လုပ်ကာ လည်ပတ်ပေသည်။ ထိုသို့ဖြစ်ပွားပါက ကျွန်မ ၏လုပ်အားခထဲမှ တွက်ချက်ကာ လုပ်အားခဒဏ်ကြေးအဖြစ် ဖြတ် တောက်ခံရပါသေး၏။

ကျွန်မတို့အား တစ်နာရီလုပ်အားခ ယန်း(၈၀၀) သာပေးပါသည်။ (၃)နာရီသာ လုပ်ရင်း ကျွန်မတို့လို အချိန်ပိုင်း လုပ်ကြသူတွေက ညအချိန်ဆို လမ်းပေါ်က အလိုရှိသည်ဟု ရေး သားထားသည့် ဆိုင်းဘုတ်တွေကို ရှာရဖွေရ၏။ တွေ့သည်နှင့် ဝင် ရောက်ကာလုပ်ရမည်ဟု တာဝန်ခံနှင့် အင်တာဗျူးရပေသည်။ လုပ် ရည်ကိုင်ရည်ကြည့်ကာ အချိန်ပိုင်း၊ နာရီပိုင်းသာ ခန့်၏။ ထိုသို့



အလုပ်များကား ကြမ်းတိုက်သန့်ရှင်းရေး၊ ပန်းကန်ဆေးသည့်အလုပ် များနှင့် မီးဖိုဆောင်တွင် ကြက်သွန်လှီးဂေါ်ဖီထုပ် နှာရသောအလုပ် များသာတည်း။

လူတို့သည် ဘဝရပ်တည်မှုအတွက် အလုပ်လုပ်နေ ကြရ၏။ ကျွန်မတို့လို မလည်မဝယ် ထစ်စိမ်းတွေ၏ အလည်ရောက် နေသူများ ကိုယ့်တိုင်းကိုယ့်ပြည်မဟုတ်၍ ကူညီမဲ့သူ ဝေးရပါသည်။

ဒုက္ခလှလှတွေ့ရပါသည်။ နေ့စဉ် မျက်ရည်များ ကျမိ ပါသည်။ မိဘများစိတ်ချမ်းသာစေရန်တော့ စာရေးသည့်အခါ ကောင်းတာတွေသာ ထည့်ရေးသားရပါသည်။ ကျွန်မတို့လောက် မိုက်မဲသူ ရှိမည်မထင်ပါချေ။ အပျိုရည်ဘဝလည်း ပျက်ခဲ့ရ၏။ ငွေ သိန်း(၁၀၀)နီးပါး ကုန်ကျမှ ရောက်ရ၏။ ထိုငွေများဖြင့် မိဘအရိပ် အောက်တွင် နိုလှုံကာ ကောင်းရောင်းကောင်းဝယ် ကိုယ့်တိုင်း ပြည်မှာ လုပ်ကိုင်စားသောက်နိုင်ပါသည်။

နောင်တသည် နောင်မှရတတ်၏။– နိုင်ငံရပ်ခြား အထင်ကြီးမိခဲ့သဖြင့် ကျွန်မတို့လို ဒုက္ခရောက်ရသူတွေ မည်မျှရှိနေ ပြီ မသိနိုင်ပေ။ မြန်မာပြည်ရှိ လူကုန်ကူးကြသူများကတော့ ငွေ မျက်နှာသာကြည့်ကာ နိုင်ငံ့သားကောင်း သမီးပျိုလေးများအား ကျွားရဲတွင်း ငရဲခန်းသို့ တွန်းပို့သည်နှင့်တူနေတော့၏။ သိပ်မကြာ

www.burmeseclassic.com

www.burmeseclassic.com



ပါချေ။ ကျွန်မအား တရားမဝင် ခိုးဝင်ရောက်နေထိုင်မှု၊ တရားမဝင် စီးပွားရှာမှုတို့ဖြင့် တစ်နှစ်မပြည့်ခင် အဖမ်းခံရပါတော့သည်။

ထောင်ဒဏ်(၃)လ ကျမှတ်၏။ နေထိုင်အလုပ်လုပ် ခဲ့သည့်ကာလများအတွက် ဝင်ငွေခွန်နှင့် ဒဏ်ငွေပါ ပေးဆောင်ရ ၏။ မပေးဆောင်နိုင်ပါက နောက်ထပ်ထောင်ဒဏ်(၃)လ ချမှတ်ပါ သည်။ တကယ်တော့ နိုင်ငံရပ်ခြားဆိုသည်မှာ ပျော်စရာမကောင်း ပါချေ။ တရားဝင်နေထိုင်ခွင့်ရပြီး အလုပ်လုပ်ကိုင်ရသူတွေပင် အစား အသောက် အနေအထိုင် ဆင်ခြင်ပါမှ ငွေပိုငွေကျန် စုဆောင်းနိုင် ပါသည်။

နေထိုင်မကောင်းဖြစ်ပါက ဆေးဝါးကုသစရိတ်များ ဖြင့် ရှာသမျှ စုဆောင်းထားသမျှ ကုန်သွားမည်သာတည်း။ ပေါင်မုန့် လေးတစ်လုံးပင်လျှင် ယန်း(၃၅၀)ပေးကာ စားသောက်ရနိုင်၏ နေရာတကာ ငွေကုန်ပေါက်တွင်ချည်းဖြစ်ပေသည်။ ကျွန်မသည် ကိုယ့်တိုင်းကိုယ့်ပြည်ကို တမ်းတမိပါတော့သည်။ ခလုတ်ထိမှ အမိ တမိပါသည်။ ကိုယ့်နိုင်ငံကိုယ့်လူမျိုးသာ အကောင်းဆုံးဖြစ်တော့ ၏။

တိုင်းတစ်ပါးသားတို့သည်လည်း သူ့တိုင်းသူ့ပြည် အတွက်သာ ကောင်းပါသည်။ နေထိုင်မှု အကျင့်စရိုက်များလည်း



မတူညီပေ။ အစားအသောက်ကအစ ကွာခြားလှ၏။ တကယ်တော့ ဂျပန်နိုင်ငံသည် တိုးတက်မြင့်မားသော လူနေမှုအဆင့်အတန်းများ အောက်တွင် ခေါင်းငုံ့နေကြရ၏။ ညီသည်တစ်ယောက်ကိုပင် ဖိတ် ခေါ်ကျွေးရန် စဉ်းစားရင်း ကျွန်မပြန်ခဲ့ပြီး၊ နေရစ်တော့။ ဂျပန်ပြည် အား ကျောခိုင်းမိပါပြီ။

ဆိုးဝါးဝါးသည်းသော အိပ်မက်ဆိုးဘဝအတွေ့အကြုံ များကတော့ ကျွန်မ ဖွင့်ဟရင် မဖွင့်လိုတော့ပေ။ အိပ်မက်ပမာသာ ထားလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



**သေစာလူကုန်သည်များ ဖမ်းမိပြီ**

မောင်မောင်တို့နှင့်အတူ သက်ဆိုင်ရာတပ်ဖွဲ့များ ပူးပေါင်းကာ ဖော်ထုတ်ခဲ့ရသည်။

လူကုန်သည်တို့သည် နိုင်ငံ၏ အမျိုးသားရေးကို ပျက်ပြားစေအောင် ပြုလုပ်သူများပင်တည်း။ မရှိသင့်ပေ။ ကျွန်ုပ်တို့သည် မြန်မာလူမျိုးများဖြစ်၏။

ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးများကိုသာ ချစ်သင့်ပေသည်။

တိုင်းတစ်ပါးသားများသည် အမြတ်အစွန်းရရုံသာ လာရောက်ကြသူများဖြစ်၏။ အမျိုးချစ် စိတ်ရှိသူတို့မှာ ရှာမရနိုင်ပေ။



လူကုန်သည်များအား တရားလိုပြုသက်သေများ၊ အထောက်အထားဓာတ်ပုံများနှင့်တကွ အမှုကို ခိုင်မာအောင် တည်ဆောက်ခဲ့ရ၏။

ရာဇဝတ်ဘေးပြေး မလွတ်နိုင်တော့ချေ။ လူကုန်သည်အချို့အား ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့တော့၏။

မှာချင်သည်။ သိစေချင်ပါသည်

ကျွန်ုပ်တို့သည် မြန်မာလူမျိုးများဖြစ်ပါသည်။ ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်အား ချစ်မြတ်နိုးကြဖို့ လိုပါသည်။ သူတစ်ပါးတိုင်းပြည်များ ဘိုးတက်နေသည်ကို အားကျငေးမောနေသည့်အစား ကိုယ့်တိုင်းကိုယ့်ပြည် ခေတ်မီတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ကြရမည် ဖြစ်၏။ ယနေ့အချိန် အခါသည် နိုင်ငံတော်အစိုးရ၏ဦးဆောင်လမ်းညွှန်မှုဖြင့် ခေတ်မီ နိုင်ငံတော်ကြီးဖြစ်အောင် ပြုပြင်ပြောင်းလဲနေပြီ ဖြစ်၏။

အများတွေ ပြင်ကြရမည်။ အမှန်ကို သိမြင်ဖို့လိုပေသည်။ တစ်စိမ်းလူမျိုးသည် ကိုယ်လူမျိုးထက် ကောင်းသည်မရှိနိုင်ပေ။ ရှားပါးလှပါသည်။

ကိုယ့်တိုင်းပြည်၏ နွေးထွေးမှုအောက်တွင် အေးချမ်းသောဘဝကိုသာ ပိုင်ဆိုင်သင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တစ်ချိန်တွင် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတော်ကြီးသည်လည်း ခေတ်မီတိုးတက်သော နိုင်ငံတော်အဖြစ် ရပ်တည်ပေါ်ပေါက်လာတော့မည်မှာ မလွဲကေန်တည်း။

မောင်မောင် (မြန်မာပြည်)

ပိုင်စိုး

# လက်တွေ့သဘော



www.burmeseclassic.com



## လက်ဆော့ အဘော

ကျွန်တော် မြို့မရဲစခန်းသို့ ရောက်သွားချိန်မှာ မွန်းလွဲ၂နာရီခန့် ရှိချေပြီ။ ထိုအချိန်မျိုးမှ ရွေးချယ်ပြီးသွားရခြင်းမှာ အကြောင်းရှိပါသည်။ ကျွန်တော့်သူငယ်ချင်း စခန်းမှူးဦးစိန်တင်နှင့် အေးဆေးစွာ စကားပြောလိုခြင်းကြောင့် ဖြစ်ပါသည်။

၂၄-နာရီ အချိန်ပြည့် တာဝန်ထမ်းဆောင်ရသော ရဲစခန်းသည်၊ ယခုလို တနင်္ဂနွေလိုနေ့မျိုးမှသာ အလုပ်များနေတတ်ကြသည်။ ရုံးဖွင့်ရာ ရက်များနေတတ်သည်။ တရားရုံးများလည်းဖွင့်သဖြင့် ရဲစခန်းတွင် အချုပ်သားများ၏ကိစ္စနှင့်ပတ်သက်၍ အဝင်အထွက်၊ ဧည့်သည်များ အကျိုးဆောင်ရှေ့နေများဖြင့် စည်ကားနေတတ်သည်။ ထိုနေ့မျိုးကို အကြောင်းထူးမရှိကြလျှင် ကျွန်တော်ရှောင်တတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလို တနင်္ဂနွေနေ့ မွန်းလွဲပိုင်းအချိန်မျိုးမှာ ဦးစိန်တင်အနားယူတတ်သည်။ သူနှင့်စကားစမည့် အလွှာပသလ္လာပ ပြောဖို့ရသည်။ အခန့်သင့်လျှင် သူပြောပြမည့် မှုခင်းအကြောင်းအရာက ကျွန်တော့်အဖို့ စာတစ်စောင်ပေတစ်ပုဒ် ဝတ္ထုတစ်အုပ် ဖြစ်တတ်သည်။

တစ်ချိန်က ဘဝတူ ယူနီဖောင်းဝတ်များ ဖြစ်ခဲ့ကြပြီး၊ ယခု ကျွန်တော် အငြိမ်းစားရ၍ စာပေရေးခြင်းအလုပ်ကို ဖောက်ချလုပ်သောအခါ ရေးစရာဇာတ်လမ်းများ လိုလာသည်။ ကျွန်တော်အားသန်သည်ကလည်း မှုခင်းအမျိုးအစား လျှို့ဝှက်သည်းဖို အလှည့်အပတ်၊ အပစ်အခတ်ကလေးများ ဖြစ်ချေသည်။ ဆိုသို့သော ဇာတ်လမ်းများကို သူတို့လို ရဲအမှုထမ်း၊ အရာထမ်းများထံမှာသာ ရရှိနိုင်သည်။

ထို့ကြောင့်ပင် ရန်ကုန်မြို့ရှိ ရဲစခန်းအတော်များများမှ လုပ်ဖော်ကိုင်ဘက် သူငယ်ချင်းထံ အခါအားလျော်စွာ ဝင်ထွက်သွားလာရင်း သူတို့၏ ကိုယ်ပိုင်ဇာတ်လမ်းလေးများကို ကြားနာပြီး ဇာတ်လမ်းဆင်၍ ရေးရသည်မှာ ကျွန်တော်ကိုယ်ပိုင်အလုပ် ဖြစ်လာပါတော့သည်။

ယခု စခန်းမှူးဦးစိန်ထံ ကျွန်တော်လာရခြင်းမှာ သူ



ပြောသမျှကို၊ နားထောင်ရန်သက်သက်မဟုတ်၊ တစ်ချိန်က သူပြောပြဖူးသော ဇာတ်လမ်းကို ကျွန်တော် ရေးလိုက်သောဝတ္ထုတိုမှာ မှုခင်းစုံမဂ္ဂဇင်းတွင် ပါလာသဖြင့် ထိုစာအုပ်ကို ပေးရင်း သူပြောမည့် ဇာတ်လမ်းအသစ်ကို ငံ့လင့်ရန်လည်း ဖြစ်ချေသည်။

အံ့ဩစရာကောင်းလှစွာ သူ့ကို ရုံးခန်းတွင် အသင့်တွေ့လိုက်ရသည်။ ခါတိုင်း တနင်္ဂနွေနေ့ ယခုလိုအချိန်မျိုးတွင် သူသည် စခန်းအပေါ်ထပ်ရှိ သူ့မိသားစုအတွက် ပေးထားသောအခန်းတွင် အနားယူတတ်လေ့ရှိသည်။

"ဟာ ... လာ ... သူငယ်ချင်းလာ ... "

သူ့အသံဩကြီးဖြင့် အားတက်သရော ခရီးဦးကြိုပြုသံ ကြားလိုက်ရသဖြင့်၊ ကျွန်တော့်ရင်ထဲ ဘဝင်ကျသွားရသည်။ အမြဲတမ်း အလုပ်ရှုပ်ပြီး စိတ်တိုတောင်းနေတတ်သော သူ့ကို ဤလို အနေအထားမျိုးနှင့် တွေ့ရခဲလှသည်။

"ဘာလဲ ... ကိုယ်ပြောတဲ့ဇာတ်လမ်းပါတဲ့ စာအုပ်လာပေးတာလား ... "

ကျွန်တော် သူ့စားပွဲရှေ့မှ ကုလားထိုင်တွင် ဝင်ထိုင်စဉ် ကျွန်တော့်လက်ထဲမှ မှုခင်းစုံစာအုပ်ကို တွေ့သွား၍ မေးပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"ကိုယ်တစ်နေ့က ဖတ်ပြီးပြီ ... 'သူက ဆက်ပြောပါသည်' စာအုပ်ထွက်ထွက်ချင်း ကိုယ့်ရဲဘော်က ယူလာတာကွ ... မောင်ရင်က ကိုယ့်နာမည်ရင်းနဲ့ ရေးထားတော့ သူလည်း စိတ်ဝင်တစား မျက်နှာလုပ်ချင်မှာပေါ့ကွ ... "

ထိုဝတ္ထုမှာ ၁၉၉၀ပြည့်၊ ဇန်နဝါရီလထုတ် မှုခင်းစုံ မဂ္ဂဇင်းမှ သူ့အကြောင်းနှင့်သူ ဝတ္ထုတိုဖြစ်ပါသည်။

"ဘယ့်နှယ်လဲ ... ကိုယ်ရေးထားတာ ခင်ဗျား ဘယ်လို သဘောရသလဲ ... ဘဝင်မကျတာတွေ ... အားမရတာ တွေပေါ့ဗျာ ... "

"ဟာ ... မတွေ့ပါဘူး ... မရှိပါဘူး ... အဟဲ ... " သူက ပြောနေရင်းမှ တစ်ချက်ရယ်လိုက်ပါသေးသည်။ မောင်ရင့် ကို အဲဒီဇာတ်လမ်း ပြောတာက အကြောင်းရှိတယ် ... အဲဒီ ချာတိတ် ... အဲ ... နာမည်ဘယ်သူ ... "

"... ..."

ကျွန်တော် ပြောပြလိုက်သည်။

"အဲ ... ဟာ တကယ်ပဲအပြစ်ရပြီး ထောင်ကျမယ့်ကောင် မို့ ကိုယ်ပြောလိုက်တာကွ ... "



"ဟုတ်ပါပြီ ကိုယ်ကလည်း အပြစ်ရမယ့်ဇာတ်လမ်း၊ ထောင် ကျမယ့်ဇာတ်လမ်းကိုသာ ရေးထားတာပါ ... မသေချာ သေးဘဲ ဘယ်လိုရေးဖြစ်ပါ့မလဲ ... မျှော်မြင်ပြီး ကလောင် တစ်ချောင်းကိုင်ထားတဲ့ စာရေးဆရာဆိုတာ လူတစ်ဦးတစ် ယောက်ရဲ့ လွတ်လပ်ခွင့်ကို အတတ်နိုင်ဆုံး ထောက်ထား စောင့်စည်းရတယ်ဗျာ ... "

"ဟုတ်တာပေါ့ ကိုရင်ရ ... "

"အချုပ်ထဲ ရောက်နေတာ ... ဒါမှမဟုတ် အာမခံရတဲ့အမှု ကို အပြစ်ရှိပြီ ... အပြစ်ရပြီဆိုတဲ့ ပုံစံနဲ့ ရေးလိုက်လို့ကတော့ အမှားကြီးမှားပြီ ကာယကံရှင်ကို ပုတ်ခတ်စော်ကားသလို ဖြစ်သွားမှာပေါ့ ... စိတ်ချ ကိုယ်ဒါမျိုးတော့ သတိထားပြီး ရှောင်တယ် ... "

"အေး ... ကောင်းတာပေါ့ကွာ ... မရှောင်လို့များ တကယ့် ကာယကံရှင် မီးခဲနဲ့တွေ့ရင် သူတို့ အသရေဖျက်ရေးပါတယ် ဆိုပြီး တရားစွဲလိုက်လို့ ကိုယ် ထောင်အပြစ်ရနိုင်တယ်သိ လား ... "

"ဟုတ်တာပေါ့ဗျာ ... "

ထိုစဉ် ... ရဲသားတစ်ဦးက ကျွန်တော်တို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ခွက်များ လာချပေးသဖြင့် စကားပြတ်သွားသည်။ သူက သောက်သူငယ်ချင်းဟု ပြောသောအခါ ကျွန်တော်က လက်ထဲမှ မှုခင်းစုံမဂ္ဂဇင်းကို သူ့အားလှမ်းပေးလိုက်ပါသည်။

သူက စာအုပ်ကို တရိုတသေကိုင်ပြီး သူပြောသည့် ဇာတ်လမ်းပါသည့် စာမျက်နှာကို လှန်ကြည့်၍ ပြန်လည်ဖတ်ကြည့်နေပါသည်။ ထိုအချိန်မှာပင် ကျွန်တော်လည်း သူဧည့်ခံသော လက်ဖက်ရည်ကို သောက်ပြီးသွားသည်။

"ကိုယ်လေ ... မောင်ရင့်လို စာသိပ်ရေးတတ်ချင်တာ... ကွာ ... "

သူ့ထံမှ စကားကြားရသောအခါ ကျွန်တော်အံ့ဩ... သွားရသည်။

"ရေးပေါ့ဗျာ ... ခင်ဗျားလည်းဘွဲ့ရပညာတတ်တစ်ယော... ပဲ ... နောက်ပြီး ကိုယ်တွေ့အကြောင်းအရာ၊ ဇာတ်လ... တွေကလည်း နည်းတာမှ မဟုတ်တာ ... "

"ကိုယ်ကြိုးစားဖူးတယ်ကွ သိလား ... "

ထို့နောက် သူက ပြုံးဖြီးဖြီးဖြင့် ဆက်ပြော... သည်။

"ကိုယ်လည်း မောင်ရင့်လိုအားကျစိတ်နဲ့ စမ်းကြည့်တာ...



ကွာ ... ဘယ်နေ့လိမ့်မလဲ ... အလုပ်ဖြစ်ရင် ကိုယ်အငြိမ်းစားယူပြီးတဲ့အခါ စာရေးစားတော့မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့ကွာ ... "

"အဲ ... ဒီတော့ ... "

"မဖြစ်ဘူးကွ ... လုံးဝမဖြစ်ဘူး ... ဒါမျိုးအားကျရုံနဲ့ ဖြစ်တာမှ မဟုတ်ဘဲကိုးကွ ... "

"ရေးတတ်ရင် ဝတ္ထုဖြစ်ပါတယ်လို့ အဆိုရှိသားပဲဗျာ ... "

ကျွန်တော်က သတိပေးလိုက်မိသည်။

"ဟ ... ရေးဖြစ်တဲ့ဝတ္ထုတိုင်းလည်း ဝတ္ထုကောင်းမဖြစ်နိုင်ဘူးနော် ... ကိုယ်ဖြစ်ချင်တာက အရည်အသွေးရှိတဲ့ဝတ္ထုကောင်းလေးတွေ ဖြစ်ချင်တာ ... "

"ဒါဆိုလည်း စာများများဖတ်ကြည့်ပေါ့ဗျာ ... "

"ဟာ ... ဖတ်ပါပြီလားကွာ ... ဒါပေမယ့် ... "

သူစကားမဆက်တော့ဘဲ သူ့အကြည့်ရှုးရှူးသာ ကျွန်တော့်ဆီ ရောက်လာပါတော့သည်။

"အေး ... သတိရတုန်း စာဖတ်လို့ ကိုယ်တွေ့အကျိုးရှိသွားပုံတော့ ပြောပြဦးမယ်ဟေ့ ... ။"

"စာရေးဆရာဆိုရင်တော့ ကောင်းတာပေါ့ဗျာ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကိုယ်ရင့်သဘောပဲ … ပြောတတ်တဲ့သူက ပြောရင် အခုဟာက တကယ့်ကိုယ်တွေ့ကွ နော် … "

"ပြောစမ်းပါဦးဗျာ … "

ကျွန်တော် တိုက်တွန်းရပါတော့သည်။

"ဒီလိုကွ … ကိုယ့်ကလည်း ရခိုင်ပြည်နယ်ကနေ ရန်ကုန်ပြည်မကိုရောက်ခါစ၊ တာဝန်ရှိတဲ့စခန်းက ရွှေဂုံတိုင်၊ အချိန်က ဇန်နဝါရီလ၊ ခြေခင်းလက်ခင် သာယာတဲ့ကာလဆိုတော့ လူတွေဟာ အပြင်ထွက်လမ်းသလားကောင်းတဲ့ အခြေအနေကိုးကွ … အထူးသဖြင့် ရွှေတိဂုံဘုရားတစ်ဝိုက်ကန်တော်ကြီးတစ်ဝိုက်ကတော့ အစည်းကားဆုံးပဲ ဆိုပါတော့ကွာ … ညနေလမ်းပတ်လျှောက်ကြ၊ မနက်စောစော အပြေးလေ့ကျင့်ကြနဲ့ မျက်စိရှုပ်လောက်အောင်ကို စည်ကားနေတာပေါ့ … "

ဤတွင် သူ့စကား ခဏရပ်သွားသည်။ ကျွန်တော် စိတ်မဝင်စားပါရဲ့လားဟူသော အကြည့်ဖြင့် ကြည့်သေးသည်၊ ကျွန်တော် စိတ်ဝင်တစားဖြင့် ကြည့်နေကြောင်းသိမှ သူဆက်ပြောတော့သည်။

အဲဒီအတောအတွင်းမှာပဲ သတင်းစာပြည်သူ့အော်သံမှ ဘာပါလာတယ် မှတ်သလဲ … ။



သူက ပြောမေးမေးနေသည်။

"အင်း … ပြောပါဦး … "

"မနက်မနက် ကျန်းမာရေးလမ်းထလျှောက်တဲ့ အသက်ကြီးယောက်ျားတွေကို၊ အမျိုးသမီးငယ်တစ်စုက အကြံအဖန်လုပ်ပြီး နာရီ၊ လက်စွပ်တွေ အေးဓားပြတိုက်နေပါတယ် ဆိုတဲ့အကြောင်း အကျယ်တဝင့် ရေးထားသကွ … "

"အင်း … ဟုတ်တယ် … ကျွန်တော် ဖတ်လိုက်ရသလိုလိုပဲ … ဒါမှမဟုတ် ဖတ်ဖူးတဲ့လူက ပြန်ပြောတာလည်း ဖြစ်ချင်ဖြစ်မယ် … သိပ်တော့ မသေချာဘူး … "

"အေး … ထားပါတော့ကွာ … "

သူက လက်ကာပြပြီး ဆက်ပြောတော့သည်။

"ဒီကိစ္စဟာ တို့ရွှေဂုံတိုင်ရဲစခန်းနဲ့ တိုက်ရိုက်သက်ဆိုင်တယ်ကွ … ကိုယ်လည်း မအူမလည်နဲ့ မြို့ရောက်လာတဲ့ တောသားဆိုတော့ သမရိုးကျအတိုင်း နယ်ထိန်းတွေနဲ့ ကျားသစ်အဖွဲ့ကို ဂရုစိုက်ခိုင်းရတော့တာပေါ့ … ခမြာများလည်း လှုပ်ရှားကြပါတယ် … ဒါပေမယ့်ကွာ … "

"နောက်တစ်ပတ်လောက်အကြာမှာ အဲဒီအော်သံမျိုး

www.burmeseclassic.com



တခြားသတင်းစာမှာ ပါလာပြန်ရော့ပေါ့ … အဲဒီနေ့ မိုးတောင် မလင်းချင်သေးဘူး … မြို့နယ်မှူးက ခေါ်ပြီး ဒီကိစ္စနဲ့ ပတ်သက်ပြီး ပွက်တော့တာပဲပေါ့ … ကိုယ်လည်း အတွေ့အကြုံမရှိတော့ စိတ်ထဲ မခံချင်တာကလွဲပြီး ဘာလုပ်ရမှန်းလည်း မသိတော့ဘူးပေါ့ … ပြောသမျှ ငြိမ်နားထောင်နေရတယ် … ကိုယ်လက်ကိုင်ထားတဲ့မှုခင်းစာအုပ်ကိုကြည့်ပြီး စာဖတ်တာလည်း ဖတ်ပေါ့ …လက်တွေ့လည်း လုပ်ကြည့်ဦး … စာတွေ့မှ လက်တွေ့သို့ ဆိုတာလည်း သဘောပေါက်ကြဦးလို့ ပြောလိုက်သေးသကွ … ”

“ကိုယ်ကလည်း ကြောက်တော့ကြောက်သား … ဒါပေမယ့် ပြီး … ပြီးရောဆိုတဲ့သဘောနဲ့ ဒီတစ်ရက်နှစ်ရက်အတွင်း ကျွန်တော်ဖမ်းပေးပါ့မယ်လို့ ကတိပေးလိုက်မိတယ် — တကယ်တော့ အဲဒီအချိန်အထိ ကိုယ့်မှာ ဘာအစီအစဉ် လုပ်ထားတာ မရှိဘူး … ကိုယ့်စခန်း ပြန်ရောက်တော့ လည်း မကြံတတ် မစည်တတ်တော့ စိတ်အိုက်အိုက်နဲ့ ကြီး ထိုင်မနေချင်တာနဲ့ စာအုပ်ကို ဆက်ဖတ်တယ် — အဟက် … ”

ဤနေရာတွင် သူစကားရပ်ပြီး အဟက်ခနဲ ရယ်



ထွက်လာပါတော့သည်။

သူ့အသွင်ကိုကြည့်ပြီး ကျွန်တော်ပင် အံ့အားသင့်သွားမိသေးသည်၊

“ဘာပြောကောင်းမလဲ နောက်တစ်နေ့နံနက် ၃–နာရီထဲက ကိုယ် အိယ်ရာထတယ် … မနေ့ကတည်းက မှာထားတဲ့ ကောင်းပေ့ဆိုတဲ့ အားကစားဖတ်စုံ၊ သော့သီးသုံးလုံးတပ်လက်ပတ်နာရီ တစ်ကျပ်ခွဲသားလောက်ရှိတဲ့ ဆွဲကြိုး၊ အရေးကြီးငါးမူးသားလောက်ရှိတဲ့ ရွှေလက်စွပ်၊ ထောင်ကျော်တန် ဝေါ်ကင်းရှူးကအစ၊ အကျအနဝတ်ပြီး အားကစားသမားအသွင်နဲ့ လမ်းလျှောက်လိုက် ဝန်ဆောင်အပြေးကလေး လုပ်လိုက်နဲ့ ကန်တော်ကြီးကို ပတ်တော့တာပေါ့ … ”

သူ့အကြည့် ကျွန်တော့်ထံရောက်လာသဖြင့် စကားပြတ်သွားလေသည်။ ကျွန်တော်က ဆက်ပြောရန် မေးငေါ့ပြတော့မှ သူဆက်ပြောသည်။

“ကိုယ်က အဲဒါမျိုး မလုပ်တာကြာခဲ့ပြီ … အသက်ကလည်း နည်းနည်းရလာတော့ ပင်ပန်းလိုက်တာ မပြောပါနဲ့တော့ ကွာ …. ဟဲ … ဟဲ … ဒီနေ့ ကိုယ်အရှုံးပေါ်တယ် … ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ဆိုလိုတာလဲဗျာ ... "

"ဘာဆို ဘာမှဖြစ်မလာဘူး ဆိုလိုတာက တရားခံရှာမတွေ့ဘူးပေါ့ကွာ ... ဒါပေမယ့် ကိုယ်စွဲမလျှော့ဘူး ... တစ်ပတ်အတွင်း မိစေရမယ်လို့လည်း ယုံကြည်တယ် ... "

"အဲဒါနဲ့ ... "

စိတ်စောနေသော ကျွန်တော်က စကားထောက်ပေးလိုက်သည်။

"ဘာပြောကောင်းမလဲ ... တစ်ပတ်တောင် မစောင့်လိုက်ရဘူး ... ငါးရက်မြောက် မနက်စောစောမှာ ကိုယ်ကန်တော်ကြီးကို တစ်ပတ်ပတ်ပြီး နောက်တစ်ပတ် ပန်းကန်လုံးကျွန်းနားအရောက်မှာ လှသိပ်ရှင်းနေတာကို သတိထားမိနေတုန်း ... မိန်းကလေးတစ်ယောက် ကိုယ့်ရှေ့က ဖြတ်ပြေးတယ် ... အားကစားဝတ်စုံဆိုပေမဲ့ မလုံမခြုံလေးကွ... အသားကပ်ဘောင်းဘီကလည်း တိုလွန်းတယ်လို့ ထင်ရတယ် ... မှောင်နေပေမယ့် အဖြူရောင်ဝတ်စုံဆိုတော့ အထင်းသားကြီး မြင်နေရတယ် ... ကိုယ့်ကိုဖြတ်ကျော်မယ့်တော့မဟာ၊ ကိုယ့်ရှေ့လည်းရောက်ရော ခြေတုန်သလို ဖြစ်သွားပြီး ... သိပ်မပြေးနိုင်ရှာတော့ဘူး ... ကျစ်လစ်တောင့်



တင်းပြည့်လွန်းတဲ့ သူကလေးရဲ့ နောက်ပိုင်းအလှကို ကိုယ်မကြည့်ချင်လည်း မြင်နေရတယ် ... "

"ကိုယ့်ဆရာ မေဒင်ပြုတ်ချင်သွားရော ဆိုပါတော့ ဟုတ်လား ... "

"အဟင်း ... ဘယ်သူပြုတ်မလဲဆိုတာ ဆက်နားထောင်ကြည့်လေကွာ ... စခန်းမှူးဦးစိန်တင့်က ဆက်ပြောတော့သည်။ ရှေ့ဆင့်နောက်ဆင့်ဖြစ်နေတဲ့ တို့နှစ်ယောက်၊ ငါ့အထက်ကိုက်တစ်ရာတောင် မပြေးလိုက်ရဘူးဟေ့ ... မိန်းကလေး ထိုးလဲသွားတော့တာပဲ ... ကိုယ့်ရှေ့တင်ဖြစ်တာဆိုတော့ မတတ်သာတော့ဘူး ... သူ့နား ဒူးထောက်ထိုင်ပြီး မြန်မာလူမျိုးပီပီ ဘာကူညီရမလဲ ... ဘာဖြစ်သွားသလဲ ... ဘယ်နာသွားသလဲနဲ့ မေးရတော့တာပေါ့ကွာ ..."

"သိပ် သနားသွားတယ်ဆိုပါတော့ ... "

"အဟင်း ... ကိုယ်မေးလို့မဆုံးသေးဘူး ... ကိုယ့်နောက်က မိန်းကလေးနှစ်ယောက် ထပ်ရောက်လာတယ် ... သူတို့လေးတွေကလည်း အားကစားဝတ်စုံ မပေါ်တပေါ်လေးတွေနဲ့ပဲ ... အသက်ကလည်း ရှိမှ နှစ်ဆယ်ဝန်းကျင်ကွ... သူတို့က ဟေ့ ဘာဖြစ်တာလဲ ... ဘာလုပ်တာလဲနဲ့ အမော

www.burmeseclassic.com

www.burmeseclassic.com



တကော မေးတော့တာပဲဟော့ ... ဒီမှာတင် ပထမမိန်းကလေးက သူ့ကို ငါဆိုတဲ့ ဦးစိန်တင့်က ဆွဲလှဲပြီး ဟိုဒင်း ဟိုဟာပြုဖို့ ကြိုးစားသတဲ့ကွာ မှတ်ကရော ... ”

“ဟာ ... ဗုဒ္ဓေါ ... ”

ကျွန်တော် ရှေ့တွတ်ဖြစ်သွားသည်။

“ဒါဟာ မဆန်းဘူးကွ ... သတင်းစာထဲမှာ ပါလာလို့ ငါ မျှော်လင့်တဲ့အတိုင်း ဖြစ်နေတာပဲ ... ဇာတ်လမ်းက အခုမှ စမှာကွ သိလား ... ”

“ဟုတ်လား ပြောစမ်းပါဦးဗျာ ... ။”

“အဲဒီမှာတင် နောက်ထပ် ရောက်လာတဲ့ တေိမလေးတွေကလည်း ခင်ဗျားကြီးကျွတ်သွားမယ် ...အရုက်တကွဲအကျိုးနည်း ဖြစ်ချင်သလား ဘာလားညာလားနဲ့ ငါ့ကို ခပ်မာမာ ဟောက်ပြီး ခြိမ်းခြောက်တော့တာပဲဟော့ ... ဆိုလိုရင်းကတော့ အကျယ်အကျယ် ပြဿနာမတတ်ချင်ရင် ငါ့မှာပါတဲ့ လက်စွပ်၊ ဆွဲကြိုး၊ လက်ပတ်နာရီကို ချွတ်ပေးရမတဲ့ကွာ—”

“အမယ် ... တယ်ပိုင်ပါလား ... ”

“ပိုင်မှာပေါ့လေ ... သူတို့က အကွက်ချပြီး ကြိုတင်စီစဉ်ထား ကြတာကိုးကွ ... ဒါပေမယ့် ငါကလည်း အကွက်သ



ပဲကွ ... ရဲနဲ့ ဒုစရိုက်သမား ရှေ့ရည်မှာ ဘယ်သူသာသွားသလဲဆိုတာ ကိုရင် နားထောင်ကြည့်လေ ... ။”

ကျွန်တော် ဘာမျှမပြောဘဲ ငြိမ်နားထောင်နေလိုက်မိသည်။

“အဲဒီမှာတင် ကိုယ်ဘာလုပ်တယ်မှတ်သလဲ ... ”

သူက လှမ်းမေးသော်လည်း ကျွန်တော့်အဖြေကို မစောင့်ဘဲ ဆက်ပြောတော့သည်။

“အဲ ... အင်း ဘာတွေလဲ ... ”

ဘာ ပြောသလဲဆိုပြီး နားရွက်ကို လက်ကာလိုက် မျက်မှောင်ကြုတ်ပြီး နားထောင်သလိုလုပ်လိုက်နဲ့ အမူအရာလုပ်ရတာပေါ့လေ ... ။

“ဘာသဘောလဲဗျ ... ”

“နားလုံးဝမကြားတဲ့ ဒုက္ခိတအသွင်မျိုးပေါ့ကွာ ... ”

သူက ရှင်းပြလာသည်။

“အဲဒီမှာတင် ရပ်နေတဲ့မိန်းကလေးကဟာ နားလေးကြီးပဲကွ ... တို့ မရလို့တော့မဖြစ်ဘူး ... မဖြစ်ဖြစ်တဲ့နည်းနဲ့လုပ်... နောက်ကလူတွေ မှီလာရင် သိပ်မကောင်းဘူးလို့ ပြောနေတယ် ... ”

“ကိုယ်ကလည်း မင်းတို့ ဘာဖြစ်ချင်တာလဲ — ငါ နားလုံးဝ

www.burmeseclassic.com

www.burmeseclassic.com



မကြားဘူး ... နားလည်း မလည်ဘူး ... ပြောချင်တာရှိရင်တော့ ဒီစာရွက်မှာ ရေးပေးပါဆိုပြီး ကိုယ့်ဘောင်းဘီအိတ်မှာ အသင့်ထည့်ထားတဲ့ စာရွက်နဲ့ ဘောလ်ပင်ကို ထုတ်မေးလိုက်တယ် ... ”

“အဲဒီတော့မှ လဲနေတဲ့ငတိမလေးက သူ့ရဲ့ ဘာမှမဖြစ်တဲ့ ပေါင်လုံးတောင့်တောင့်လေးပေါ် စာရွက်တင်ပြီး ရေးတော့တာပဲဟေ့ ... သူပေးတဲ့စာရွက်ကိုယူပြီး ငါဖတ်ကြည့်တော့ ရှင့်မှာရှိတဲ့ လက်ပတ်နာရီ၊ ရွှေဆွဲကြိုး၊ ရွှေလက်စွပ်ကိုချွတ်ပေးပါ ... နို့မို့ဆိုရင် ကျွန်မကို စော်ကားဖို့ကြိုးစားတယ်လို့ အော်လိုက်မယ် ... ရှင် ဒုက္ခမရောက်ချင်ရင် အခုပေး ... ဒါပဲ ... ”

“အံမယ် ... တယ်ပိုင်ပါလား ... ”

“ကိုယ်က ပိုပိုင်တာပေါ့ကွာ ... ကိုယ်စာကိုအချိန်ဆွဲဖတ်နေတုန်း အပြေးကျင့်နေတဲ့ လူတစ်သိုက် ကိုယ့်တို့အနားရောက်လာတယ် ... ဟေ့ ဘာဖြစ်တာလဲ ... ဘာလုပ်တာလဲစသည်ဖြင့် တစ်ယောက်တစ်ပေါက် ဟိုမေးသည်မေးပေါ့ကွာ ... တချို့လူတွေကတော့ မိန်းမလှမျက်နှာနဲ့ လူစွာလုပ်ပြချင်နေသေးတယ် ... အဲဒီအချိန်မှာပဲ ကိုယ်စီစဉ်ထားတဲ့အတိုင်း စခန်းတကျားသစ်အဖွဲ့နှစ်ဦး ရောက်လာ



တယ် ... အဲဒီတော့မှ ကိုယ်ထိုင်ရာကထပြီး ရဲစခန်းမှူးဖြစ်တဲ့ အကြောင်း၊ မိန်းကလေးတွေ ရေးပေးတဲ့စာကို ပြပြီး တရားခံထုတ်ဖော် ဖမ်းဆီးလိုက်ရတာပေါ့ကွာ ... ”

“ဟာ ... ကောင်းလိုက်တဲ့ အကွက်ဗျာ ... ”

“အဲဒီအတွက်ကို ဘယ်ကရတယ်ထင်သလဲ ... ”

သူကပြောမေးမေးရင်း ဆက်ပြောပြန်သည်။

“စာအုပ်ထဲကခင်ဗျာ ... စာအုပ်ထဲက မြို့နယ်မှူးဆီ ရောက်တော့ ကိုယ်တိုင်ထားတဲ့စာအုပ်ကိုကြည့်ပြီး ... စာလည်းဖတ် လက်တွေ့လည်းလုပ်ကြဦးလို့ ပြောလိုက်တဲ့အမှာစကားကို ကိုယ်မမေ့ဘူး ... ဒါနဲ့ စာအုပ်ကိုဖတ်ရင်း စဉ်းစားရင်းက အဲဒီမှုထဲမှာကို ဒီအကွက်ကလေးတစ်ကွက်ကို ဖတ်မိလိုက်တော့ ချက်ချင်း အကောင်အထည်ဖော်ကြည့်လိုက်တာလေ ... ဟဲ ... ဟဲ ... မကောင်းဘူးလား ... ”

“ကောင်းမှကောင်းဗျာ ... ကောင်းလွန်းလို့ စာတောင် ရေးလိုက်ချင်တယ် ... ”

“ရေးလေ ရေးပေါ့ ... တကယ်ဖြစ်ရပ်မှန်ကိုယ်တွေ့ပဲ ... ကိုယ်ခွင့်ပြုတယ် ... ငတိမလေးသုံးယောက်လည်း နှစ်နှစ်စီ ထောင်နန်းစံသွားကြပြီ ... ”

“ဟုတ်လား ... အေးဗျာ ... ကျွန်တော်ရေးလိုက်မှ တန်

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးမှာ ကျက်စားနေတဲ့ ဒုစရိုက်သမားတွေ တခြား နည်းတွင်ပြီး ကျူးလွန်နေဦးမလားလို့ ... ”

ကျွန်တော် စိုးရိမ်စိတ်ဖြင့် မေးမိသည်။

“ဟာ ... ဒါ မောင်ရင့်အလုပ် မဟုတ်ပါဘူး ... မောင်ရင့် အလုပ်က ရေးဖို့၊ ကိုယ်တို့အလုပ်က ဖော်ဖို့ ... သူတို့အလုပ် က ကျူးလွန်ဖို့၊ ... လူတိုင်း ကိုယ့်အလုပ်ကိုယ်လုပ်နေကြ တာပါကွာ ... ဒါပေမဲ့ တစ်ခုတော့မှတ်ထား၊ မကောင်းမှု ကို ကောင်းမှုကသာ နိုင်သလို၊ နောက်ဆုံးတစ်နေ့မှာ အကြ အဖန်လည်း အမှန်အကန်ကသာ အနိုင်ရလေ့ရှိပါသတဲ့ ကွာ... ဟုတ်ဘူးလား ... ”

ကျွန်တော် ခေါင်းညိတ်ပြလိုက်သဖြင့် သူ့အသွင်မှာ ဘဝင်ကျသွားသည်။ ထို့ပြင် ကျွန်တော် စာတစ်ပိုဒ်ရေးဖြစ်မည်ကို လည်း သူ သဘောပေါက်လိမ့်မည်ဟု ယုံကြည်လိုက်မိပါသတည်း။

ပြီး




www.burmeseclassic.com

## THE ENEMEY

ညနေလယ်စာစားပွဲတွင်အတန်ကြာထိုင်ကြပြီးနောက် အားမြ၍ မျက်နှာကျက်မြင့်မြင့်ရှိရာ စာကြည့်ခန်းသို့ သူတို့နှစ်ရာ ကြသည်။ တရားသူကြီးက အတိတ်အကြောင်းကို ပြောလိုက်၊ က အနာဂါတ်အရေးကိုပြောလိုက်နှင့် ရှိနေကြသည်။ သို့သော် ပြင်း၍ နေရောင်ခြည်တောက်ပသော ဇွန်လ စနေနေ့ ညနေပိုင်း နာရီ မိနစ်နှစ်ဆယ်တွင်တော့ ပြဿနာတစ်ခုကပေါက်ကွဲပါ တော့သည်။တိတ်ဆိတ်နေသည့်လမ်းဆီမှ ဆူဆူ ညံညံအသံများ ပေါ်လာသည်။

တရားသူကြီးကစ်တင်ဂျားက နှာခေါင်းတွင်ချိတ် ထားသည့် မျက်မှန်ကိုနေသားတကျပြင်တပ်ကာ ဝရန်တာလေးဆီ သွားသည်။ ထိုနေရာမှဆိုလျှင် သစ်ပင်များ ဖုံးလွှမ်းရာသစ်တော

www.burmeseclassic.com

www.burmeseclassic.com



စိမ်းလမ်းသွယ်လေးနှင့် ဘန်နီဘောလမ်းကို စီးမြင်နေရသည်။

လမ်းဒေါင့် မျက်နှာချင်းဆိုင်လှေခါးထစ်အနီးတွင် လူကြီးတစ်ယောက်နှင့် ကလေးတစ်စုတို့ ရုတ်ရုတ်သဲသဲဖြစ်နေကြ သည်။ တရားသူကြီးအိမ်၏ ဘယ်ဘက်အိမ်မှ အပြာရောင်ဝတ်စုံနှင့် အမျိုးသမီးကြီးတစ်ဦးက အချင်းဖြစ်ရာသို့ ကန့်လန့်ဖြတ်တန်းပြေး သွားသည်။ ဟန်နီဘောလမ်းထဲသို့ ရဲကားတစ်စီးဝင်လာသည်။ လမ်းဘေးတွင်ထိုးရပ်လိုက်သည်။ ကားထဲမှာ အရပ်ရှည်ရှည်ရဲတစ် ဦး ဆင်းလာပြီး အော်ဟစ်နေသည်။ ကောင်လေး၏ပခုံးကို ပွေ့ဖက် ထားလိုက်သည်။

မိုက်ရပ်ဆယ်က အိမ်ရှင်တရားသူကြီးအား နှုတ်ဆက် တောင်းလိုက်ပြီး ... လမ်းဆီသို့ ခပ်သုတ်သုတ်ထွက်သွားသည်။ ပြဿနာအလယ်မှာ မျက်ခုံးကောင်းကောင်း၊ နှာခေါင်းချွန်ချွန်၊ မျက်တောင်ကော့ကော့၊ မျက်လုံးပြားပြား၊ ဆံပင်ရှည်ရှည်နှင့် အသက်နှစ်ဆယ့်တစ်နှစ်အရွယ်မှာရှိသည်။ သူက ရဲလက်မှ အတင်း ရုန်းထွက်နေသည်။

ဝတ်စုံပြာနှင့် အမျိုးသမီးကြီးက ကောင်လေးအား တကြော်ကြော်ခေါ်လျက်ရှိသည်။

"ဖရက်ဒီ ... ဖရက်ဒီ"



သူမအသံကိုတော့ ကောင်လေးကြားပုံမပေါ်ပါ။

"ခင်ဗျား လူယုတ်မာကြီး အလကားအဖိုးကြီး ငကြောင် ကြီး ..."

ဖရက်ဒီက ပြစ်ပြစ်နှစ်နှစ် ဆဲရေးလျက်ရှိသည်။

"ဒီမှာ နားထောင်စမ်းပါဦးကွာ ..."

ရဲသားကကောင်လေး၏ ပခုံးကိုလှုပ်ယမ်းလိုက် သည့်ဖရက်ဒီမှ ဒေါသတကြီးနှင့်တော့ပြန်ကြည့်သေးသည်။ ဖရက်ဒီ ၏ဒေါသကြောင့် ရင်ဆိုင်နေရသည့် လူကြီးမျက်နှာမှာ နီရဲလျက်ရှိ သည်။

အိမ်ဘက်သို့ ကျောပေးထားသည့် ထိုလူကြီးမှာ ဗိုက်ပူပူ၊ ထိပ်ပြောင်ပြောင်ဖြစ်သည်။ မျက်မှန်ထူထူကြီးကိုလည်း တပ်ဆင်ထားသေးသည်။

"ကျုပ်တော့်ကို ဝိုင်းထိုးတာဗျ အိမ်တံခါးခေါက်ပြီး တစ်ခါထဲ ဝင်လုံးကြတာ ..."

ရှိနေသည့် ကောင်လေးခုနစ်ယောက် ရှစ်ယောက် ဘလည်း တစ်ယောက်တစ်ခွန်း ဝိုင်းရန်တွေ့ကြသည်။ ဤလူကြီး အား ကလေးများအားလုံး မကြေမညက်သည်ကမူ သေချာ သည်။ ပွင့်ရိုက်ဂါဝန်ဝတ် အမျိုးသမီးလေးတစ်ဦးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ရင်အုပ်ကိုဖော်ပြထားသည့် ဘောင်းဘီတိုဝတ်လူတစ်ဦးတို့ကမူ ခပ်လှမ်းလှမ်းတွင်ချိတုံချတုံ ရှိနေကြသည်။ အိမ်ဝရန်တာရှိ ခပ်ဟဟပြတင်းပေါက်ရှိ ဘီးတပ်ကုလားထိုင်ပေါ်မှ အမျိုးသမီးကြီးတစ်ဦးက စိုးရိမ်စွာ ငုံ့ကြည့်လျက်ရှိသည်။

ပေသုံးဆယ်မျှအကွာ သစ်ပင်ရိပ်အောက်ရှိ မြက်ခင်းစိမ်းစိမ်းပေါ်တွင်တော့ အညိုနှင့်အဖြူကြားခွေးတစ်ကောင် လဲလျက်သေနေသည်။

မိုက်ရန်ဆယ်က ခွေးကိုအကဲခတ်ကြည့်သည်၊ တရားသူကြီးအနီးသို့ ရောက်လာချိန်တွင် ဆူဆူညံညံအသံတို့က တိတ်ဆိတ်သွားသည်။ သူကမေးလိုက်သည်။

"ဒါဖရန်ဒီ တိုက်တပ်ပဲ မဟုတ်လား ... ဪ ... မစ္စတာ မက်လင်းကိုး ... ဘာဖြစ်တာလဲဗျ"

မက်လင်း၏ ခေါင်းက ဆတ်ခနဲမော့လာသည်။

"ခွေးကို ကျွန်တော်ဘာမှလုပ်တာ မဟုတ်ပါဘူး ... ကောင်လေးရဲ့ခွေးကို ကျွန်တော်ဘာလုပ်ရမှာလဲ ... ကျွန်တော်ဒီရပ်ကွက်မှာ အတတ်နိုင်ဆုံး အေးအေးချမ်းချမ်းနေတာ — တရားသူကြီး အသိပါ ... ဒါပေမယ့် ဒီကောင်လေးတွေကတော့ ကြောက်စရာပဲ ... သူတို့က ကျွန်တော်တို့



မိသားစုအတွက် ငရဲဖြစ်လောက်အောင် ဒီလမ်းမှာ သောင်းကျန်းနေကြတာ ... "

မင်လသ်၏ အသံကတုန်ယင်နေသည်။

"ကျွန်တော့်မိန်းမက မကျန်းမာဘူး ... မယားပါသမီးက ဒုက္ခိတ ဒီကောင်လေးတွေကတော့ ဇရမ်းဇတာတွေပဲ ... ကျွန်တော့်အိမ်တံခါးကို ခေါက်ဖွင့်ပေးတာနဲ့ ဝင်ထိုးကြတာ၊ သူတို့ ကိုယ်ထိလက်ရောက်မှုနဲ့တရားစွဲရမယ်၊ ကျွန်တော်—"

ဗိနပ်ချွတ်ခုံမှ ကုလားထိုင်ပေါ်ရှိ အဘွားကြီးကို ဖြတ်ကျော်ကာ မိန်းကလေးတစ်ဦး ထွက်လာသည်။ သူမ၏လမ်းလျှောက်ပုံက ထော့နဲ့ထော့နဲ့နှင့်ဖြစ်သည်။

မိုက်ရပ်ဆယ်က မေးကြည့်လိုက်သည်။

"ခွေးကိုလုပ်တာ ခင်ဗျားလို့ဘာဖြစ်လို့ ကောင်လေးတွေ ပြောကြတာလဲ မစ္စတာမက်လင်း ... "

ကောင်လေးများ၏ တစ်ယောက်တစ်ပေါက်အသံက ထွက်လာပြန်သည်။

ချူပီအဘိုးကြီးက ...

"သူက လူကြောင်ပဲ ... " ...

"ဘာဖြစ်လို့လဲဆိုတော့ ... "

"ကလိုက်ရဲ့ ဘက်တံကိုယူပြီး ... "

www.burmeseclassic.com



"ကျွန်တော်တို့နောက်ကို သူလိုက်ဖမ်းပြီး ... "

"ကျွန်တော်တို့ကို အပြစ်ပုံချလို့လုပ်နေတာ ... "

"အမေ့ကိုလည်း သူညာပြောတယ် ... "

သူတို့၏အပြောကမူ သူသည် ကျွန်တော်တို့၏ ရန်သူဖြစ်သည်ဟူ၍ပင်။

"သူတို့က ... "

မင်လင်းမှစကားစလိုက်သော်လည်း ဒေါသကြောင့် လည်ချောင်းထဲမှာပင် အသံကပျောက်ကွယ်သွားသည်။

"ခဏနေကြပါဦးဗျာ ... "

ဒုတိယရဲသား ပိန်ပိန်က ခွေးလဲနေရာသို့ လျှောက်သွားသည်။

"တစ်ယောက်ယောက်ကတော့ ကောင်လေးတွေအတွက် တစ်ခုခုလုပ်ပေးမှ ဖြစ်မယ် ... "

မိုက်ရပ်ဆယ်က ခပ်တိုးတိုးပြောလိုက်သည်။

တရားသူကြီးက ဆောက်တည်ရာမရဖြစ်နေသည့် ကောင်မလေးအား ငုံ့ကြည့်သည်။

"ကျုပ်စိတမကောင်းပါဘူး ဖရက်ဒီ ... "

သို့သော် သူ၏ရင်ထဲကတော့ အသိတွေများပြီးဖြစ်



သည်။ ခွေးကနေးလပေါင်း မြောက်မြားစွာသေဆုံးခဲ့ပုံကို သူသတိရသည်။ သို့သော် တကယ်တန်း စိတ်မကောင်းဖြစ်မိအောင်တော့ ပါးစပ်ကပြောသော်လည်း မခံစားမိပါ ကောင်လေးက တရားသူကြီးအား ကြည့်သည်။ ထို့နောက် မက်လင်းထံသို့ ပြန်ကြည့်သည်။

ရပ်ဆယ်က ကောင်လေးနှင့် တစ်မျိုးတစ်ဖုံဆက်နွယ်နေပုံရသည်။ ဂါဝန်အပြာနှင့် အမျိုးသမီးထံလျှောက်သွားသည်။

"သူ့အမေလား ... "

"သူ့မိဘတွေ ခရီးသွားကြတယ် ... သူ့ကို ကျွန်မလည်း စောင့်ရှောက်ထားရတာ ... "

"သူတို့ကို ဖုန်းဆက်လို့ရမလား ... "

"မရဘူး ... "

ရပ်ဆယ်က ဖရန့်ဒီပခုံးပေါ်သို့ လက်တင်လိုက်သည်။ ကောင်လေးက ရှုန်းခါသည်။ ကောင်လေး၏မျက်နှာဖြင့် ဒေါသမီးဝင်းဝင်းတောက်နေသည့် မျက်လုံးတို့မှာ ရန်သူထံမှမခွာ၊ အမုန်းတရားသည် မငိုကြွေးစေပါ။

"ဒီမှာဗျာ ... ခင်ဗျား ကောင်လေးကို ခဏထိန်းထားပေးနိုင်မလား ... "

အရပ်ရှည်ရှည် ရဲကမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ... "

ရုပ်ဆယ်စကားမဆုံးမီ ရဲပိန်ပိန်ရောက်လာပြီး ပြော လိုက်သည်။

"ခွေးက အဆိပ်မိပုံမျိုးပဲ ... ဘယ်တုန်းက တွေ့တာလဲ"

"ခုပဲ ... "

ကောင်လေးများက တစ်သံတည်းဖြေကြသည်။

"ဘယ်နေရာမှာလဲ ... အဲဒီနေရာမှာပဲလား ... "

"ဟင်နီဘောလမ်းထိပ်မှာ အဘိုးကြီးမက်လင်းရဲ့ အိမ်ခြံ နောက်ဘက် ညာဘက်မှာ ... "

"ငှါးခြံထိပ် ဟုတ်လား ... "

မက်လင်း၏ မျက်နှာနီရဲသွားပြန်သည်။

"ပလပ်ဖောင်းပေါ်မှာလို့ မင်းတို့ဘာဖြစ်လို့ မပြောတာလဲ ကွ ... အမှန်အတိုင်း ဘာကြောင့် မပြောကြတာလဲ ... "

"အမှန်အတိုင်းပြောတာဗျ ... ကျွန်တော်တို့မညာဘူး"

"ကဲ ... ကဲ ... ချာတိတ်တွေ ငြိမ်ငြိမ်နေကြစမ်းပါဦး "

ရဲက ဝင်ထိန်းရသည်။

"ဒီမှာ ကျွန်တော်ရှိမနေတာ ကျိန်ပြောရဲတယ်ဗျ ... "

မက်လင်းက ပြောလိုက်သည်။



"ကျွန်တော်ဒီနေ့ ကိုးကျွင်းဂေါက်သီးရိုက်နေတာ အိမ်ပြန် ရောက်တာ မေရေ ... "

သူက နောက်လှည့်လှမ်းအော်ခေါ်သည်။

"ကျူပဲ ပြန်ရောက်တာ ဘယ်အချိန်လဲ ... "

ဖိနပ်ခုံပေါ်မှ မိန်းကလေးက ထော့နဲ့နဲ့နှင့် ဆင်းလာ သည်။ သူကလေးမှာ အသက်နှစ်ဆယ်ကျော် အရွယ်ဖြစ်သည်။ ကလေးမဟုတ်သလို လူကြီးလည်း မဟုတ်သေး။

"သုံးနာရီလောက်ကပဲအဖေ ... ဒါပေမယ့် ခွေးကသေနေပါ ပြီ ... "

"ဘယ်လို ... မစွ ... "

"သူက ကျွန်တော့်မယားပါသမီးပါ ... "

"ခွေးက သေနေပြီ ... "

ကောင်မလေးက ပြောပြန်သည်။

"အဖေအိမ်ပြန်မရောက်ခင်ကပဲ ... သုံးနာရီမထိုးခင်က လှေခါးပေါ်ကနေ ကျွန်မလှမ်းမြင်တာ ... ပလက်ဖောင်း ဘေးမှာ လဲနေတယ် ... "

"ဟန်နီဘောလမ်းကနေ ခင်ဗျားဝင်လာတာလား မစ္စတာ မက်လင်း ... ခွေးကို ခင်ဗျားမြင်ခဲ့ရမှာပေါ့ ... "

www.burmeseclassic.com

www.burmeseclassic.com



မက်လင်းက ဇဝေဇဝါအတွေးနှင့်ပြောပါသည်။

"မသိဘူးဗျ ... ကျွန်တော် ... အင်း ... ကျွန်တော်"

"သူညာနေပြီဗျ ... "

"ဖရက်ဒီ ... "

"ဒါကို နင်တို့နားထောင်ပါဦးလာဟ ... "

မေမက်လင်းက ပြောလိုက်သည်။

"သူကပါ ညာနေတာပဲ ... "

ရဲက ဖရက်ဒီအား လှုပ်ခါလိုက်သည်။ မက်လင်းကမူ စိတ်မသက်သာစွာ သက်ပြင်းချသည်။

"ကဲ ... မေ ... နင့်အမေကိုသာသွားကြည့်နေ ... "

မက်လင်းက ကုလားထိုင်ပေါ်ရှိ အမျိုးသမီးကြီးထံသို့ လက်ငှေ့ယမ်းပြသည်။ ဟန်ဆောင်အပြုံးကလည်း ပြုံးပြလိုက်သေးသည်။

"ဘာမှ မဖြစ်ပါဘူး မိန်းမရေ ... "

ဖရက်ဒီ၏မေးကြောက ထောင်သွားသည်။ ရပ်ဆယ်က မျက်မှောင်ကြုံ့လိုက်မိသည်။ ခြေက အိမ်ဆီသို့ချိန်နှင့်နှင့်ပြန်သွားသည်။

"ကျွန်တော့်အမျိုးသမီးကပဲ ရဲကိုခေါ်လိုက်တာပါ ... ကျွန်



တော့်ကို ကောင်လေးတွေက ဝံပုလွေတစ်အုပ်လို ဝိုင်းအုံရန်ပြုကြတာ ... ဒီကောင်လေး စိတ်လှုပ်ရှားနေတာကိုတော့ ခု ကျွန်တော်သိပါပြီ ... ဒါပေမယ့် သူဒီလို မလုပ်သင့်ဘူး ... သူသိရမှာက ကျွန် တော် ... အဲ ... ကျွန်တော့်အနေနဲ့ ဒီမလိုလားအပ်တဲ့ စိတ်ထားယုတ်ညံ့တာမျိုး အနှောင့်အယှက်ဖြစ်တာမျိုး မရှိဘဲ ပြေလည်အောင်လုပ်လို့ရပါတယ် ... "

ဖရက်ဒီကတော့ မက်လင်းအား မမှိတ်မသုန် ကြည့်နေဆဲရှိသည်။

"ဒီကိစ္စကို ရပ်တန်းကရပ်ပစ်ရမယ်ဗျ ... "

မက်လင်းက စိတ်ဂယောင်ချောက်ချားဖြစ်လုနီးပါးရှိပုံနှင့် အော်ပြောလိုက်သည်။

"ဟုတ်ပါတယ် ... "

ရပ်ဆယ်က ထောက်ခံသည်။

"ဒီလိုပဲ ဖြစ်သင့်ပါတယ် ... "

တရားသူကြီးက သဘောတူပုံခေါင်းညိတ်သည်။

ဘောင်းဘီတိုနှင့် လူရောက်လာသည်။ သူ[illegible]တုန်လှုပ်နေပုံရသည်။

"ရက်ဖန်လမ်းမှာတော့ ခွေးတွေအဆိပ်[illegible]သတ်တာတွေကြုံ

www.burmeseclassic.com

www.burmeseclassic.com



ရှုံးတယ် ... ဒီမှာတော့ တစ်ခါမှ မကြားဖူးဘူး ... ”

ရဲ ဝိန်ဝိန်က အလုပ်သဘောမျိုးနှင့် ပြောသည်။

“ခုဟာကော ဘယ်သူလုပ်တာလဲဗျ ... ”

ဘောင်းဘီတိုက မေးလိုက်သည်။

“အဘိုးကြီး မက်တင်ပေါ့ဗျ ... ”

မေးရိုးရိုးကျကျ၊ ပုတိုတို၊ နှာခေါင်းပေါ်တွင် မျက်မှန်နှင့်ကောင်လေးတစ်ယောက်က ဝင်ဖြေသည်။

“ကျွန်တော်က ဖိုးဘောက်ချတ်ပါ ... ”

ဖိုးက သတ္တိရှိပုံရသည်။ ရဲအား သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

“ကျွန်တော်က အာနီအလန်ပါ ... ”

ရဲဝိန်ဝိန်က ပြုံး၍ပြောလိုက်သည်။

“အဘိုးကြီး မက်လင်းက သူ့ခြံကြီးထဲကို ဘယ်သူဝင်တာမှ ကြိုက်ပုံမရဘူးနော် ... ”

“ဟုတ်တာပေါ့ ... ”

“ဟုတ်တယ် ... ဟုတ်တယ် ... ”

ဖရက်ဒီက အော်ပြောလိုက်ပြန်သည်။

“ဖရက်ဒီက မင်းငြိမ်ငြိမ်နေရင်ကောင်းမယ် ... မင်းအဖေကို



ငါတိုင်ပြောမယ် ... ”

ဂါဝန်အပြာနှင့် မိန်းမ၏စကားကမူ ဖရက်ဒီအား ထိန်း၍မရ နားမဝင်နိုင်စေပါ။

တရားသူကြီးက စိတ်ရှည်ရှည်ထားကာ ကြေရာကြေကြောင်းဝင်ပြောသည်။

“မင်းမှာ အကြောင်းပြချက်မရှိဘဲ စွတ်စွဲလို့မရဘူး ဖရက်ဒီ”

“အဘိုးက ပစ္စည်းတွေကို ဘာမှမဖျက်ဆီးဘူးဗျ ... အဘိုးကြီးမက်လင်းကသာ လုပ်တာ ... ”

“မင်း ... လူလိမ်လူညာလေးပဲ ... ”

“သူကသာ လူလိမ် ... ”

ရဲသားက ဖရက်ဒီအား လှုပ်ခါ၍ငြိမ်စေသည်။

“ခွေးကို မင်းတို့တွေ့တာလား ... ”

“ကျွန်တော်တို့ ဘောက်ချတ်အိမ်ကိုသွားပြီး ဖရက်ဒီတို့အိမ်ကိုသွားတွေ့တာပဲဗျ ... ”

“ခွေးကသေနေပြီ ... ”

ဖရက်ဒီကပြောသည်။

“ဒီကိစ္စ ကျုပ်မသိဘူး ... ဘာမှမသိဘူး ... ”

မက်လင်းက ငြင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ကြားမှ ရဲသားမှာ စိတ်မသက်သာဖွယ် မေးမိသည်။

"ကဲ ... ဘယ်လိုဖြစ်တယ်ဆိုတာ သိတဲ့လူများရှိသလား"

"ကျွန်တော်က ခြံနောက်ဖေးတွင်ထိုင်နေတာ ... "

ဘောင်းဘီတိုက ပြောပါသည်။

"ကျွန်တော်က ဒေါက်သာတီပါ ... ဟန်နီဘောလမ်းထိပ် ဘေးအိမ်ကပဲ ကျွန်တော်တော့ ဘာမှမမြင်မိဘူး ... "

ပွင့်ရိုက်ထည် ဂါဝန်နှင့်အမျိုးသမီးက ပြောပြန်သည်။

"ကျွန်မက မစ္စဝိတ်ပါ ... လမ်းဒေါင့်ဟိုဘက်မှာနေတယ်၊ မစ္စတာမက်လင်းတို့ခြံထဲကိုတော့ လူစိမ်းတစ်ယောက် မနက်ကဝင်သွားတာ တွေ့လိုက်မိသလိုပဲ ... "

"ဘယ်အချိန်လောက်ကလဲ ... "

"ဆယ့်တစ်နာရီလောက်က ... အဝတ်အစား ခပ်နွမ်းနွမ်းပဲ ... ခြံထဲ ကားဝင်လမ်းအတိုင်းဝင်ပြီး ... ကားရုံနောက် ကိုပတ်ဝင်သွားတယ် ... "

"သူက အိမ်ထဲကိုဝင်သလား ... "

"ဟင့်အင်း ... အဲဒီမှာ သူတစ်မိနစ်လောက်ပဲကြာတယ် သူတစ်ခုခုကိုကိုင်လာသလိုပဲ ... အဝတ်အစားကတော့ ခြေသလုံးအိမ်တိုင်သမားလိုကို ညစ်ပေနေတာ ... "

လူကြီးများမှာ အတော်ပင်စိတ်သက်သာရာရသွားကြသည်။ ရပ်ဆယ်ကပြောမိသည်။

"အင်း ... ထင်ချင်စရာကောင်းတဲ့ ခြေသလုံးအိမ်တိုင်သမားပဲ ... သေချာရဲ့လား မစ္စဝိတ် ... "

"ကျွန်မလိမ်ပြောနေတယ်လို့ ရှင်ထင်လို့လား ... "

ရပ်ဆယ်က စကားပြန်ရန် ပါးစပ်ပြင်သည်။ တရားသူကြီးက လက်မောင်းကိုလာကိုင်သည်။

"ဒါ ... ကျွန်တော့်ညေ့်သည် မစ္စတာရပ်ဆယ်ပါ ... ကဲ ... ဖရက်ဒီ ဘယ်လိုလဲ ... သူ့ကို လွှတ်ပေးလိုက်ပါ ရဲအရာရှိမင်း ... ခုဆို မင်းသဘောပေါက်ပြီပေါ့ ဖရက်ဒီ ... မစ္စတာ မက်လင်းက အိမ်မှာတောင်မရှိခဲ့တာပဲ ... ဟိုလူစိမ်းလက်ချက်ဖြစ်နိုင်နေတယ် လေ ... ဒါမှမဟုတ်ရင်လည်း မတော်တဆ ... "

"လူစိမ်းဆိုတာလည်း မဟုတ်ဘူး ... မတော်တဆလည်း မဟုတ်ဘူး ... "

"ဒါတွေကို မင်းမသိပါဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီး၏လေသံက တစ်မျိုးတစ်ဖုံမာနေသည်။

ဖရက်ဒီက မည်သို့မျှပြန်မပြောတော့ ရဲသားက သူ့ကိုလွှတ်ပေးသည်နှင့် နောက်တစ်လှမ်းဆုတ်ရပ်လိုက်သည်။ ကျန်ကောင်လေးများကပါ သူနှင့်သွားပေါင်းသည်။ ခွေးကိုသတ်ပြီး ညာပြောသည်ဟု သူတို့ထင်သည့်ရန်သူအား မျက်နှာချင်းဆိုင်ရပ်နေကြသည်။ သူတို့၏ ရန်သူဘေးတွင်တော့ သို့လောသို့လော သံသယနှင့် လူကြီးများ ရှိကြသည်။

"ကောင်လေးကိုတော့ တစ်ယောက်ယောက်က ကူညီရမှာပဲ ... "

ရပ်ဆယ်က မပွင့်တပွင့်ပြောသည်။ တရားသူကြီးက သက်ပြင်းချသည်။

ရဲများက ဒေါက်သာတီနှင့်အတူ မက်လင်း၏ အိမ်နောက်ဖေးသို့သွားကြသည်။ မက်လင်းကမူ လမ်းထိပ်တွင် မစ္စပိတ်နှင့် စကားပြောနေသေးသည်။ မက်လင်း၏ အိမ်ရှေ့ပြတင်းပေါက်မှ ခန်ဆီးကကျလာကာ ပိတ်သွားသည်။

ရပ်ဆယ်က အိမ်စောင့်အမျိုးသမီးကြီးအား မေးလိုက်သည်။



"ဒီမြို့မှာ သူ့ဦးလေးတို့ အဒေါ်တို့ကော မရှိဘူးလား ... အဖွားကော ... "

"မရှိဘူး ... "

"ညီအစ်ကို မောင်နှမတွေကော မစ္စက် ... "

"ဆိုမားပါ ... သူကတစ်ဦးတည်းသာပဲ ... လူကြီးတွေက သူ့ကိုခေါ်မသွားတာ ကျောင်းနောက်ဆုံးပါတ် ဖြစ်သလို သူကလည်း ကျောင်းပျက်မခံလို့ပါပဲ ... "

ရပ်ဆယ်၏ မျက်လုံးတို့မှာ အလေးဂရုပြုလာပုံရသည်။

"ဒီမှာရှင့် ... ဒါမျိုးဖြစ်ရင် တခြားကောင်လေးတွေလိုပဲ သူလည်း ဖြစ်မှာပေါ့လေ ... "

"ခွေးတွေကို ခင်ဗျားဂရုမစိုက်ဘူးပေါ့ ... "

"ဘယ်ခွေးတစ်ကောင်ကိုမှ ဂရုမစိုက်ဘူး ... "

သူမက လည်ကိုဆန့်၍ လှမ်းကြည့်သည်။ ဖရက်ဒီအား အော်ခေါ်တော့မည်ပုံရှိသည်။

"ခဏနေပါဦးဗျာ ... သူတို့မိသားစုက ဘုရားကျောင်းတက်သလား ... ကောင်လေးကိုသိတဲ့ ဘုန်းကြီးတို့ ဘာတို့ရော ရှိသလား ... "

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမြင်ရသ၍တော့ သူတို့မသွားကြဘူး ... "

"ဒါဆိုရင်တော့ ကျောင်းပဲရှိတော့တယ် ... သူ့မှာ ဆရာတော့ရှိရမယ် ... သူဘယ်နှစ်တန်းလဲ ... "

"ခြောက်တန်း သူ့ဆရာက မစ္စဒါနာတဲ့ ... သူက လူကောင်းလေးပါ ... "

သူမက လေသံကိုမြှင့်လိုက်သည်။ ကောင်လေးကြားနိုင်သည်။

"သူက တကယ်တော်တဲ့ ကလေးရှင့် ... "

"သူ့မိဘတွေဆီကို ဘယ်လိုမှ ဖုန်းဆက်လို့မရနိုင်ဘူးလား"

"သူတို့ လမ်းမှာပဲရှိနေမယ် ... မနက်ဖြန်ရောက်မယ် — ဒါပဲ ကျွန်မသိတယ် ... သူ့ကို ကျွန်မစောင့်ရှောက်ဖို့ ဒီကိုရောက်လာတာပဲ ... "

သူမက အသံကို မြှင့်၍ ဖြောင့်ဖျသလိုပြောသည်။

"ဖရက်ဒီ ... မင်းမျက်နှာသစ်လိုက်ရင်ကောင်းမယ် — ချောကလက်မုန့်တွေ သိမ်းထားတဲ့နေရာကို ငါသိတယ် —"

ရပ်ဆယ်က မစ္စက်ဆိုးမားအား စူးရဲစွာစိုက်ကြည့်သည်။ ထို့နောက် ကောင်လေးများ သွားရာနောက်သို့ လိုက်သွားသည်။ ချေးသေကောင်ဆီသို့ ရောက်သွားသည်။



"အရိုးမှာတော့ သူ့တိရစ္ဆာန်ဆရာဝန်ရှိမှာပဲ ... သူ့နာမည်ပြောပြပါလား ဖရက်ဒီ ... "

"သူဘာစားမိသလဲဆိုတာ တို့သိရမှဖြစ်မယ်ကွ ... ဆရာဝန်မှပြောနိုင်မှာ သူ့ဆရာဝန်က အသင့်တော်ဆုံးပဲ မဟုတ်လား... "

ဖရက်ဒီက ခေါင်းညိတ်၍ အမည်နှင့်လိပ်စာကို မပွင့်တပွင့်ပြောသည်။

ရပ်ဆယ်က ဂရုစိုက်ကြောင်းပြသည့်အနေဖြင့် ထပ်မမေးဘဲ အသေအချာမှတ်ရသည်။

"သူ့ကို ငါခေါ်သွားလို့ရမလား ဖရက်ဒီ ... ငါ့မှာကားပါတယ်၊ တို့ စောင်တစ်ထည်လောက်ရမှလည်း ဖြစ်ဦးမယ် ... နူးညံ့ပြီး ခပ်သန့်သန့်ပေါ့ ... "

"ငါ့မှာရှိတယ် ဖရက်ဒီ ... "

"ငါ့အမေက ပေးမှာကွ ... "

"ငါ့ဖာသာ ငါရှာမယ် ... "

ကလေးများမှာ ဖရက်ဒီ၏ ခပ်ပြတ်ပြတ်စကားကြောင့် ဆက်မပြောတော့ပဲ နောက်မှတန်းစီလိုက်သွားကြသည်။

မစ္စက်ဆိုးမားက မျက်မှောင်ကြုံ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့စောင်တစ်ထည်သွားယူတာ ခင်ဗျားခွင့်ပြုရမယ်"

ရပ်ဆယ်က သူမအား သတိပေးသလိုပြောသည်။ သူ၏မျက်လုံးများက အေးစက်မာကျောနေသည်။

"မစ္စက်တိုက်တပ်ကို ကျွန်တော်ရှင်းပြလိုက်ပါ့မယ် ... "

တရားသူကြီးက ခပ်သွက်သွက်ဝင်ရှင်းပြသည်။

"အတော်ရှုပ်တာပဲ ... "

သူမက ခေါင်းကိုမော့၍ လမ်းဖြတ်ကူးသွားသည်။

ရပ်ဆယ်က တရားသူကြီးအား စိတ်ပြေပြေဟန်နှင့် ပြုံးပြသည်။ ပြန်လာနေသည့် ရဲများထံသို့ လျှောက်သွားသည်။

"ခင်ဗျားတို့ စစ်ဆေးကြည့်ဖို့တော့ လိုမယ်ထင်တယ် — ဒီခွေးရဲ့ဆရာဝန်ကို ပြရင်ကောင်းမယ် ... "

"ဟုတ်တယ် တာဝန်ခံကြီးကြပ်မှာကတော့ တိရစ္ဆာန်စောင့်ရှောက်ရေးအရာရှိပဲ ဖြစ်ရမယ် ... "

"ဒါဆိုရင် ခွေးကိုကျွန်တော်သယ်သွားမယ် ... ဘာတွေ တွေ့လက်ရာတွေ့ရသေးသလဲ ... "

"ဘာမှ မတွေ့ရဘူး ... "

"ခင်ဗျားတို့ စုံစမ်းအရေးယူဖို့ လုပ်နေတယ်ဆိုတာ ကောင်လေးကို ပြောပြနိုင်မလား ... "



"အင်း ... ဒီကိစ္စမျိုးတွေဘယ်လိုလဲဆိုတာ ခင်ဗျားသိပါတယ် သိပါတယ်ဗျာ ... "

ရဲက ခြေထောက်နှင့် မြေကြီးကို ပွတ်တိုက်ရင်း မနေတတ်မထိုင်တတ် ဖြစ်နေသည်။

"တိရစ္ဆာန်စောင့်ရှောက်ရေး အရာရှိကပဲကြည့်လုပ်ပါလိမ့်မယ်ဗျာ ... ကျွန်တော်တို့စစ်ဆေးပြီး တနင်္လာနေ့လောက်ဆိုရင် ဆေးဆိုင်တွေကို သူလိုက်စုံစမ်းလိမ့်မယ် ... ဒီကိစ္စမျိုးမှာ ခွေးသောင်းကျန်းလို့ တိုင်တဲ့လူတစ်ယောက်တော့ ရှိတတ်တယ် ... ဒီမက်လင်းကတော့ ဒါမျိုးသူဘယ်တော့မှ မလုပ်ဖူးလို့ပြောနေတာပဲ ... တိရစ္ဆာန်စောင့်ရှောက်ရေး အရာရှိကပဲ တနင်္လာနေ့ကျရင် သူတို့ လာတွေ့ပါလိမ့်မယ် — ခုတော့ သူခရီးသွားတယ် ... ဒီအမှုမျိုးမှာ ကျွန်တော်တို့ ဘာမှသက်သေပြနိုင်လေ့ မရှိဘူး ... တရားခံဘယ်သူလဲလို့ ခင်ဗျားသိရင်လည်း ခြောက်ရုံလန့်ရုံလောက်ပဲ လုပ်နိုင်မှာ — ဥပဒေဆန့်ကျင်တာဖြစ်ပေမယ့် အပြစ်ချမှတ်တာ မကြားဖူးပါဘူး ... "

"ကောင်လေးကိုတော့ ခင်ဗျားတို့ ရှင်းပြမယ် မဟုတ်လား ... "

www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆယ်က ဆက်မပြောတော့ဘဲ နှုတ်ခမ်းကိုကိုက်ကာ စဉ်းစားနေသည်။ တရားသူကြီးက သက်ပြင်းချသည်။

"ဟုတ်ကဲ့ ... ကလေးအတွက်တော့ စိတ်မကောင်းစရာပေါ့လေ ... "

—— ၁၀ ——



တရားသူကြီးထံသို့ ရပ်ဆယ်ပြန်လာချိန်မှာ ညနေငါးနာရီထိုးလုပြီ ဖြစ်သည်။

"ကျွန်တော်လာပြန်နှုတ်ဆက်တာပါ ... "

ရပ်ဆယ်က မိမိပြောသောစကားကို စိတ်ဝင်စားပုံမပေါ်၊ အပေါ်သို့ငေးကြည့်ကာ အတွေးနက်နေသည်။

တရားသူကြီးက အကဲခတ်သည်။

"ဟုတ်တယ် ... ခွေးကိုအဆိပ်ကျွေးလိုက်တာများလား ... ဒီလိုအေးချမ်းတဲ့ ရပ်ကွက်မျိုးမှာ မိန်းမသားတစ်ယောက်ရဲ့ နားလည်တတ်တဲ့ နှလုံးသားပိုင်ရှင်မျိုး ရှိပုံမလား — မစ္စ အလန်ဆီကတော့ စကားတွေ ကျွန်တော်ကြားခဲ့ဖူးတယ်— ဒါပေမယ့် သူမျက်စေ့မျက်နှာပျက်ပျက်နဲ့ စကားသိမ်း

www.burmeseclassic.com



ကြောင်းပြောင်းသွားတယ် ... ဝမ်းနည်းစရာတွေကို ကြုံလည်းမကြုံချင်၊ တွေ့လည်း မတွေ့ချင်ဘူးတဲ့ ... ကလေးတွေကို ကျွေးမွေးတာက စားစေ တာပဲရှိစေချင်ပါတယ်တဲ့... ”

“ဒါပေမယ့် ကိုယ့်လူရယ် ... ”

“ခုခေတ်မှာ ကလေးတွေကို ကျောင်းတွေမှာ ဘာတွေများသင်ပေးနေကြသလဲမသိဘူး ... အဖြစ်မှန်ကိုခေါင်းရှောင်ဖို့လား၊ ဝမ်းဗိုက်ပြည့်စားမယ်၊ သောက်မယ်၊ ကစားမယ်၊ သေဆုံးသူအတွက် ဝမ်းမနည်းစေဘူးတဲ့လား ... ဝမ်းနည်းစရာကိုကျော်ပြီး တခြားဘာကိုပဲ တွေးစေချင်သတဲ့လဲ ... ”

“ဖရက်ဒီက ညဘက်ကျရင် တစ်ယောက်ထဲဖြစ်နေပေမယ့် တစ်ညထဲပါ ... ကြေကွဲစရာရှိရင်တော့ ကြေကွဲရမှာပဲလေ ... ဘယ်သူမှ မလွတ်နိုင်ပါဘူး ... ”

“သူဆက်ပြီး ကြေကွဲနေစေချင်တယ် ... ဒီလိုပြောလို့တော့ ခွင့်လွှတ်ပါဗျာ ... ရင်ပွင့်ထွက်သလို သူဖြစ်စေချင်တယ် ... အမုန်း ဆိုးတွေခဝါချပစ်လိုက်စေလိုတယ် ... ကျွန်တော်လည်း အိမ်ပြန်မှာပဲ ... ဒါ ကျွန်တော့်အလုပ် မဟုတ်ပါဘူးလေ ... မိန်းမသား တစ်ယောက်ရဲ့အလုပ်ပါ ... ”



ရပ်ဆယ်က ဖုန်းကိုလှမ်းကိုင်သည်။

“သူ့ဆရာမဆီကို ကျွန်တော်ဖုန်းဆက်ပြောချင်တယ် – ”

“ဆက်လေမိုက် ... ”

တရားသူကြီးက ကုလားထိုင်တွင်ထိုင်ချလိုက်သည်။

“မစ္စလီလီယန်ဒါနာလား ကျွန်တော်ရပ်ဆယ်ပါ ... ဖရက်ဒီ တိုက်တပ်ဆိုတဲ့ ကောင်လေးတစ်ယောက်ကိုများ ခင်ဗျား သိမလားလို့... ”

“အို ... သိပါတယ် ... ကျွန်မတာန်းကပဲ ... ”

“မစ္စဒါနာ ... ပြဿနာလေးတစ်ခုဖြစ်နေလို့ပါ ... တရားသူကြီးကစ်တင်းဂျားရဲ့ အိမ်ကိုသိသလား ... အဲဒီကိုလာနိုင်မလားဟင် ... ”

“ဘယ်လိုပြဿနာမျိုးလဲ ... ”

“ဖရက်ဒီရဲ့ခွေး အဆိပ်မိလို့သေသွားတယ် ... ဒီအတွက် ဖရက်ဒီတော်တော်စိတ်ဆိုးနေတယ် ... သူ့ကိုဘယ်သူမှ [illegible] ဖျောင်းဖျလို့မရဘူး ... သူ့မိတ်ဆွေကလည်း ခရီး[illegible] ကြတယ် ... အမျိုးသမီးတစ်ယောက်က သူ့ကို [illegible] ရောက်ထားရတယ် ... အဲဒီအမျိုးသမီးက [illegible] အဝတ်လှမ်းတိုင်တစ်ခုကျိုးသွားတာထက် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ ... သူ့ကိုကျွန်တော်ကူညီချင်တယ် ... ဒါပေမယ့် ကျွန်တော်ကယောက်ျားသား တစ်ယောက်၊ သူစိမ်းတစ်ယောက်၊ တရားသူကြီးကလည်း ... "

ရပ်ဆယ်က စကားဖြတ်ထားသည်။

"အိုနေပြီလေ ... "

တရားသူကြီးက ထိုင်ရာမှလှမ်းပြောလိုက်သည်။

"ကျွန်မ အတော့်ကို စိတ်မကောင်းမိဘူးရှင် ... ဖရက်ဒီဟာ လူကောင်းလေးပါ ... "

"ခင်ဗျားဟာ သူ့မိတ်ဆွေပဲလားဟင် ... "

"ဟုတ်ပါတယ် ကျွန်မတို့ခင်ကြပါတယ် ... "

"ဒါဆိုရင် လာပါလားဗျာ ... သူခေါင်းထဲက စိတ်ကူးအချို့ကိုကျွန်တော်တို့ ဖယ်ထုတ်ပေးရမယ် ... သူ့ခွေးကို မျက်နှာချင်းဆိုင်အိမ်က လူက အဆိပ်ကျွေးသတ်တာလို့ ထင်နေတယ် ... ဟင့်အင်း သူ့ကသံသယရှိတာ မဟုတ်ဘူး ... အတပ်ကိုထင်နေတာ ... သူက ငိုတောင်မငိုဘူး ... သစ်တောစိမ်းလန်းနဲ့ ဟန်နီဘောလမ်းဒေါင့်လေ"

"ကျွန်မလာခဲ့ပါမယ် ... ကျွန်မမှာကားရှိပါတယ် ... အမြန်ဆုံးလာခဲ့မယ် ... "



နှုတ်ခမ်းကိုက်၍ စဉ်းစားနေသည့် တရားသူကြီးအား ရပ်ဆယ်ပြန်အလှည့်တွင် တွေ့ရသည်။

"ကျွန်တော်စိုးရိမ်သိပ်လွန်ကဲ များနေသလားဗျာ ... "

"ကောင်လေးက ခေါင်းမာမာနဲ့ အပြစ်မြင်နေတာကိုတော့ ကျွန်တော်သဘောမတွေ့ဘူးဗျ ... ခင်ဗျားလိုပါပဲ ... သူသဘောပေါက်လာမှ ဖြစ်မယ်ဆိုတာ ကျွန်တော်လက်ခံပါတယ် ... "

တရားသူကြီးက ကုလားထိုင်ပေါ်တွင် နေရာပြင်ထိုင်လိုက်သည်။

"ဒီ ... မက်လင်းဆိုတဲ့လူကတော့ အရှုးပဲ မိုက် ... သူရှုးကြောင်ကြောင်နိုင်ပုံက ခုကိစ္စမှာတရားခံလို ဖြစ်စေနေတာ သူက ကံဆိုးပါတယ် ... ဒုက္ခိတကလေးပါတဲ့ မုဆိုးမကိုလက်ထပ်ပြီး မကြာခင်မှာဘဲ မိန်းမက ကျန်းမာရေးချို့တဲ့၊ ဗုန်းဗုန်းလဲပြန်ကော အလုပ်ကလည်းမကောင်းဘူး... အိမ်ကြီးတစ်လုံးလုံးနဲ့ ချာချာလည်နေတာပဲ ... "

"သူက ဘာအလုပ်လုပ်သလဲ တရားသူကြီး ... "

"ဓာတ်ပုံဆရာပဲ သူ့အတတ်နိုင်ဆုံးကြိုးစားပါတယ် ... ဒါပေမယ့် ခုလိုစိတ်ညစ်စရာ မိန်းမနဲ့သမီးရှိနေတော့လည်း

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခိတမလေးကတော့ အိမ်ကိုကြိုးစားပြီး ထိန်းသိမ်းတယ်၊ မအေကိုလည်း သိပ်တွယ်တာတယ် … ဒါပေမဲ့ ကြာတော့လည်း စိတ်တွေ နောက်ကျိကုန်ပြီး ကစားလိုက်၊ ရန်ဖြစ်လိုက်ပေါ့ဗျာ … ကလေးတွေ တစ်မျိုးမြင်တာလည်း အဆိုးမဆိုသာဘူး … ”

“ကောင်လေးတွေ ဒီလိုမြင်တာသေချာတယ် … ဒါ့အပြင် ရန်သူတစ်ယောက်ကို သတ်မှတ်လိုက်ကြတာ … ”

“ဟုတ်တယ်ဗျာ … ”

တရားသူကြီးက သက်ပြင်းချလိုက်သည်။

“မက်လင်းနဲ့ပတ်သက်ပြီး မကောင်းသတင်းတော့ မကြားရဘူးဗျ … ခုမှတော့ သူ့နာမည် အပျက်မခံပါဘူးလေ … ”

“ဟုတ်တာပေါ့ … ”

တရားသူကြီးက ထိုင်ရာမှထသည်။

ရပ်ဆယ်က ဆံပင်ကိုသပ်သည်။

“အဖြစ်ကိုတော့ ကျွန်တော်သဘောမကျဘူး တရားသူကြီးမင်း ကောင်လေးတွေစိတ်ထဲမှာ ဘယ်လိုဖြစ်နေသလဲ — သူတို့ လက်ခံတဲ့လူဟာ ဘယ်သူလဲဆိုတာ ကျွန်တော်မသိဘူး … သူတို့ အုပ်စုဖွဲ့နေတာတော့ သေချာတယ် —



ဘယ်လိုသဘောရသလဲ”

“ဘားကို ဘယ်လိုအကြံပေးနိုင်မှာလဲဗျ … ”

တရားသူကြီးက ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ ခန်းဆီးကိုဆွဲဖယ်သည်။

“ဟော … ခြံနောက်ဖေးက ကျွန်တော့်နွေရာသီတဲကလေးကဆိုရင် ကောင်လေးတွေစကားပြောနေတာ ခင်ဗျားကြားနိုင်တယ် … ဝက်သစ်ချပင်ကြီးအောက်မှာ သူတို့စကားစုပြောနေကြတယ် … သွားပြီးနားထောင်ကြည့်စမ်းမိုက် … ”

“ဟုတ်ကဲ့ … ”

“ကျွန်တော်တို့ ခုထက်တော့ ပိုသိလာရမှာပဲ — ”

တရားသူကြီးက ရှက်ရွံ့ရွံ့နှင့်ပြောလိုက်သေးသည်။

ဝက်သစ်ချပင်ကြီး၏ အောက်ဘက်တွင် ဟောင်းလောင်းပေါက်ထဲတွင် ကောင်းလေးများစုထိုင်နေကြသည်။အတွင်းဘက်တွင် ဖရက်ဒီရှိသည်။ မျက်နှာထား တင်းမာနေသည်။ သူ၏မျက်လုံးတို့မှာ သူ့ရန်သူအိမ်ရှိရာမှ မခွာ ကျန်ကောင်လေးများ ဖရက်ဒီ၏ မျက်နှာကို အကဲခတ်နေကြသလော … နားစွင့်နေကြသလော၊ မြက်များနှင့် ဆော့ကစားနေသလော မသိပါ။

www.burmeseclassic.com



ငင်းတို့ စကားပြောနေကြခြင်း မဟုတ်သည်တော့ သေချာသည်။ စိတ်မကောင်းစွာ မကျေမနပ် ငြိမ်သက်နေကြသည်။ ကြေကွဲစရာအဖြစ်ကြောင့် စိတ်မကောင်းကြ၊ မလျော်ကန်စွာ ဖြစ်ခဲ့ရမှုအတွက် မကျေနပ်ကြ၊ တစ်ခါတစ်ရံသာ အသံကထွက်လာတတ်သည်။



တရားသူကြီးက စာဖတ်ရာမှ မော့ကြည့်လိုက်သည်။

"ဘယ်လိုလဲ ... "

"သူတို့ပြောတာကြားခဲ့ရပါတယ် ... ဥပဒေကို အပြစ်ဖို့နေတယ် ... ခုအဖြစ်ဟာ ချစားတာတဲ့၊ မက်လင်းက ခွေးကို သတ်တယ်လို့ သူတို့သေချာနေကြတယ် ... သူတို့ကို သူတို့လည်း အားနည်းချက်တွေ၊ လုပ်ရပ်မှားတွေနဲ့ ခွေးကို ကာကွယ်ရမယ် ... ရော်ဘင်ဟု တွေ့လိုမြင်လိုနေကြတယ်၊ တရားမျှတရေးအတွက် သူတို့ဆွေးနွေးကြတယ်လို့လည်း ထင်နေကြတယ် ... မီးအချုပ်ကို စောင့်နေတာ — သင်းနက်တွေအကြောင်း ပြောကြတယ် ... သူတို့က သေသေ

www.burmeseclassic.com

www.burmeseclassic.com



နတ်တွေရှိကြတယ် ... "

"ဘုရားရေ ... "

"မပူပါနဲ့လေ ... ဘာမှမဖြစ်စေရပါဘူး ... "

"ခင်ဗျားက ဘယ်လိုလုပ်မလို့လဲ ... "

"ဒါကို ကျွန်တော်တားရလိမ့်မယ် ... "

ရပ်ဆယ်က ပြတင်းပေါက်တံခါးကို ခေါက်လိုက်ချိန်တွင် မစ္စက်ဆိုးမားမှာ ညစာချက်ပြုတ်လျက်ရှိသည်။

"ဩော် ... ရှင်ပါလား ... ဘာကိစ္စလဲ ... "

"ခင်ဗျားရဲ့ အကူအညီလိုချင်လို့ပဲ မစ္စက်ဆိုးမား ... ဖရက်ဒီအတွက်ပါပဲ ... "

သူမက နှုတ်ခမ်းတလန် ပန်းတလန်ပြောတော့သည်။

"ဖရက်ဒီဟာ ခုညစာစားပြီးရင် ပုံမှန်အိပ်ချိန်အတိုင်း အိပ်ရာဝင်ရမှာ ... ဒါပဲလေ ... ရှင်က ဘာလိုချင်လို့လဲ ... "

"ဒီည သူ့ကို ကျွန်တော့်အခန်း ခေါ်သွားခွင့်ပြုစေချင်တယ်... "

"မပြုနိုင်ဘူး ... "

"တရားသူကြီးကလည်း ... "



"ဒီမှာ မစ္စတာဘာတဲ့ ရှင့်နာမည် ,... အဲရပ်ဆက် ... ဒီ ကျွန်မအိမ်မဟုတ်ဘူး ... ဖရက်ဒီကလည်း ကျွန်မသား မဟုတ်ဘူး... ကျွန်မက မစ္စတာတိုက်တပ်တို့ လင်မယား အတွက် တာဝန်ခံထားတာ ...ရှင်ဟာ လူစိမ်းတစ်ယောက်၊ ကျွန်မမြင်သလောက်ကတော့ ... ဖရက်ဒီဟာ ရှင့်အမှု လုံးဝမပါဘူးလို့ပဲ ... "

"သူ့အခန်း ဘယ်မှာလဲ ... "

"ရှင်က ဘာဖြစ်လို့ သိချင်ရတာလဲ ... "

သူမက ရန်လိုသလို၊ သံသယလည်း ရှိနေသည်။

"သူ့လေသေနတ်ကို ဘယ်မှာထားသလဲ ... "

သူမက အံ့အားသင့်သွားသည်။

"အပြင်က တဲလေးထဲမှာလေ ... ဘာဖြစ်လို့လဲ ... "

ရပ်ဆက်က ပြောပြလိုက်သည်။

"ကလေးစကားပဲရှင် ... ကလေးတွေအကြောင်း ရှင်သိလို့လား ... ဖရက်ဒီအိပ်တော့မှာပါ၊ မိုးလင်းမှပဲနိုးတော့မှာ—"

"ခင်ဗျားအပြော မှန်ပါစေလို့ပဲ ဆုတောင်းပါတယ်လေ —"

မစ္စဆိုးမားက၊ ဒယ်အိုးထဲသို့ အာလူးများသို့ ထည့်လိုက်သည်။ နှုတ်ခမ်းအစုံမှာ မကျေမနပ် တလှုပ်လှုပ် ဖြစ်

www.burmeseclassic.com



ဖြစ်နေသည်။ အနည်းငယ်ဟုန်လှုပ်သွား၍လည်း စိတ်အနှောင့်အယှက်ဖြစ်ရသည်။ ရပ်ဆက်ကတော့ သူမပြောသလို ဖြစ်လာစေရန်သာ အမှန်ပင်ဆုတောင်းမိပါသည်။



ရပ်ဆက်က လမ်းအတိုင်း အကဲခတ်ကြည့်လိုက်ပြီး၊ မက်လင်း၏အိမ်ဆီသို့ ကူးသွားသည်။ တံခါးလာဖွင့်ပေးသူမှာ မက်လင်းကိုယ်တိုင်ဖြစ်သည်။ အိမ်ထဲတွင် လေငြိမ်ကာ၊ အခဲဆီအနံ့ ခပ်သဲ့သဲ့ရသည်။ မြင်ကွင်းက ရှုပ်ပွကာ စိတ်ပျက်စရာဖြစ်သည်။ ပြင်သင့်သည့်ပစ္စည်းများစွာမှာ မပြင်ဘဲရှိနေသည်။ အိမ်ကကြီးသည်။ ငွေနှင့်လူအင်အားက မရှိ၊ စိတ်မကောင်းစရာသာဖြစ်သည်။

မစ္စက်မက်လင်းက လမ်းမလျှောက်နိုင်၊ တစ်ခုခုကို စိုး၍ နေဟန်နှင့် အရာရာ၏ ဆယ်ပုံကိုးပုံကိုမှ အာရုံစိုက်နိုင်စွမ်းမရှိ။ မေက ချိုနဲ့နဲ့နှင့် ဝင်လာကာ ပစ်ထိုင်ချလိုက်သည်။

ရပ်ဆက်က စိတ်လိုလက်ရ ပြောရတော့သည်။

"မစ္စတာမက်လင်း ... ခင်ဗျားနဲ့ကောင်လေးတွေ ဘာသင်ငို

www.burmeseclassic.com



စဖြစ်ခဲ့သလဲတော့ ကျွန်တော်မသိဘူး ... ကောင်လေးတွေ အပေါ် အပြစ်ဆိုစရာမျှားမယ်လို့တော့ ကျွန်တော်သိတယ်... "

ရပ်ဆက်က ပြုံးလိုက်သည်။ မက်လင်းအပေါ် ဂရုဏာသက်ကြောင်း သိစေလိုပုံမျိုးဖြစ်သည်။

"ဟုတ်တယ် ... ပြဿနာလုပ်ရမှာကို သူတို့ သဘောကျနေတာ အမှန်ပါပဲဗျ ... "

"ကျွန်မကိုလည်း စုန်းမလို့ ခေါ်ကြတယ်ရှင် ... "

မေက ဝင်ပြောသည်။

"ကျွန်မကို သူတို့ ကြောက်ချင်ဟန်ဆောင်တတ်ကြတယ်— မကောင်းဆိုးဝါးလေးတွေ၊သူတို့ကိုသာ ကျွန်မကကြောက်မိတာ... "

မက်လင်းက ဘီးတပ်ကုလားထိုင်ပေါ်မှ အမျိုးသားကြီးအား စိုးရိမ်မကင်းဟန် လှမ်းကြည့်သည်။

"သူတို့က တကယ်ဆိုးတာ မစ္စတာရပ်ဆက် ... "

"အန္တရာယ်ရှိအောင်ကို ဆိုးပါတယ်လေ ... "

မစ္စက်မက်လင်းက၊ အသံတိုးတိုးနှင့် လှမ်းပြောသည်။



"မေမေ ... ဒီအတွက် မစိုးရိမ်ပါနဲ့ ... မေမေ့ကို သူတို့ဘာမှ မလုပ်စေရဘူး ... ဘယ်သူကမှ မလုပ်စေရပါဘူး ... "

မေ၏လေသံက တစ်မျိုးပြောင်းနေသည်။

"တိတ်တိတ်နေစမ်း မေ ... မင်းကြောင့် သူလန့်သွားလိမ့်မယ် ... သူ့ကို ဘယ်သူကမှ ဘာမှ မလုပ်စေရပါဘူးကွ..."

"အန္တရာယ်ရှိတယ်ဆိုတာကတော့ အမှန်ပဲ မစ္စတာအပ်မက်လင်း ... ဒါကြောင့်လည်း ကျွန်တော်လာခဲ့တာပါ ... "

ရပ်ဆက်က မက်လင်း၏စကားအဆုံးတွင် ဝင်ပြောလိုက်သည်။

မက်လင်း မျက်လုံးပြူးသွားသည်။

"ဘာ ... ဘယ်လို ... "

"ဒီည ဒီအိမ်ကနေ၊ လှည့်ပေးပြီး ထွက်သွားဖို့ ... တခြားတစ်နေရာမှာ ခဏသွားနေဖို့ ပြောချင်ပါတယ် ... "

"မဖြစ်နိုင်ဘူး ... ဘာကြောင့်မှ ကျွန်တော့်အိမ်က မခွာနိုင်ဘူး ... မိန်းမနဲ့သမီးကို ပစ်မသွားနိုင်ဘူး ... "

"ကျွန်မတို့ဘာသာ နေလို့ရပါတယ် ... ယောက်ျားရယ် —"

မစ္စက်မက်လင်းက စိုးရိမ်စွာပြောရှာသည်။

ရပ်ဆက်က၊ ဝက်သစ်ချပင်ကြီးအောက်တွင် ဖရင်ဒီ

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့သော စကားများနှင့် လေသေနတ်အကြောင်း ပြောပြလိုက်သည်။

"တကယ့်ကို မကောင်းဆိုးဝါးလေးတွေပဲ ... "

မေက ညည်းသည်။

"ကျွန်မတို့ ခဏရှောင်နေကြရင် ကောင်းမယ်ထင်တယ် ..."

မစွက်မက်လင်းက ပြောပြန်သည်။

လည်ပင်းသွေးကြောများ ထောင်ထသည်အထိ ဒေါသထွက်နေသည့် မက်လင်းကမူ အလျှော့မပေးပါ။

"ဒီအိမ်နဲ့ ခြံနဲ့ဟာ ကျွန်တော်တို့ကိုယ်ပိုင်၊ ကျွန်တော်တို့ဟာ အခွန်အထုပ်မှန်သမျှ ဆောင်တယ် ... ဒီတော့ ...ကျွန်တော်တို့မှာ ကျွန်တော်တို့ရဲ့ ရပိုင်ခွင့်တွေရှိတယ် ... သူတို့ လုပ်ချင်ရာလုပ်ပါစေ ... တရားဥပဒေက ကြည့်နေမှာမဟုတ်ဘူး ... ခုကိစ္စဟာ ဒေါသဖြစ်စရာပဲဗျ ... ဒီခွေးကို ကျွန်တော်ဘာမှမလုပ်ဘူး ... "

မက်လင်း၏မျက်နှာမှာ နီမြန်းလာသည်။ မျက်လုံးများကလည်း ကလယ်ကလယ်ဖြစ်လျက်ရှိသည်။ တရားသူကြီး ပြောခဲ့သလိုပင်၊ ရူးကြောင်ကြောင်ပုံစံမျိုး ဖြစ်သည်။

ရပ်ဆက်က ထိုင်ရာမှထလိုက်သည်။



"ကျွန်တော်ကတော့ အကြံပေးသင့်တယ်ထင်လို့ လာခဲ့တာပဲလေ ... ဒါပေမယ့် မစိုးရိမ်ပါနဲ့ မစွက်မက်လင်း ... ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ... "

"လေသေနတ်ဆိုတာ မျက်လုံးကန်းသွားနိုင်တယ်ရှင့် ..."

"ဒီထက်တောင် ပိုဆိုးနိုင်ပါတယ်ဗျာ ... ကျွန်တော် တွေးနေမိတာက ... "

"ခဏလောက်ဗျာ ... "

မက်လင်းက စကားကိုဝင်ဖြတ်သည်။

"ခင်ဗျားအိမ်ကို လာပြီး ကျွန်တော့်မိန်းမ ကြောက်အောင် မပြောသင့်ဘူးဗျ ... သူက ကျန်းမာရေး ကောင်းတာမဟုတ်ဘူး ... ခင်ဗျား ဒီလိုလုပ်ပိုင်ခွင့် မရှိဘူး ... "

မက်လင်းက ထရပ်လိုက်သည်။ လက်နှစ်ဖက်ကို ရှေ့ဆန့် လက်သီးဆုပ်ကာ မေးကြောများပင် ထောင်ထနေသည်။

"ထွက်သွားစမ်းဗျာ ... "

ရပ်ဆက်က ထွက်လာခဲ့သည်။ မေက တံခါးဝသို့ လိုက်ပို့ကာပြောသည်။

"အင်း ... ဘယ်လိုပဲဖြစ်ဖြစ်၊ ကျွန်မတို့ကိုတော့ ရှင် သတိပေးလိုက်တာပါပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



ဝင်လုဆဲ နေရောင်ခြည်က သစ်ပင်စိမ်းစိမ်း နောက်ခံအိမ်ကြီးများအား ရွှေရောင်ဖွဖွလေး ခြယ်သပေးလျက်ရှိသည်။ ရပ်ဆက်က ဝက်သစ်ချပင်အိုကြီးဆီသို့ လျှောက်သွားသည်။ သစ်ပင်ခေါင်းထဲသို့ နေရောင်ခြည်က ကောင်းစွာ တိုးဝင်လျက်ရှိသည်။

"ဘယ်လိုနေသေးလဲကွ ... "

ဖရက်ဒီက စူးစူးစိုက်စိုက်နှင့် မော့ကြည့်သည်။

"အိုကေပါတယ် ... "

ဗီးဘောက်ချက်ကသာ ဝင်ထိန်းသည်။ နေရောင်ကြောင့် တောက်ပြောင်နေသည့် သူ၏မျက်မှန်ကြောင့်၊ မျက်လုံးများကိုတော့ ရပ်ဆက် မမြင်ရပါ။

ရပ်ဆက်က ပါးစပ်ပြင်လိုက်ပြီးမှ စကားမပြောဖြစ်။ ညစာစားချိန် ရောက်ပြီဖြစ်ကြောင်း၊ နာရီခေါက်သံကြောင့် သိလိုက်သည်။ အော်ခေါ်သံများလည်း ထွက်ပေါ်လာသည်။

"ဒါ မေမေခေါ်သံပဲ ... "

အာနီက ပြောလိုက်သည်။

"ကဲ ... ငါသွားမယ် ... နောက်မှ တွေ့ကြမယ် ... "

"သွားမယ် ... ဖရက်ဒီ ... "

"အိုကေ ... "



"အိုကေ ... "

မစ္စက်ချိုးမား၏ အော်ခေါ်သံကြောင့် ဖရက်ဒီလည်း ထလိုက်သည်။

"ဘယ်လိုလဲဖရက်ဒီ ... မင်းစိတ်ထဲမှာ ခံပြင်းမှုကတော့ နည်းနည်းပေါ့သွားပြီ မဟုတ်လား ... နေသာသွားပြီ မဟုတ်လား ... "

"အိုကေပါတယ် ... "

ရပ်ဆက်က စကားဆက်ရန် ပါးစပ်ပြင်သည်။ မပြောဖြစ်တော့၊ ဖရက်ဒီက မြက်ခင်းပြင်ကိုဖြတ်၍ မီးဖိုဆောင်တံခါးဆီသို့ ထွက်သွားသည်။ ရပ်ဆက်ကလည်း တရားသူကြီးအိမ်သို့ ပြန်ခဲ့သည်။

"ဘယ်လိုလဲ ... ကောင်လေးနဲ့ စကားပြောခဲ့ရရဲ့လား ... "

တရားသူကြီးက တံခါးဖွင့်ပေးရင်း မေးသည်။

ရပ်ဆက်က မဖြေ၊ အထဲသို့သာ ဝင်ပြီး ထိုင်ချလိုက်သည်။

"ကောင်လေးကို သူတို့အတွေးမှာ အန္တရာယ်ရှိနေကြောင်း ရှင်းပြမှဖြစ်မယ် မိုက် ... "

"ဒါဆိုရင် ကျုပ်ကပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကကော ဘာတွေ ပြောနိုင်မှာမို့လဲဗျာ ... "

"ဘာကြောင့် မဖြစ်ရမှာလဲဗျ ... ဒီလို ဒီအကြောင်းရှိတာ ပြောပြရမှာပေါ့ ... "

"အကြောင်းကတော့ ခွေးသေတဲ့ကိစ္စပဲ ... "

"ဒါကို မက်လင်းသဘောပေါက်မှာ မဟုတ်ဘူး ... "

"ခြေသလုံးအိမ်တိုင်သမားဆိုတဲ့ လူဟာလဲ အဓိကမဟုတ်ဘူး ... တစ်ခုခုတော့ လွဲချော်နေတယ် ... "

"ခင်ဗျား ဘာတွေ တွေးမိနေတာလဲ ... "

"တရားသူကြီး ... ကျွန်တော်တို့ထက် ပိုပြီး ကောင်လေးက သံသယဝင်သင့်တာအမှန်ပဲ ... "

"အဓိပ္ပာယ်မရှိလိုက်တာဗျာ ... မက်လင်း ပြန်မရောက်ခင် ခွေးသေနေတာ ကောင်မလေးမြင်ခဲ့သားပဲ ... "

"အဆိပ်နဲ့ပတ်သက်ပြီး ဘာမှ သက်သေမရှိဘူး ... "

ရပ်ဆက်က စိတ်မသက်သာစွာ ပြောလိုက်သည်။

"မက်သလင်းဟာ လူညာလို့ ခင်ဗျား ပြောနေတာလား..."

"လူညာတွေဆိုတာ ... ဟင်း ... "

ရပ်ဆက် သက်ပြင်းချလိုက်သည်။

"အမှန်တရားတွေ၊ မှုသားတွေ၊ ဒါတွေကို၊ ကလေးတွေ



ဘယ်လိုလုပ် နားလည်နိုင်မှာလဲဟင် ... မစ္စက်ပိတ်ကကော ကောင်လေးတွေကကော အတော့်ကို နားလည်ဖို့ ခက်ခဲတဲ့ကိစ္စပဲ ... အမှန်တရားဆိုတာ တိကျတဲ့ရည်ရွယ်ချက်တစ်မျိုးပါ ... ကျွန်မ လိမ်မပြောဘူးလို့ မစ္စက်ပိတ် ပြောခဲ့တယ် ... အမှန်အတိုင်းပြောဖို့ ရည်ရွယ်တာပါလို့ မက်လင်း ပြောတယ် ... ဒါကြောင့် သူ့ကို မစော်ကားပါနဲ့တဲ့ ... "

"ဘုရား ... ဘုရား ... ကျွန်တော်တို့ ဘယ်ကစရမလဲ ... ဒီကိစ္စကိုပဲ ကျွန်တော်တို့ နွေလည်စာစားရင်း ပြောခဲ့ကြတာပဲ ... ကျွန်တော်တို့ ယုံကြည်တာလည်း ဒီအတိုင်းပဲ ... ခါးသီးစရာ လူ့သမိုင်းကြောင်းမှာ ကျွန်တော်သိလာရတာဟာ အမှားဆိုတဲ့အချက်ပဲ ... အမှားဟာ ရန်သူပဲ ... "

ရပ်ဆက်က ထရပ်လိုက်သည်။

"အမှန်ကို ပြောဖို့ဆိုတာ ရည်ရွယ်ချက်ရှိရုံနဲ့ မပြီးသေးဘူးလို့ ကျွန်တော်တို့ ပြောခဲ့ကြတယ် ... ဒါ အတော့်ကို ခက်တဲ့အလုပ်ပဲ ... လက်တွေ့ပြောတတ်ဖို့ ကျွမ်းကျင်ဖို့လိုတယ် ... ဒါ နည်းပညာတစ်ရပ်ပဲ ... ကြိုးပမ်းချက်တစ်ခုပဲ ... ဦးနှောက်ကို အသုံးပြုရမယ် ... ကြည့်မြင်တတ်ရမယ် ... နှိမ့်ချစိတ်ရှိရမယ် ... ကိုယ့်ကိုယ်ကို ဝေဖန်ဆန်းစစ်

www.burmeseclassic.com



ကြည့်တတ်ရမယ် ... ဝိဇ္ဇာနည်းကျကျ၊ သိပ္ပံနည်းကျကျ ပညာတစ်မျိုးပဲ ... ”

“ ... ဒါတွေကို ကျွန်တော်တို့က ... ကလေးတွေကို ဘာဖြစ်လို့ ပြောမပြကြရမှာလဲ ... ခုတော့ ဒီလိုမဟုတ်ရဘဲ ... တစ်ယောက်ကိုတစ်ယောက် လူလိမ်လူညာလို့ပဲ ဒေါသတကြီး အော်ဟစ်နေတတ်ကြတယ် ... ဒီအဖြစ်ဟာ ကောက်ကျစ်တာ မဟုတ်ဘဲ ... အမှားသာဖြစ်ကြောင်း လူတွေဘာကြောင့် အလွယ်တကူ အလိုအလျောက် မသိတတ်ကြတာလဲ ... ရန်းရင်းကြမ်းတမ်းမှု ရှိနေတာကို ဘာကြောင့် မသိကြတာလဲ ... ဖရက်ဒီဟာ ကိုယ့်ကိုယ်ကို စိတ်ငြိမ်အောင် လုပ်ပြီး၊ ငါမှားနိုင်ကြောင်း ဘာဖြစ်လို့ မတွေးနိုင်ရတာလဲ... ဒီလိုတွေးတောတတ်တဲ့ အချိန်မရှိလို့ပဲ ... စာရေးဆရာ ဖန်တီးလိုက်တဲ့ ... အမှန်ဆိုမှ အမှန်ပဲဆိုတဲ့ မဝေဖန် မဆန်းစစ်တော့တဲ့ သေနတ်တကားကား၊ ရင်အုပ်တွားတွား၊ စိတ်ထားမြင့်မြတ်ရှိတဲ့ သူရဲကောင်းတွေကိုပဲ ... ကောင်လေးတွေးမိနေတတ်လို့ပဲ ... ”

“ဖြစ်နိုင်တယ်လို့ ကျုပ် လက်ခံပါတယ်ဗျာ ... ရဲတွေကလည်း ဒါကို သင်ခန်းစာလို့ သိပါတယ် ... သူတို့က ... ”



“သူတို့က သိပေမယ့် ဂရုမစိုက်ဘူး ... ”

“ဘာဗျ ... ”

“လုံလောက်တဲ့အထိ ဂရုမစိုက်တတ်ကြဘူးလေ ... ခွေးကိစ္စကို ကျွန်တော်တို့ ဘယ်သူကမှ လုံလောက်တဲ့အထိ ဂရုမစိုက်မိခဲ့ကြဘူး ... ”

“ဟုတ်တယ် ... ခွေး ဘာဖြစ်တယ်ဆိုတာလေးတောင် ကျွန်တော်တို့ မတွေးမိကြဘူး ... ”

တရားသူကြီးက၊ မျက်မှန်ကိုပြင်တပ်သည်။

ရပ်ဆက်က စိတ်မသက်သာစွာဖြင့် ဆံပင်ကိုသပ်သည်။

“တစ်ညလုံး ငုတ်တုတ်ထိုင်တွေးရုံကလွဲပြီး ဘာလုပ်ရမှန်းသိကြမှာမဟုတ်ဘူး ... တော်တော်ကို မကောင်းတဲ့အဖြစ်ပဲ ... ”

“ခွေး ဘယ်လိုဖြစ်တယ်ဆိုတာ ... ခင်ဗျားဘာကြောင့် အဖြေရှာမကြည့်တာလဲ ... ”

ရပ်ဆက်၏ မျက်နှာထားက ပြောင်းလဲသွားသည်။

“ဒီကိစ္စ ဘယ်လိုလုပ်ပေးပါလို့ ဖရက်ဒီ တောင်းဆိုတော်လာအောင် ကျွန်တော်တို့ လုပ်ပေးဖို့ လိုအပ်နေပြီ ... ”

www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးနှင့် ရဲ်ဆက်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

"ကဲ ... မမှောင်ခင် စလုပ်ကြစို့ ... "

—⊷ ၁၀ ⊶—



ကလေးများ၏ ညစာစားချိန်မှာ မိနစ်နှစ်ဆယ်မျှသာ ကြာလိုက်သည်။ မကြာမီပင် ဝက်သစ်ချပင်အိုကြီးအောက်တွင်၊ ကောင်လေးများ ပြန်စုကြသည်။ ထိုစဉ် နှစ်ယောက်စီးကားတစ်စီး ရောက်လာသည်။ အညိုရောင်ဝတ်စုံနှင့် အမျိုးသမီးတစ်ယောက်၏ ခေါင်းပိုင်းက ကားအပြင်သို့ထွက်သည်။

"ဖရက်ဒီ ... ခုဖြစ်သွားတာက အရိုးလား ... စာစီစာရုံးထဲမှာ မင်းထည့်ရေးတဲ့ မင်းရဲ့ခွေးငယ်လား ... "

"ဟုတ်ကဲ့ ... မစ္စဒါနာ ... "

ဖရက်ဒီအသံက၊ စူးရှ၍ ရန်လိုနေဆဲဖြစ်သည်။ အထိမခံ ရွှေပန်းကန်နှယ်ပင်။ သို့ဖြစ်၍ မစ္စဒါနာက စကားမဆက်တော့ ဖရက်ဒီ၏ဘေးတွင် ဝင်ထိုင်ကာ၊ ငိုရှိုက်နေတော့သည်။ ကမ္ဘာပေါ်

www.burmeseclassic.com



တွင် အရှင်းဆုံးဖြစ်ရပ်ကလေးတစ်ခုတည်း ရှိလာသည်။ အငယ်ဆုံးကောင်လေးထံမှ ငိုသံထွက်လာသည်။ နောက်ဆုံးတော့ ဖရက်ဒီ၏ ခေါင်းကိုငုံ၍ ငိုနေတော့သည်။ သူမက ဖရက်ဒီ၏ခေါင်းကို သူမ၏ပေါင်ပေါ်သို့ တင်ထားလိုက်သည်။

ကလေးများ၏ ညစာစားချိန်မှာ မိနစ်နှစ်ဆယ်မျှသာကြာလိုက်သည်။ မကြာမီပင် ဝင်သစ်ချပင်အိုကြီးအောက်တွင်၊ ကောင်လေးများ ပြန်စုကြသည်။ ထိုစဉ် နှစ်ယောက်စီးကားလေး တစ်စီး ရောက်လာသည်။ အညိုရောင်ဝတ်စုံနှင့် အမျိုးသမီးတစ်ယောက်၏ ခေါင်းပိုင်းက ကားအပြင်သို့ ထွက်သည်။

"ဖရက်ဒီ ... ခုဖြစ်သွားတာက အရိုးလား ... စာစီစာရုံးထဲမှာ မင်းထည့်ရေးတဲ့ မင်းရဲ့ခွေးလေးလား ... "

"ဟုတ်ကဲ့ ... မစ္စဒါနာ"

ဖရက်ဒီအသံက၊ စူးရှ၍ ရန်လိုနေဆဲဖြစ်သည်။ အထိမခံ ရှေ့ပန်းကန်နှယ်ပင်။ သို့ဖြင့် မစ္စဒါနာက စကားမဆက်တော့ဖရက်ဒီ၏ ဘေးတွင် ဝင်ထိုင်ကာ၊ ငိုရှိုက်နေတော့သည်။ ကမ္ဘာပေါ်တွင် အရှင်းဆုံးဖြစ်ရပ်ကလေးတစ်ခု တည်ရှိလာသည်။ အငယ်ဆုံးကောင်လေးထံမှ ငိုသံထွက်လာသည်။ နောက်ဆုံးတော့ ဖရက်ဒီပါ ခေါင်းငုံ၍ ငိုနေတော့သည်။ သူမက ဖရက်ဒီ၏ခေါင်းကို သူမ၏



ပေါင်ပေါ်သို့ တင်ထားလိုက်သည်။

နွေရာသီအိမ်လေးထဲမှ ရုပ်ဆယ်မှာ မျက်လုံးစုံမှိတ်ကာ ဘုရားတနေမိသည်။ ထို့နောက် ခြံစည်းရိုးကိုကျော်ကာ၊ သူမတို့ထံသို့ သွားသည်။

"ဟယ်လို ... ကျွန်တော်က မိုက်ရုပ်ဆက်ပါ ... "

"ကျွန်မက သီလီယန်ဒါနာပါ ... "

သူမမှာ ဖျတ်လတ်၍ အသိဉာဏ်ရှိသည်။ သူမ၏ မျက်ရည်များမှာ ဟန်ဆောင်မဟုတ်။

"ချာတိတ်တွေ ဘာလုပ်ရမယ်ဆိုတာ မင်းတို့သိတယ် မဟုတ်လားကွ ... ဒီကိစ္စကို တို့ ဖြေရှင်းရမယ် ... "

သူကလေးတို့၏ ရန်လိုသည့်မျက်နှာများက လှည့်သာကြသည်။

"ခုကိစ္စဟာ လူသတ်မှုတစ်ခုလိုပဲကွ ... ဒါ သတ်ဖြတ်မှုတစ်ခုပဲ ... "

"ဟုတ်တယ် ... "

ဖရက်ဒီက ထထိုင်သည်။ မျက်ရည်များမရှိတော့။

"တရားခံဟာ အဘိုးကြီးမက်လင်းပဲ ... "

"ဒါဆိုရင် တို့က သက်သေပြကြရမယ် ... "

ဖရက်ဒီ၏ မျက်နှာထားက တင်းမာနေကြောင်း

www.burmeseclassic.com

www.burmeseclassic.com



မစ္စဒါနာမြင်ရသည်။ မျက်နှာထားက မည်သို့မျှ သက်သေပြရန် မလို တော့သည့် သဘောပင်ဖြစ်သည်။ သူက ချာပေါက်ဟု သိထား သည်။ သူမက ကိုယ်ကို အနည်းငယ်ညွှတ်၍ ပြောသည်။

"အရိုးအတွက် တို့တစ်တွေ အများမလုပ်မိဖို့တော့လိုတယ် ဖရက်ဒီ ... အရိုးဟာ လိမ္မာတဲ့ခွေးလေးပါ အတော့်ကို အမှတ်တရ ဖြစ်စေတဲ့ အဖြစ်ပါပဲကွယ် ... "

ဖရက်ဒီက အဝေးသို့ကြည့်နေလိုက်သည်။

"တို့တစ်တွေ တကယ့်စုံထောက်အလုပ်လိုမျိုးနဲ့ အချို့ အလက်တွေကို ရှာကြရမယ် ... အရိုးအတွက်ပဲ ... "

ရပ်ဆက်က ပြောလိုက်သည်။

"အနည်းဆုံးတော့ ဒီလိုမျိုးလုပ်ရမယ် ... "

မစ္စဒါနာက စည်းရုံးသလို၊ တည်ငြိမ်စွာ ပြောပြ သည်။

ဖရက်ဒီ၏ မျက်နှာက ကြည်လင်လာသည်။

"ပြဿနာကတော့ လူတွေပဲကွ ... တစ်ခါတစ်ခါ လူအ ဟာ တည့်တည့်မမြင်တတ်ကြဘူး ... အများမြင်တတ်ကြ တယ် ... "

ရပ်ဆက်က ရှင်းပြသည်။



"အဖိုးကြီးမက်လင်းက ညာပြောနေတာဗျ ... "

ဖရက်ဒီက စွပ်စွဲပြန်သည်။

"သူညာပြောတယ်ဆိုရင်လည်း၊ သူညာပြောတာကို တို့သက် သေပြရမယ် ... မစ္စဒါနာသာ ကူညီမယ်ဆိုရင်တော့ ငါ့အစီ အစဉ်ဆွဲထားတာ တစ်ခုရှိတယ် ဖရက် ... မင်းက လူနှစ် ယောက်ရွေးလိုက်၊ ဒီပတ်ဝန်းကျင်က အိမ်တွေကိုသွားပြီး မေးခွန်းတချို့ မေးရလိမ့်မယ် ... အထက်မြက်ဆုံးလူတွေ ကိုသာ ရွေးခေါ်သွား ... အမှန်တရားကို ရှာရတာ သိပ် လွယ်တာမဟုတ်ဘူးကွ ... "

"အဲဒီနောက်ကော ... "

မစ္စဒါနာက မေးလိုက်သည်။

"ခင်ဗျားကသာ ... "

"ကျွန်မဟာ ကျောင်းဆရာမပဲပါ မစ္စတာရပ်ဆက် ... ရဲ မဟုတ်ပါဘူး ... "

"မမှောင်ခင်လုပ်မှ ဖြစ်မယ်နော် ... "

"ရှင်က ဘာတွေလုပ်မလို့လဲ ... "

"အတော်လေး စပ်စုရတဲ့အလုပ်မျိုးပဲရှင့် ... အလုပ်ဖြစ်နိုင် မှာ မဟုတ်ဘူး ... "

www.burmeseclassic.com



"ဟုတ်တယ် ... ခင်ဗျား အလုပ်တောင်ပြုတ်သွားနိုင်တယ်"

သူမမှာ အရုပ်ဆိုးလှသူမဟုတ်၊ မျက်လုံးမျက်ဖန် ကောင်းသည်။ ပါးပြင်တွင် ပါးချိုင့်ရာလေးရှိသည်။

"အင်းလေ ... ပြေပြေပြစ်ပြစ်တော့ ကျွန်မဆက်ဆံတတ်ပါတယ် ... ကဲ ... ဘာတွေ မေးရမှာလဲ ... "

သူမက လက်ကိုင်အိတ်မှ စာအုပ်လေးနှင့် ခဲတံကို ထုတ်ရင်း မေးသည်။

ကလေးများပါ တိုးကပ်လာကြသည်။ ရုပ်ဆက်၏ အကြံကို သူကလေးတို့ လက်ခံကြသည့် အဓိပ္ပာယ်ဖြစ်သည်။

"အလုပ်ကတော့ ... ရဲအလုပ်မျိုး လုပ်ရမှာပဲ ... "

ရုပ်ဆက်က သတိပေးကာ မေးခွန်းများ၏ လိုရင်း အချက်တို့ကို ပြောပြသည်။

"အဖြေကို တိတိကျကျဖြေပါစေနော် ... မရေမရာမဖြေနဲ့ ... ဘယ်လိုလုပ်သိတာလဲလို့လည်း မေး ... နိုင်နိုင်လုံလုံ ရှိပါစေ ... မက်လင်းတို့အိမ်ကိုတော့ မသွားနဲ့ ... ကျွန်တော် ပဲသွားမယ် ... "

"သူတို့ကို ကျွန်တော် မကြောက်ပါဘူးဗျ ... "

ဖရက်ဒီက ဒေါသတကြီး ပြောနေသည်။



"ငါက ဝိုဖြိုးကောင်းတဲ့ အဖြေ တွေ့ရမယ်ထင်လို့ပါ ... တို့ဂ အဖြေတွေကိုပဲ လိုချင်တာမဟုတ်လား ... "

ဖရက်ဒီ တံတွေးမျိုချလိုက်သည်။

"အဖြေက ... "

"အဖြေက ... အဖြေပေးလာလိမ့်မယ် ... "

ရုပ်ဆက်က ဖရက်ဒီ၏ ဆံပင်ပွပွကို ဖွလိုက်သည်။

"ကဲ ... မင်းရဲ့ပါးကွက်သားတွေကို ရွေးပေတော့ ... ပြတ်သားတဲ့လူတွေပဲ ဖြစ်ပါစေနော် ... "

"ဖိုးနဲ့ အာနီ လိုက်ခဲ့ ... "

ကောင်လေးသုံးယောက်နှင့် မစ္စဒါနာတို့ ထွက်သွားကြသည်။ ထရုပ်၍လျှောက်သွားကာမှ မစ္စဒါနာမှာ လူတောင်သိပ် မထွားလှကြောင်း၊ ရုပ်ဆက်မြင်ရသည်။

"အလုပ်ကတော့ အတော်လေးပြဿနာဖြစ်လိမ့်မယ် ... မစ္စတာရုပ်ဆယ် ... "

ဒါနာက ပြောသွားပါသေးသည်။

"ရှင် ... ဘယ်သူပဲဖြစ်ဖြစ် ... ခုကိစ္စမှာ ကျွန်မကိုခေါ်တဲ့ အတွက်တော့ ကျေးဇူးတင်ပါတယ် ... "

"ကျွန်တော်က သူစိမ်းသက်သက်ပါ ... "

www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆက်က သူမ၏မျက်နှာအား စေ့စေ့ကြည့်ကာ ပြောသည်။

"ခင်ဗျားကတော့ ကောင်လေးတွေရဲ့ မိတ်ဆွေနဲ့ ဆရာမပဲ လေ ... ခုကိစ္စဟာ သူတို့ကို သင်ပေးနေတာ တစ်မျိုးမှတ်ထားလိုက်ပါဗျာ ..."

ဒါနာက ရှင်ကိုကော့လိုက်သည်။

"ကဲ ... ကလေးတို့ ... ဆရာမက လိုက်ရေးမှတ်မယ် ... ဖရက်ဒီမျက်နှာကိုသုတ်၊ ဖီး အင်္ကျီစကို ဘောင်းဘီထဲသွင်း၊ ကဲ ... သွားကြစို့ ..."

* * *



တရားသူကြီးအိမ်သို့ ပင်ပန်းနွမ်းနယ်နေပုံရသည့် ၎င်းတို့ ပြန်ရောက်လာချိန်မှာ ညကိုးနာရီ ထိုးလုပြီဖြစ်သည်။ မျက်နှာထားတင်းမာသည့် ရပ်ဆက်က၊ ဒါနာလက်မှ စာရွက်များကို လှမ်းယူသည်။

"ခဏနေဦး ...

ဒါနာက တားလိုက်သည်။

"တရားသူကြီး မင်းကိုလည်း ကျွန်မတို့ မေးခွန်းထုတ်စရာ ကျန်နေပါသေးတယ် ..."

အာနီက အားပါးတရပြုံး၍ ရှေ့သို့တိုးရပ်သည်။

"အရိုးကို ဘာဘ ဒီနေ့ တွေ့ခဲ့မိပါသလား ..."

အာနီက ထပ်ခါတလဲလဲ မေးခဲ့ရ၍၊ ကျွန်းကျင်နေပုံ

www.burmeseclassic.com

www.burmeseclassic.com



မျိုးနှင့် မေးလိုက်သည်။

တရားသူကြီးက ခေါင်းညိတ်သည်။

"ဘယ်နှစ်ကြိမ်နဲ့ ဘယ်အချိန်လောက်တွေ့သလဲ ... "

"တစ်ခါပဲ ... အင်း ... မှန်းမတည့်ခင်လောက်က ... ဘဘခြံထဲကဖြတ်ပြီး အရှေ့ဘက်ကိုသွားနေတာ ... "

ကောင်လေးများက၊ အဖြေများမှတ်ထားရာ စာအုပ်ကို ဝိုင်း၍ငုံ့ကြည့်သည်။ ဖရက်ဒီက မေးလိုက်ပြန်သည်။

"ဘယ်လိုလုပ် အချိန်ကို မှတ်မိတာလဲ ဘဘ ... "

"အင်း ... နေဦး ... စဉ်းစားလိုက်ဦးမယ် ... ဘဘက ဘဘမိတ်ဆွေကို ပြတင်းပေါက်က မျှော်နေတုန်း သူ့ရောက်လာတာပဲ ... "

"တစ်နာရီထိုးဖို့ ငါးမိနစ်ပါဆရာ ... "

ရပ်ဆက်က ဝင်ပြောလိုက်သည်။

ဖရက်ဒီက ရပ်ဆက်ကို လှည့်ကြည့်သည်။

"ဒီးက ဘာဖြစ်လို့ ဒီလောက်သေချာရတာလဲ ... "

"နာရီကို ကြည့်လိုက်တယ်လေ ... ဒီလိုစားသောက်ဖို့ ဖိတ်ပြီဆိုရင် ငါးမိနစ်စောရောက်ဖို့ အလေ့အကျင့်ရှိထားလို့ပဲ ... "

ကောင်လေးများက ခေါင်းညိတ်ကြသည်။ မစ္စဒါနာ



က ရေးမှတ်လိုက်သည်။

"ဒါဆိုရင်တော့ ဘဘမှားပြီပေါ့ကွာ ... တစ်နာရီမထိုးခင်လောက် ဖြစ်တာအမှန်ပဲ ... "

တရားသူကြီးက တွေးတွေးဆဆနှင့် ပြောလာသည်။

ဗီးဘော်က်ချက်က ရှေ့တိုးမေးသည်။

"မက်လင်အရဲ့ အိမ်အဝင်ကားလမ်းဆီကို ဒါမှမဟုတ် ခြံနောက်ဘက်ကို ... တစ်ယောက်ယောက်ဝင်တာ တွေ့မိသေးလား... "

"ဟင့်အင် ... မတွေ့ဘူး ... "

"ဘဘက အိမ်အပြင်မှာလား ... ဒီအိမ်ထဲက လှမ်းမြင်တာလား ... "

"ဟုတ်တယ်ကွ ... နေ့လည်စာစားပြီး ထွက်တဲ့အချိန်ပဲ ... ဘယ်အချိန်လဲ မိုက် ... "

"နှစ်နာရီခွဲပါ ဆရာ ... "

"အချိန်ကို ဘာကြောင့် သေချာရတာလဲ ... "

ဖရက်ဒီက ဖြတ်မေးလိုက်ပြန်သည်။

"ဘာကြောင့်လဲဆိုတော့ ... ငါက နည်းနည်းဆက်နေလို့

www.burmeseclassic.com

www.burmeseclassic.com



ရှိုးမလားလို့ သိချင်လို့ နာရီကိုကြည့်လိုက်လို့ပဲ ... ”

ရပ်ဆက်က၊ ဒါနာအား ချီးကျူးသောအကြည့်ဖြင့် ကြည့်လိုက်သည်။ သူမမှာ စုစည်းမှုအားတစ်ခုကိုတော့ လုပ်ခဲ့နိုင်ပြီ ဖြစ်သည်။ ဖရက်ဒီသည် သေချာရဲ့လားကိုတော့ အပြတ်မေးတတ် နေပြီဖြစ်သည်။

“အဲဒီတော့ ... မက်လင်းရဲ့ အိမ်နောက်ဖေးကို ဘယ်သူမှ မလာဘူးဆိုတာ ဘဘကျိန်ပြောရဲပါ့မလား ... ”

“ဘဘ မြင်သ၍တော့ ကျိန်ပြောရဲပါတယ်ကွာ ... ”

ဗီး၏အမေးပြီးနောက်၊ ဖရက်ဒီက ပြောသည်။

“သူ သိပ်မြင်ရမှာ မဟုတ်ဘူးကွ ... သစ်ပင်တွေ သိပ်များ တယ် ... ဒီတော့ တို့ အမှန်ယူလို့မရဘူး ... ”

ကလေးများက မစ္စဒါနာအား မေးကြည့်သည်။ သူမ က ရေးမှတ်လိုက်သည်။

“ကျေးဇူးတင်ပါတယ် တရားသူကြီးမင်း ... ဝမင်းချက်ကို လည်း မေးချင်သေးတယ် ... ”

“ကဲ ... ဒီဘက်ကိုလာ ... ”

တရားသူကြီးက ထရပ်၍၊ ဦးညွှတ်ကာ ခေါ်သည်။ သူမတို့အား နောက်မှကြည့်နေသည်။ ရပ်ဆက်၏



မျက်လုံးတို့မှာ သိမ်မွေ့လာပြန်သည်။ တရားသူကြီးနှင့် အကြည့်ချင်း ဆုံမိကြသည်။ ထို့နောက် ထိုင်ကာ စာရွက်များကိုဖတ်ပြီး၊ တရား သူကြီးအား လှမ်းပေးသည်။

ဆတ်ခနဲ သူမေးကြည့်ချိန်ဝယ်၊ မီးဖိုဆောင်တံခါး ပေါက်မှ မစ္စဒါနာ ရပ်ကြည့်နေကြောင်း တွေ့လိုက် သည်။

“မင်း ဘယ်လိုထင် ... ”

တရားသူကြီး၏လက်ထဲသို့ စာရွက်တစ်ရွက် ရောက် လာသည်။

“ကျွန်မတို့ ခုမှတော့ ရပ်လို့မရတော့ဘူး ... ”

ရပ်ဆက်က ခေါင်းဆတ်၍၊ တရားသူကြီးဘက် လှည့်သည်။

“မက်လင်း ဘယ်မှာ ဂေါက်ရိုက်တာလဲဆရာ ... ကယ်ဆယ် ရေးတပ်ရဲ့ ဖုန်းနံပါတ်ကကော ... အမှန်ပဲ မစ္စဒါနာ ... ကျွန်တော် ရှေ့မဆက်လို့ မရတော့ဘူး ... အဖြေပေါ် တဲ့အထိ လုပ်ရတော့မှာပဲ ... ”

“ဟုတ်တယ် ... ”

www.burmeseclassic.com

www.burmeseclassic.com



အိမ်နီးချင်းများ စုရုံးရောက်ရှိလာချိန်မှာ၊ ညဆယ်နာရီခန့် ရှိပြီဖြစ်သည်။ တရားသူကြီးက အလျင်းသင့်သလို နှုတ်ဆက်လိုက်သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးလည်း ရောက်လာသည်။ မျက်နှာမသာယာသည့် မစ္စက်ဆိုးမားမှာလည်း၊ အဝတ်အစားလဲကာ ရောက်လာသည်။ မစ္စဘာမက်လင်း၊ မစ္စက်ပိတ်၊ မစ္စတာဒေါက်တာတိတို့လင်မယား၊ မစ္စတာဘောကာတို့လင်မယားနှင့် အသက်(၁၆) နှစ်အရွယ် ဒိုင်ယန်းဘောက်ချက်တို့ပါမကျန် ဖြစ်သည်။ ၎င်းတို့မှာ ကောင်လေးများနှင့် ဆရာမအား စိတ်ဝင်တစား အကဲခတ်နေကြသည်။

နောက်ဆုံးမှာ ရောက်လာသူမှာ တရားသူကြီးက



ဝရန်တာသို့ ခေါင်းဆတ်ခေါ်သွားပြီး၊ ဤသို့ အိမ်နီးနားချင်းများခေါ်ရန် ဆွေးနွေးခဲ့သည့် ရပ်ဆက်ပင်ဖြစ်သည်။

"ခွေးတစ်ကောင် ထူးထူးခြားခြား သေသွားတဲ့ကိစ္စကို ကျွန်တော်တို့ စုံစမ်းနေခဲ့ကြပါတယ် ... "

ရပ်ဆက်က စကားစလိုက်သည်။

"ရဲအုပ်ကြီး အင်ဒါဆင် ... ခင်ဗျားတို့ အလုပ်များနေသလို၊ ခုကိစ္စကလည်း ခင်ဗျားတို့တာဝန်ရှိတာ ကျွန်တော်တို့ သိပါတယ်... ဒါကြောင့်လည်း ကျွန်တော်တို့ မကြာစေရပါဘူး ... ခင်ဗျား အကူ အညီပေးမယ် မဟုတ်လား ... "

"အကူအညီပေးဖို့ ကျွန်တော် ရောက်လာတာပါဗျာ ... "

ယခုကိစ္စမှာ တစ်မျိုးတစ်ဖုံ ထူးခြားမည်ဟု၊ တရားသူကြီးနေခြင်းနှင့် အမူအရာတို့က သူ့အား သိစေပါသည်။

"ကျေးဇူးပါပဲ ရဲအုပ်ကြီး ... "

ရပ်ဆက်က စကားဆက်သည်။

"ကဲ ... ခု ကျွန်တော်တို့ သိချင်တာက ... အရိုးဆိုတဲ့ခွေးဘာဖြစ်သွားတာလဲဆိုတာပဲ ... ပထမဦးဆုံးကတော့ ဟိုခြေသလုံးအိမ်တိုင်သမားဆိုတာကို ခေါင်းထဲမှာ မေ့ထားလိုက်ကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



မစ္စက်ပိတ်မှာ ကြက်သီးထသွားသည်။ ရပ်ဆက်က သူမအား ပြုံးကြည့်သည်။

"မစ္စက်ပိတ်က ... မက်လင်းတို့ခြံထဲ လူတစ်ယောက်ဝင်တာ ဒီမနက်တွေ့ခဲ့ရတဲ့ ကယ်ဆယ်ရေး တပ်ရဲ့ အမှိုက်တင်ကားဟာ ဒေါက်တာကိတ်အိမ်ရှေ့ကို မနက်ဆယ်နာရီလေးဆယ်ငါးမှာ အမှိုက်သိမ်းဖို့ ရောက်ခဲ့တယ် ... အလုပ်သမားဝတ်စုံနွမ်းနွမ်းဝတ်ထားတဲ့အလုပ်သမားတစ်ယောက်ဟာ သူတို့ပြောထားတဲ့အတိုင်း မက်လင်းရဲ့ အိမ်နောက်ဖေးစတိုခန်းကို သွားရှင်းရတာပါ ... သူက အမှိုက်ထုပ်နဲ့ ကားဆီကို ပြန်သယ်သွားတာပါ မစ္စက်ပိတ် ... ဒီတော့ ... သူနဲ့ပတ်သက်ပြီး၊ ခင်ဗျားအမြင်ဟာ လိမ်ညာမှု မဟုတ်တော့ပါဘူး ... အမှားတစ်ခုသာ ဖြစ်ပါတယ်"

"ကဲ ... ဒီတော့ ခွေးကလေးရဲ့လှုပ်ရှားမှု ဘယ်လိုဆိုတာ ကျွန်တော်တို့ ကြည့်ရမယ် ... ဒါကိုလည်း ကျွန်တော်တို့ အတော်လည်း စုံစမ်းပြီးပါပြီ ..."

လူအများ၏မျက်နှာမှာ ပြုံးစေ့စေ့ဖြစ်လာကြသည်။

"နေ့လည်တစ်နာရီ မတိုင်မီက ... ခွေးဟာ တရားသူကြီးရဲ့ခြံကိုဖြတ်ပြီး၊ ကလေးတွေ ဘောလုံးကန်နေတဲ့ ဘလန်ဒီ



အိမ်ဘက် ကိုသွားတယ် ... ဒီအချိန်ထိ၊ သစ်တောစိမ်းလမ်းပေါ်မှာကော၊ ဟန်ဘောလမ်းထိပ်မှာပါ ခွေးကို ဘယ်သူမှ မတွေ့ခဲ့ကြဘူး ... ဒါပေမဲ့ လည်ချောင်းနာနေတဲ့ မစ္စဒိုင်ယန်းဘောက်ချက်ကတော့ ခွေးကိုမြင်ခဲ့တယ် ..."

"ဒိုင်ယန်းဟာ နေ့လည်စာစားပြီးတာနဲ့ ... မက်လင်းတို့အိမ်နောက်ဖေးနဲ့ မျက်နှာချင်းဆိုင်နေတဲ့၊ သူတို့အိမ်ဆင်ဝင်အောက်မှာ ထိုင်နေခဲ့တယ် ... သူက သူငယ်ချင်းတွေရောက်လာမယ့် ကျောင်းဆင်းချိန်ကို စောင့်နေတာပဲ ဖြစ်တယ် ..."

"သူက အရိုးကို မတွေ့မိပေမယ့် ... မက်လင်းရဲ့ နောက်ဖေးခြံထဲမှာ ကစားနေတဲ့ မစ္စတာဒေါက်တာတီရဲ့ ခွေးကောတီကိုတော့ နေ့လယ်နှစ်နာရီလောက်မှာ မြင်ခဲ့ပါတယ် ... ကဲ ... ခင်ဗျားတို့ရဲ့ ထင်မြင်ချက်ကို ကျွန်တော်လိုချင်တယ် ... နေ့လည်နှစ်နာရီလောက်မှာ ကစားနေတဲ့ ကောကီဟာ၊ အဆိပ်ပါတဲ့အစာကို မတွေ့နိုင်ဘူးတဲ့လား..."

"တွေ့နိုင်တာပေါ့ ... ကောကီမတွေ့တာ ကျေးဇူးတင်ရမယ် ..."

မစ္စတာဒေါက်တာတီက ပြောပြီး တွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကော့ကီဟာ သင်ထားတဲ့ခွေးပဲ ... "

"အရိုးကတော့ ပိုမိတ်ခွေဆန်တယ် ... သူက ဘာလုပ်ရမယ်လို့ သင်ထားတဲ့ခွေး မဟုတ်ဘူး ... ဒါကြောင့်လည်း ကျွန်တော်တို့ ဂရုစိုက်နေကြရတာပါ ... "

"ဟောက် ... အတော်ရှက်ဖို့ကောင်းတယ်ဗျာ ... "

ဒေါက်တာကီက ဒေါသနှင့် ကျန်လူများအား ကြည့်လိုက်သည်။

"ဟုတ်တယ် ... အရိုးဟာ ကျွန်မတို့ အပေါင်းအသင်းပဲ..."

မစ္စက်ပေါကာက ပြောသည်။

"ကဲ ... ကဲ ... ခင်ဗျားက ဘယ်လိုတွေးသလဲ မစ္စတာရုပ်ဆက် ... "

"မစ္စတာမက်လင်းဟာ ဂေါက်ကွင်းက၊ နေ့လည်ဆယ့်တစ်နာရီခွဲမှာ ပြန်ခဲ့တယ် ... အဲဒီတော့ သူဟာ အဆိပ်ချမထားနိုင်တာ သေချာနေပြီ ... "

"ကျွန်တော် လုံးဝကိုမလုပ်တာ ... ဒါလည်း ပြောခဲ့ပြီးပြီပဲ ... ဒီလိုရန်စကားမျိုးတော့ ကျွန်တော် လက်မခံနိုင်ဘူး— ကျွန်တော် လူလိမ်လူညာ မဟုတ်ဘူး ... ခု တွေ့ဆုံခြင်း ညှိနှိုင်းစရာ ရှိတယ်ဆိုလို့ ကျွန်တော်လာခဲ့တာ ... "



ရုပ်ဆက်က မက်လင်းအား စူးရဲစွာကြည့်လိုက်သည်။

"ခွေး ဘယ်လိုဖြစ်လို့ အဆိပ်မိတယ်ဆိုတာကို ကျွန်တော်တို့ အဖြေရှာကြည့်ဖို့ ကြိုးစားနေကြတာပါ ... "

မက်လင်း ငြိမ်သွားသည်။

"လူတွေမှာ အားနည်းချက်တွေ ရှိတတ်တာ ခင်ဗျားတို့ သိပါတယ် ... ခုညနေ ကျွန်တော်တို့ ပြောခဲ့တာတွေထဲမှာ ဒီအားနည်း ချက်တွေဟာ အမှားတွေတောင် ဖြစ်လာနိုင်ပါတယ် ... အနည်းဆုံးတစ်ခုတော့ အမှားဖြစ်နိုင်နေတယ်"

"မစ္စတာဘောကာတို့လင်မယားဟာ ... ခုညနေ သူတို့ ပန်းခြံထဲမှာ အလုပ်လုပ်နေခဲ့ကြတယ် ... အရိုးဟာ သူတို့ရဲ့ ခွေး စမစ်တီဆီကို ရောက်လာတယ် ... ဘောကာတို့ဟာ အချိန်နှောင်းဆွေးနွေးပြီး ... စမစ်တီကို ရေချိုးပေးဖို့ ဆုံးဖြတ်လိုက်ချိန်ဟာ ညနေသုံးနာရီမှာပဲ ... စမစ်တီကို ရေချိုးဖို့ သူတို့ဖမ်းတော့ အရိုးရှိနေသေးတယ် ... ဒီတော့ မစ္စမေမက်လင်း၊ အရိုးကို သုံးနာရီမထိုးခင် လမ်းဘေးမှာ လဲနေတာမြင်တယ်လို့ ခင်ဗျားအပြောဟာ မှားနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မက်လင်း မျက်နှာပျက်သွားသည်။ ရပ်ဆက်က စကားဆက်သည်။

"ဘောကာတို့ရဲ့ပြောစကားကတော့အတော်ပဲမှန်နေပါတယ်"

ဘောကာတို့က ခေါင်းညိတ်ကြသည်။

"မစ္စတာမက်လင်း ပြန်ရောက်ချိန်ကလည်း အတော်လေး ဝိပြင်နေပါတယ် ... သူတို့ ဒိုင်ယန်းမြင်ခဲ့တယ် ... ဘေး အိမ်က မစ္စက်ဒေါက်တာတီဟာ သုံးနာရီငါးမိနစ်မှာ တစ်ရေး အိပ်ဖို့ ဆုံးဖြတ်ခဲ့တယ် ... သူ့အတွက် ညနေလေးနာရီခွဲမှာ ကြက်ကြော်ကိုပြန်နွေးဖို့ အလုပ်ရှိနေတယ် ... ဒါကြောင့် သူ့အတွက် အချိန်ဟာ တိကျအောင်သတိထားနေခဲ့တာပဲ"

"သူ့အပေါ်ထပ်တက်သွားပြီး... ပြတင်းပေါက်ကနေမစ္စတာ မက်လင်း ပြန်လာတာကို မြင်ခဲ့တယ် ... ဒီသက်သေနှစ် ယောက်စလုံးကပဲ ... မက်လင်းဟာ အိမ်ကိုကားနဲ့သုံးနာ ဆယ်မိနစ်မှာ ပြန်ဝင်လာတာ ... ကားပေါ်ကဆင်းပြီး အိမ်ရဲ့ညာဘက်အခြမ်း၊ မြက်တောဘက်က ပတ်ဝင်တာ တယ်လို့ ပြောခဲ့ကြတယ် ... "

မစ္စတာမက်လင်းမှာ ချွေးပုံလျက်ရှိသည်။ နှ



ဆက် ချွေးများစို့နေသည်။ စကားလည်း မပြောနိုင်ပါ။

ရပ်ဆက်က လက်ထဲမှ စာရွက်များကို လှန်လှော ကြည့်သည်။

"အင်း ... ကလေးတွေဟာ ... ဖီးဘောက်ချက်တို့ မီးဖို ချောင်တံခါးဝမှာ သုံးနာရီမထိုးခင် (၁၅)မိနစ်လောက်မှာ ရှိနေတာ ကျွန်တော်တို့ သိခဲ့ရပြီးပြီ။ စမစ်တီ ရေချိုးခံရ တော့မှာ သိတဲ့အရိုးဟာ လန့်ပြီး ဟန်နီဘောလမ်းဘက်ကို ထွက်သွားချိန်ဟာ သုံးနာရီတိတိပဲ ... ဖရက်ဒီရှိရာကို သူက သူ့နည်းသူ့ဟန်နဲ့ သိနေတာပဲ ... သစ်တောစိမ်းလမ်း ထိပ်ကို အရိုးသွားတာ ဘယ်သူများ မြင်လိုက်မိကြသလဲ..."

"ကျွန်တော်တို့ မြင်လိုက်တယ် ... "

မက်လင်းအား အကဲခတ်နေသည့် ဒေါက်တာတီက ပြောသည်။

"သစ်တောစိမ်းလမ်းထိပ်မှာ သူရှိနေတာ တွေ့လိုက်တယ်"

"အင်း ... မက်လင်းရဲ့ အိမ်နောက်ဖေးဘက်ကိုတော့ မက် လင်းကလွဲပြီး ဘယ်သူမှ မမြင်နိုင်ဘူး ... "

ရပ်ဆက်က ခပ်ဖြည်းဖြည်း ပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အိမ်နောက်ဖေးကို မက်လင်း ရောက်ပြီးတာနဲ့ ခွေးသေသွားခဲ့ရတာပဲ ... "

"ဒိုင်ယန်ကကော ... "

"ဒိုင်ယန်ရဲ့သူငယ်ချင်းတွေဟာ ... သုံးနာရီဆယ့်နှစ်မိနစ်မှာ ရောက်လာကြတယ် ... သူတို့ပြောစကားတွေကိုတော့ လက်ခံလို့သိပ်မဖြစ်ဘူး ... "

ဒိုင်ယန်၏မျက်နှာမှာ နီရဲသွားသည်။

"ခင် ... ခင်ဗျား လွန်ပြီထင်တယ် ... ကျွန်တော့်အိမ်နောက်ဖေးကို ဘာဖြစ်လို့ ဆွဲထည့်ရတာလဲ ... "

မက်လင်းက ဒေါသတကြီး မေးသည်။

"ကျွန်တော့်ခြံထဲမှာ အဆိပ်ချမထားလို့ ပြောရမှာပဲ — "

ဒေါက်တာတီက ဝင်ပြောလိုက်သည်။

"ခင်ဗျား ... ဘယ်လိုလုပ်သိနိုင်မှာလဲဗျ ... "

မက်လင်းက ပြန်မေးသည်။

ဖရက်ဒီ၏အကြည့်က၊ ရုပ်ဆက်ထံသို့ ရောက်သွားသည်။

"လမ်းပေါ်မှာ အဆိပ်မိတာ မဖြစ်နိုင်ဘူးလား ... ကားစီးစီးပေါ်က ပစ်ချမသွားနိုင်ဘူးလား — "

"မဖြစ်နိုင်ဘူးလို့ ဖြေရမှာပဲ မစ္စတာမက်လင်း — ခွေးအောတစ်ရဲ့ကားဟာ ... ဟန်နီဘောနဲ့ ယီးလမ်းဆိပ်မှာ ပျက်လို့ တွန်းဖယ်ဖို့လုပ်နေခဲ့ရတယ် ... ကားတစ်စီးစီးပေါ်က တစ်ခုခုပစ်ချသွားရင် သူ မြင်ရမှာပဲ ... "

"အဆိပ်က အတော်မြန်သလား ... ဘာအဆိပ်မျိုးလဲဗျ"

ဒေါက်တာတီက မေးသည်။

"မြန်တယ် ... မိတာနဲ့တုံးခနဲပဲ ... ဆိုင်ယာနိုက်အဆိပ်လေ ... "

မက်လင်းက တုန်ယင်သောလက်နှင့် မျက်မှန်ကိုချွတ်သည်။

မျက်လုံးတို့မှာ မျက်ရည်ဝဲလျက်ရှိသည်။

"ခင်ဗျားတို့အထဲက ... တချို့ဟာ အပျော်တမ်းဓာတ်ပုံရိုက်သမားတွေ ဖြစ်နိုင်ပါတယ် ... မစ္စတာမက်လင်း ... ခင်ဗျား အိမ်မြေတိုက်ခန်း၊ဓာတ်ပုံကူးတဲ့အခန်းမှာ ဆိုင်ယာနိုက်ထားသလား ... "

"ဟုတ်ကဲ့ ... ဓာတ်ပုံဆေးအတော်များများ ရှိနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မက်လင်းမှာ ချောင်းတဟွတ်ဟွတ် ဆိုးလာသည်။ ချောင်းသံတိတ်မှ ရပ်ဆက်က စကားဆက်သည်။

"အဆိပ်ကို အမဲသားတစ်ဝက်၊ ဝက်သားတစ်ဝက်ပါတဲ့ အသားလုံးမှာ သုတ်ထားတာလို့ စစ်ဆေးမှုအရ သိခဲ့ရပါတယ် … ဒီတော့ ပတ်ဝန်းကျင်က အသားသည်လေး ယောက်ဆီမှာ ကျွန်တော်စုံစမ်းကြည့်တယ်၊ အတော်လေး အခက်အခဲ တွေ့ရတယ် … "

ဖရက်ဒီက ရပ်ဆက်၏မျက်နှာအား သနားသလို ကြည့်သည်။

"အသားလုံးတွေကို အနည်းဆုံး ငါးအိမ်လောက် သူတို့ပို့ပေးခဲ့ရတယ် … တစ်အိမ်ကတော့၊ ခုမနက်ဆယ်နာရီမှာ ပို့ပေးခဲ့ရတဲ့ မက်လင်းတို့အိမ်ပါပဲ … "

ဒေါသတကြီး လေသံတို့က၊ အခန်းထဲတွင် ဖုံးလွှမ်းသွားသည်။ ရဲအုပ်ကြီးက နေရာပြင်ထိုင်လိုက်ပုံရသည်။ ကုလားထိုင်က ကျွီခနဲမြည်သွားသည်။

"ဒီလိုဆိုတော့ … "

ဒေါက်တာတီ၏အသံ ထွက်လာသည်။



"ကဲ … ခု ကျွန်တော်တို့ ဂရုတစိုက် ဆန်းစစ်မှ ဖြစ်တော့မယ် … "

ရပ်ဆက်က ဒေါက်တာတီ၏ စကားမဆုံးမီ ဝင်ပြောသည်။

"နောက်တစ်ချက်က … အသားဟာ အချဉ်ထည့်ထားတာ ဖြစ်တယ် … "

"အချဉ်ထည့်ထားတယ် … ဟုတ်လား … "

"ဟုတ်တယ် … သားရယ် … ဆေးမြစ်တစ်မျိုးရယ်နဲ့ပဲ"

ဖရက်ဒီက သူ့ဆရာမအား ထိတ်လန့်တကြား မော့ကြည့်သည်။ သူမက ဖက်ထားလိုက်သည်။

"အထောက်အထားတွေကတော့ ရထားပါပြီ … "

ရပ်ဆက်က စကားဆက်သည်။

"ဒါပေမယ့် ကျွန်တော် ပြောလို့မဖြစ်ဘူး … ခွေးတစ်ကောင်ကို ဘယ်သူမဆို အဆိပ်ခတ်သတ်နိုင်တယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး … "

မည်သူမျှ စကားမပြန်ကြပါ။

"ကျွန်တော်တို့ ဘာတွေ တွေးနေကြတာလဲ … ဘာတွေ လုပ်နေမိကြသလဲ … "

www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆက်၏စကားမှာ မက်လင်းအား ကုလားထိုင်ပေါ်မှ ပြုတ်မကျအောင် အချိန်မီထိန်းလိုက်သကဲ့သို့ ဖြစ်သွားသည်။

"ခွေး ဘယ်လိုဖြစ်ရတယ်ဆိုတာ ကျွန်တော်တို့ ခုထိမသိကြသေးဘူး ... ဒီအဖြေကိုရဖို့ ခင်ဗျားကူညီနိုင်ပါ့မလား မစ္စတာမက်လင်း ... "

"ကောင်းလေလေတွေကို အခန်းထဲက ထွက်သွားခိုင်းရင် ပိုကောင်းမယ်ဗျာ ... "

မစ္စဒါနာက ကလေးများကို ခေါ်၍သွားရန် ပြင်သည်။ သို့သော် ရပ်ဆက်က တားလိုက်သည်။

"မဖြစ်ဘူးဗျာ ... သူတို့ဟာ အမှန်တရားအတွက် အလုပ်ကို အတော်လေး အပင်ပန်းခံထားကြရတာ ... သူတို့ သိထိုက်တယ်"

"ခင်ဗျား သိနေပြီလား မစ္စတာရပ်ဆက် ... "

"ခင်ဗျားရဲ့ ဂေါက်ကလပ်ကို ကျွန်တော် ဆက်သွယ်ခဲ့ပါတယ် ... ခင်ဗျား အမှိုက်သွန်ခဲ့တဲ့ ပုံးထဲကိုလည်း ကျွန်တော် ကြည့်တယ် ... ဟုတ်ကဲ့ ... ကျွန်တော်သနေပါပြီ ... ဒါပေမယ့် ခင်ဗျားကိုယ်တိုင်ကပဲ ပြောပြစေချင်တယ် ... "

"ဘယ်လိုလဲ ... ဘယ်လိုလဲဗျ ... "



ဒေါက်တာတီက မေးလိုက်သည်။ မက်လင်းမှာ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ထားသည်။

"ခုအဖြစ်ဟာ အမှားတစ်ရပ်ပါ မစ္စတာမက်လင်း ...တကယ်တော့ မစ္စတာမက်လင်းဟာ ခွေးကို အဆိပ်ခတ်သတ်တာ မဟုတ်ပါဘူး ... ဒီလိုဖြစ်သွားတယ်ဆိုတာကိုတောင် သူ မသိခဲ့ဘူး ... "

"ကျွန် ... ကျွန်တော် စိတ်မကောင်းပါဘူးဗျာ ... ကျွန်တော့် အနေနဲ့ ဘယ်လိုမှ မတတ်နိုင်လို့ ... အင်း ... သူကလည်း အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့တာပါ ... သူက အချက်အပြုတ် သိပ်ကောင်းတာဗျ ... တစ်ယောက်ယောက်က သူ့ကို အဲဒီဟင်းခပ်အမွှေးအကြိုင် အရွက်တွေ ပေးခဲ့တာ ... သူက ကျွန်တော် နေ့လယ်စာဘူးကို ထည့်ပေးတယ် ... ကလပ်ကို ထမင်းဘူး ကျွန်တော်ယူသွားတယ်"

ရပ်ဆက်က ခေါင်းညိတ်သည်။

မက်လင်းက ကွဲအက်သောအသံနှင့်စကားဆက်သည်။

"ကျွန်တော် ... ကျွန်တော် ဒီအသားတုံးကို ခွေးစားဖြစ်မယ်လို့ လုံးဝ မထင်ခဲ့ပါဘူးဗျာ ... သူ ... သူကပြောတယ် ... ခွေးသေနေပြီတဲ့ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ဗျာ ... ခင်ဗျားကလည်း ဒေါသဖြစ်စရာမို့ ဒေါသဖြစ်နေရတာနဲ့ ... ကိုယ့်ကိုယ်ကို ခဏတွေးလိုက်ဦး ... ခွေးဘာကြောင့် ဒီလိုဖြစ်ရသလဲလို့ အဖြေရှာမကြည့်ခဲ့ ဘူးပေါ့လေ"

"မစ္စတာရပ်ဆက် ... ကျွန်တော် မညာခဲ့ပါဘူးဗျာ ... စားစရာထဲမှာ ... "သင်း" (THAING) ဆိုတဲ့ ဟင်းခပ် အမွှေးခတ်ပါမယ်ဆိုတာ ကျွန်တော် ဘယ်လိုလုပ်သိနိုင်ပါ့မလဲ... အိမ်ပြန် ရောက်ရင် သူလုပ်ပေးခဲ့တဲ့ အသားညှပ် ပေါင်မုန့်ကို လွှင့်ပစ်ရုံပဲ ရှိတော့တာပေါ့ ... သူ စိတ်ထိခိုက်သွားမှာ ကျွန်တော်မလိုလား ဘူး ... သူ ... သူ ... သူက သိပ်ကို ကြိုးစားခဲ့တာ ... "

မက်လင်းက ဆတ်ခနဲ မတ်မတ်ထိုင်လိုက်သည်။

"ဒီနေ့ သူဘာလုပ်ဖို့ ကြိုးစားသလဲ ... "

မက်လင်း၏ မျက်လုံးတို့မှာ ကျွတ်လုမတတ် ပြူးထွက်လာသည်။

"ဘာလုပ်ဖို့ကြိုးစားသလဲဆိုတော့ ကျွန်တော်ကိုအဆိပ်ခတ်ဖို့ပဲဗျ ... "

ပြူးနေသည့်မျက်လုံးတို့မှာ ဖရက်ဒီထံသို့ ရောက်သွားသည်။



"မင်း ... မင်းရဲ့ခွေးက ငါ့အသက်ကို ကယ်လိုက်တာပဲ —"

"ဟုတ်တယ် ... "

ရပ်ဆက်က ခပ်သွက်သွက်ပြောသည်။

"ဖရက်ဒီခွေးဟာ ခင်ဗျားအသက်ကို ကယ်လိုက်တာပဲ — ခင်ဗျားမယားပါသမီးဟာ ခုလိုပဲ ခင်ဗျားကိုသတ်ဖို့ ကြိုးစားနေမှာပဲ ... "

ပရိသတ်၏ အံ့သြသံက ပေါ်ထွက်လာသည်။

"အသားညှပ်ပေါင်မုန့်တွေဟာ ... ခင်ဗျားတို့အမှိုက်ပုံးထဲမှာ ရှိနေတယ် ... ခွေး ဘယ်လိုဖြစ်သွားတယ်ဆိုတာ ခင်ဗျားမယားပါသမီး၊ မေတွက်မိပြီ ... မုန့်တွေကို သွားဝှက်ခဲ့တယ် ... ဒါပေမယ့် ပြဿနာဖြစ်ကုန်ပြီဆိုတာ သူ့အချိန်နှောင်းမှ သိလိုက်တယ် ... ဒါကြောင့် ညာပြီး ပြောခဲ့တယ်"

ရဲအုပ်ကြီး အင်ဒါဘင်က ထရပ်လိုက်သည်။

"သူ့အမေကတော့ ... ခင်ဗျားနဲ့ သူ့သမီး ပြဿနာကြောင့် စိတ်ဆင်းရဲနေရုပါပြီလေ ... သူ့အမေရဲ့ စိတ်ဟာ မူမမှန်ဘူးလို့ ခင်ဗျားထင်လို့လား ... "

မစ္စဒါနာက ဖရက်ဒီအား ပွေ့ဖက်ထားလိုက်သည်။

"အရိုးဟာ အလွန်တော်တဲ့ ခွေးပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



အခြားအသံများကို ကျော်၍ သူမက ဆက်ပြောသည်။

“သူက သေတ္တာတောင် လူတစ်ယောက်ရဲ့အသက်ကို ကယ်သွားတာကွ ... ဖရက်ဒီရယ် ... မင်းခွေးကတော့ တကယ် ရှားမှရှားတဲ့ ခွေးပဲ ... ”

အလုံးစုံကို သဘောမပေါက်သည့်တိုင်၊ ဖရက်ဒီမှာ စိတ်တင်းကျပ်မှုကို ငိုကြွေးခြင်းဖြင့်သာ ရိုးရိုးနှင့်ရှင်းရှင်း ဖြေလျော့နေပါသည်။

မေမက်လင်းအား သူတို့သွားဖမ်းသည့်အခါ၊ အိမ်ထဲတွင် ရှိမနေပါ။ သူမက တိုက်တစ်တို့ အိမ်နောက်ဖေးတဲထဲတွင် ရောက်နေသည်။ သူမက တစ်စုံတစ်ခုကို ရှာနေပုံရှိသည်။

နောက်တစ်နေ့ မစ္စတာတိုက်တပ်တို့ အိမ်ပြန်ရောက်သည့်အခါ၊ ခွေးတစ်ကောင် သေခဲ့ရသော်လည်း၊ သားဖြစ်သူ မည်သို့မျှမဖြစ်ကြောင်း တွေ့ကြရသည်။ တရားသူကြီး၊ မစ္စဒါနာနှင့် ရပ်ဆက်တို့အား အဖြစ်အပျက်ကို ပြောပြကြသည်။

မစ္စက်တိုက်တပ်က ငိုသည်။ မစ္စတာတိုက်တပ်က ဘုရားတသည်။ သူက ရပ်ဆက်၏လက်ကို အားပါးတရ လှုပ်ယမ်းနှုတ်ဆက်သည်။



“သူ့သေနတ်ကို ခင်ဗျား ခိုးယူထားလိုက်တဲ့အတွက် သိပ်ကျေးဇူးတင် ... ”

မစ္စက်တိုက်တပ်က ပြောလိုက်ပြန်သည်။

“သားကို သွန်သင်ပြတဲ့အတွက် သိပ်ကျေးဇူးတင်ပါတယ်ရှင် ... အို မစ္စဒါနာရယ် ... ရှင် သိပ်တော်တာပဲ ... ”

၁၀

www.burmeseclassic.com



ရပ်ဆက်နှင့်မစ္စဒါနာတို့ ကားနှင့်ထွက်အသွား၊ ဝရန်တာပေါ်မှ တရားသူကြီးက၊ လက်ဖွေ့ယမ်းနှုတ်ဆက်သည်။

"မစ္စဒါနာတော့ မစ္စတာရပ်ဆက်ကို သိပ်သဘောကျမှာပဲကွ ... "

အာနီက ပြောလိုက်သည်။

"မင်းက ဘယ်လိုလုပ် သေချာရတာလဲ ... "

ဖရက်ဒီက ပြန်မေးသည်။

ကျော်စွာသိုက်

www.burmeseclassic.com